

# ဘဝသစ်မှ ချစ်ချင်းနိုးထပြောကြားသူများ၏

## အတွေ့အကြုံများ

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ် ချင်သီရိ (ဓမ္မစရိယ ဘီ-အေ)

# ဘဝသစ်မှချက်ချင်းနိုးထပြောကြားသူများ၏

# အတွေ့အကြုံများ

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ် ဉာဏသီရိ (ဓမ္မာစရိယ ဘီ-အေ)

# ပုံနှိပ်မှတ်တမ်း


ပုံနှိပ်ခြင်း - ပထမအကြိမ်၊
၂၀၁၆ ခုနှစ်၊ ဧပြီလ

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးဒီဇိုင်း - ကိုဝင်းနိုင်

ထုတ်ဝေသူ - ဦးကိုကိုမြိုင် (၀၀၉၉၃)
"ဆွေသဟာ" စာပေ
အမှတ်(၅၅)၊ (စ)ရပ်ကွက်၊
သုနန္ဒာ(၃)လမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

ပုံနှိပ်သူ - ဒေါ်လှမူသိန်း
ဂုဏ်လင်းကျော်ပုံနှိပ်တိုက်
၂၄၊ ဗဟိုလမ်း၊ အလုံမြို့နယ်

ဖြန့်ချိရေး - **"ဆွေသဟာ" စာပေ**
**အမှတ်(စ/၅၅)၊ သုနန္ဒာ(၃)လမ်း**
**မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉၄၂၁၀၂၀၆၇၄/၀၉၇၃၀၈၀၆၉၃၂**



၂၉၅၅၁
၁၃.၅.၁၆



၂၉၄.၃

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယဘီ-အေ)

ဘဝသစ်မှချက်ချင်းနိုးထပြောကြားသူများ၏အတွေ့အကြုံများ

"ဆွေသဟာ"စာပေ၊ ၂၀၁၅၊ ရန်ကုန်။

၂၃၂-စာ၊ ၁၀.၅×၁၇.၅ စင်တီ။

(၁) ဘဝသစ်မှချက်ချင်းနိုးထပြောကြားသူများ၏အတွေ့အကြုံများ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အမှာစာ | က |

## အခန်း (၁)

### သေခြင်းတရားနှင့်ဘဝသစ်ရောက်မှု

| | |
|---|---|
| -သတ္တဝါတို့သေရမည်မှာမွေတာ | ၁ |
| -အကျိုးပေးရာဘုံဌာနသို့ရောက်စေသောကံ(၄)မျိုး၏သဘာဝ | ၅ |
| -အကုသိုလ်ကံများဟူသည် | ၇ |
| -ကာမကုသိုလ်ကံဟူသည် | ၁၄ |

## အခန်း (၂)

### ရုပ်နာမ်ဖြစ်စေမှုနှင့်အသက်၏တည်ရာ

| | |
|---|---|
| - ဘဝခန္ဓာ(ဝါ)ရုပ်နာမ်သစ်တို့ဖြစ်စေသောအရာများ | ၁၈ |
| - ကံများက(၃၁)ဘုံ၌ရုပ်များကို ဖြစ်စေပုံ | ၂၂ |
| - ဘဝကူးကာနီးအခြေအနေသဘာဝများ | ၃၆ |

- အသက်ကိုစောင့်ရှောက်ပေးနေ
သောသက်စောင့်တရား ၅၀

## အခန်း (၃)

### ဘဝသစ်၏ခံစားမှုကို ချက်ချင်းနိုးထပြန်ပြောသူများ

- ဘဝဟောင်းကိုပြောပြနိုင်သည်မှာ ၆၃

(၁) ကုသိုလ်အရာ၌နတ်စည်းစိမ်ချမ်းသာ ခံစားရသည်ကို
လာရောက်ပြောပြပြီး ပူဇော်ကန်တော့ကြသော
နတ်သား၊ နတ်သမီးများ

(က) ဆတ္တမာဏဝနတ်သား ၆၉
(ခ) မဋ္ဌကုဏ္ဍလီနတ်သား ၈၀
(ဂ) အနာထပိဏ္ဍိကနတ်သား ၉၀
(ဃ) ဥတ္တရနတ်သား ၉၇
(င) မဏ္ဍုကဘားနတ်သား ၁၀၀
(စ) ကြံခင်းစောင့်နတ်သား ၁၀၄
(ဆ) စူဋ္ဌရထားနတ်သား ၁၀၉
(ဇ) ယသုတ္တရာနတ်သား ၁၂၀
(ဈ) သီရိမာနတ်သမီး ၁၂၄
(ည) ပေသဝတီနတ်သမီး ၁၃၄
(ဋ) လာဇာနတ်သမီး ၁၄၄
(ဌ) စဏ္ဍာလီနတ်သမီး ၁၅၁

(၂) အကုသိုလ်အရာ(ပြိတ္တာဘဝ)၌ချမ်းသာသုခရရန်
အကူအညီလာတောင်းသူများ
(က) နေ့ညသားငါးယောက်စားပြိတ္တာမ ၁၅၅
(ခ) ရှင်သာရိပုတ္တရာထံအကူအညီလာ ၁၆၀
တောင်းခံသောငါးဘဝကအမေပြိတ္တာမ
(ဂ) သံသရမောစကပြိတ္တာမ ၁၆၅
(ဃ) အစ်ကိုနှင့်မိဘပြိတ္တာ ၁၇၀
(င) စူဠသေဋ္ဌိပြိတ္တာ ၁၇၆
(စ) ယက်ကန်းသည်မယားပြိတ္တာမ ၁၇၉
(ဆ) သေရိဏီပြိတ္တာမ ၁၈၅
(ဇ) ဥစ္စာစွဲပြိတ္တာ ၁၈၈
(ဈ) သားပြိတ္တာ၊ မြေးပြိတ္တာများ ၁၉၂

## အခန်း (၄)

### အနေတတ်၍ အသေမြတ်ကြစေ

- မိမိကိုယ်ကိုပြင်ဆင်ထားတတ်ပါစေ ၁၉၅
- မိမိစိတ်ကိုမိမိသိပါစေ ၂၀၁
- ကံကပြုပြင်ဖန်ဆင်းထားသောမိမိဘဝကို
အသိ-သတိရှိပါ ၂၀၈
- ဘဝသံသရာ ကံဉာဏ်ဖြင့်ဖြတ်ပါ ၂၁၁
- ဗလဝဝိပဿနာရှိမှ ဤသံသရာမှ
လွတ်ပါမည် ၂၁၆

# အမှာစာ

စာရေးသူသည် ၂၀၀၇-ခုနှစ်၊ ဒီဇင်ဘာလ(၂၃)ရက်နေ့တွင် ကလေးမြို့၊ လေသာပညာဒါန (ဒဿမတန်းကျောင်းသား၊ ကျောင်းသူများကို ဘော်ဒါဆောင်ထားပြီး အခမဲ့ကျူရှင်ပညာဒါနပြုနေသော)ဆရာတော် ဦးဓမ္မိက၏ ဖိတ်ကြားချက်အရ ဓမ္မစာပေဟောပြောပွဲသို့ သံဃတက္ကသိုလ်မှ အုပ်ချုပ်ရေးဝန်ဆောင်နှင့်ကထိကဆရာတော် အရှင်ဝဏ္ဏသီရိ၊ စာရေးဆရာစိုးဉာဏ(ငဖဲ)အမည်ခံဆရာတော် ဦးဉာဏတို့နှင့်အတူ ဓမ္မစာပေဟောပြောပွဲသို့ သွားရောက် ၍ဟောပြောရပါသည်။

လေသာပညာဒါနဆရာတော်က သူ၏တပည့်များကို ဆရာကြီးတို့အား မင်းတို့သိလိုရာကိုစာရွက်နှင့်ရေးပြီးမေးပါဟု ခွင့်ပေးလိုက်သောအခါတွင် ထိုမေးခွန်းများထဲမှ စာရေးသူအား စိတ်လှုပ်ရှားစိတ်ဝင်စားစေသောမေးခွန်း(၂)ရပ်ပါဝင်လာပါသည်။

မေးခွန်းတစ်ခုက "ဆရာကြီး၏သေရွာပြန်တို့၏ အတွေ့အကြုံများစာအုပ်ကိုဖတ်ရပါသည်၊ အလွန်လည်း နှစ်သက်သဘောကျပြီး သံဝေဂလည်းရပါသည်၊ ဤစာအုပ် တွင် ဆရာကြီးက လူ့ဘဝတွင် သတိခဏမေ့ပြီး ငရဲပြည်၊ နတ်ပြည်ရောက်သူများက ပြန်ပြောပြသောအတွေ့အကြုံများကို ရေးသားတင်ပြထားပါသည်။

တကယ်သေပြီးနောက် မိမိတို့ ရရှိခံစားရသော ချမ်းသာသုခ၊ ဆင်းရဲဒုက္ခတို့ကိုပြန်ပြောပြလာသူများကော မရှိဘူးလား၊ ရှိသလား၊ ကျွန်မ သိလိုပါသည်"
ဟူသော ဒဿမတန်းမှ မသဥ္စာအေး၏မေးခွန်းနှင့်၊ နောက် မေးခွန်းတစ်ခုက ဆရာကြီးရှင်. . .

"ဆရာကြီး၏ငရဲဟူသည်စာအုပ်ကိုဖတ်ရပါသည်၊ ဘယ်အကုသိုလ်ပြုလုပ်လျှင် ဘယ်ငရဲကျခံရသည်ကိုရှင်းပြ ထား၍ အလွန်သဘောကျပါသည်၊ ကျွန်မ၏သူငယ်ချင်းများ သည် ခရစ်ယာန်ဘာသာဝင်များဖြစ်ကြပါသည်၊ သူတို့က သူတို့ဘာသာမှာ ငရဲတစ်ခုဘဲရှိပါသည်၊ ကုသိုလ်ပြုလုပ်လျှင် ထာဝရဘုရားရှင်၏ကောင်းကင်ဘုံမှာထာဝရစံစားရမည်၊ အကုသိုလ်ပြုလုပ်လျှင် ထာဝရငရဲဘုံမှာခံရမည်၊ မင်းတို့ ဗုဒ္ဓ ဘာသာမှာက ငရဲတွေများစွာရှိနေပါသည်၊ ဘယ်အကုသိုလ် လုပ်လျှင် ဘယ်ငရဲကျသလဲ ဟုမေးလာပါသည်၊ ပထမတော့ သမီးလဲ မသိပါ၊ နောက် ဆရာကြီး၏ငရဲဟူသည်စာအုပ်ကို ဦးပဥ္စင်း တစ်ပါးကပေးဖတ်မှသိရှိပြီး သူငယ်ချင်းကိုပြန်ဖြေပေး နိုင်ခဲ့ပါသည်၊ ဆရာကြီးကို ယခင်က ဘုန်းကြီးတစ်ပါးဟု

ထင်ခဲ့ပါသည်၊ ယခု ကိုယ်တိုင်တွေ့ရ၍လ -ှ ဝမ်းသာပါသည်၊ ထိုငရဲအဖြေကို ဖြေရှင်းပေးထား၍လည်း ကြည်ညိုလေးစား နေပါသည်။

ထိုစာအုပ်ထဲတွင် သမီးတစ်ခုမရှင်း၍ သိလို၍မေးလို သည်မှာ တာပနငရဲ၊ မဟာတာပနငရဲခံစားရသူများနှင့်ပတ် သက်၍ တာပနငရဲ၌ -

-ဤငရဲတွင် လင်ယောကျ်ားကိုမရှိမသေ မလေးမစား မထေမဲ့မြင်ပြုကြသော အိမ်ရှင်မမိန်းမများသည် ကျရောက်ခံစားရသည်။

မဟာတာပနငရဲ၌ -

-အဂတိတရားလိုက်စားသူများ လင်ယောကျ်ား အပေါ်၌ နိုင်လိုမင်းထက်ရက်စက်ကြမ်းကြုတ်စွာ ပြုတတ်သောမိန်းမယုတ်များသည် ဤငရဲ၌ ကျရောက် ခံစားကြရပါသည်။

ဟုဆိုထားပါသည်၊ သမီးမေးလိုသည်က-

မိမိသားမယားကို ကောင်းစွာမပြုစု၊ မလုပ်ကျွေးသော လင်ဆိုး၊ ယောကျ်ားဆိုးများ၊ အရက်သောက်၊ ဖဲရိုက်၊ အခြား မိန်းမနှင့် ဖောက်ပြန်ပျက်စီးပြီး မိမိမယားကိုနှိပ်စက်သမှုပြုကြ သောယောကျ်ားဆိုး၊ လင်ဆိုးများသည် မည်သည့်ငရဲသို့ ကျ ရောက်ခံစားရပါသနည်း၊ ဤယောကျ်ားဆိုး၊ လင်ဆိုးများ ကျရောက်ခံစားရသောငရဲကို ဗုဒ္ဓကမဟောထားခဲ့ဘူးလား၊ သိလိုပါသည်၊ ဆရာကြီးမှဖြေဆိုရှင်းပေးစေလိုပါသည်ရှင့်"

ဟူသော ဒဿမတန်းမှ မဆွေဆွေအောင်၏မေးခွန်းဖြစ်ပါသည်။

စာရေးသူသည် ဤမေးခွန်းနှစ်ရပ်အနက် ဟောပြောပွဲတွင်သင့်သလိုအဖြေပေးခဲ့ပြီးသော်လည်း ကျယ်ပြန့်စွာလေ့လာပြီး မသဥ္ဇာအေး၊ မဆွေဆွေအောင်တို့အပါအဝင် ဗုဒ္ဓဘာသာဝင်အားလုံးတို့ကို ကျယ်ပြန့်စွာသိစေလိုသော မေတ္တာ စေတနာဖြင့် အဖြေပေးလိုပါသည်။

ကလေး၊ တမူး ဓမ္မစာပေဟောပြောပွဲကပြန်လာကတည်းက ထိုမေးခွန်းနှစ်ရပ်သည် စာရေးသူ၏နှလုံးသားအိမ်ထဲ ကမထွက်၊ တစ်ရစ်ရစ်ဝဲဝဲ စိုးမိုးခံနေရပါသည်။

သို့အတွက် စာရေးသူသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ တွဲဘက်ပါမောက္ခအလုပ်၊ သာထွန်းပြန့်ဓမ္မစာစောင်၌တာဝန်ခံစာတည်းအလုပ်၊ ဓမ္မပီရကျာနယ်၌ အယ်ဒီတာချုပ်အလုပ်၊ ပြည်ယောင်စုတိုင်းရင်းသားတက္ကသိုလ်၌ ဗုဒ္ဓဘာသာ အယောက်တန်းအဆင့်စာပြအလုပ်၊ အဘိဓမ္မာသင်တန်း(၃)ခု၏ သင်ကြားမှုအလုပ်၊ စာရေးခြင်း အလုပ်စသည့်အလုပ်များဖြင့် အလုပ်များသည့်ကြားကပင် ဤမေးခွန်းနှစ်ရပ်အတွက် ပထမမေးသော မသဥ္ဇာအေး၏ မေးခွန်းကိုစာအုပ်တစ်အုပ်ဖြစ် အောင်ရေးမည်ဟု ဆုံးဖြတ်ကာ အချိန်ယူပြီးလေ့လာခြင်း၊ မှတ်သားခြင်းပြုလုပ်ရပါသည်။

ယခု စာရေးသူ၏ **"ဘဝသစ်မှချက်ချင်းနိုးထပြောပြသူများ၏အတွေ့အကြုံ"** ဟူသောစာအုပ်သည် ကလေးမြို့၊

လေသာပညာဒါနမှမေးခွန်းရှင် မသဥ္ဇာအေးနှင့်ဗုဒ္ဓဘာသာဝင်များအတွက် အဖြေတစ်ခုထုတ်ပေးခြင်းမျှသာဖြစ်ပါသည်၊ ဤစာအုပ်ကိုဖတ်ရှုပြီး မိမိတို့၏ဘဝကိုသုံးသပ်နိုင်ကြမည်၊ ဆင်ခြင်နိုင်ကြမည်၊ အသိ၊ သတိရှိကြကာ ကုသိုလ်ကောင်းမှုပြုကြပြီး မွန်မြတ်သောဘဝအဆင့်ဆင့်ကိုတက်လှမ်းနိုင်ကြလိမ့်မည်ဟုခံယူသလို ဤစာအုပ်ပါ ဘဝအတွေ့အကြုံပုဂ္ဂိုလ်များကိုအားကျခြင်း၊ အတုယူခြင်းများပြုပြီး မိမိတို့ဘဝကုသိုလ်ကောင်းမှုအစုစုတို့၌ပျော်မွေ့နိုင်ကြလိမ့်မည်ဟု မျှော်လင့်ယုံကြည်ထားမိပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် မူလမေးခွန်းရှင်ကလေးမြို့မှ မသဥ္ဇာအေးအားလည်းကောင်း၊ ဖိတ်ကြားသောလေသာပညာဒါနဆရာတော် အရှင်ဓမ္မိကအားလည်းကောင်း၊ စာစုပေးကြသောဓမ္မမိတ်ဆွေများအား လည်းကောင်း၊ စာမူကိုကွန်ပျူတာစာစီပေးသော မခင်သူဇာ B.A (Business Management) အားလည်းကောင်း၊ ထုတ်ဝေသူတို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ**

**တက္ကသိုလ်သျှင်သီရိ (မဟာစရိယ၊ ဘီအေ)**

ဦးကိုကိုမြိုင်
အမှတ်(၅၅) သုနန္ဒာ(၃)လမ်း
စ-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်
ဖုန်း-၀၁ ၉၆၉၀၃၂၄ / ၀၉-၄၂၁၀၁၆၈၇၈

# အခန်း(၁)

# သေခြင်းတရားနှင့်ဘဝသစ်ရောက်မှု

## သတ္တဝါတို့သေရမည်မှာ ဓမ္မတာ

ဤလောကရှိ သက်ရှိသတ္တဝါဟူသမျှသည် မမြဲသော သင်္ခါရသဘောအရ တဖြည်းဖြည်း အိုမင်း၊ ယိုယွင်းကြပြီး သေခြင်းဓမ္မတာခံစားရမည်မှာ အမှန်ပင်ဖြစ်ပါသည်။

သေခြင်းနှင့်ပတ်သက်၍ ဗုဒ္ဓအဘိဓမ္မာက သေနည်း(၄) မျိုးကို ခွဲခြားဟောထားပါသည်-

**၁။ အသက်တမ်းကုန်၍သေရမှုသဘာဝ**

ထိုထိုစကြဝဠာ(၃၁)ဘုံ၌ သက်ရှိသတ္တဝါတို့အတွက် လူ့ဘုံလည်း လူ့ဘုံအလိုက်၊ နတ်ဘုံလည်းနတ်ဘုံအလိုက်၊ ဗြဟ္မာဘုံလည်း ဗြဟ္မာဘုံအလိုက်၊ သဘာဝနိယာမကသတ်မှတ်ပေးထားသောသက်တမ်းများက ရှိနေကြပါသည်။

ဤလူ့လောက လူ့ဘုံတွင်သက်တမ်းသည် တက်ကပ်ကာလ၊ ဆုတ်ကပ်ကာလဟူ၍ရှိနေပြီး တက်ကပ်ကာလဝယ် အသင်္ချေယျကပ်အထိ သက်တမ်းရှိပြီး ဆုတ်ကပ်ကာလဝယ် (၁၀) နှစ်တမ်းအထိရှိနေပါသည်။

လူ့သက်တမ်း၏ဆုတ်ကပ်ကာလသဘာဝသည် အနှစ် (၁၀၀)ပြည့်လျှင် (၁)နှစ်ဆုတ်သည်၊ တက်ကပ်ကာလသည် တစ်ဆတိုးတက်သည်ဟုဆိုပါသည်။

ဤဘဒ္ဒကမ္ဘာတွင် ဘုရား(၅)ဆူပွင့်မည်ဖြစ်ရာ ပထမဆုံး ပွင့်သောကကုသန်မြတ်စွာဘုရားသည် လူ့သက်တမ်း(၈၀၀၀၀) တန်းမှာ ပါရမီပြည့်၍ ထိုသက်တမ်းတွင် ပွင့်ခဲ့သည်၊ ဒုတိယ ဘုရားပွင့်တော်မူသော ကောဏာဂုံသည် လူ့သက်တမ်း(၄၀၀၀၀) တမ်းမှာ ပါရမီပြည့်ခဲ့၍ ထိုသက်တမ်းတွင်ပွင့်ခဲ့သည်၊ တတိယ ပွင့်တော်မူသော ကဿပဘုရားသည်မူ သက်တမ်း(၂၀၀၀၀) ပါရမီ ပြည့်ခဲ့၍ ထိုသက်တမ်းတွင် ပွင့်ခဲ့သည်၊ စတုတ္ထ ဂေါတမ ဘုရားသည် လူ့သက်တမ်း(၁၀၀)တန်းမှာ ပါရမီပြည့်ခဲ့၍ ထိုသက်တမ်းတွင် ပွင့်ခဲ့သည်၊ နောက်ဆုံး အရိမေတ္တေယျဘုရား သည် လူ့သက်တမ်းတက်ကပ်ကာလ အသင်္ချေယျတက်ပြီး နောက် ဆုတ်ကပ်ကာလ (၈၀၀၀၀)သက်တမ်းတွင် ပါရမီပြည့်ပြီး ထိုကာလတွင်ပွင့်ပါမည်။

ယခု ဂေါတမမြတ်စွာဘုရားပွင့်စဉ်က ဆုတ်ကပ်ကာလ လူ့သက်တမ်း(၁၀၀)ထိရှိခဲ့သည်ဟုဆိုပါသည်၊ ယနေ့ ဂေါတမ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်သည်မှာ နှစ်ပေါင်း(၂၅၅၀)ရှိပြီး

ဖြစ်ရာ လူ့သက်တမ်းသည် ပျမ်းမျှ(၂၅)နှစ်ကျော်ဆုတ်ခဲ့ပြီးဖြစ်၍ ယနေ့လူ့သက်တမ်းသည် (၇၅)နှစ်ရှိပြီဖြစ်သည်။

အတိတ်ဘဝက သင့်တော်ရုံကံပါလာသူတို့သည် သတ်မှတ်ထားသောသက်တမ်းကို မလွန်ဆန်နိုင်ကြပါ။ အတိတ် ကုသိုလ်ကံထူးကလည်းရှိ ဤပစ္စုပ္ပန်ဘဝမှာလည်း ဒါန၊ သီလ အထူးရှိ၍ ကျန်းမာရေးလိုက်စားသူ၊ ဆေးကောင်းဝါးကောင်းရှိသူတို့သည် သက်တမ်းကုန်အောင်နေနိုင်ကြပါမည်။

အသက်ရှည်ရာတွင် သဘာဝလောက၏ ကံ၊ စိတ်၊ ဥတု၊ အာဟာရ(၄)မျိုးသည် သတ္တဝါတို့အတွက် အရေးကြီးသော ကဏ္ဍမှ ပါဝင်နေရပါသည်။

လူ့ဘဝဆုတ်ကပ်ကာလသတ်မှတ်ထားသော(၇၅)နှစ် သက်တမ်းပြည့်၍သေရခြင်းသည် သက်တမ်းကုန်၍သေရခြင်း ဖြစ်ပါသည်၊ ကံတရားကရှိနေသော်လည်း လောကသဘာဝ နိယာမ သတ်မှတ်ထားသောသက်တမ်းကရှိနေ၍ အသက်ဆက်၍ရှင်သန်၍ မရနိုင်ပေ။

ဤသည်ကို လောကဥပမာစကားဖြင့် မီးစာရှိသေးသော်လည်း ဆီကုန်၍မီးငြိမ်းရသည်နှင့်တူသည်ဟူ၍ ဆိုစကားပြုကြသည်။

## ၂။ ကံကုန်၍သေရမှုသဘာဝ

သတ္တဝါတို့အား ဘုံဌာနအလိုက် ဘဝတစ်ခုကို ဖန်တီးပေးလိုက်သော ကုသိုလ်၊ အကုသိုလ်ကံသည် ပဋိသန္ဓေ တည်သည့်အချိန်မှစ၍ ထိုကံသတ္တိစွမ်းအားမကုန်သေးသရွေ့ ဘဝမပြတ်

အောင် (မသေအောင်)အစဉ်တစိုက် အမြဲဖန်တီးပေးနေတတ်ပါသည်။

ထိုမူလစိမံလိုက်သောကံ၏အစွမ်းကို အားပေးကူညီသော (လက်ရှိဘဝပြုကျင့်သော) အခြားကံများကလည်း ရှိနေပါသေးသည်၊ ထိုမူလစီမံလိုက်သောအတိတ်ကံနှင့် အားပေးကူညီကြသော ပစ္စုပ္ပန်ကံတို့အစွမ်းသတ္တိကုန်ဆုံးလျှင် အသက်တမ်းမကုန်ဆုံးသေးသော်လည်း ဧကန်မုချသေရမည်သာဖြစ်ပါသည်။

ယခု (၇၅)နှစ်သက်တမ်းကံအစွမ်းက (၅၀)သက်တမ်းလောက်သာရှိလျှင် (၅၀)အရွယ်မှာသေရမည်မှာ သဘာဝဓမ္မတာဖြစ်ပါမည်၊ ယင်းမှာ ကံကုန်၍သေခြင်းဟူ၍ဆိုပါသည်။

ဤသည်ကို လောကဥပမာစကားဖြင့် ဆီမကုန်သေးသော်လည်း မီးစာကုန်၍မီးငြိမ်းရခြင်းနှင့်တူသည်ဟုဆိုစကားပြုထားပါသည်။

**၃။ အသက်-ကံနှစ်ပါးစုံကုန်၍သေရမှုသဘာဝ**

အချို့သောသတ္တဝါတို့သည်ကား အသက်တမ်းကလည်းကုန်၊ ကံအစွမ်းကလည်းကုန်၍သေကြရပါသည်။

ဤသည်ကို လောကဥပမာစကားဖြင့် မီးစာကုန်ဆီခန်း၍သေရသည် ဟူ၍ ဆိုစကားပြုကြပါသည်။

**၄။ ကံတစ်ပါးသတ်ဖြတ်၍သေရမှုသဘာဝ**

အချို့သောသတ္တဝါတို့သည် အသက်တမ်းလည်းမကုန်သေး၊ ကံအစွမ်းလည်းမကုန်သေး၊ သို့သော် ရှေးရှေးဘဝကဖြစ်စေ၊ ယခုဘဝမှာဖြစ်စေ၊ ပြုမိခဲ့သောအကုသိုလ်ကံက အခွင့်ရ

သဖြင့်လည်းကောင်း၊ အကုသိုလ်များ၍ သေဘေးကြုံသူများနှင့် စက်ကွင်းထဲရောပါသွားမိ၍လည်းကောင်း တစ်နည်းနည်းဖြင့် သေရတော့သည်။

ဥပမာ-ကားမှောက်၊ ကားတိုက်၍သေရခြင်း၊ ဓား၊ လက်နက်တို့ဖြင့်သေရခြင်းစသည်တို့သည် ကံတစ်ပါး သတ်ဖြတ်၍ သေရခြင်းမျိုးဖြစ်ပါသည်။

ဤသည်ကို လောကဥပမာစကားဖြင့် မီးစာ၊ ဆီနှစ်မျိုး မကုန်သေးသော်လည်း လေပြင်းတိုက်ခတ်မှု၊ တမင်ငြိမ်းသတ်မှု တို့ကြောင့် မီးငြိမ်းရသည် ဟူ၍ ဆိုစကားပြုကြပါသည်။

## အကျိုးပေးရာဘုံဌာနသို့ ရောက်စေသောကံ(၄)မျိုး၏သဘာဝ

သတ္တဝါတို့သည် သံသရာတစ်ခွင် လည်နေသမျှကာလ ပတ်လုံး(ဝါ)အကျွတ်အလွတ်ဖြစ်သော နိဗ္ဗာန်နန်းသို့မဝင်၊ မရောက်သေးသမျှကာလပတ်လုံး (၃၁)ဘုံဝယ် ကုသိုလ်ကံ၊ အကုသိုလ်ကံအရ ကျင်လည်သွားနေရသည်မှာ သဘာဝဓမ္မတာ ဖြစ်ပါသည်။

ထိုသို့ကျင်လည်သွားရာဝယ် တစ်ဘဝသေပြီးနောက် နောက်တစ်ဘဝ၌ ပဋိသန္ဓေကိုဆက်ယူရသည်၊ ထိုသို့ယူရာဝယ် ကုသိုလ်ကံ၊ အကုသိုလ်ကံ၏စွမ်းအားသတ္တိကလေးသည်လိုက်ပါ ပြီး အကျိုးပေးလေ့ရှိပါသည်၊ ထိုသို့လိုက်ပါအကျိုးပေးသောကံ၏ အကျိုးနှင့်ပတ်သက်၍ ဗုဒ္ဓက အဘိဓမ္မာသဘာဝ၌-

## ၁။ ပဋိသန္ဓေအကျိုး

- ဘဝသစ်ထူထောင်ပေးသောလုပ်ငန်းဖြစ်သည်၊ သေပြီးနောက် ဘဝသစ်တစ်ခုတွင်ဖြစ်စေရန် အလုပ်လုပ်ခဲ့သော ကုသိုလ်၊ အကုသိုလ်ကံကထူထောင်ပေးသည်၊ ထိုပဋိသန္ဓေအကျိုးသည် ဘဝတစ်ခုလုံးနှင့်သက်ဆိုင်သည်။
- ပဋိသန္ဓေအခါဟူသည် ပဋိသန္ဓေစိတ်ကလေး စတင်ဖြစ်ပေါ်လာသောအခိုက်(ဥပါဒ်ခဏ)ကို ရည်ညွှန်းပါသည်။
- ပဋိသန္ဓေအကျိုးဟူသည် ပဋိသန္ဓေစိတ်နှင့်ယှဉ်လာသော ယှဉ်ဘက်စေတသိက်များပါဝင်သော ကံ၏အကျိုး ဖြစ်သော နာမ်ခန္ဓာ(၄)ပါး (ဝါ) ဝိပါက်စိတ်နှင့် စေတသိက်များ (ယင်းကို ပါဠိလို ဝိပါက်နာမက္ခန္ဓာ ဟူ၍ ခေါ်ပါသည်) နှင့် ကမ္မဇရုပ်၊ ဥတုဇရုပ်များ (ယင်းကို ပါဠိလို ကဋတ္တာရုပ်)ဟု ခေါ်ပါသည်။

## ၂။ ပဝတ္တိအကျိုး

- ပဋိသန္ဓေစိတ်ဖြစ်ပြီးနောက် သေသည့်အချိန်အထိ အပိုင်းအခြား (ဝါ) အသက်ရှင်နေစဉ်အခေါအတွင်း တွေ့ကြုံရသောအကျိုးဖြစ်သည်။
- ဘဝင်စိတ်နှင့်ယှဉ်ဘက်စေတသိက်များပါဝင်သော ဝိပါက် နာမက္ခန္ဓာနှင့်ကဋတ္တာရုပ်များသည် ပဝတ္တိအကျိုးများဖြစ်ကြပါသည်။

ထိုပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုးပေးရာအလုပ်(ကံ)များနှင့်ပတ်သက်၍ ကံဖြစ်ရာဖြစ်ကြောင်းဖြစ်သော မျက်စိ၊ နား၊

နှာခေါင်း၊ လျှာ၊ ကိုယ် ဟူသောအပေါက်(ဒွါရ)များကို ကမ္မဒွါရ ဟူ၍ ပါဠိလိုခေါ်ပါသည်၊ ထိုကမ္မဒွါရကိုလိုက်၍-

(၁) ကာယကမ္မ - ကိုယ်ဖြင့်ကောင်းမှု၊ မကောင်းမှုပြုမှု
(၂) ဝစီကမ္မ - နှုတ်ဖြင့်ကောင်းမှု၊ မကောင်းမှုပြောဆိုမှု
(၃) မနောကမ္မ - စိတ်ဖြင့်ကောင်းမှု၊ မကောင်းမှုကြံစည်မှု

ဟူ၍ (၃)မျိုးကွဲပြားသည် ဟု အဘိဓမ္မာ၌ဖွင့်ပြထားပါသည်။

စိတ္တုပ္ပါဒ (စိတ်ဖြစ်မှု)စွမ်းအားဖြင့် အကုသိုလ်ကံ၊ ကုသိုလ်ကံဟူ၍ (၂)မျိုး ရှိနေပါသည်။

ထိုဒွါရကမ္မ၊ စိတ္တုပ္ပါဒအစွမ်းအရဖြစ်ပေါ်လာသော အကုသိုလ်အလုပ်ကံနှင့်ပတ်သက်၍ ဗုဒ္ဓအဘိဓမ္မာ၌ (၁၀)မျိုး လမ်းညွှန်ဟောထားသည်ကို တွေ့ရပါသည်။

## အကုသိုလ်ကံများဟူသည်

ထို့တွင် အကုသိုလ်ကံဟူသည် အပြစ်ရှိ၍ မကောင်းသော အကျိုးကိုပေးတတ်သော အလုပ်(ကံ)ကို အကုသိုလ်ကံ ဟူ၍ ဖွင့်ဆိုပြထားပါသည်။

ယင်းမကောင်းကျိုးပေးတတ်သော ကံလုပ်(ကံ)(၁၀)မျိုး ကို ပါဠိလို ဒုစ္စရိတ (ဒုစရိုက်)ဟူ၍ခေါ်ပြီး အဓိပ္ပာယ်မှာ ယုတ်ညံ့သောအကျင့်၊ အလေ့အကျင့်မကောင်းသောသူများ၊ ကိုယ်၊ နှုတ်၊ စိတ်ဖြင့် ပြုမူ ပြောဆို ကြံစည်သောတရားများဟု ဆိုပါသည်။

အကုသိုလ်အလုပ်(ကံ)ကို ဖြစ်စေတတ်သော ဒုစရိုက် (၁၀)ပါး ရှိပါသည်။

အကုသိုလ်ကာယကံ (ကာယဒုစရိုက် ၃-ပါး) ဟူသည်-

(၁) သတ္တဝါတို့ကိုသေစေလိုသော စေတနာဖြင့် သတ်ဖြတ်မှု (ပါဏာတိပါတ)

(၂) သူတစ်ပါးပစ္စည်းကိုလိုချင်သောစေတနာဖြင့် ခိုးဝှက်၊ တိုက်ခိုက်၊ လှည့်ပတ်လိမ်ညာယူမှု (အဒိန္နာဒါန)

(၃) ကာမဂုဏ်တို့၌ ကဲ့ရဲ့ထိုက်စွာ ယုတ်ယုတ်မာမာ ကျင့်မှု (ကာမေသုမိစ္ဆာစာရ)

ဤကာမေသုမိစ္ဆာစာရနှင့်ပတ်သက်၍ ယနေ့ ဗုဒ္ဓဘာသာဝင်အများတို့သိနေကြသည်မှာ သူ့လင်၊ သူ့မယား၌ မှားယွင်းဖောက်ပြန်စွာပြုမူမှုကိုသာ ကာမေသုမိစ္ဆာစာရ ဟူ၍ အသိမှားနေကြပါသည်။

လောကသဘာဝတွင် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ ဟူ၍ ကာမဂုဏ်( ကာမအာရုံ)ငါးပါးရှိရာတွင် ထိုကာမဂုဏ်အာရုံတရားများကို မှားယွင်းစွာကျင့်သုံးလက်ခံလျှင် ကာမေသုမိစ္ဆာစာရ ဖြစ်ပါသည်။

မျက်စိ၊ နား၊ နှာခေါင်းရှိသူများသည် မျက်စိမှရသော ကာမဂုဏ်အာရုံများကို သင့်တင့်မျှတစွာလက်ခံကျင့်သုံးလျှင်သော်လည်းကောင်း၊ မြင်လျှင်လည်းမြင်ကာမျှ၊ ကြားလျှင်လည်း ကြားကာမျှ၊ နံ့လျှင်လည်းနံ့ကာမျှ၊ တွေ့ထိလျှင်လည်း တွေ့ထိကာမျှ စသည်ဖြင့် ရှိရင်းအတိုင်း လက်ခံကျင့်သုံးလျှင်သော်လည်းကောင်း၊ အစာစားရာတွင်လည်း အင်အားဖြည့်တင်းရန်၊ ကျန်းမာရန်အတွက် သင့်တင့်မျှတစွာစားသောက်လျှင်**သော်**

လည်းကောင်း လက်ခံကျင့်သုံးကြပါလျှင် ကောင်းစွာကျင့်သုံးမှု (သမ္မာစာရ)ဖြစ်ပါသည်။

သို့မဟုတ်ဘဲ အလှအပများကိုကြည့်ချင်ခြင်း၊ ရုပ်ရှင်ဇာတ်ပွဲများကိုကြည့်ချင်ခြင်း၊ သီချင်းကောင်းကိုနားထောင်ခြင်း၊ အစားအစာများကိုခုံမက်ခြင်း စသည်တို့သည် မှားသောအကျင့် (မိစ္ဆာစာရ)ဖြစ်ပါသည်။

မူးယစ်စေတတ်သောသေရည်သေရက်ကို သောက်သုံးခြင်း (သုရာမေရယမဇ္ဇပမာဒ)သည် ကာယကံထဲတွင် ပါဝင်ပါသည်၊ ကာမဂုဏ်ခံစားမှုနှင့်အရက်သေစာသောက်စားမှုသည် ကာယကံချင်းတူ၍ သေရည်သေရက်သောက်သူကို ကာမေသုမိစ္ဆာစာရနှင့်အတူ ဆုံးဖြတ်ထားသည်ကို တွေ့ရပါသည်။

**အကုသိုလ်ဝစီကံ (ဝစီဒုစရိုက်ကံ) ၄-ပါး ဟူသည်-**

(၁) မဟုတ်မမှန်လိမ်လည်ပြောဆိုမှု (မုသာဝါဒ)

(၂) ချောပစ်ကုန်းတိုက်သောစကားကိုပြောဆိုမှု(ပိသုဏဝါစာ)

(၃) ကြမ်းတမ်းယုတ်မာသောစကားကိုပြောဆိုမှု(ဖရုသဝါစာ)

(၄) အကျိုးမရှိပြိန်ဖျင်းသောစကားကိုပြောဆိုမှု(သမ္ဖပ္ပလာပ)

**အကုသိုလ်မနောကံ(မနောဒုစရိုက်ကံ) ၃-ပါးဟူသည်-**

(၁) သူတစ်ပါး၏ဥစ္စာကိုမတရားရယူရန်ကြံစည်ခြင်း (အဘိဇ္ဈာ)

(၂) သူတစ်ပါး၏အသက်နှင့်စည်းစိမ်ကိုဖျက်ဆီးရန် ကြံစည်ခြင်း (ဗျာပါဒ)

(၃) ကံ-ကံ၏အကျိုးကို မယုံကြည်လွဲမှားသောအယူရှိခြင်း (မိစ္ဆာဒိဋ္ဌိ)

အဘိဇ္ဈာသည် သူတစ်ပါးပစ္စည်းကို စိတ်ထဲကတွေးတော၍ အလွန်လိုချင်နေခြင်းပင်ဖြစ်ပါသည်။

အဘိဇ္ဈာအကုသိုလ်စိတ်က အလွန်လိုချင်သောအလုပ်ကို လုပ်သည်၊ ခိုးယူရန်၊ လက်စားချေရန်၊ မတရားသဖြင့် လိမ်ညာစားရန် ကြံစည်စိတ်ကူးနေတတ်ပါသည်၊ အဘိဇ္ဈာသည် မြစ်ဖျားဖြစ်ပြီး ယင်းမြစ်ဖျားမှအဒိန္နာဒါနကံ၊ မုသာဝါဒကံ၊ ပိသုဏာဝါစာကံ ပြစ်မှားစီးဆင်းရပါသည်။

အလွန်လိုချင်နေသောသူသည် မသေဘဲခိုးယူမည်၊ လိမ်ညာ၍ ကုန်းချောတိုက်၍ မရ-ရအောင် ယူမည်။

အဘိဇ္ဈာသည် တရားကိုယ်အားဖြင့် လိုချင်မှု(လောဘ) စေတသိက်ပင်ဖြစ်ပါသည်။

စိတ်ထဲက လောဘထူထပ်အားကောင်းလာလျှင် နှုတ်ဖြင့်လည်းကောင်း၊ ကိုယ်ဖြင့်လည်းကောင်း ရအောင်ယူဆောင်ပေမည်၊ မနောကံကိုအရင်းတည်၍ ဝစီကံ၊ ကာယကံဖြစ်ရပါသည်။

ဗျာပါဒရေစီးကျက်လာလျှင် ပါဏာတိပါတ၊ အဒိန္နာဒါန၊ မုသာဝါဒ၊ ပိသုဏာဝါစာကံများဖြစ်လာနိုင်ပါသည်၊ သူတစ်ပါးဂုဏ်အရည်အသွေးမြင့်မားနေသည်ကိုလည်းကောင်း၊ ဥစ္စာပစ္စည်းတိုးပွားနေသည်ကိုလည်းကောင်း၊ မနာလိုသောသူများသည် ဗျာပါဒမနောကံရှင်သန်လာလျှင် ထိုသူများကို တစ်နည်းနည်းဖြင့် ပျက်စီးစေတော့သည်။

သတ်ဖြတ်ခြင်း၊ ပျက်စီးခြင်းမဟုတ်မမှန် သတင်းလွှင့်ပြောဆိုခြင်းစသော ဝစီကံ၊ ကာယကံ၊ ဒုစရိုက်များကိုဆောင်ရွက်ပါတော့သည်။

လူတစ်ဦးတစ်ယောက်ကိုမုန်းတီးလာလျှင် ဗျာပါဒဝင်လာပါသည်၊ ထိုဗျာပါဒဝင်လာလျှင် အကုသိုလ်အမှုတို့ကို ဆောင်ရွက်ပါတော့သည်။

သူတစ်ပါးကောင်းကျိုးကိုလိုလားခြင်းသည် ဗျာပါဒကို ပယ်ဖျောက်ခြင်းဖြစ်ပါသည်။

မနောဒုစရိုက်တွင် မိစ္ဆာဒိဋ္ဌိသည် အလွန်ရှောင်ရှားခဲပါသည်၊ အမြင်များရင့်ကျက်လာလျှင် မှန်သည်ဟုထင်မှတ်တတ်သည်၊ ပုထုဇဉ်ဟူသမျှသည် အမြင်မှားများနှင့်ပြည့်လျှံနေတတ်ပါသည်။

မိစ္ဆာဒိဋ္ဌိသည် အမှောင်ခေတ်ဖြစ်၍ အလင်းခေတ်ပေါ်လာသော် အမှောင်ခေတ်ကွယ်ပျောက်သွားနိုင်ပါသည်၊ ပညတ်၊ ပရမတ်ကိုခွဲခြားသိခြင်းသည် အမြင်မှန်(သမ္မာဒိဋ္ဌိ)ဖြစ်ပါသည်။

အရာဝတ္ထုများ၊ သက်ရှိသတ္တဝါများသည် ရုပ်ကလာပ်မှုန်များပေါင်းစပ်ထားကြောင်းသိရမည်၊ သူတစ်ပါးကိုယ်၊ မိမိကိုယ်သည် ထင်ရှားရှိသည်ဟုထင်မှတ်နေခြင်းသည် မိစ္ဆာဒိဋ္ဌိ ဖြစ်သည်၊ မိစ္ဆာဒိဋ္ဌိကိုပယ်ထားသောသူသည် ဒေါသ၊ မာန၊ လျော့နည်းသွားပါမည်၊ ဒေါသ၊ မာနလျော့နည်းသွားပါက အလုပ်ကိစ္စများ ဆောင်ရွက်ရာတွင် အောင်မြင်မှုရနိုင်ပါသည်။

ဒုစရိုက်ဆယ်ပါးကို သဘောတူပေါင်းလိုက်ပါက ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊ မိစ္ဆာဒိဋ္ဌိ ဟူ၍ (၅)ပါးသာရပါသည်၊ ထိုကံတို့ကို ငါးပါးသီလထိန်းခြင်းဖြင့် ရှောင်ကြဉ်နိုင်ပါသည်။

မကောင်းမှုအကုသိုလ် ဒုစရိုက် (၁၀)ပါး အမှုတို့ကို ကျူးလွန်သောစိတ္တုပ္ပါဒ်အရ ခွဲခြားကြည့်လျှင်-

လောဘစိတ်ဖြင့် -ကာမေသုမိစ္ဆာစာရ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိကံ တို့ကို ကျူးလွန်တတ်ကြပါသည်။

ဒေါသစိတ်ဖြင့် -ပါဏာတိပါတ၊ ဖရုသဝါစာ၊ ဗျာပါဒကံတို့ကို ကျူးလွန်တတ်ကြပါသည်။

လောဘ၊ ဒေါသ စိတ်ဖြင့် -အဒိန္နာဒါန၊ မုသာဝါဒ၊ ပိသုဏဝါစာ၊ သမ္ဖပ္ပလာပကံတို့ကို ကျူးလွန်ပါသည်။

ထိုကံများကိုကျူးလွန်လုပ်ဆောင်ကြရာဝယ် အကောင်းအဆိုးရည်ရွယ်ချက်(စေတနာ)တစ်ခုဖြင့် တက်ကြွထက်သန်သောစိတ်ဖြင့် ဦးဆောင်လုပ်သောအလုပ်သည် ကံမြောက်ပါသည်၊ အကောင်းအဆိုး စေတနာမပါဘဲ မသိမသာမထင်မရှားသောသာမန်စေတနာစိတ်ဖြင့်ပြုလုပ်သောအလုပ်သည် ကံမမြောက်ပါ။

ထိုကံများကိုပြုလုပ်ရာ၌ ကိုယ်တိုင်ပြုလုပ်ခြင်း၌အပြစ်ရှိသလို ထိုအမှုကိုပြုလုပ်ရန်တိုက်တွန်းခြင်း၊ ချီးမွမ်းခြင်း၊ စိတ်ကအလိုတူအလိုပါသဘောတူခြင်းရှိပါက မိမိကိုယ်တိုင်လုပ်သည့်သဘောသက်ရောက်အကျိုးပေးပါသည်၊ ကံမြောက်ပါသည်။

## ကုသိုလ်ကံများဟူသည်

လောကသဘာဝတွင် မကောင်းမှုနှင့်ကောင်းမှု(အကုသိုလ်နှင့်ကုသိုလ်)တို့၏သဘာဝသည် ဒွန်တွဲဖြစ်ပေါ် လျက်ရှိနေသည်မှာ သဘာဝတရားဖြစ်ပါသည်။

ကုသိုလ်ဆိုသည်မှာ ကောင်းကျိုးကိုပေးစွမ်းနိုင်သောကြောင့်လည်းကောင်း၊ အကုသိုလ်တရားတို့ကိုတုန်လှုပ်စေ၊ ကင်းပျောက်ဖယ်ရှားစေတတ်သောသဘာဝတရားဖြစ်ပါသည်။

ထိုကုသိုလ်တွင်လည်း မိမိတို့ပြုလုပ် ကျင့်ကြံအားထုတ်ကြသော ကောင်းသောကာယကံ၊ ဝစီကံ၊ မနောကံအရ စိတ်အခြေအနေများကွဲပြားသလို ရောက်ရှိခံစားရသောဘုံနှင့် လူ၊ နတ်၊ ဗြဟ္မာဘဝအဖြစ်များသည် ကွဲပြားခြားနားသွားပါသည်။

ထိုမကောင်းသော ကာယကံ၊ ဝစီကံ၊ မနောကံ ဟူသော ဒုစရိုက်(၁၀)ပါးကိုရှောင်ကြဉ်ပြီးလျှင် ထိုကာယကံ၊ ဝစီကံ၊ မနောကံဟူသော(၁၀)ပါးသောကျင့်စဉ်ကို ကောင်းစွာပြုလုပ်ပြောဆိုကြံစည်ခြင်းကို သုစရိုက် ဟုခေါ်ပါသည်၊ ဤ(၁၀)ပါးကို ကုသလကမ္မပထ(ကုသိုလ်ကံမြောက်သော)တရား(၁၀)ပါးဟုခေါ်ဆိုပါသည်။

ကုသိုလ်မြောက်သော (ကုသလကမ္မပထ) တရား(၁၀)ပါးကို ခွဲခြားကြည့်လျှင်

၁။ ကာမကုသိုလ်ကံ

၂။ ရူပကုသိုလ်ကံ

၃။ အရူပကုသိုလ်ကံ

၄။ လောကုတ္တရာကုသိုလ်ကံ
ဟူ၍ ကုသိုလ်အမျိုးအစား(၄)မျိုး ကွဲပြားခြားနားသည်ကို တွေ့ရပါမည်။

## ကာမကုသိုလ်ကံဟူသည်

ကာမကုသိုလ်ကံကို များခြင်း၊ အရောကျယ်ခြင်း၊ မြတ်ခြင်း၊ အပြစ်ကင်း၍ ကောင်းကျိုးဖြစ်စေသောကြောင့် မဟာကုသိုလ်ဟူ၍ အဘိဓမ္မာက ဆိုပါသည်၊ ယင်းကာမကုသိုလ်သည် ကာမဘဏ္ဍာကိုအာရုံပြု၍ဖြစ်သော ကာမသုဂတိဘုံဟူသော လူ့ပြည်နှင့်နတ်ပြည်(၆)ထပ်၌သာ ကျင်လည်ကျက်စားရာဖြစ်၍ ကာမာဝစရကုသိုလ် ဟူ၍ခေါ်ပါသည်။

ထိုကာမကုသိုလ်ကံသည် ကမ္မဒွါရ၏အစွမ်းဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံ ဟူ၍(၃)မျိုး ရှိပါသည်။

**ကာယကံ(ကာယသုစရိုက်) ၃-ပါး**

၁။ သူ့အသက်သတ်ခြင်းမှရှောင်ကြဉ်ခြင်း (ပါဏာတိပါတဝိရတိ)

၂။ သူတစ်ပါးပစ္စည်း မဟာရားယူခြင်းမှရှောင်ကြဉ်ခြင်း (အဒိန္နာဒါနဝိရတိ)

၃။ ကာမဂုဏ်တို့မှ မှားယွင်းစွာကျင့်ခြင်းမှရှောင်ကြဉ်ခြင်း (ကာမေသုမိစ္ဆာစာရာဝိရတိ)

**ဝစီကံ(ဝစီသုစရိုက်) ၄ - ပါး**

၁။ မဟုတ်မမှန်ပြောဆိုခြင်းမှရှောင်ကြဉ်ခြင်း
(မုသာဝါဒဝီရတိ)

၂။ ကုန်းချောရန်တိုက်စကားပြောခြင်းမှရှောင်ကြဉ်ခြင်း
(ပိသုဏာဝါစဝီရတိ)

၃။ ကြမ်းတမ်းရိုင်းပြစွာပြောဆိုခြင်းမှရှောင်ကြဉ်ခြင်း
(ဖရုသဝါစဝီရတိ)

၄။ အကျိုးမရှိ ပြိန်ဖျင်းသောစကားပြောဆိုခြင်းမှ
ရှောင်ကြဉ်ခြင်း
(သမ္ဖပ္ပလာပဝီရတိ)

**မနောကံ(မနောသုစရိုက်) ၃ - ပါး**

၁။ သူတစ်ပါးပစ္စည်း မတရားရယူရန် မကြံစည်ခြင်း
(အနဘိဇ္ဈာ)

၂။ သူတစ်ပါးအသက်ကို ပျက်စီးရန် မကြံစည်ခြင်း
(အဗျာပါဒ)

၃။ မှန်ကန်သောအယူဝါဒများကိုလက်ခံယုံကြည်ခြင်း
(သမ္မာဒိဋ္ဌိ)

ထိုသုစရိုက်တရားများကို စေတနာထက်ထက်သန်သန်ဖြင့် ပြုလုပ်ဆောင်ရွက်ပါက ကံမြောက်ပါသည်၊ စေတနာမထက်သန် သာမန်ကာလျှံကာဖြင့် ပြုလုပ်ပါက ကံမမြောက်ပါ။

ထိုသုစရိုက်(၁၀)ပါးတရားကို ကိုယ်တိုင်ပြုလုပ်ခြင်း၊ တိုက်တွန်းခြင်း၊ ချီးမွမ်းခြင်း၊ စိတ်တူသဘောတူရှိခြင်းရှိပါကလည်း ကံမြောက်ပါသည်။

ထိုကုသိုလ်ကံသည် ဒါန၊ သီလ၊ ဘာဝနာဟူသော ကုသိုလ်ဖြစ်စေရာ အခြင်းအရာ(ပုညကြိယာ)အားဖြင့် (၁၀)မျိုး ရှိပါသည်၊ ယင်း(၁၀)မျိုးသည် မိမိကိုယ်တိုင်လုံ့လပြု၍ ဖြည့်ကျင့်ရသောကုသိုလ်များဖြစ်ကြပါသည်။

ယင်းပုညကြိယာဝတ္ထု(၁၀)ပါးမှာ-

၁။ မိမိ၏ဥစ္စာပစ္စည်းကိုပေးကမ်းလှူဒါန်းခြင်း (ဒါန)

၂။ ငါးပါး၊ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါးသီလကို ဆောက်တည်ခြင်း (သီလ)

၃။ သမထ၊ ဝိပဿနာတို့ကို စီးဖြန်းပွားများခြင်း (ဘာဝနာ)

၄။ အသက်၊ သိက္ခာဂုဏ်ကြီးသူများကို ရိုသေလေးစားခြင်း (အပစာယန)

၅။ ရတနာသုံးပါး၊ မိဘ၊ ဆရာတို့၏အမှုကိစ္စများနှင့် ကုသိုလ်ရေးရာကိစ္စများ၌ ပါဝင်ဆောင်ရွက်လုပ်ကိုင်ပေးခြင်း (ဝေယျာဝစ္စ)

၆။ မိမိပြုလုပ်သောကုသိုလ်အဖို့ဘာဂကိုအမျှပေးဝေခြင်း (ပတ္တိဒါန)

၇။ သူတစ်ပါးကပေးဝေသောကုသိုလ်အဖို့ဘာဂ (အမျှပေးဝေမှု)ကို သာဓု(ကောင်းပါပြီ)ဟု ဝမ်းမြောက်ဝမ်းသာ ခေါ်ဆိုခြင်း (ပတ္တာနုမောဒန)

၈။ သူတော်ကောင်းတရားများကိုနာယူခြင်း (ဓမ္မဿဝန)

၉။ လာဘ်ပူဇော်မှုကိုမငဲ့ဘဲ သူတော်ကောင်းတရားများကို ဟောကြားပေးခြင်း (ဓမ္မဒေသနာ)

၁၀။ မှန်သောအယူကိုဖြောင့်မတ်စွာယူခြင်း (သမ္မာဒိဋ္ဌိ)
ထိုကုသိုလ်ကောင်းမှုများကို-
-မပြုလုပ်မီရှေ့အဖို့၌ စေတနာဖြစ်ပေါ်နေစေခြင်း (ပုဗ္ဗစေတနာ)
-မိမိကုသိုလ်ပြုလုပ်နေဆဲ ဝမ်းမြောက်ဝမ်းသာစေတနာ ဖြစ်နေခြင်း (မုဉ္စစေတနာ)
-မိမိ၏ကုသိုလ်ပြုပြီးနောက် ထိုကုသိုလ်ကို အဖန်ဖန် အောက်မေ့ဝမ်းမြောက်မှုဖြစ်နေသောစေတနာ (အပရစေတနာ)

ဤစေတနာသုံးတန်ထက်သန်နေလျှင် ပစ္စုပ္ပန်ဘဝ၌လည်းအကျိုးကြီးစွာ ခံစားရသလို တမလွန်နောက်ဘဝ၌လည်း အကျိုးကြီးစွာခံစားရပြီး သံသရာလွတ်မြောက်ရေးနိဗ္ဗာန်၏လှေကားသဖွယ်လည်း ဖြစ်နေရပါသည်။

# အခန်း(၂)

# ရုပ်နာမ်ဖြစ်စေမှုနှင့်အသက်တည်ရာ

## ဘဝခန္ဓာ (ဝါ) ရုပ်နာမ်သစ်ကိုဖြစ်စေသောအရာများ

ဘဝခန္ဓာ (ဝါ) ရုပ်-နာမ်ကိုဖြစ်စေသောအကြောင်းတရားသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဖြစ်ကြောင်းဆိုခဲ့ပါသည်။

ကံဆိုသည်မှာ အဘယ်နည်း၊ ဗုဒ္ဓက-

"စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ "

"ရဟန်းတို့ ငါဘုရားသည် စေတနာကို ကံဟူ၍ဟောတော်မူ၏"

ဟူ၍ ဟောကြားထားခဲ့ပါသည်။

စေတနာနှင့်ကံသည် အတူတူပင်ဖြစ်ပါသည်၊ စေတနာဟူသည် စေ့ဆော်စီမံမှုကိုပြုတတ်သည်၊ နှိုးဆော်မှုကိုပြုတတ်သောသဘောရှိ၍ သူက စေ့ဆော်နှိုးဆော်သဖြင့် လူသားတို့အလုပ်များထ၍-ထ၍လုပ်ကြသည်၊ ထိုလုပ်မှုသည်ပင် ကမ္မ-ကံ ဖြစ်ပါသည်။

စေတနာသည် စေတသိက်ဖြစ်ပါသည်၊ သူသည် စိတ်အာရုံယူဖို့ နှိုးဆော်ပေးသည်၊ ကြံစည်မှု (ဝိတက်)က အာရုံသို့ စိတ်ကိုတင်ပေးလိုက်သည်၊ ထိုအာရုံနှင့်စိတ်၊ စေတသိက်များကို တစ်ခါတည်းယှဉ်စပ်ပြီးသားဖြစ်အောင် စေတနာက ဖက်စပ်တွဲပေးလိုက်သည်။

တစ်ဖန် အခြားအခြားသောစေတသိက်များ သူတို့၏ကိစ္စ အသီးသီးဆောင်ရွက်နိုင်အောင် စေတနာက နှိုးဆော်ပေးသည်၊ စေတနာသည် စစ်ဗိုလ်ကြီးနှင့်တူသည်၊ လက်သမားဆရာကြီးနှင့်တူသည် ဟူ၍ ဥပမာပြုနေကြပါသည်။

စစ်ဗိုလ်ဆိုတာ ကိုယ်တိုင်လည်းတိုက်ရသည်၊ ငယ်သားများကိုလည်း သူကနှိုးဆော်ပေးရသည်၊ လက်သမားဆရာကြီးသည် အလားတူကိုယ်တိုင်လည်းလုပ်ရသည်၊ တပည့်လက်သမားများကိုလည်း လုပ်အောင်နှိုးဆော်ရသည်၊ စေတနာစေတသိက်သည် ဤသဘောအတိုင်းဖြစ်ပါသည်။

ကံဆိုသည်မှာ အလုပ်ဖြစ်ပါသည်၊ ဤလောကတွင် လူသားတို့၏အလုပ်(၃)မျိုးထက်ပိုသောအလုပ်မရှိ ဟူ၍ ဗုဒ္ဓဟော ထားခဲ့ပါသည်၊ အလုပ်(၃)မျိုးမှာ-

၁။ ကာယကံ - ကိုယ်နှင့်ပြုလုပ်မှု
၂။ ဝစီကံ - နှုတ်နှင့်ပြောဆိုမှု
၃။ မနောကံ - စိတ်ဖြင့်ကြံစည်မှု

တို့ဖြစ်ပါသည်။

ဤ(၃)မျိုးက ပိုတာဘာမျှမရှိပါ။ ဤအလုပ်ကို ကံဟုခေါ်ကြခြင်း ဖြစ်ပါသည်၊ ဤကံသည် ဘယ်သူကြောင့်ဖြစ်လာသလဲ

ဆိုက စေတနာကြောင့် ဖြစ်လာရခြင်းဖြစ်ပါသည်၊ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့သည် စေတနာမဟုတ်ပါ၊ ကိုယ့်အလုပ်၊ နှုတ်အလုပ်၊ စိတ်အလုပ်များပင်ဖြစ်ပါသည်၊ ဤအလုပ်များသည် စေတနာကြောင့် ဖြစ်ပေါ်လာရသောအကျိုးတရားများပင် ဖြစ်ပါသည်၊ ဤစေတနာသည် အကြောင်းတရား ဖြစ်ပါသည်။

ကိုယ်နှင့်လုပ်သည်၊ နှုတ်ဖြင့်ပြောသည်၊ စိတ်ဖြင့်ကြံစည်သည်၊ ဤတရားမှာလည်း ကံအလုပ်များဖြစ်ပါသည်၊ စေတနာကံကြောင့်ဖြစ်ပေါ်လာသဖြင့် စေတနာသည် အကြောင်းတရား၊ ကံသည် အကျိုးတရားဖြစ်သည်၊ အကျိုးကံကို အကြောင်း စေတနာပေါ်မှာတင်စားပြီး စေတနာကို ကံ ဟုခေါ်ကြခြင်း ဖြစ်ပါသည်။

သတ္တဝါများ၏ရုပ်ကိုဖြစ်စေတတ်သော အကြောင်းကံတရားသည် စိတ် ၈၉-မျိုးတွင် (၂၅)မျိုး ရှိနေပါသည်။

၁။ အကုသိုလ်စေတနာ ၁၂-မျိုး
(လောဘ-၈၊ ဒေါသ-၂၊ မောဟ-၂)

၂။ မဟာကုသိုလ်စေတနာ ၈-မျိုး
(သောမနဿ-၄၊ ဥပေက္ခာ-၄)

၃။ ရူပကုသိုလ်စေတနာ ၅-မျိုး
(ပ-ဒု-တ-စ-မ ဈာန်-၅)

ထိုစေတနာ(၂၅)မျိုးသည် ယခု ပစ္စုပ္ပန်မှာလုပ်သော စေတနာများမဟုတ်ကြပါ၊ လွန်ခဲ့သောဘဝပေါင်းများစွာက ပြုလုပ်ခဲ့သော အတိတ်စေတနာ (ကံ) တွေ ဖြစ်ကြပါသည်။

ထိုအတိတ်စေတနာ(ကံ)များက အကျိုးပေးလိုက်သော အရာကို ကံ၏အကျိုးတရား (ကမ္မဝိပါက၊ ကမ္မဖလ)ဟု ခေါ်ဆိုကြပါသည်၊ ထို (၂၅)ပါးကြောင့်ဖြစ်သောရုပ်ကို ကံကြောင့်ဖြစ်သည့်အတွက်ကြောင့် ကမ္မဇရုပ် ဟူ၍ ခေါ်ကြခြင်းဖြစ်ပါသည်။

လောကသဘာဝမှာ ကံဟုခေါ်သောအရာမှာ ကုသိုလ်ကံ၊ အကုသိုလ်ကံ(၂)မျိုးသာ ရှိပါသည်၊ ထိုအထဲတွင် ရုပ်ကိုဖြစ်စေနိုင်သည်မှာ အကုသိုလ်(၁၂)ပါးနှင့် မဟာကုသိုလ်(၈)ပါး၊ ရူပကုသိုလ် (၅)ပါးသာ ရှိပါသည်။

အဘိဓမ္မာ၌ဖွင့်ဆိုပြထားသော ကုသိုလ်စိတ်(၂၁)ပါး ရှိသည်-

၁။ မဟာကုသိုလ်စိတ် - ၈ ပါး
၂။ ရူပကုသိုလ် - ၅ ပါး
၃။ အရူပကုသိုလ် - ၄ ပါး
၄။ မဂ်ကုသိုလ် - ၄ ပါး
(လောကုတ္တရာကုသိုလ်)

ထိုကုသိုလ်ကံ(၂၁)ပါးမှာ အရူပကုသိုလ်ကံသည် ရုပ်မရှိသောဘုံဖြစ်နေ၍ ရုပ်ကိုမဖြစ်စေနိုင်ပါ၊ မဂ်ကုသိုလ်သည် အတိတ်ဘဝ ဟူ၍မရှိပါ၊ မဂ်တစ်ခါကျပြီးလျှင် မဂ်ကုသိုလ်၏နောက်တွင် ဖိုလ်ဖြစ်လာသည်၊ မဂ်ကုသိုလ်က အကျိုးပေးနိုင်တာသည် ဖိုလ်ဖြစ်ပါသည်၊ သို့အတွက် မဂ်ကုသိုလ်သည် ဖိုလ်တရားကိုသာဖြစ်စေသည်၊ ရုပ်ကို မဖြစ်စေနိုင်ပါ။

ထို့ကြောင့် ရုပ်ကိုဖြစ်စေနိုင်တာသည် အကုသိုလ်(၁၂)မျိုး၊ ကုသိုလ်(၁၃)မျိုးသာ ရှိပါသည်။

## ကံများက (၃၁)ဘုံ၌ ရုပ်များကိုဖြစ်စေပုံ

ကုသိုလ်က အကုသိုလ်ကံတရားများကြောင့် ရုပ်များဖြစ်ပေါ်လာရသည်ဟု ဆိုပါသည်၊ ရုပ်ဖြစ်ပုံနှင့်ပတ်သက်၍ အကျယ်အားဖြင့် (၃၁)ဘုံ၊ အကျဉ်းအားဖြင့် သုဂတိဘုံ(ကောင်းသောလားရာဘုံ)၊ ဒုဂ္ဂတိဘုံ(မကောင်းသောလားရာဘုံ)ဟူ၍ ပထမ ခွဲခြားကြည့်ရပါသည်။

အကုသိုလ်ကံကြောင့် -ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဟူသော အပါယ်လေးဘုံသို့ အကုသလဝိပါက်ဥပေက္ခာ သန္တီရဏစိတ်ဖြင့် ရောက်ပြီး ထိုဘုံ၏သဘာဝနိယာမ ရုပ်များ ဖြစ်ကြရသည်။

ကုသိုလ်ကံကြောင့် -လူ၊ နတ်၊ ဗြဟ္မာဘုံများသို့ ကုသလဝိပါက်ဥပေက္ခာ၊ သောမနဿသန္တီရဏ ၂-ပါး၊ မဟာဝိပါက် ၈-ပါး၊ မဟဂ္ဂုတ်ဝိပါက် ၉-ပါး ဟူသောစိတ်တို့ဖြင့်ရောက်ပြီး ထိုဘုံများ၏ သဘာဝနိယာမရုပ်များဖြစ်ကြရသည်။

## ငရဲကြီး (၈)ထပ် ရောက်ပုံ

ဗုဒ္ဓ၏အဘိဓမ္မာ၌ ငရဲကြီး(၈)ထပ်ကိုဖော်ပြထားပါသည်၊ အကုသိုလ်ကံကြောင့် ငရဲသို့ကျရောက်ခံစားရမှုနှင့်ပတ်သက်၍

မိမိတို့၏ပြုလုပ်မှုအကုသိုလ်ကံချင်းမတူမှုကြောင့် ကျရောက်ခံစားရသောငရဲဘုံအဆင့်အတန်းနှင့် ရုပ်ရည်ခံရပုံအဆင့်အတန်းသည် ကွာခြားသည်ဟု ဟောထားပါသည်၊ ငရဲကြီး(၈)ထပ်တွင်-

၁။ တရားစောင့်သောရဟန်း၊ သူတော်ကောင်းများကို ပြစ်မှားစော်ကားသူတို့သည် သဥ္ဇိုဝ်းငရဲ၌ ကျရောက်ခံစားရသည်။

၂။ ရဟန္တာ၊ သူတော်စင်တို့ကို မရိုမသေ မလေးမစား၊ လက်နက်၊ တုတ်၊ လှံတံတို့ဖြင့် ညှဉ်းဆဲသောသူ၊ ဥစ္စာလိုလားသော လောဘ၊ အမျက်ထွက်ခြင်းဒေါသကြောင့် မိဘတို့ကို ညှဉ်းဆဲပုတ်ခတ်နှိပ်စက်သူသည် ကာလသုတ်ငရဲသို့ ကျရောက်ခံစားရသည်။

၃။ သူ့အသက်ကိုသတ်ဖြတ်ခြင်းစသော မကောင်းမှု အကုသိုလ်ဒုစရိုက်အမှုတို့ကို ပြုသောသူတို့သည် သံဃာတငရဲသို့ကျရောက်ခံစားရသည်။

၄။ အကုသိုလ်ဒုစရိုက်တို့ကို အလိုအလျောက်စိတ်နောက်ကိုယ်ပါ စိတ်အားထက်သန်စွာပြုလုပ်သောသူတို့သည် ရောရုဝငရဲသို့ ကျရောက်ခံစားရသည်။

၅။ သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံသော ရဟန်းသံဃာတို့ကို ပြစ်မှားခြင်း စသောမကောင်းမှုတို့ကိုပြုသောသူတို့သည် မဟာရောရုဝငရဲသို့ ကျရောက်ခံစားရသည်။

၆။ လင်ယောကျ်ားကို မရိုမသေ မလေးမစား မထေမဲ့မြင်ပြုကြသော အိမ်ရှင်မများသည် တာပနငရဲသို့ ကျရောက်ခံစားရသည်။

၇။ အဂတိတရားလိုက်စားသူများ၊ လင်ယောက်ျားကို နိုင်လိုမင်းထက် ရက်စက်ကြမ်းကြုတ်စွာ ပြုတတ်သောမိန်းမယုတ်များသည် မဟာတာပနငရဲသို့ ကျရောက်ခံစားရသည်။

၈။ အမိသတ်၊ အဖသတ်ခြင်းစသော ပဉ္စနန္တရိယကံငါးပါးကို ကျူးလွန်မိကြသောသူတို့နှင့် နိယတမိစ္ဆာဒိဋ္ဌိအယူရှိသူတို့သည် မဟာအဝီစိငရဲ၌ ကျရောက်ခံစားရသည်။

ဤငရဲကြီး(၈)ထပ်အပြင် လောကန္တရိတ်ငရဲ၊ ငရဲကြီး၏ အရံ ငရဲငယ်များစွာရှိကြောင်း ဗုဒ္ဓအဘိဓမ္မာ၌ ပြဆိုထားသည်ကို တွေ့ရပါသည်။

အဘိဓမ္မာအဆိုအရမူ ဒေါသနှင့်သေ ငရဲပြည်ဟု ဆိုပါသည်။

## တိရစ္ဆာန်ဘဝရောက်ပုံ

တိရစ္ဆာန်သတ္တဝါ၊ တိရစ္ဆာန်အမျိုးမျိုးသွားဖြစ်ကြရသည်မှာလည်း အကုသိုလ်ကံစေတနာကြောင့် ဖြစ်ပါသည်၊ တိရစ္ဆာန်ဖြစ်ကြရာတွင်လည်း တစ်ဦးနှင့်တစ်ဦး မတူကြပါ၊ ခွေးသွားဖြစ်သောကံကတစ်မျိုး၊ နွားသွားဖြစ်သောကံကတစ်မျိုး၊ ကြောင်သွားဖြစ်သောကံကတစ်မျိုး စသည်ဖြင့် ရုပ်သဏ္ဍာန်များ တစ်မျိုးစီတစ်မျိုးစီကွဲသွားကြပါသည်၊ တိရစ္ဆာန်တွင် အထီးအမ ဖြစ်ပုံ၊ တစ်ကောင်နှင့်တစ်ကောင် အသွေးအမွေးမတူပုံတို့သည် ကံ၏သဘောများ ပါဝင်နေပါသည်။

အဘိဓမ္မာအဆိုအရမူ မောဟနှင့်သေ တိရစ္ဆာန်ပြည်ဟုဆိုပါသည်။

## ပြိတ္တာဘဝရောက်ပုံ

ပြိတ္တာဖြစ်ရသည်မှာလည်း အကုသိုလ်ကံကြောင့်ဖြစ်ပါသည်၊ လူ့လောက လူ့ပြည်၌ အကြင်သူတို့သည် ဥစ္စာစွဲ၊ သားမယားစွဲတို့ဖြင့် သေကုန်သည်၊ ငြူစူခြင်း၊ ဝန်တိုခြင်းများကုန်၏၊ မိမိကိုယ်တိုင်လည်း ပေးကမ်းလှူဒါန်းခြင်းမရှိ၊ သူတစ်ပါးတို့ ပေးကမ်းလှူဒါန်းသည်ကို တားမြစ်၍ အန္တရာယ်ပြုတတ်ကုန်၏၊ ထိုသူတို့သည် ပြိတ္တာဘုံတို့၌ ဖြစ်ကြရသည် ဟုဆိုပါသည်။

ထိုဥစ္စာစွဲ၊ သားသမီးစွဲ စသည်ဖြင့် သေဆုံးကြသောသူတို့သည် မည်မျှပင်ကုသိုလ်များပြုထားစေကာမူ သေခါနီးအာရုံ (အာသန္နကံဇော)က ထိုအစွဲကိုစွဲပြီး ဘဝကူးပြောင်းသွားလျှင်မှုချဆတ်ဆတ် ပြိတ္တာဘဝသို့ရောက်ကြသည်။

ပြိတ္တာအမျိုးပေါင်းများစွာတို့တွင် ထိုအစွဲပြိတ္တာမျိုးကို ပရဒတ္တူပဇီဝိကပြိတ္တာ-သူတစ်ပါးက ကုသိုလ်အဖို့ဘာဂအမျှပေးပါမှ ပြိတ္တာဘဝကလွတ်ရသူ ပြိတ္တာမျိုးဖြစ်သည်၊ ထိုပြိတ္တာမျိုးက အမျှရအောင် အိမ်နားလာကပ်သည်ကို အိမ်တွင်း (၇)ရက်နေသည်ဟု ဆိုကြခြင်းဖြစ်ပါသည်၊ အမှန်မှာ သေပြီးနောက် (၇)ရက်နေသည်မဟုတ်ပါ။

## အသူရကာယ်ဘုံသို့ရောက်ပုံ

အသူရကာယ်တို့သည် နတ်များကဲ့သို့ အစိုးရခြင်း၊ ချမ်းသာခြင်းတို့နှင့်မပြည့်စုံသဖြင့် မြူးတူးတောက်ပခြင်းမရှိသော သူများဟု ဆိုပါသည်။

အချို့သောအသူရကာယ်တို့သည် နေ့တွင် သုခချမ်းသာကိုခံစား၍ ညတွင် ဒုက္ခဆင်းရဲကိုခံစားကြရသည်၊ အချို့သော အသူရကာယ်တို့သည် ညတွင် သုခချမ်းသာခံစားရ၍ နေ့တွင် ဆင်းရဲခံစားကြရသည်၊ အချို့မှာ သုခချမ်းသာကို (၇)ရက်ခံစား၍ ဒုက္ခဆင်းရဲကို (၇)ရက် ခံစားရသည်။

ဤသို့ နေ့စံ-ညခံ၊ ညစံ-နေ့ခံ၊ ၇-ရက်ခံ၊ ၇-ရက်စံ စသည်အားဖြင့် ဆင်းရဲဒုက္ခကိုခံစားရသောအချိန်များက ကြားဝင်နေသောကြောင့် စည်းစိမ်ခံစားရာ၌ စိတ်အေးလက်အေး ရဲရင့်ခြင်းမရှိသောသတ္တဝါအစုကို အသူရကာယ် ဟုခေါ်ပါသည်။

အများအားဖြင့် ကုသိုလ်နှင့်အကုသိုလ်ရောနှောဆောင်ရွက်သောသူများသည် အကုသိုလ်လုပ်ငန်းကအားများလျှင် အသူ ရကာယ်ဘုံသို့ရောက်နိုင်ပါသည်။

အသူရာ(၃)မျိုး ရှိပါသည်-

နတ်အသူရာ -မြင်းမိုရ်တောင်ခြေ၌နေသော အဆင့်မြင့်နတ်
အသူရာတို့ဖြစ်သည်၊ တာဝတိံသာနတ်မျိုးဝင်
အသူရာတို့ဖြစ်သည်။

ပြိတ္တာအသူရာ -သမုဒ္ဒရာကမ်းခြေ စသည်၌နေသော အလွန်
ငတ်မွတ်သော ကာလကဉ္စိကပြိတ္တာမျိုးများ

ဖြစ်သည်၊ မြစ်ထဲဆင်း ရေသောက်က ရေများ ခန်းခြောက်ပြီး အခိုးထွက်ကာ မသောက်ရသဖြင့် အမြဲဆာလောင် မွတ်သိပ်နေသော ပြိတ္တာမျိုး ဖြစ်သည်။

ဝိနိပါတိကအသူရာ-ဘုမ္မစိုး၊ ရုက္ခစိုးနတ်မင်းကြီးများကို မှီတွယ်ကပ်ရပ်နေရသော နတ်သေး၊ နတ်မွှားများ ဖြစ်သည်၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တို့သည် ဘုံသီးသန့်မရှိ၊ တော၊ တောင်၊ မြစ်၊ သမုဒ္ဒရာတို့သည် သူတို့၏ဘုံဖြစ်ပြီး ယင်းတို့ ခန္ဓာတည်ရှိရာသည် ဘုံ ဖြစ်၏။

## လူ-နတ်ဘုံသို့ရောက်ပုံ

• မိမိတို့ပြုလုပ်ခဲ့သော ဒါန၊ သီလ၊ ဘာဝနာကောင်းမှုဟူသော ကာမာဝစရကုသိုလ်၏စွမ်းအား အကြီးအငယ်အားဖြင့်လည်းကောင်း၊ သာသနာပကုသိုလ်၊ သာသနာတွင်းကုသိုလ်အားဖြင့်လည်းကောင်း၊ မိမိတို့၏ပုဗ္ဗ၊ မုဉ္စ၊ ပရစေတနာ သဒ္ဓါစွမ်းအားအလျောက်လည်းကောင်း၊ အနီးကပ်ပြုလုပ်သော အာသန္နကံကုသိုလ်၊ အကုသိုလ်အစွမ်းကြောင့်လည်းကောင်း၊ ဘဝကိုတပ်မက်နှစ်သက်မှု (ဘဝနိကန္တိကတဏှာ)အားဖြင့်လည်းကောင်း၊ တန်ခိုးကြီးသောလူ-နတ်၊ တန်ခိုးငယ်သော လူ-နတ်၊ ချမ်းသာကြီး သောလူ-နတ်၊ ချမ်းသာငယ်သော လူ-နတ်၊ သုဂတိအဟိတ် ပုထုဇဉ်လူ-နတ်၊ ဒွိဟိတ်ပုထုဇဉ် လူ-နတ်၊

တိဟိတ်ပုထုဇဉ် လူ- နတ်၊ အရိယာ လူ-နတ် အစရှိသဖြင့် လူအမျိုးမျိုး၊ နတ်အမျိုး မျိုး ဖြစ်ကြရပါသည်။

-အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တိရဏစိတ်ဖြင့် ပဋိသန္ဓေပြန်နေသောသူကို သုဂတိအဟိတ်ပုထုဇဉ် လူ-နတ်

-ဒွိဟိတ်ကုသလာဘ၊ အဒေါသ ဟူသော ဒွိဟိတ် ဝိပါက် ဉာဏဝိပ္ပယုတ်စိတ် တစ်ပါးပါးဖြင့် ပဋိသန္ဓေပြန်၍နေသောသူကို ဒွိဟိတ်ပုထုဇဉ် လူ-နတ်

-အလောဘ၊ အဒေါသ၊ အမောဟ ဟူသော တိဟိတ် ဝိပါက် ဉာဏသမ္ပယုတ်စိတ် တစ်ပါးပါးဖြင့် ပဋိသန္ဓေပြန်၍နေသောသူကို တိဟိတ်ပုထုဇဉ် လူ-နတ်

-လူ့ဘဝတွင် သောတာပန်၊ သကဒါဂါမ်အရိယာဖြစ်ပြီးနောက် သေ၍ နတ်ပြည်ရောက်သောသူများ၊ နတ်ပြည်ရောက်မှ တစ်မဂ် တစ်ဖိုလ်ရကြသောနတ်များကို အရိယာနတ်

သာသနာတွင်းလှူခဲ့သောပုဂ္ဂိုလ်သည် သာသနာပလှူသောပုဂ္ဂိုလ်ထက် တန်ခိုးကြီးသည်၊ အထက်တန်းကျသောဘုံဘဝများသို့ရောက်ရပါသည်။

ဥပမာ-ဗုဒ္ဓခေတ်က အင်္ကုရနတ်သည် သိန်းပေါင်းများစွာ၌ သာသနာပကာလ၌လှူခဲ့သည်၊ ဣန္ဒကနတ်သားသည် ရှင်မဟာကဿပကို ထမင်းတစ်ခဲမျှသာ လှူခဲ့ဖူးသည်၊ နတ်ပြည်တန်ခိုးအရာတွင် အင်္ကုရနတ်သားထက် ဣန္ဒကနတ်သားက တန်ခိုးကြီးနေပါသည်။

အောက်ဘုံနတ်၊ အထက်ဘုံနတ် စသည်ဖြစ်ကြရာဝယ် ကုသိုလ်ကံအားကြီးသော်လည်း ဘဝကိုနှင်းသက်တွယ်တာမှု ဘဝနိကန္တိက -က ပဲ့ကိုင်လမ်းညွှန်ပေးသောဘုံဘဝတွင် ပြန်ကြရသည်။

"သီလရှိသောပုဂ္ဂိုလ်များ စင်ကြယ်သန့်ရှင်းသည့် အတွက် မိမိစိတ်ကတောင့်တသည့်အတိုင်း ပြည့်စုံနိုင်၏" ဟူ၍ ဗုဒ္ဓက အင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောထားသလို "ဆိုင်ရာနတ်ပြည် တို့၌ ဖြစ်လိုမှု၊ ဖြစ်ချင်မှုဘဝနိကန္တိကက ပဲ့ကိုင်လမ်းညွှန်မှုကြောင့် လည်းဖြစ်ရသည်" ဟူ၍ ဗုဒ္ဓက ဗိမ္ဗိသာရမင်းတစ်ဖြစ်လဲ ဇဝန သဘနတ်သားကို ဟောခဲ့သည်။

ထိုဘဝနိကန္တိကသဘောအရ ကျောင်းဒါယကာ သော တာပန် ဗိမ္ဗိသာရမင်းကြီးသည် အောက်ဘုံစတုမဟာရာဇ်ဘုံတွင် ဝေဿဝဏ်နတ်မင်းကြီး၏ အခြံအရံ ဇဝနသဘ နတ်စစ်သူကြီး ဖြစ်သည်။

ဇေတဝန်ကျောင်းဒါယကာ သောတာပန် အနာထပိဏ် သူဌေးသည် တုသိတာနတ်ပြည်၌ ဖြစ်ရသည်။

ဇေတဝန် ကျောင်းအစ်မ သောတာပန်ဝိသာခါသည် နိမ္မာနရတိနတ်ဘုံတွင် သုနိမ္မိတနတ်မင်း၏မိဖုရား ဖြစ်ရသည်။

ဘဝဟောင်းတွင် ကမ္မဇရုပ်ချုပ်၍ တမလွန်ဘဝသစ် တွင် ခန္ဓာအသစ်ဖြစ်ကြရသောသတ္တဝါ၌ ဖြစ်ခဲ့ဖူးသောဘဝကို တပ်မက်သောတဏှာ၊ ဖြစ်လိုသောဘဝသစ်ကို တပ်မက်သော တဏှာ ဟူသော ဘဝနိကန္တိက ဟို့သည် အရေးကြီးသော စွမ်းအားတစ်ခု ဖြစ်နေပါသည်။

ထိုသို့ဖြစ်ရသည်မှာ ဘဝသစ်တစ်ခုဖြစ်ပေါ်ရာတွင် ဘဝဟောင်းချုပ်ငြိမ်းခါနီး၌ အဝိဇ္ဇာဟု ခေါ်သော မောဟ(အသိပညာမဲ့မှု)က ထင်လာသောအာရုံ၏အပြစ်ကို မမြင်မိအောင်၊ မသိအောင် ဖုံးကွယ်ထားလိုက်သောကြောင့် ဖြစ်ပါသည်။

ထိုသို့ဖုံးကွယ်ထားသောကြောင့် ဘဝကိုတွယ်တာတပ်မက်သော ဘဝနိကန္တိက ခေါ် တဏှာက လိုချင်သောဘဝကို လမ်းညွှန်ပေးလိုက်သည်၊ ညွှတ်ပေးလိုက်သည်၊ ထိုအခါ တဏှာ လမ်းညွှန်ပေးသောဘဝသို့ ကုသိုလ်(သို့မဟုတ်)အကုသိုလ် ခေါ်သော သင်္ခါရက ပို့ပေးပစ်ချလိုက်ပါသည်။

အဝိဇ္ဇာ၊ တဏှာ၊ သင်္ခါရ ဟူသော အကြောင်း(၃)ပါးတွင် တဏှာ ခေါ် ဘဝနိကန္တိက တရားသည် အလွန်အရေးပါလှပါသည်။

နတ်ပြည်ခြောက်ထပ်ရှိ နတ်တို့သည် တန်ခိုးအာနုဘော်၊ စည်းစိမ်ရာတွင် တစ်ဦးနှင့်တစ်ဦးကွာခြားကြပါသည်၊ စတုမဟာရာဇ်နတ်စည်းစိမ်ထက် တာဝတိံသာနတ်စည်းစိမ်က သာလွန်သည်၊ အလားတူ တာဝတိံသာထက် ယာမာ၊ တုသိတာ၊ နိမ္မာနရတီ၊ ပရနိမ္မိတဝသဝတ္တီနတ်စည်းစိမ်များက သာလွန်ကြီးကျယ်ပါသည်။

နတ်ဘုံအချင်းချင်းကွာခြားသည်မဟုတ်၊ နတ်အချင်းချင်းလည်း ကုသိုလ်အကြောင်းကံအလိုက်၊ အချို့နတ်တို့က တန်ခိုးအခြံအရံ စည်းစိမ်၊ အရောင်အဝါကြီးကြပြီး အချို့က ငယ်ကြသည်။

ဣတိဝုတ်အဋ္ဌကထာ၌ တန်ခိုးကြီးသော လူ၊ နတ်တို့သည် အခြား လူ၊ နတ်တို့ထက်-

၁။ အသက်ရှည်ခြင်း ၂။ အဆင်းလှခြင်း
၃။ ချမ်းသာခြင်း ၄။ အခြံအရံများခြင်း
၅။ အစိုးတရရှိခြင်း ၆။ အဆင်းကောင်း
၇။ အသံကောင်း ၈။ အနံ့ကောင်း
၉။ အရသာကောင်း ၁၀။ အတွေ့အထိကောင်း
ဤ(၁၀)ပါးတို့၌ သာလွန်သည် ဟူ၍ ဆိုထားပါသည်။

## ဗြဟ္မာပြည်သို့ရောက်ရှိပုံ

ကာမဂုဏ်တို့ကိုစက်ဆုပ်ပြီး အလွန်မွန်မြတ်သော ဈာန် အစရှိသည်တို့ဖြင့် ကြီးပွားချမ်းသာစွာနေကြသောသူတို့ကို ဗြဟ္မာ ဟု ခေါ်ပါသည်။

ဗြဟ္မာတို့တွင် ယောကျ်ား-မိန်းမမရှိ၊ ပုံသဏ္ဌာန်မှာ ယောကျ်ား ပုံသဏ္ဌာန်ဖြစ်ကြသည်၊ ဗြဟ္မာတို့နေပုံမှာ ယောဂီ ပုဂ္ဂိုလ်တို့နေပုံကဲ့သို့ အပွင့်နှင့် ရှင်းစင်ကြယ်သည်၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားလေးပါးကို အမြဲပွားများနေကြသူများ ဖြစ်ကြသည်။

ဈာန်ပီတိသာ အစားအစာရှိသည်၊ အချို့ပုထုဇဉ်ဗြဟ္မာ တို့မှာ လောကီဈာန်သမာပတ်ကိုဝင်စားပြီး အချို့အရိယာဗြဟ္မာ တို့က ဖလသမာပတ်ကို ဝင်စားလျက် ချမ်းသာအေးမြစွာ နေထိုင်ကြသည်။

အသညသတ်ဗြဟ္မာတို့က ရုပ်သာရှိ၍ နာမ်မရှိသော ကြောင့် ခံစားမှုမရှိပါ။

ထိုဖြဟ္မာဘုံသည် ရူပါဝစရဖြဟ္မာဘုံ(၁၆)၊ အရူပဖြဟ္မာဘုံ(၄)ဘုံအားဖြင့် ဘုံ(၂၀)ရှိပါသည်။

ယောဂီပုဂ္ဂိုလ်သည် သမထ၊ ဘာဝနာကို ကြိုးစားအားထုတ်သဖြင့် ကိလေသာနီဝရဏတရားတို့ အနှယ်ထိုင်ကာ စိတ်မာတ်တည်ငြိမ်ပြီး သမာဓိရလာသည်၊ ဆက်လက်အားထုတ်ရာ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ(၅)ပါးရှိသော ပထမဈာန်ကိုရရှိသည်။

ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသ ဟူသောဈာန်နှင့်ယှဉ်ဘက်တရားတို့တွင် တစ်ပါးပါးသည် အဓိပတိ(အကြီးအမှူး)ဖြစ်ရုံး ဖြစ်ပါသည်။

ထိုအဓိပတိဖြစ်ထိုက်သောတရားက ညံ့နေ၊ လျော့နေပါက နည်းသောဈာန် (ပရိတ္တဈာန်) ဟု ခေါ်ပါသည်၊ ထိုပရိတ္တဈာန်နှင့်ကွယ်လွန်ပါက ဖြဟ္မာ၏ ပထမဈာန်(၃)ဘုံ ဟု ခေါ်သော ဖြဟ္မပါရိသဇ္ဇာဘုံသို့ ရောက်ရသည်။

-ပထမဈာန်ကိုပင် အလတ်စား (မဇ္ဈိမဈာန်)အဖြစ် လေ့လာပြီး အင်းအားအလယ်အလတ်ရှိနေပြီး ကွယ်လွန်ပါက ဖြဟ္မပုရောဟိတဘုံသို့ ရောက်ပါသည်။

-ပထမဈာန်ကို အမြတ်စား(ပဏီတဈာန်)အဖြစ် အလွန်အားကောင်းသည်ထက်ကောင်း) ပွားများနေပြီး ကွယ်လွန်လျှင် မဟာဖြဟ္မာဘုံသို့ရောက်ရပါသည်။

-ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူသော ဒုတိယဈာန်နှင့် ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူသော တတိယဈာန် အနည်း

ငယ်(ပရိတ္တ)အဖြစ်ပွားများသူ ကွယ်လွန်ပါက ကိုယ်ရောင်ကိုယ်ဝါသေးငယ်သော ပရိတ္တာဘာဗြဟ္မာဘုံသို့ ရောက်ပါသည်။

-အလတ်စား(မဇ္ဈိမ)အနေဖြင့် ပွားများ၍ကွယ်လွန်ပါက အတိုင်းမသိ ပမာဏမရှိအောင် ကိုယ်ရောင်ကိုယ်ဝါ ထွန်းပသော အပ္ပမာဏာဗြဟ္မာဘုံသို့ရောက်ပါသည်။

-အမြတ်စား၊ (ပဏီတ)အနေဖြင့်ပွားများ၍ ကွယ်လွန်ပါက အရောင်အဝါများ ရွှန်းရွှန်းလက်လက်များစွာ ထွက်သော အာဘဿရာဗြဟ္မာဘုံသို့ ရောက်ပါသည်။

-သုခ၊ ဧကဂ္ဂတာ ဟူသော စတုတ္ထဈာန်ကို ပရိတ္တအဖြစ် ပွားများထားသူ ကွယ်လွန်ပါက တစ်ခဲနက် မကွဲမပြား တစ်သားတည်း ငြိမ်သက်သောအရောင်ရှိသော ပရိတ္တသုဘာဗြဟ္မာပြည်သို့ရောက်ရသည်။

-စတုတ္ထဈာန်ကို အလယ်အလတ်(မဇ္ဈိမ)အဖြစ် ပွားများ၍ ကွယ်လွန်ပါက အတိုင်းမသိ၊ ပမာဏမရှိသော မကွဲမပြားတစ်သားတည်း ငြိမ်သက်သောအရောင်ရှိသော အပ္ပမာဏာသုဘာဗြဟ္မာဘုံသို့ရောက်ရပါသည်။

-စတုတ္ထဈာန်ကို ပဏီတအဖြစ်ပွားများ၍ ကွယ်လွန်ပါက မကွဲမပြားတစ်သားတည်း ငြိမ်သက်သောအရောင်တို့ဖြင့် ပြွမ်းသော သုဘကိဏှာဗြဟ္မာဘုံသို့ ရောက်ပါသည်။

-ဉပေက္ခာ ဧကဂ္ဂတာဟု ခေါ်သော ပဉ္စမဈာန်ကို ပွားများအားထုတ်သူကွယ်လွန်ပါက ပြန့်ပြောကြီးကျယ်

သော မတုန်မလှုပ် ကြီးပွားခိုင်ခန့်သောကုသိုလ်အကျိုး ရှိသော ဝေဟပ္ဖိုလ်ဘုံသို့ ရောက်ရပါသည်။

-ပဉ္စမဈာန်ကိုရထားသူသည် နာမ်ခန္ဓာကိုစက်ဆုပ်ပြီး ရုပ်တရားကိုသာလိုလားကာ ကွယ်လွန်လျှင် အသည သတ်ပြဟ္မာဘုံသို့ ရောက်ပါသည်။

## သုဒ္ဓါဝါသပြဟ္မာ(၅)ဘုံသို့ရောက်ရှိပုံ

ကာမရာဂါနုသယ၊ ပဋိဃာနုသယ တို့မရှိခြင်းကြောင့် လွန်စွာစင်ကြယ်ကြသော အနာဂါမ်ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်တို့၏ နေရာဖြစ်သောဘုံကို သုဒ္ဓါဝါသပြဟ္မာဘုံ ဟူ၍ ခေါ်ပါသည်။

သဒ္ဓိန္ဒြေလွန်ကဲသော အနာဂါမ်သည် ကွယ်လွန်ပါက အနည်းငယ်သောအခါကာလဖြင့် မိမိဌာနနေရာကိုမစွန့်ကြဘဲ ကမ္ဘာပေါင်းများစွာတည်နေရသော အဝိဟာပြဟ္မာဘုံသို့ ရောက်ရပါသည်။

ဝိရိယိန္ဒြေလွန်ကဲသောအနာဂါမ်သည် ကွယ်လွန်ပါက တစ်စုံတစ်ခုသောစိတ်ပူလောင်မှုမရှိသော အတပ္ပါပြဟ္မာဘုံသို့ ရောက်ရပါသည်။

သတိန္ဒြေလွန်ကဲသော အနာဂါမ်သည်ကွယ်လွန်ပါက လွန်စွာစင်ကြယ်ကုန်သော ဒိဗ္ဗစက္ခု၊ ပညာစက္ခုတို့ဖြင့် အလွန် ကောင်းမွန်စွာမြင်နိုင်သော သုဒဿာပြဟ္မာဘုံသို့ရောက်ရသည်။

သမာဓိန္ဒြေလွန်ကဲသောအနာဂါမ်သည် သုဒဿာပြဟ္မာ တို့ထက် လွန်ကဲစွာကောင်းမွန်မြင်နိုင်သော သုဒဿီပြဟ္မာဘုံသို့ ရောက်ရသည်။

ပညိန္ဒြေလွန်ကဲသော အနာဂါမ်သည်ကွယ်လွန်ပါက ရုပ် ရှိသော သတ္တဝါတို့၏အလယ်၌ တစ်စုံတစ်ခုသောဂုဏ်ဖြင့် သေးသိမ်သည့်အဖြစ်မရှိသော အကနိဋ္ဌဗြဟ္မာဘုံသို့ ရောက်ရပါသည်။

## အရူပ ဗြဟ္မာ(၄)ဘုံသို့ရောက်ရှိပုံ

အရူပဗြဟ္မာဘုံသည်လည်း အဆင့်ဆင့်ရှိသည်၊ ဘုံဟု ဆိုသော်လည်း အမှန်ဘုံမရှိပါ၊ အဆက်ဆက်ဖြစ်ပွားသော နာမ်ခန္ဓာအစဉ်၏ဖြစ်တည်ရာ ကောင်းကင်ပြင်ကိုပင် ဘုံ ဟုခေါ်ပါသည်။

ရုပ်ဟူသမျှကိုစက်ဆုပ်ပြီး နာမ်တရားကိုသာအားထုတ်ခဲ့သော ပုဂ္ဂိုလ်တို့ရောက်ရာဘုံဖြစ်သည်၊ ထိုဘာဝနာအစွမ်းကြောင့် ဘုံဗိမာန်ဟူသောအကျိုးရုပ်တရားမရှိ။

ပဥ္စမစျာန်ကိုရပြီးသောပုဂ္ဂိုလ်သည် ရုပ်တရားကိုစက်ဆုပ်ရွံရှာလျက် ကောင်းကင်ပညတ်ကို နှလုံးသွင်းကာ ကောင်းကင်သည် အဆုံးအပိုင်းအခြားမရှိဟု ပွားများအားထုတ်သောပုဂ္ဂိုလ်သည် အာကာသနဉ္စာယတနစျာန်ရ၍ ကွယ်လွန်သွားပါက အာကာသနဉ္စာယတနဘုံ၌ အာကာသနဉ္စာယတနဗြဟ္မာ ဖြစ်ရသည်။

ကောင်းကင်ပညတ်ကိုအာရုံမပြုတော့ဘဲ ထိုကောင်းကင်ပညတ်ကိုနှလုံးသွင်းအာရုံပြုသောစိတ် (ပဌမာရုပ္ပဝိညာဉ်)ကို အာရုံပြုကာ ဝိညာဉ်သည် အဆုံးအပိုင်းအခြားမရှိ ဟု ပွားများ

အားထုတ်သောပုဂ္ဂိုလ်သည် ဝိညာဏဉ္စာယတနစျာန်ရပြီး ကွယ်လွန်ပါက ဝိညာဏာဉ္စာယတနဘုံ၌ ဝိညာဏဉ္စာယတနဗြဟ္မာ ဖြစ်ရသည်။

တစ်စုံတစ်ခု ဘာမျှမရှိသည့်အရာ (နတ္ထိဘောပညတ်)ကို အာရုံပြုပြီး ဘာမျှမရှိဟု ပွားများအားထုတ်သောပုဂ္ဂိုလ်သည် အာကိဉ္စညာယတနစျာန်ကိုရပြီး ကွယ်လွန်ပါက အာကိဉ္စညာယတနဘုံ၌ အာကိဉ္စညာယတနဗြဟ္မာကြီး ဖြစ်ရသည်။

နတ္ထိဘောပညတ်ကိုအာရုံမပြုတော့ဘဲ တတိယာရုပ္ပ (အကိဉ္စညစျာန်)ကို ဤတတိယရုပ္ပစျာန်သည် ငြိမ်သက်ပေစွ၊ မွန်မြတ်ပေစွ ဟု အာရုံပြုချိုးမွမ်းကာ ပွားများအားထုတ်သော ပုဂ္ဂိုလ်သည် ကွယ်လွန်ပါက နေဝသညာနာသညာယတနဘုံ၌ နေဝသညာနာသညာယတနဗြဟ္မာကြီး ဖြစ်ရပါသည်။

## ဘဝကူးခါနီး အခြေအနေသဘာဝများ

ပုဂ္ဂိုလ်သတ္တဝါတစ်ဦးဦးသည် လက်ရှိဘဝမှ သေနည်း (၄)မျိုးတွင် တစ်မျိုးမျိုးဖြင့်သေရတော့မည်ဟုဆိုလျှင် နောက်ဘဝ သစ်တစ်ခု၌ မည်သို့သောဘဝမျိုးရမည့်၊ ရောက်မည့်အကြောင်း အာရုံထင်လာတတ်ပါသည်၊ မည်မျှပင် ရုတ်တရက်လျှင်မြန်စွာ သေသူဖြစ်ပါစေ၊ ထိုအာရုံထင်ပြီးမှသာ ဘဝသစ်ပဋိသန္ဓေသို့ ကူးပြောင်းရသော သဘာဝရှိနေပါသည်။

ကြီးလေးသော(ဂရုက်)ဟုခေါ်သော အမိသတ်၊ အဖ သတ်၊ ရဟန္တာသတ်၊ ဘုရားရှင်ကို သွေးစိမ်းရှင်ကျအောင်ပြုမှု၊

သံဃာဂိုဏ်းခွဲမှုဟူသော ပဉ္စာနန္တရိယကံပြုလုပ်ခဲ့သောသူသည် ကြားက မည်သည့်ကုသိုလ်ကောင်းမှုကံကမှ တားမရဘဲ မဟာအဝီစိငရဲ အာရုံထင်ပြီး ထိုငရဲသို့ကျရောက်ကြရပါသည်။

မြင့်မြတ်သောဈာန် (မဟဂ္ဂုတ်ဈာန်)ကို ရ,ထားသော ပုဂ္ဂိုလ်သည် မုချဆတ်ဆတ် ဗြဟ္မာပြည်အာရုံထင်ပြီး ဈာန်အနိမ့်အမြင့်အလိုက်၊ သဒ္ဓိန္ဒြေ၊ ဝိရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေအလိုက် ရုပ်ကိုလိုမှု၊ နာမ်ကိုလိုမှုအလိုက် ဗြဟ္မာပြည်သို့ ရောက်ကြရမည် ဖြစ်ပါသည်။

သာမန် ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ကံတို့သည် စက္ကန့်မိနစ်၊ အနည်းငယ်အလိုကဖြစ်စေ၊ နာရီဝက်၊ တစ်နာရီခန့်အလိုကဖြစ်စေ၊ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းဝေးကွာသောအခါကဖြစ်စေ၊ ဘဝပေါင်း၊ ကမ္ဘာပေါင်းများစွာကဖြစ်စေ ပြုလုပ်ခဲ့သောကုသိုလ်ကံ၊ အကုသိုလ်ကံတစ်မျိုးမျိုးက နွားခြံအဝ၌အိပ်နေသော နွားအိုကြီးသည် နွားခြံဖွင့်သောအခါမှ ရှေးဦးစွာထွက်ရသကဲ့သို့ သေကာနီးဆဲဆဲ၌ ထိုအများထဲမှ ရှေးရှုထွက်ပြူလာသကဲ့သို့ ထင်ပေါ်လာတတ်ပါသည်။

ထိုသို့ထင်လာရာ၌ ကုသိုလ်ကံများတွင် ဒါနမှု၊ သီလမှုဖြစ်လျှင် ထိုကံကို ပြန်၍အမှတ်ရသောအားဖြင့် လည်းကောင်း၊ ယခုပင် လှူဒါန်းနေရ၊ ဥပုသ်စောင့်နေရသကဲ့သို့လည်းကောင်း ထင်လာတတ်ပါသည်။

အကုသိုလ်ကံများတွင် သူ့အသက်သတ်မှုဖြစ်လျှင်လည်း ထိုကံကိုပြန်၍ အမှတ်ရသောအားဖြင့်လည်းကောင်း၊ ယခုပင် သတ်ဖြတ်နေရသကဲ့သို့ လည်းကောင်း ထင်လာတတ်သည်။

ဤသည်ကို မိမိတို့ပြုလုပ်ခဲ့သောအလုပ် (ကံ) အာရုံ ပြန်ထင်သည် ဟု ဆိုပါသည်။

ကုသိုလ်ကံပြုသောသူတို့တွင် ကျောင်းကန်ဘုရားတည် ဆောက်မှု ဒါနကုသိုလ်ပြုခဲ့သူဖြစ်လျှင် ကျောင်းအာရုံ၊ ဘုရား အာရုံ၊ ကျောင်းနှင့်စပ်၍ လှူဒါန်းသော ဆွမ်း၊ သင်္ကန်း၊ ဆေးဝါး စသော အာရုံများဘုရားနှင့်စပ်၍ လှူဒါန်းခဲ့သောဆွမ်း၊ ပန်း၊ ဆီမီး၊ အမွှေးတိုင် စသောအာရုံများထင်လာတတ်ပါသည်။

ဥပုသ်စောင့်သူဖြစ်လျှင် ဥပုသ်နှင့်စပ်ဆိုင်သော စိပ်ပုတီး စင်ကြယ်သောအဝတ်အစား၊ ဥပုသ်စောင့်ရာ ကျောင်းကန်၊ ဇရပ် စသော နေရာအာရုံများ ထင်လာတတ်ပါသည်။

အကုသိုလ်ကံပြုသောသူတို့တွင် သူ့အသက်သတ်မှုပြုခဲ့ သူဖြစ်လျှင် မိမိသတ်ခဲ့သောပုဂ္ဂိုလ်၊ သတ္တဝါအာရုံများ၊ သတ်ဖြတ် ရာတွင် အသုံးပြုခဲ့သော တုတ်၊ ဓား၊ လက်နက်များ စသော အသုံးပြုနေသောလက်နက်အာရုံများ ထင်လာတတ်ပါသည်။

ဤသည်များကို မိမိပြုလုပ်ခဲ့သောအရိပ် နိမိတ်များ (ကမ္မနိမိတ်)ထင်လာခြင်း ဟု ဆိုပါသည်။

ထိုသို့ ကုသိုလ်ကံ-အကုသိုလ်ကံ အရိပ်နိမိတ်များသည် အိပ်ပျော်နေစဉ် အိပ်မက်ထဲမှာတွေ့နေရသကဲ့သို့ သေကာနီး သူ၏စိတ်ထဲတွင် ထိုသတ္တဝါပြောင်းရွှေ့ရမည့်ဘုံဘဝနှင့် ထိုသို့ သွားရောက်ရမည့်အာရုံများထင်လာပါသည်၊ ထိုသို့ထင်လာသည့် အတိုင်း ထိုထိုအရပ်သို့ပို့ဆောင်မည့်ကံအစွမ်းကြောင့် အမှန်တ ကယ်ရောက်ရှိသွားမည် ဖြစ်ပါသည်။

ဥပမာ -ငရဲရောက်မည့်သူသည် ခွေးနက်ကြီး၊ ငရဲမီးလျှံများ စသည်ကို မြင်ရသည်။
-တိရစ္ဆာန်ဘဝရောက်မည့်သူသည် မိမိရောက်ရမည့် တိရစ္ဆာန်ဘဝပုံသဏ္ဍာန်ကို မိမိကိုယ်တိုင်ဖြစ်နေသကဲ့သို့ မသေမီကပင် မြင်နေရသည်။
-ပြိတ္တာဘဝရောက်မည့်သူသည် တော၊ တောင်၊ လိုဏ်ဂူများကို မြင်ရသည်။
-လူ့ပြည်ပြန်လာမည့်သူသည် မိမိသန္ဓေကိန်းအောင်းရမည့် မိခင်ဝမ်းကိုမြင်ရသည်။
-နတ်ပြည်၊ ဗြဟ္မာပြည်ရောက်မည့်သူသည် နတ်ဗိမာန်၊ ပဒေသာပင်၊ ဥယျာဉ်တို့ကို မြင်ရသည်။

လူများ သေကာနီးတွင် လားရာအရိပ်နိမိတ် (ဂတိနိမိတ်) အဖြစ် သာယာကြည်နူးဖွယ်ရာများ၊ ကောင်းသောပစ္စည်းအသုံးအဆောင်များကို တွေ့ရှိရသော်လည်း ထိုသူ၏မျက်နှာမှာ တည်ငြိမ်နေတတ်၍ တစ်ခါတစ်ရံ ရွှင်လန်းနေတတ်သည်၊ ပြုံးနေတတ်ပါသည်။

မကောင်းသောအရိပ်နိမိတ် (ဂတိနိမိတ်)များထင်လာသောသူသည် ကြောက်လန့်ပြီး အော်ဟစ်သည်၊ ရုန်းကန်သည်၊ တွန်းကန်သည်၊ မျက်နှာမှာ ကြောက်လန့်သောအသွင်တစ်ခုရှိနေပြီး တစ်ချို့ မျက်ရည်ကျကြသည်။

(ထိုသည်ကို မိုးကုတ်ဆရာတော်က ပြုံးသေ-မဲ့သေ ဟု တင်စားဟောထားသလို သေသောအခါ ဘယ်ဘက်သို့ဦးခေါင်း

လည်ကျ၍သေသောသူသည် ကောင်းရာမွန်ရာဘဝသို့ရောက်သည်၊ ညာဘက်သို့ ဦးခေါင်းလည်ကျ၍ သေသောသူသည် မကောင်းဘုံသို့ ရောက်သည်ဟုဆိုပါသည်။ )

အရိပ်နိမိတ်များထင်ရာတွင်-

-အချို့သူမှာ မျက်စိ အပေါက်(စက္ခုဒွါရ)မှာ ထင်သည်၊ ဘဝသစ်ကို ကိုယ်တိုင်မျက်စိ ဖြင့် လှမ်းမြင်နိုင်သည်။

-အချို့သည် နားအပေါက် (သောတဒွါရ)မှာ လာထင်သည်၊ ဘဝသစ်သွားရမည်ဘုံက သူများပြောဆိုနေကြသောအသံကို ကိုယ်တိုင်နားဖြင့်လှမ်း၍ ကြားနေရသည်။

-အချို့သည် နှာခေါင်း (ဃာနဒွါရ)မှာထင်သည်၊ ဘဝသစ်တွင် တွေ့ကြုံရမည့်အနံ့များကို ကိုယ်တိုင်နှာခေါင်းဖြင့် နံနေသည်။

-အချို့သည် လျှာ(ဇိဝှာဒွါရ)မှာလာထင်သည်၊ ဘဝသစ်၌ စားသောက်ရမည့်အစားအစာများကို ယခု စားနေရသကဲ့သို့ အရသာဖြစ်ပေါ်နေပါသည်။

-အချို့သည် ကိုယ်(ကာယဒွါရ)မှာ လာထင်သည်၊ ဘဝသစ်၌တွေ့ကြုံရမည့်အတွေ့အထိများ၊ သေကာနီးသူ၏ ကိုယ်ကာယမှာ လာ၍ထိတွေ့နေရသကဲ့သို့ ခံစားရသည်။

-အချို့သည် စိတ်(မနောဒွါရ)မှာထင်သည်၊ မျက်စိ၊ နားစသည်တို့ဖြင့်မမြင်မတွေ့ရသော်လည်း ထိုနိမိတ်များကို

စိတ်ထဲတွင် ကြုံစည်တွေးတောစိတ်ကူးနေတတ်သည်။

လူတစ်ယောက်သည် သေကာနီးဝယ် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့သည် လှည့်ကာပြောင်းကာ နာရီပိုင်း၊ ရက်ပိုင်း၊ လပိုင်း၊ နှစ်ပိုင်း ကြာသည့်ကာလကပင် ထင်မြင်နေတတ်ပါသည်။

သာမန်ပုထုဇဉ်ပုဂ္ဂိုလ်တစ်ယောက်အဖို့ ထိုနိမိတ်များ ထင်ပြီးနောက်၌ ထင်လာသောအာရုံများမှ အာရုံတစ်ခုခုသို့စိုက်၍ ညနေ နေဝင်ကာနီး တောင်အရိပ်ကြီးထိုးကျ လွှမ်းမိုးနေရသကဲ့သို့ လွှမ်းမိုးကာ စိတ်အစဉ်သည် မပြတ်ထင်နေတတ်ပါသည်။

(နိဗ္ဗာန်သွားမည့် အရိယာရဟန္တာများသည်ကား လားရာသွားရာ နေရာဘုံမရှိတော့၍ သေကာနီးဝယ် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် မထင်တော့ပါ )

လူတစ်ယောက် သေကာနီးဝယ် အဘိဓမ္မာသဘောအရ ကောင်းရာဘုံသို့သွားမည့်သူအတွက် ကုသိုလ်ဇော(၇)ကြိမ်၊ မကောင်းရာဘုံသို့သွားမည့်သူအတွက် အကုသိုလ်ဇော(၇)ကြိမ် စောလေ့ရှိပါသည်၊ သေမည့်အချိန်ကျမှ (ဝါ) စုတိစိတ်ပါဝင်သော စိတ်အစဉ်ကျမှ ဇော(၅)ကြိမ်ကျပြီး သေရပါသည်။

သေကာနီးစိတ်အစဉ် (ဝီထိစိတ်)ဖြစ်ပေါ်ရာ၌-

၁။ ဝီထိ (စိတ်အစဉ်) ဇောနောက်က စုတိစိတ် (သေစိတ်) ကျသည်လည်း ရှိသည်။

၂။ ဇော(၅)ကြိမ်ကျပြီးနောက် ဘဝင်စိတ်(ငြိမ်သောစိတ်) ဖြစ်ကာ ဘဝင်စိတ်အဆုံး၌ သေစိတ် ဖြစ်ပေါ်ပါသည်။

၃။ ဇော(၅)ကြိမ်ကျပြီး စုတိစိတ် တိုက်ရိုက်မလာတော့ဘဲ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်၊ အာရုံထင်မြင်ချက်အားဖြင့် ဇောအရှိန်၌ စိတ် (တဒါရုံစိတ်)ဖြစ်ပြီးမှ စုတိစိတ်ကျသည့်လည်းရှိပါသည်။
(အာရုံထင်မြင်ချက်အားပျော့နေလျှင် ဇောနောက်တဒါရုံမလိုက်ဘဲ စုတိစိတ် ကျပါသည်)

၄။ ဇော(၅)ကြိမ်၊ တဒါရုံကျသည်၊ တဒါရုံနောက် ဘဝင်စိတ်ဖြစ်ကာ အဆုံး၌ စုတိစိတ်ကျသည်လည်း ရှိပါသည်။

ဤသို့လျှင် စုတိကျ(သေရာ)၌ တစ်ယောက်လျှင် တစ်မျိုးစီဖြင့် သေကြရလေ့ရှိပါသည်၊ ဤသို့ သေကာနီးစိတ်အစဉ် (၄)မျိုး ကွဲပြားနေရခြင်းမှာ အာရုံထင်မြင်ချက်နှင့်ဇီဝိတရုပ်ရှိပုံအပေါ်တွင် မူတည်နေ၍ ဖြစ်ပါသည်။

ဇီဝိတရုပ်သည် လူ၏ခန္ဓာကိုယ်အနှံ့အပြားတွင် တည်ရှိသည်၊ ဇီဝိတရုပ်သည် သေကာနီးစိတ်အစဉ်အထိ စိတ္တက္ခဏာ (ခဏငယ်)၁၇ ချက်စာအတွင်း ဖြစ်-ပျက်လျက်ရှိသည်၊ ဇီဝိတရုပ်ရုပ်စဲကုန်ဆုံးလျှင် စိတ်အစဉ်သည် ရပ်တော့သည်၊ ဇီဝိတရုပ်ကုန်ဆုံးသည့်အခိုက်တွင် စုတိစိတ်ကျသည်၊ စုတိစိတ်၏ဘင်(ပျက်)ခဏနှင့်ဇီဝိတရုပ်ဘင်(ပျက်)ခဏသည် ပြိုင်တူဖြစ်ပါသည်။

ဇီဝိတရုပ်မကုန်မချင်း ဘဝင်ကျနေ၍ ဇီဝိတရုပ်ကုန်မှ စုတိစိတ်ကျပါသည်။

သတ္တဝါတစ်ဦး စုတိစိတ်(သေစိတ်)ကျပြီးလျှင် တစ်ခဏက်တည်းပင် ဘဝသစ်၌ ပဋိသန္ဓေ ဖြစ်ရပါသည်၊ ကြားကာလ၊ ကြား

ဘဝဟူ၍မရှိပါ၊ စိတ်သည် အလွန်လျင်မြန်ရကား တစ်ဘဝမှသေသော် တစ်ဖန် ဘဝသစ်တစ်ခုသို့ချက်ချင်းသွားရပါသည်၊ ကြားကာလ (၇)ရက် အိမ်မှာနေသည်ဟူ၍မရှိပါ။

**အသက်ရှိသော အသိစိတ်ဖြစ်ပေါ်ရာအစ**

ဟဒယဝတ္ထုရုပ်ဆိုသည်မှာ နှလုံးသွေးမှာပျံ့နှံ့ပြီး ကလာပ်စည်းအလိုက် ဟဒယဝတ္ထုရုပ်ပေါင်းများစွာ တည်ရှိနေပါသည်။

အသိစိတ်ဟူသော နာမ်တရားများသည် ရုပ်ကိုမှီပြီးတော့ ဖြစ်ပေါ်လာရသည်၊ ရုပ်နှင့်ကင်း၍ မဖြစ်ပေါ်နိုင်ပါ။

မျက်စိအကြည်ရုပ် (စက္ခုပသာဒ)နှင့် အဆင်း(ရူပါရုံ) တို့သည် ရုပ်တရားများဖြစ်ကြသည်၊ ထိုရုပ်တရား(၂)ခု ထိခိုက်မိသောအခါ မျက်စိအသိစိတ် (စက္ခုဝိညာဏ်စိတ်) ဖြစ်ပေါ်လာရပါသည်။

ပဋိစ္စသမုပ္ပါဒ် ဝိဘင်းပါဠိတော်၌-

" စက္ခုံ စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ "

"စက္ခုပသာဒ (မျက်စိအကြည်ရုပ်)နှင့် ရူပါရုံ(အဆင်း) နှစ်ပါးကို အစွဲပြုပြီး(ဝါ) အကြောင်းပြုပြီး မျက်စိအသိစိတ် (စက္ခုဝိညာဏ်စိတ်)ဖြစ်ပေါ်ရသည် "
ဟူ၍ ဟောကြားထားပါသည်။

အကြည်ရုပ်ဆိုသည်မှာ မှန်ပေါ်မှာလူရိပ်ထင်သကဲ့သို့ အကြည်ရုပ်မှာ အာရုံထင်လာပါသည်၊ ထင်လာသောအချိန်မှာ အသိစိတ် ဖြစ်ပေါ်ရပါသည်။

ထို့ကြောင့်-

-မျက်စိအသိစိတ်သည် မျက်စိအကြည်ဝတ္ထုရုပ်မှာ မှီ၍ ဖြစ်ပါသည်။

-အသံအသိစိတ်သည် နားအကြည်ဝတ္ထုရုပ်မှာ မှီ၍ ဖြစ်ပါသည်။

-အနံ့အသိစိတ်သည် နှာခေါင်းအကြည်ဝတ္ထုရုပ်မှာ မှီ၍ ဖြစ်ပါသည်။

-အရသာအသိစိတ်သည် လျှာအကြည်ဝတ္ထုရုပ်မှာ မှီ၍ ဖြစ်ပါသည်။

-အတွေ့အထိအသိစိတ်သည် ကိုယ်အကြည်ဝတ္ထုရုပ်မှာ မှီ၍ ဖြစ်ပါသည်။

-စိတ်အသိသည် ဟဒယအကြည်ဝတ္ထုရုပ်မှာ မှီ၍ ဖြစ်ပါသည်။

ထိုအမြင်၊ အကြား၊ အနံ့၊ အရသာ၊ အတွေ့အထိတို့သည် ကုသိုလ်-အကုသိုလ်စပ်ဆိုင်မှု (၂)မျိုးရှိနေ၍ မျက်စိမြင်သိစိတ် (၂)မျိုးကို ပါဠိလို စက္ခုဝိညာဏ်ဒွေး ဟူ၍ ခေါ်ပါသည်။

အလားတူ သောတဝိညာဏ်ဒွေး၊ ဃာနဝိညာဏ်ဒွေး၊ ဇိဝှာဝိညာဏ်ဒွေး၊ ကာယဝိညာဏ်ဒွေး အားဖြင့် (၁၀)ပါးရှိပြီး အကြည်ရုပ် (ဟဒယရုပ်)ကိုမှီသော စိတ်(၁၀)မျိုးရှိသည်ဟု ဆိုပါသည်။

စိတ်များမှီခိုဖြစ်ပေါ်ရာ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ဟဒယ ဟူသော အကြည်ရုပ်(၆)မျိုး ရှိပါသည်၊ ယင်းကို အကြည်ရုပ် (ပသာဒရုပ်)ဟူ၍ ခေါ်ပါသည်။

ထိုအကြည်ရုပ်(၆)ခုတွင် ကုသိုလ်အမြင်အကြား စသည် အကုသိုလ်အမြင်၊ အကြား စသည် အားဖြင့် (၁၀)မျိုး ကွဲပြား ပါသည်၊ စိတ်သဘာဝသည် အဘိဓမ္မာ၌-

- အပါယ်လေးဘုံသို့ရောက်စေသော အကုသိုလ်ဖြစ်ပေါ် စေသော စိတ်သဘာဝ - ၁၂ မျိုး
- ကုသိုလ် အကုသိုလ်အကျိုးထိမသက်ရောက်စေသော စိတ်သဘာဝ - ၁၈ မျိုး

(ဟိတ် မရှိသောစိတ်ဖြစ်၍ ယင်းကို အဟိတ်စိတ် ဟု ခေါ်ပါသည် )

- လူ့ပြည်၊ နတ်ပြည် စသည်ကိုရောက်စေသော ကာမာ ဝစရဟူသော စိတ်သဘာဝ - ၂၄ မျိုး
- ရူပဗြဟ္မာ(၁၆)ဘုံသို့ ရောက်စေ သောစိတ်သဘာဝ - ၁၅ မျိုး
- အရူပဗြဟ္မာ(၄)ဘုံသို့ ရောက်စေ သောစိတ်သဘာဝ - ၁၂ မျိုး
- အပါယ်လေးပါးနှင့်နောက်ဆုံးသံသရာကလွတ်မြောက် သွားစေသောစိတ်သဘာဝ - ၈ မျိုး

ဤသို့အားဖြင့် စိတ်သဘာဝ (၈၉)မျိုး ရှိပါသည်၊ ထိုစိတ် (၈၉)မျိုးတွင် စက္ခုဝိညာဏ်စသော စိတ်(၁၀)မျိုးကိုနုတ်လိုက် ပါက (၇၉)မျိုး ကျန်ပါသည်၊ ယင်း (၇၉)မျိုးသောစိတ်များသည် ဟဒယဝတ္ထုရုပ် ဟူသော နှလုံးသွေးအကြည်ကိုမှီ၍ ဖြစ်ပေါ်နေ ရပါသည်။

အမြင်၊ အကြား၊ အနံ့၊ အရသာ၊ အတွေ့အထိကို သုံးသပ်ဆင်ခြင်ကာမျှ သဘော(ပဥ္စဒွါရဝဇ္ဇန်း)နှင့် လက်ခံသဘော (သမ္ပဋိစ္ဆိုင်း ၂-ပါး) စုစုပေါင်း (၃)မျိုးကို စိတ်(မနောဓာတ်)ဟု ခေါ်ပါသည်။

ကျန် (၇၆)ပါးကိုမူ အသိစိတ် (မနောဝိညာဏဓာတ်)ဟု ခေါ်ပါသည်၊ ထိုမနောဓာတ်၊ မနောဝိညာဏဓာတ်တို့သည် ဟဒယဝတ္ထုရုပ်ကို မှီ၍ဖြစ်ပေါ်ရပါသည်။

ဟဒယဝတ္ထုရုပ်သည် သက်ရှိသတ္တဝါတို့၌ အလွန်အရေးကြီးသောရုပ်ဖြစ်ပါသည်၊ ယနေ့သိပ္ပံပညာရှင်များက အသိကို ဦးနှောက်ကလာသည်ဟု ဆိုပါသည်၊ ဗုဒ္ဓအဘိဓမ္မာကမူ နှလုံးသားကို အများဆုံးမှီ၍ဖြစ်သည်၊ နှလုံးသားကိုမှီပြီး စိတ်အများဆုံး ဖြစ်သည်ဟု ဆိုထားပါသည်။

လူ၏ပညာသည်လည်း နှလုံးသားကိုမှီပြီး ဖြစ်သလို လောဘ၊ ဒေါသ၊ မောဟ၊ ဣဿ၊ မစ္ဆရိယ၊ မာန စသည်တို့သည်လည်း နှလုံးသားကိုမှီပြီး ဖြစ်ပေါ်ရပါသည်။

နှလုံးသားဆိုသော အဘိဓမ္မာသဘာဝမှန်-မမှန်ကို ပစ္စက္ခသဘာဝ အခြေအနေနှင့်ဆန်းစစ်ကြည့်ပါက လောကလူ့သဘာဝ လန့်သည်၊ ဖျန့်သည်၊ တုန်သည်၊ ခုန်သည် ဟုဖြစ်ရာ၌ နှလုံးကပင် တုန်ပါသည်၊ ခုန်ပါသည်၊ လန့်သည်နှင့်တစ်ပြိုင်နက်ထဲ ဒေါသဖြစ်သည်၊ ဆုတ်နစ်သော သီတဒေါသ (အအေး ဒေါသ) ဟု ခေါ်ပါသည်၊ ယင်းဒေါသဖြစ်သည်နှင့်တစ်ပြိုက်နက်ထဲ နှလုံးက ထိတ်ကနဲ တဒိတ်ဒိတ်နဲ့ခုန်လာပါသည်၊ ရင်ယဲပူလာပါသည်၊ ဦးနှောက်ကခုန်သည်မဟုတ်ပါ။

ဝမ်းသာသည်၊ အလွန်ဝမ်းသာသည်ဆိုကလည်း သတိထားကြည့်ပါက ရင်ထဲတွင် အေးကနဲဖြစ်လာသည်၊ ယင်းမှာလည်းနှလုံးသားထဲက ဖြစ်လာခြင်းဖြစ်ပါသည်၊ ဇာတ်တော်များထဲ၌ ဒေါသဖြစ်လာသူသည် "ဟဒယံ ဘိန္ဒိ-နှလုံးသားကွဲသည်" ဟု ဆိုပါသည်၊ တစ်ချို့နှလုံးသားက ပူလောင်လာပြီး သွေးအံ သည်၊ သွေးအံသည်ဆိုသည်မှာ နှလုံးသွေးယိုစီးထွက်ခြင်းဖြစ်ပါသည်၊ နှလုံးက အလုပ်မလုပ်၍ နှလုံးကထိခိုက်သွား၍ အပြစ်သို့ သွေးအံထွက်လာခြင်းဖြစ်ပါသည်။

နှလုံးသားသည် စိတ်၏အများဆုံးမှီရာတည်ရာဖြစ်ပါသည်၊ ပညာဉာဏ်သည်လည်း နှလုံးသားမှာမှီ၍ဖြစ်လာပါသည်၊ နှလုံးသားကြည်လင်၍ စိတ်ချမ်းသာလာလို့ရှိလျှင် ပညာဉာဏ်ထွက်လာပါသည်၊ နှလုံးသားမကောင်းစိတ်မချမ်းသာလျှင် ပညာဉာဏ်တုန်းသွားပါသည်။

ထိုသို့ပစ္စုပ္ပ[illegible]လှုလာလျှင် ပညာဉာဏ်သည် နှလုံးသားကိုမှီသလို လောဘ၊ ဒေါသ၊ စသည်များသည်လည်း နှလုံးသားကိုမှီ၍ ဖြစ်ပေါ်နေကြရပါသည်။

တစ်ခါတစ်ရံ များစွာစိတ်ဆင်းရဲမှုဖြစ်လာသောအခါ ကြံမရ[illegible]ဖြစ်လာသောအခါ ခေါင်းကပူလာသည်၊ ဤသည်မှာ နှလုံးက အပူခိုးရိုက်ခြင်းဖြစ်ပါသည်၊ သဘောအားဖြင့် နှလုံးသားနှင့်ဦး[illegible]က်ဆက်သွယ်နေခြင်းကြောင့် ဖြစ်ပါသည်၊ သိပ္ပံဆေးပညာ[illegible]ကလည်း ဤသည်ကို လက်ခံကြပါသည်။

စိတ်[illegible] ဦးနှောက်မှာမဟုတ်၊ မမှီပါ၊ ဦးနှောက်ဆိုသော ရုပ်ဟဒ[illegible]ဖွာသဘောအရ စိတ်၏တည်ရာ

ဝတ္ထုရုပ် မဟုတ်ပါ၊ ပထဝီဓာတ်တစ်မျိုးသာ ဖြစ်ပါသည်၊ ဟဒယ ဝတ္ထုရုပ်မှာသာ တည်ရှိကြောင်းသိရပါသည်။

ဗုဒ္ဓက လူသားများ၏နှလုံးသွေးသည် လူသား၏စရိုက် သဘာဝအရ တစ်ဦးနှင့်တစ်ဦး အရောင်အဆင်းမတူ ဟူ၍ ခွဲခြားဟောကြားထားခဲ့ပါသည်-

-ရာဂကြီးသူ၏နှလုံးသွေးသည် နီသည်။

-ဒေါသကြီးသူ၏နှလုံးသွေးသည် ညိုညိုပုပ် မဲနေသည်

-မောဟကြီးသူ၏နှလုံးသွေးသည် သားပြုတ်ရည်နှင့် တူသည်။

-ဝိတက်အကြံအစည်များသူ၏နှလုံးသွေးသည် ကုလား ပြုတ်ပဲရည်နှင့်တူသည်။

-သဒ္ဓါတရားကောင်းသူ၏နှလုံးသွေးသည် မဟာလှေ ကားပန်းပွင့်အဆင်းကဲ့သို့ ဝါသည်။

-ပညာများတဲ့သူ၏နှလုံးသွေးသည် နီပြီး အရောင် တောက်နေပါသည်၊ မဏိဇောတပတ္တမြားအရောင် ရှိသည်။

ထိုကြောင့် ဟဒယဝတ္ထုရုပ်သည် အလွန်အရေးကြီးသော ရုပ် ဖြစ်ပါသည်၊ ဒေါသဖြစ်လည်း သူ့နေရာကဖြစ်သည်၊ သောက ဖြစ်လည်း သူ့နေရာက ဖြစ်သည်၊ သောမနဿဖြစ်လည်း သူ့ နေရာကဖြစ်သည်၊ ဝမ်းသာ ဝမ်းနည်းဟူသမျှ သူ့နေရာကဖြစ် သဖြင့် အလွန်အရေးကြီးသောရုပ် ဖြစ်ပါသည်။

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယဝတ္ထုတို့သည် ဒေါမနဿ၊ သောမနဿတို့နှင့်မပတ်သက်ပါ။

ဗုဒ္ဓဘာသာဝင်များက စိတ်ကောင်းရှိသူကို နှလုံးကောင်းသူ၊ စိတ်ကောင်းမရှိသူကို နှလုံးမကောင်းသူ ဟူ၍ ခိုင်းနှိုင်းပြောကြပါသည်၊ ဗုဒ္ဓအဘိဓမ္မာတွင် ပညာသည် ဦးနှောက်ကိုမှီတွယ်၍ ဖြစ်ပေါ်လာရသဖြင့် ပညာကောင်းလည်း နှလုံးသား ပညာမကောင်းလည်း ဤနှလုံးသား ဖြစ်ပါသည်။

စိတ်ဆိုးသည်မှာ ရုပ်ဝတ္ထုကိုမှီနေရသဖြင့် ရုပ်ဝတ္ထုတောင့်တင်းခိုင်မာပါမှ စိတ်ကလည်းတောင့်တင်းခိုင်မာပါသည်၊ ရုပ်ဝတ္ထုအားနည်းသွားတာနှင့်တစ်ပြိုင်နက်ထဲ စိတ်ကလည်း အားနည်းသွားတတ်ပါသည်။

နေမကောင်းမကျန်းမာသောအခါ မည်မျှပင် စိတ်ကဆောင်ထားပေမဲ့ ငါထ လျှောက်မည် ဟုဆိုပေမဲ့ မလျှောက်နိုင်ပါ။ နာမ်တရားက လျှောက်ချင်ပေမဲ့ ရုပ်က မလိုက်နိုင်ပါ၊ ထို့ကြောင့် စိတ်သွားတိုင်း ကိုယ်မပါ ဟုဆိုကြပါသည်။

စိတ်၊ စေတသိက်ဆိုသော နာမ်တရားများသည် ရုပ်ဝတ္ထုကြီးကိုမှီပြီး ဖြစ်ရသဖြင့် ကိုယ်မှီထားသည်က ချိနဲ့နဲ့ဆိုလျှင် ကိုယ်လည်း ချိနဲ့နဲ့၊ ကိုယ်မှီထားတာက ခိုင်မာလျှင် ကိုယ်လည်း ခိုင်ခိုင်မာမာ ရှိပါသည်။

## အသက်ကိုစောင့်ရှောက်ပေးနေသော သက်စောင့်တရား

အသက်ဆိုသည်မှာ ဇီဝိတရုပ်နှင့် နာမ်ထဲမှာပါသော ဇီဝိတိန္ဒြေစေတသိက် ဖြစ်သည်၊ ယင်း ရုပ်သက်၊ နာမ်သက်(၂) ပါးကို အသက်ဟူ၍ ခေါ်ဆိုခြင်းဖြစ်ပါသည်။

ရုပ်သက်သည် ဇီဝိတရုပ်၊ ယင်းရုပ်သည် အတိတ်ကံ ကြောင့်ဖြစ်သော ရုပ်၊ သူ့ကို ပါဠိလို ကမ္မဇရုပ် ဟူ၍ခေါ်ပါသည်။

ဇီဝိတ ဟူသော ပါဠိကို မြန်မာဘာသာပြန်သောအခါ အသက် ဟူ၍ ပြန်ကြပါသည်၊ အသက် ဟူသည် အဘိဓမ္မာ သဘောအရ ရုပ်သက်၊ နာမ်သက် ရှိနေပါသည်။

ရုပ်သက်ဆိုသည်မှာ အတိတ်ကံကြောင့်ဖြစ်သောရုပ်ကို ခေါ်ပါသည်၊ ထိုအသက်ရုပ်သည် အတူဖြစ်ဖော်ဖြစ်ဖက်ဖြစ် သောကမ္မဇရုပ်တို့ကို အသက်ရှည်အောင်စောင့်ရှောက်သောရုပ် ဖြစ်သည်၊ ဤရုပ်သည် ဘာဝရုပ်၊ ကာယပသာဒရုပ်တို့ကဲ့သို့ပင် တစ်ကိုယ်လုံး ပျံ့နှံ့တည်နေပါသည်။

ရုပ်သဘာဝဖြစ်ပေါ်မှုသည်-

-ကံကြောင့်ဖြစ်သောရုပ်ကို ကမ္မဇရုပ်

-စိတ်ကြောင့်ဖြစ်သောရုပ်ကို စိတ္တဇရုပ်

-ဥတုကြောင့်ဖြစ်သောရုပ်ကို ဥတုဇရုပ်

-အာဟာရကြောင့်ဖြစ်သောရုပ်ကို အာဟာရဇရုပ်

ဟူ၍ အဘိဓမ္မာ၌ ဖော်ပြထားပါသည်။

ဤတွင် စိတ်ကြောင့်ဖြစ်သောရုပ်ဆိုသည်မှာ လောလောဆယ် စိတ်ရှိနေသည်၊ ဥပမာ-လောဘစိတ်ဖြစ်လိုက်သည်နှင့် တစ်ပြိုင်

နက်တည်း လောဘကြောင့်ဖြစ်သော စိတ္တဇရုပ်လည်း တစ်ခါ တည်း ပါလာသည်၊ စိတ္တဇရုပ်ကို မည်သူစောင့်ရှောက်ပါသလဲ ဆိုက သူ့ကိုဖြစ်စေသော လောဘစိတ်က စောင့်ရှောက်ပါသည်။

ဥတုဇရုပ်တွင်လည်း ဥတုက ထင်ရှားရှိနေ၍ ဥတုက ဖြစ်စေသော ဥတုဇရုပ်ကို ဥတုကဘဲ စောင့်ရှောက်ပါသည်၊ အာဟာရဇရုပ်တွင် အာဟာရသည် ထင်ရှားရှိနေ၍ အာဟာရ ကပင် စောင့်ရှောက်ပါသည်။

ထို့ကြောင့် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်၊ ဥတု ကြောင့် ဖြစ်သော ဥတုဇရုပ်၊ အာဟာရကြောင့်ဖြစ်သော အာဟာရဇရုပ် ဤ(၃)မျိုးသည် လက်ရှိထင်ရှားရှိနေသော စိတ်၊ ဥတု၊ အာဟာရ တို့က စောင့်ရှောက်နေသဖြင့် ဤစိတ်၊ ဥတု၊ အာဟာရ(၃)ပါးတို့သည် မီးခင်ထင်ရှားရှိနေသောသားများနှင့် တူသည်ဟု ဆိုရ ပါမည်။

ကံကြောင့်ဖြစ်သော ကမ္မဇရုပ်သည် သူ့ကိုဖြစ်စေသော ကံက မရှိတော့၊ အတိတ်မှာ ကျန်ရစ်ခဲ့ပြီး၊ ချုပ်ခဲ့ပြီးဖြစ်၍ ကမ္မဇ ရုပ်များသည် မိခင်မဲ့သွားသောသားနှင့်တူသည်ဟု ဆိုရပါမည်။

အတူဖြစ်ဖက်ကမ္မဇရုပ်များ မပျက်စီး၊ မပုပ်သိုးအောင် စောင့်ရှောက်တတ်သော အသက်ဟုခေါ်သောရုပ်ကို ဇီဝိတရုပ် ဟုခေါ်ပါသည်၊ မိခင်မဲ့သောသားကို နို့ထိန်းက ထိန်းသိမ်းစောင့် ရှောက်ရသလို ကံမိခင်မရှိတော့သော ကမ္မဇရုပ်သားကို နို့ထိန်း နှင့်တူသော ဇီဝိတရုပ်က စောင့်ရှောက်ပေးရပါသည်၊ သို့အတွက် ဇီဝိတရုပ်ကို ရုပ်သက် ဟူ၍ခေါ်ပါသည်။

စောင့်ရှောက်ပုံမှာ သစ်သီးသစ်ရွက်အတွင်း၌ရှိသော အရည်သည် သစ်သီး၊ သစ်ရွက်တို့ကို မပိန်မခြောက်၊ မညှိုးနွမ်းအောင် စောင့်ရှောက်သကဲ့သို့ တစ်ကိုယ်လုံးပျံ့နှံ့တည်နေသော ဇီဝိတရုပ်သည် ကံကြောင့်ဖြစ်သောရုပ်တို့ကို မပျက်စီးရအောင် စောင့် ရှောက်သည်။

တစ်ဖန် ထိုဇီဝိတပင် တကွဖြစ်သော တရားတို့ကို အသက်ရှည်အောင်စောင့်ရှောက်မှု၌ အစိုးတရဖြစ်သောကြောင့် ပါဠိလို ဣန္ဒြေ ဟု ခေါ်ပါသည်။

ထိုဇီဝိတိန္ဒြေသည်လည်း ရုပ်-နာမ်အားဖြင့်(၂)မျိုး ရှိသည်-

ရုပ်ဇီဝိတိန္ဒြေ -တကွဖြစ်ဖက် ကမ္မဇရုပ်ကို အသက်ရှည်အောင် စောင့်ရှောက်ပါ၏။

နာမ်ဇီဝိတိန္ဒြေ -ယှဉ်ဖက်တရားတို့ကို အသက်ရှည်အောင် စောင့်ရှောက်ပါ၏။

ဤရုပ် နာမ် တရားတို့ကို စောင့်ရှောက်မှုသဘာဝသည် ဥပမာအားဖြင့်-

**(က) ရေနှင့်ကြာ၏**

-ကြာပင်ကို စိမ်းလန်းနေအောင် စောင့်သောရေသည် ကြာပင်ရှိခိုက်သာ စောင့်ရှောက်နိုင်၍ ကြာပင်မရှိက မစောင့်ရှောက်နိုင်သကဲ့သို့ ထိုအတူတကွဖြစ်ဖက် (သဟဇာတ) တရားတို့ မချုပ်မီ ထင်ရှားရှိခိုက်သာ စောင့်ရှောက်နိုင်သည်၊ ချုပ်မသွားအောင်ကား စောင့်ရှောက်၍မထားနိုင်ပါ။

## (ခ) နို့ထိန်းနှင့်တူ၏

-နို့ထိန်းသည် သူတစ်ပါးကြောင့်ဖြစ်ပေါ်လာသော သားသမီးတို့ကို စောင့်ရှောက်သကဲ့သို့ အာရုံ၊ ကံ အစရှိသောအကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာသော ရုပ် နာမ်တရားတို့ကိုသာ အသီးသီးစောင့်ရှောက်နိုင်၏၊ မိမိတို့ကား အတူတကွဖြစ်ဖက်(သဟဇာတ)တရားတို့ ဖြစ်ပေါ်လာနိုင်အောင် တာဝန်မယူနိုင်။

## (ဂ) လှေလှော်သူနှင့်တူ၏

-လှေကို တစ်ဘက်ကမ်းသို့ ပို့သော လှေသမားသည် ပို့ရင်းက လှေကိုသာပို့၏၊ သို့သော် လှေနှင့်တကွမိမိပါ ပါသွားသောကြောင့် မိမိကိုယ်ကိုလည်း ပို့ရာရောက်သကဲ့သို့ ထိုအတူ ဇီဝိတသည် စောင့်ရှောက်ရင်းကအတူဖြစ်ဖက်တရားတို့ကိုစောင့်၏၊ သို့သော် အတူဖြစ်ဖက်တရားနှင့်စပ်လျက်ဖြစ်ရသောကြောင့် မိမိကိုယ်လည်း မိမိစောင့်ပြီးသား ဖြစ်လေတော့သည်။

ဤဇီဝိတိန္ဒြေတို့သည် မိမိနှင့်တကွ ဖြစ်ဖက်တရားတို့ကိုသာ စောင့်ရှောက်ရုံမကသေး၊ မိမိတို့ချုပ်ပြီးနောက် ဇီဝိတနှင့်တကွ အလားတူ ရုပ် နာမ်များအစဉ်မပျက် ဆက်လက်ဖြစ်ရန်ကိုလည်း ကျေးဇူးပြုခဲ့ကြသေးသည်။

ထိုသို့ အဆက်ဆက် ကျေးဇူးပြုခဲ့ခြင်းကြောင့်သာလျှင် ကံအရှိန်ရှိသမျှ သေသည် (စုတိ)တိုင်အောင် (သို့မဟုတ်)နိဗ္ဗာန်စံဝင်သည်တိုင်အောင်ပင် ဆက်ကာ-ဆက်ကာ ဖြစ်နိုင်ကြပေသည်။

ထို့ကြောင့် ဤဇီဝိတိန္ဒြေနှစ်ပါးကို ရုပ်-နာမ်ခန္ဓာအစဉ်၌ အကြီးချုပ်နှစ်ပါး ဟူ၍ ဆိုပါသည်။

ရုပ်သက်သည် ဇီဝိတရုပ်၊ သူသည် ကံကြောင့်ဖြစ်သော (ကမ္မဇရုပ်)ဖြစ်သည်၊ နာမ်သည် ဇီဝိတိန္ဒြေစေတသိက်ဖြစ်သည်၊ ဤနှစ်ပါးချုပ်သွားလျှင် အသက်သေသွားသည် ဟုဆိုပါသည်၊ အသက်ထွက်သွားသည်မဟုတ်ပါ၊ ထွက်သွားခြင်းမဟုတ်၊ ထွက်စရာလည်းမရှိပါ၊ မြင်ရမလားဆိုက မမြင်ရပါ၊ ချုပ်သွားခြင်း ဖြစ်ပါသည်။

နာမ်တရားများကို စောင့်ရှောက်သည်မှာ ဇီဝိတိန္ဒြေစေတသိက်ပင် ဖြစ်ပါသည်၊ ဗုဒ္ဓအဘိဓမ္မာ၌ ကိုယ်စောင့်တရား(ဝါ) သက်ပြင်တရား (အာယုသင်္ခါရ)တရား (၃)ပါး ရှိသည်ဟု ဟော ထားပါသည်-

(၁) အာယု - ရုပ်သက်၊ နာမ်သက်
(၂) ဥသ္မာ - ကိုယ်ငွေ့ခေါ်သော တေဇောဓာတ်
(၃) ဝိညာဏ - ဘဝင်ဝိညာဏ်စိတ်

ဤ(၃)ပါး ခန္ဓာကိုယ်မှာမရှိတော့လျှင် လူသေသည် ဟု ဆိုနေကြပါသည်။

ကျမ်းဂန်စာပေထဲမှာ-

"အာယု ဥသ္မာ ဝိညာဏံ၊
ယဒါ ကာယံ ဇဟန္တိ မံ "

ဟူ၍ ဟောထားပါသည်။

အာယု ဆိုသည်မှာ ရုပ်သက်ဆိုသော ဇီဝိတရုပ်နှင့် နာမ်သက်ဆိုသော ဇီဝိတိန္ဒြေစေတသိက် ဖြစ်ပါသည်။

ဥသ္မာဆိုသည်မှာ ကိုယ်ငွေ့ဖြစ်သည်၊ ဆောင်းအခါမှာ နွေးပြီး နွေအခါမှာ အေးသည်၊ ထိုအနွေး၊ အအေးငွေ့များသည် တေဇောဓာတ် ဖြစ်ပါသည်၊ အအေးများလာရင်လည်း အငွေ့ ဓာတ်ဖြစ်ပါသည်၊ အပူများလာလျှင် အငွေ့ဓာတ်ဖြစ်ပါသည်၊ ပူသောအခါ အငွေ့တထောင်းထောင်းထသည်၊ ရေခဲတွင် အငွေ့ တထောင်းထောင်းထသည်၊ ဆောင်းတွင်း၌ ရေမှာ အငွေ့ဓာတ် ဖြစ်လာသည်ကို တွေ့ရမည်၊ တေဇောဓာတ်သည် အစိုင်အခဲ မရှိပါ၊ လူ၏ခန္ဓာကိုယ်တွင် ဤကဲ့သို့သော အပူ၊ အအေး အငွေ့ ရှိနေပါသည်၊ ထိုအငွေ့က ကမ္မဇရုပ်ကို ထိန်းထားပါသည်၊ လူသေသောအခါမှာ ကိုယ်ငွေ့ကလေးများ ရှိသေးသလားဟု စမ်းသပ်ကြည့်ကြလေ့ရှိသည်၊ တစ်ချို့ ကိုယ်ငွေ့လေးရှိနေသေး သည်၊ မချုပ်သေးပါ၊ တေဇောဓာတ်သည်လည်း ကံကြောင့်ဖြစ် သော ကမ္မဇရုပ်ပင် ဖြစ်ပါသည်၊ ကိုယ်ငွေ့ဆိုသည်မှာ တံပရေချာ သာမိုမီတာနှင့်တိုင်း၍ရသောကိုယ်ငွေ့ပင် ဖြစ်ပါသည်။

ဝိညာဏ်ဆိုသည်မှာ ပဋိသန္ဓေစတည် စဖြစ်ကထဲက ပါလာသော ဝိညာဏ်ဖြစ်၍ ပဋိသန္ဓေဝိညာဏ် ဟူ၍ ခေါ်ပါ သည်၊ ပဋိသန္ဓေစိတ်ချုပ်ပြီးသည်နှင့် တစ်ပြိုင်နက်တည်း ယင်းကို ဘဝင်စိတ် ဟုခေါ်ပါသည်၊ စုတိစိတ်ချုပ်သောအခါ ထိုဘဝင် စိတ်နှင့်ပင် ချုပ်ပါသည်။

ဤ(၃)ပါးက ခန္ဓာကိုယ်ကြီးကို စွန့်ခွာသွားပြီဆိုလျှင် ဤခန္ဓာကိုယ်ကြီးသည် ထင်းတုံး လက်ပံတုံးကဲ့သို့ အသုံးမကျ

တော့ဘဲ တဖြည်းဖြည်းပုပ်ပွပြီး ဥတုဇရုပ် ဖြစ်သွားပါသည်၊ ဤ (၃)ပါးရှိနေသမျှ ခန္ဓာကိုယ်ကြီးသည် ဘာမှမဖြစ်၍ ယင်းကိုကိုယ်စောင့်တရား၊ သက်စောင့်တရား ဟူ၍ ခေါ်ကြခြင်းဖြစ်ပါသည်။

သတ္တဝါတစ်ဦး အတိတ်ကံကြောင့် ဘဝသစ်သို့ ပြောင်းရွှေ့ရသည်၊ ဤသည်ကို အတိတ်ဘဝကံနှင့် ယခု ပစ္စုပ္ပန်ဘဝကို ဆက်စပ်ပေးသောကြောင့် သူ့ကို ပဋိသန္ဓေစိတ် ဟူ၍ ပါဠိလို ခေါ်ပါသည်၊ မြန်မာလိုဆိုက စေ့စပ်ပေးသည်၊ ဆက်စပ်ပေးသည် ဟုဆိုရပါမည်၊ အတိတ်ဘဝနှင့်ပစ္စုပ္ပန်ဘဝကို စေ့စပ်ပေးသည်၊ ဆက်စပ်ပေးသည်ဟု ဆိုရပါမည်။

အတိတ်ဘဝနှင့်ပစ္စုပ္ပန်ဘဝကို ဆက်စပ်ပေးသောစိတ်သည် ဝိညာဏ်ဖြစ်သည်၊ ထိုကြောင့် သူ့ကို ပဋိသန္ဓေစိတ် ဟူ၍ ခေါ်ထားပါသည်။

ထိုပဋိသန္ဓေဝိညာဏ်စိတ်သည် သဘာဝအရဖြစ်သည်၊ တည်သည်၊ ချုပ်သည်၊ (ဥပါဒ်-ဌီ-ဘင်)စိတ္တက္ခဏ (ခဏငယ်) ၃-ချက် ကြာသောအခါ ချုပ်သွားပါမည်။

ထိုပဋိသန္ဓေစိတ် ဥပါဒ်-ဌီ-ဘင် (ဖြစ်-တည်-ပျက်)အနေနှင့် ချုပ်သွားပြီး ပြန်မဖြစ်တော့လျှင် သတ္တဝါ သေသည်ဟု ဆိုရပါသည်။

သို့သော် ကံအဟုန်ကရှိနေ၍ နောက်ထပ်ပြန်ဖြစ်ရသည်၊ ယင်းကို လက်ရှိဘဝ ဆက်လက်တည်ရေးအတွက် အကြောင်းတရားဖြစ်သဖြင့် ဘဝင် (ဘဝ+အင်္ဂ)=ဘဝင်စိတ် ဟူ၍ ခေါ်လာပါသည်။

ဘဝင်ဆိုသည်က အကြောင်း ဖြစ်ပါသည်။

ပဋိသန္ဓေနေပြီးနောက် ဆက်လက်ရှိသော ဘဝ၏ တည်မြဲရာ တည်မြဲကြောင်းကိစ္စကို ရွက်ဆောင်၍ သူ့ကို ဘဝင်စိတ် ဟုခေါ်ပါသည်၊ ဤဘဝင်စိတ် သည် ပထမဦးဆုံးဖြစ်သော ပဋိသန္ဓေစိတ်နှင့် နောက်ဆုံးစုတိ စိတ်အကြားမှာ ဝီထိစိတ်ဆိုသော စိတ်အစဉ်မဖြစ်လျှင် ထိုဘဝင် စိတ်က သတ္တဝါအသက်ရှင်ရန် ဆက်လက်ဖြစ်နေရပါသည်။

ထို့ကြောင့် ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်တို့သည် တစ်မျိုးတည်းဖြစ်ပါသည်၊ သူတို့လုပ်ရသောကိစ္စကိုအစွဲပြုပြီး (ဝါ)လုပ်ငန်းကိုအစွဲပြုပြီး နာမည်အမျိုးမျိုးပေးထားခြင်း ဖြစ်ပါ သည်။

ဥပမာ-ရုံးမှာ စာရေးကြီးလုပ်ကိုင်နေသော လူတစ်ဦးကဲ့သို့ ရုံးမှာ စာရေးကြီး ဟုခေါ်သကဲ့သို့ ရပ်ကွက် ထဲ၌ ဓမ္မာရုံဥက္ကဋ္ဌတစ်ဦးဖြစ်၍ ဥက္ကဋ္ဌ ဟုခေါ်သလို မြို့နယ် အသင်းမှာလည်း နာယကလုပ်သဖြင့် နာယက ဟုခေါ်သကဲ့သို့ နေရာဌာန၊ ကိစ္စအလိုက် တစ်ဦးတည်းက အမည်(၃)မျိုး ရနေ သလိုပင် ဖြစ်ပါသည်။

ပဋိသန္ဓေ၊ ဘဝင်၊ စုတိစိတ်တို့သည် ဆောင်ရွက်သော ကိစ္စအလိုက် နာမည်(၃)မျိုးဖြစ်နေသော်လည်း စိတ်ကမူ တစ်မျိုး တည်း ဖြစ်ပါသည်။

သတ္တဝါတိုင်းသည် ဤစိတ်နှင့်ပဋိသန္ဓေနေလျှင် ဘဝ ဖြစ်လျှင်လည်း ဤစိတ်ဖြစ်သည်၊ သေခါနီးကိုအစွဲပြု၍ စုတိ စိတ် ဟု ခေါ်ပြန်ပါသည်။

သက်စောင့်တရား၊ ကိုယ်စောင့်တရား(၃)ပါးထဲ၌ ဤ

စိတ်သည် အရေးကြီးပါသည်၊ သူချုပ်က ကံကြောင့်ဖြစ်သော ကမ္မဇရုပ်လည်း ချုပ်သွားပါသည်။

ဗုဒ္ဓက စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒ ဆိုသော အကြည်ရုပ်ငါးပါးကို မိမိဆိုင်ရာ မျက်စိ၊ နား စသည်တို့၌ အစိုးတရရှိမှုနှင့်ပတ်သက်၍ စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ ဟူ၍ ဟောခဲ့ပါသည်။

**"စက္ခာဒိ ပဉ္စိန္ဒြိယာနိ အာယု ပဋိစ္စ တိဋ္ဌန္တိ အာယုဥသ္မံ ပဋိစ္စ တိဋ္ဌတိ"** မဇ္ဈိမပဏ္ဏာသ ပါဠိတော်မှာ ဗုဒ္ဓက ဟောကြားထားခဲ့ပါသည်။

ထိုငါးပါးတို့သည် အာယုဟု ခေါ်သော ဇီဝိတရုပ် အပေါ်မှာ တည်နေရပါသည်၊ ထိုအသက်ခေါ်သော ဇီဝိတရုပ်သည်လည်း ကိုယ်ငွေ့ဟု ခေါ်သော ဥသ္မာတေဇောအပေါ်မှာ မှီခိုနေရပါသည်။

ထိုဥသ္မာကိုယ်ငွေ့ဓာတ်သည် ဝမ်းမီး(ဝါ)ချက်ပြုတ်သော အရာဟု ခေါ်သော ပါစကတေဇောကြောင့်ဖြစ်ပေါ်လာသော ကိုယ်ငွေ့ဓာတ်ဖြစ်ပါသည်၊ ယင်း ပါစကတေဇောသည် ရှေးကံကြောင့် မွေးကတည်းကပါလာသော ကမ္မဇဝမ်းမီး ဖြစ်ပါသည်၊ သိပ္ပံဆေးပညာရှင်များက အက်စစ်ဓာတ် ဟူ၍ ခေါ်ကြပါသည်။

ဗုဒ္ဓဟောခဲ့သော ရုပ်သဘာဝအရ အစာသစ်အိမ်ဆိုသည်မှာ အူမကြီး ဖြစ်ပါသည်၊ အူမကြီးဟူသည် အလွန်ကျဲသော ပုဆိုးကြမ်း၊ ပိတ်ကြမ်းကြီးနှင့်တူသည်၊ အစာသစ်အိမ်၏အောက်တွင် ပါစကဓာတ်မီးအိုးကြီး ရှိပါသည်၊ လူများက တကျည်းဟူ၍ ခေါ်သော အကြောဆုံကြီးသည် ဤဓာတ်မီးအိုးပင် ဖြစ်ပါသည်၊

ဓာတ်မီးအိုးတွင် ပါစကဓာတ်မီးဟု ခေါ်သော ကမ္မဇတေဇော ဓာတ်မီး တည်ရှိနေပါသည်။

အစာသစ်အိမ်သို့ရောက်လာကြသော အစားအစာများကို ဓာတ်မီးအိုးမှာရှိသော ပါစကဓာတ်မီးက န္ဓားနို့၊ ဆိတ်နို့များကို ဆီဦးထောပတ်ဆီကြည်ဖြစ်အောင် ကျိုချက်သကဲ့သို့ ကျိုချက် ပစ်ပါသည်။

ထိုသို့ကျိုချက်ရာတွင် ဝမ်းမီးကောင်းလျှင် ကောင်းသလို ကြေညက်ပါသည်၊ ပါစကဝမ်းမီးသည်-

- အားကောင်းထက်သန်သောဝမ်းမီး (တိက္ခဝမ်းမီး)
- ညံ့သော ဝမ်းမီး (မန္ဒဝမ်းမီး)
- မျှတသောဝမ်းမီး (သမဝမ်းမီး)

ဟူ၍ (၃)မျိုး ရှိနေပါသည်။

အလွန်အားကောင်းထက်သန်သော (တိက္ခ)ဝမ်းမီးရှိက စားသော အစာအာဟာရ ခဏကလေးကြေသွားပြီး ခဏ ခဏ စားချင်စိတ်ဖြစ်ပေါ်ပါသည်။

ညံ့သောဝမ်းမီး (မန္ဒ)ရှိက စားလိုက်လျှင် အစာမကြေ အစာမကြေရောဂါဖြစ်တတ်သည်။

မျှတသောဝမ်းမီး(သမဝမ်းမီး)မျိုးရှိမှ ကျန်းမာပါမည်။

သိပ်ချက် လွန်အားကြီးက အဆီဓာတ်များ သြဇာဓာတ်များပါသွားပြီး ရုပ်ကိုဖြစ်စေသောအဆီဓာတ်များပါသွား၍ ရုပ်ကို မဖြစ်စေနိုင်၊ မတိုးပွားနိုင်စေတော့ပါ၊ အစာမချက်ကလည်း အစာများသည် မကျက်တကျက်ဖြစ်ပြီး လူကို ရောဂါဖြစ်စေပါသည်၊ ရုပ်ခန္ဓာကို အကျိုးမပြုပြန်ချေ၊ သမဝမ်းမီးကမှသာ လူကို ကျန်းမာစေနိုင်ပါသည်။

အစာများကို ဝမ်းမီးက ချက်လိုက်သောအခါ အစာကြွမ်း၊ အစာနု၊ အရည်ကြွမ်း အရည်နု ဟူ၍ခွဲထွက်လာပါသည်၊ ယင်း(၄)မျိုးအနက် အစာကြွမ်းက ကျင်ကြီးအဖြစ်နှင့် အစာဟောင်းအိမ်သို့ဆင်းသွားပါသည်၊ အရည်ကြွမ်းက ကျောက်ကပ်မှ တစ်ဆင့် ဆီးဘက်သို့ဆင်းသွားပါသည်။

အစာနုနှင့်အရည်နု (၂)မျိုးသည် ဩဇာတ် ဖြစ်သွားပါသည်၊ ထိုဩဇာဓာတ်ကို ပါစကဝမ်းမီးမှာရှိသော ပျံ့နှံ့လေ(ဖရဏလေ)က မှုတ်ပေးလိုက်သောအခါ လေအားနှင့်အကြောများကိုလျှောက်ပြီးကော့သွားပါသည်၊ စုဝေးပြီးတက်သွားပါသည်၊ ယင်းကို ရသဟရဏီကြော (အရသာကိုဆောင်ယူသောအကြော) ဟု ခေါ်ပါသည်။

ရသဟရဏီကြောကို ပျံ့နှံ့သွားသောအရည်များကို ရသဓာတ်ရည်ဟူ၍ ခေါ်ပါသည်၊ ထိုရသဓာတ်ရည်ပျံ့နှံ့သွားသောအခါ ဥသ္မာတေဇောနှင့်သွားတွေ့ပြီး ဥသ္မာတေဇောက ထပ်မံ လောင်မပေးမြိုက်ပေးသောအခါ ရုပ်ကိုဖြစ်စေပါသည်။

ဥသ္မာတေဇောသည် ရသဓာတ်ရည်နှင့်သွားရောက်တွေ့သောအခါ မီးကိုလောင်စာဆီလေး လောင်းပေးလိုက်သောအခါ ဟုန်းကနဲထပြီး တောက်လာသလို ဥသ္မာတေဇောသည် ရသဓာတ်ရည်ဟု ခေါ်သော ဩဇာအဆီဓာတ်များနှင့်သွားရောက်တွေ့ဆုံမိသောအခါ ပို၍ပူလာသည်၊ ကိုယ်ငွေ့ပို၍ပြင်းလာသည်၊ အစာစားပြီးသောအခါမှာ ကိုယ်ငွေ့ပိုကောင်းလာသောသဘောဖြစ်ပါသည်။

ဆာလောင်သည်ဆိုသည်မှာ ဝမ်းမီးက အမြဲတမ်း တောက်လောင်နေ၍ အစာအိမ်အှာ အမြဲတမ်း အစာရှိနေရပါသည်၊ အစာမရှိသောအခါ ပါစကဝမ်းမီးက ဝမ်းရည်ကိုသွားရောက်ဟပ်ပါသည်၊ ထိုအခါ ဝမ်းရေကပူလာပါသည်၊ ဆာလာပါသည်၊ ယင်းကို ဆာလောင်သည်ဟု ခေါ်ကြခြင်းဖြစ်ပါသည်။

ထိုအချိန်တွင် ကဗဠီကာရအာဟာရ ဆိုသော စားသောက်ဖွယ်ထည့်ပေးရပါသည်၊ ထိုစားသောက်ဖွယ်သည် ဝမ်းမီးကိုငြိမ်းစေသည်၊ ဝမ်းမီး၏ဒဏ်ကို ခံနိုင်ပါသည်၊ သို့သော် ရုပ်ကိုမဖြစ်စေနိုင်ပါ။

ဩဇာအာဟာရဆိုသော အဆီ၊ အစေးကမူ ဝမ်းမီးရန်ကို မငြိမ်းစေနိုင်ပါ၊ ရုပ်ကိုမူဖြစ်စေပါသည်၊ သူတို့နှစ်ဦးပေါင်းလိုက်ပါမှ ဝမ်းမီး၏ရန်ကိုလည်း အေးစေ၊ ငြိမ်းစေနိုင်ပြီး ရုပ်ကိုလည်း ဖြစ်စေနိုင်ပါသည်။

## အာဟာရက ရုပ်ကိုဖြစ်စေပုံ

သတ္တဝါ၏ခန္ဓာကိုယ်ထဲ၌ ဩဇာဓာတ်(၂)မျိုး ရှိပါသည်-

**၁။ ခန္ဓာကိုယ်ထဲမှာရှိသောဩဇာဓာတ် (အဇ္ဈတ္တိကဩဇာ)**

ယင်းမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသောအကြောင်းလေးပါးကြောင့် ဖြစ်သော ဩဇာဓာတ်၊ ယင်းသည် ခန္ဓာကိုယ်ထဲ၌ အမြဲတစေ ဖြစ်နေပါသည်။

## ၂။ ပြင်ပစားသောက်ဖွယ်ရာများရှိသော ဩဇာဓာတ် (ဗဟိဒ္ဓဩဇာ)

ပြင်ပစားသောက်ဖွယ်ရာများမှာပါသော ဩဇာဓာတ်ကို ဥတုဇဩဇာ ဟူ၍ ခေါ်ပါသည်၊ စားသောက်ဖွယ်ရာ အရာဝတ္ထုများသည် ဥတုကြောင့်ဖြစ်ရသည်၊ ထိုအရာဝတ္ထု၌ရှိ ဩဇာကို ဥတုဇဩဇာ ဟူ၍ ခေါ်ပါသည်။

ခန္ဓာကိုယ်မှာရှိသော ဩဇာဓာတ်နှင့် ပြင်ပစားသောက်ဖွယ်များသောဩဇာဓာတ်တို့ ပေါင်းမိသောအခါ ရုပ်ကိုဖြစ်စေပါသည်။

အာဟာရသည် မျိုစားသည်မဟုတ်ဘဲ လိမ်း၍ အာဟာရဓာတ် ပျံ့နှံ့သွားရင်လည်း အာဟာရရုပ်ဖြစ်ပါသည်၊ နှာခေါင်းပေါက်က သွင်းလျှင်လည်း ခန္ဓာကိုယ်ထဲမှာရှိသော အရွတ္တိက ဩဇာဓာတ်နှင့်ပေါင်းမိက အာဟာရဇရုပ် ဖြစ်စေပါသည်။

လူသားများ၏ခန္ဓာကိုယ်တွင် တစ်ကိုယ်လုံးပျံ့နှံ့ တည်နေသောရုပ်ကို လေ့လာလျှင်-

ကာယပသာဒရုပ် - ကိုယ်အကြည်ရုပ်
ဣတ္ထိဘာဝရုပ် - မိန်းမသဘာဝရုပ်
ပုမ္ဘာဝရုပ် - ယောကျ်ားသဘာဝရုပ်
ဇီဝိတရုပ် - အသက်

ဟူ၍ (၄)မျိုး တွေ့ရပါသည်၊ ဤတစ်ကိုယ်လုံး ပျံ့နှံ့နေသော ရုပ်သဘာဝ(၄)မျိုးတွင် ဇီဝိတရုပ်သည် အချုပ် ဖြစ်ပါသည်။

# အခန်း(၃)

# ဘဝသစ်၏ ခံစားမှုကို ချက်ချင်းနိုးထပြန်ပြောသူများ

ဘဝဟောင်းကိုပြောပြနိုင်သည်မှာ

ဗုဒ္ဓ၏အဘိဓမ္မာဒေသနာတော်တွင် သေပြီးနောက် လားရာဂတိ(၅)ပါး ရှိပါသည်-

၁။ ဒေဝဂတိ - နတ်ပြည်သို့ရောက်သွားသူ
၂။ တိရစ္ဆာနဂတိ - တိရစ္ဆာန်ဘဝသို့ရောက်သွားသူ
၃။ နိရယဂတိ - ငရဲပြည်သို့ရောက်သွားသူ
၄။ ပေတဂတိ - ပြိတ္တာဘဝသို့ရောက်သွားသူ
၅။ မနုဿဂတိ - လူ့ပြည်သို့ပြန်ရောက်သူ

ဤ(၅)မျိုးတွင် ကုသိုလ်ကောင်းမှုရှိ၍ အဆင့်အတန်း မြင့်သောနတ်ဗြဟ္မာများ အဆင့်အတန်းမြင့်သောပြိတ္တာဘဝသို့ ရောက်နေသူများ၊ ဝိနိပါတိကအသူရာနတ်များ၊ ဘုမ္မစိုး၊ ရုက္ခစိုး နတ်များသည် မိမိတို့၏ကမ္မဇိဒ္ဓိတန်ခိုးဖြင့် မိမိဘဝအကြောင်းကို လာပြောပြနိုင်သည်၊ အိပ်မက်ပေးနိုင်သည်၊ သို့မဟုတ် မိမိယက် တန်ခိုးကြီးမားသော ပုဂ္ဂိုလ်က မိမိကိုစောင့်ရှောက်ပြီး အကူအညီ ပေးနိုင်သည်ဟု ဆိုပါသည်။

ဤသက်ရှိသတ္တလောကဝယ် လူဖြစ်စေ၊ နတ်ဖြစ်စေ၊ ပြိတ္တာဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ အတိတ်ဘဝမှ သေလွန်ပြီးနောက် ယခု ရောက်ဆဲပစ္စုပ္ပန်ဘဝကို ဘဝဟောင်းကိုပြန်လည်သတိရ သော ဇာတိဿရ ခေါ် ဉာဏ်ရှိက ပြန်ပြောနိုင်သည်ဟု ကျမ်းဂန် တို့၌ ဆိုထားပါသည်။

ဇာတိဿရဉာဏ်ထက် အဆင့်မြင့်သော ပုဗ္ဗေနိဝါသ ဉာဏ်ဖြင့် ရှေးလွန်လေပြီးသောအတိတ်ဘဝပေါင်းများစွာကို သိမြင်နိုင်ပါသည်၊ ပုဗ္ဗေနိဝါသဉာဏ်ဖြင့် ဘဝဟောင်းကိုသိမြင် နိုင်၊ အောက်မေ့နိုင်သောပုဂ္ဂိုလ်များမှာ-

- သာသနပစ္စာန်ရ ရသေ့များ
- ပကတိသာဝကများ
- မဟာသာဝကများ
- အဂ္ဂသာဝကများ
- ပစ္စေကဗုဒ္ဓါများ
- သမ္မာသမ္ဗုဒ္ဓ တို့ဖြစ်ကြပါသည်။

-သာသနာပစျာန်ရ ရသေ့များသည် နာမ်နှင့်ရုပ်ကို ပိုင်းခြားသိသောဉာဏ်ပညာ အားနည်းကင်းကြသည့်အတွက် လွန်လေပြီးသောကမ္ဘာ(၄၀)တိုင် မိမိတို့ဘဝကိုအောက်မေ့နိုင်၊ ပြောပြနိုင်သည်။

-ပကတိသာဝကများသည် ပညာအားကောင်းသောကြောင့် ကမ္ဘာ(၁၀၀)အောက်မေ့နိုင်၊ ပြောပြနိုင်သည်။

-မဟာသာဝကများသည် ကမ္ဘာ(၁၀၀၀)အောက်မေ့နိုင်၊ ပြောပြနိုင်သည်။

-အဂ္ဂသာဝကနှစ်ပါးသည် ကမ္ဘာပေါင်း တစ်သင်္ချေတစ်သိန်းတိုင်အောင် ဘဝဟောင်းကိုအောက်မေ့နိုင်၊ ပြောပြနိုင်သည်။

-ပစ္စေကဗုဒ္ဓါတို့သည် ကမ္ဘာပေါင်း နှစ်သင်္ချေ တစ်သိန်းတိုင်အောင် ဘဝဟောင်းကိုအောက်မေ့နိုင်၊ ပြောပြနိုင်သည်။

-သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့ကမူ ကမ္ဘာအပိုင်းအခြားမရှိ၊ မိမိအလိုရှိသလောက် မိမိတို့၏အတိတ်ဘဝကို လည်းကောင်း၊ အခြားသတ္တဝါတို့၏အတိတ်ဘဝကိုလည်းကောင်း အောက်မေ့နိုင် ပြောပြနိုင်သည်။

ဇာတိဿရဉာဏ်ဟူသော အတိတ်ဘဝကိုအောက်မေ့နိုင်၊ ပြောပြနိုင်၍ အကြောင်းအင်္ဂါ(၃)ပါး ရှိသည်-

(၁) အတိတ်ဘဝမှသေလွန်၍ ဥပပတ္တိပဋိသန္ဓေဖြင့် နတ်ဘဝ၊ ဗြဟ္မာဘဝ၊ ပြိတ္တာဘဝရောက်သူများ

(၂) အတိတ်ဘဝ၌ ခွန်အားရှိနေစဉ်အခါ လက်နက်ဘေး စသည်တို့ကြောင့် ရုတ်တရက်သေဆုံးပြီး လူ့ဘဝပြန် ဖြစ်သူများ

(၃) ရှေးကုသိုလ်ကောင်းမှုဖြင့် အတိတ်ဘဝကိုသိရပါလို၏ ဟု ဆုတောင်းမှုရှိခဲ့သူများ

ဤ(၃)ပါးသောအကြောင်းရှိသူများသည် ဘဝဟောင်းကို အောက်မေ့နိုင်၊ ပြောပြနိုင်သော ဇာတိဿရဉာဏ်ရရှိသူများ ဖြစ်သည်။

## အတိတ်ဘဝကို မေ့ရခြင်းအကြောင်း

သတ္တဝါတိုင်း သံသရာလည်ရာတွင် အတိတ်ဘဝ များစွာ ရှိကြပါသည်၊ သို့သော် အတိတ်ဘဝကိုမသိသူများပါသည်၊ အတိတ်ဘဝကို အောက်ပါအကြောင်း(၅)ရပ်ကြောင့်မေ့သည်ဟု ဆိုပါသည်-

(၁) သေဆုံးရာ၌ သေသောက်ကြူးသူအဖြစ်နှင့်သေဆုံးခြင်း

(၂) ယခုဘဝ၌ မိခင်သည် ရောဂါသည်ဖြစ်ခြင်း

(၃) ယခုဘဝ၌ မိခင်သည် အလုပ်ကြမ်းလုပ်ရသူဖြစ်ခြင်း

(၄) ယခုဘဝ၌ မိခင်သည် ကိုယ်ဝန်ဆောင်မှု၌မလိမ္မာသူ ဖြစ်ခြင်း

(၅) ယခုဘဝ၌ မိခင်သည် ကိုယ်ကိုကောင်းစွာစောင့်စည်းမှု မရှိခြင်း

ဤအကြောင်းတို့ကြောင့် ကလေးသည် အလွန်ထိတ်လန့်ချောက်ချား၍ အတိတ်ဘဝကိုမေ့လျော့သွားရပါသည်။

ဤကိစ္စနှင့်ပတ်သက်၍ ပြင်သစ်မှအမေးကို လယ်တီဆရာတော်က လယ်တီပုစ္ဆာပေါင်းချုပ်၌ အောက်ပါအတိုင်းဖြေဆိုထားသည်ကို တွေ့ရပါသည်-

(၁) အတိတ်ဘဝ၌ နေ့ရက်ရှည်ကြာစွာ အနာရောဂါဖိစီး၍ ကိုယ်အားစိတ်အားနွမ်းနယ်ကုန်ခမ်းပြီးမှ သေဆုံးခြင်းတစ်ပါး

(၂) ယခုဘဝ၌ အမိဝမ်းတွင်း အလွန်တရာ သေးငယ်လှသော ကလလရေကြည်အဖြစ်မှ နေ့ရက်ရှည်ကြာစွာ ကြီးထွားလာရသဖြင့် စိတ်အားသေးနုံ့မှေးမှိန် မိန်းမော၍နေရခြင်းတစ်ပါး

ဤအကြောင်းတရား(၂)ပါးကြောင့် လူအများစုသည် ရှေးဘဝကို မေ့လျော့ကြသည်ဟု ဖြေဆိုခဲ့ပါသည်။

ဤအခန်း၌ ကုသိုလ်အရာ၌ ဘဝဟောင်း၏စည်းစိမ်ခံစားရသူများက လာရောက်ပြောကြားသူများသည် ကတညူတ ဟုကာဝေဒီ မိမိရရှိသောစည်းစိမ်ချမ်းသာ၏ကျေးဇူးရှင်ကို ကန်တော့လို၊ ပူဇော်လို၍ လာရောက်ပြောဆိုခြင်းဖြစ်ပါသည်။

အကုသိုလ်အရာ၌ လာရောက်ပြောသူများသည် မိမိတို့ဘဝဆင်းရဲဒုက္ခရောက်နေရပြီး ချမ်းသာရာဘဝသို့ရောက်လို၍ အကူအညီတောင်းသောအားဖြင့် လာရောက်ပြောကြားခြင်းဖြစ်သည်ကို တွေ့ရပါသည်။

အတိတ်ဘဝ ဆုတောင်းကောင်းမှုကြောင့်လည်းကောင်း၊ သတိတရားကောင်းမှုကြောင့်လည်းကောင်း၊ ဘဝဟောင်းကိုမှတ်မိပြီး ဘဝဟောင်းကကျေးဇူးရှင်ကို ပူဇော်ကန်တော့နိုင်ခြင်း ဖြစ်ပါသည်။

ထိုသို့သဘောမရှိသူများသည် ဘဝဟောင်းကိုမပြောပြနိုင်ဘဲ သံသရာအဆက်ဆက်ကျင်လည်နေကြရဦးမည်သာ ဖြစ်ပါသည်၊ ဤသံသရာခရီးမှလွတ်မြောက်ရေးသည်ကား ဗုဒ္ဓပေးသောမဂ္ဂင်(၈)ပါး၊ ကျင့်စဉ်တရားဖြင့် သစ္စာလေးပါးကိုသိမြင်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ကိုဝင်နိုင်အောင် ကျင့်ကြံအားထုတ်ခြင်းပင် ဖြစ်ပါသည်။

## (က) ဆတ္တမာဏဝနတ်သား

သေတဗျမြို့ဝယ် အမျိုးအမည်အားဖြင့် မထင်ရှားသော ပုဏ္ဏားတစ်ယောက်၏သားသည် ဆတ္တမာဏဝ အမည်ရှိသည်။

အရွယ်ရောက်သော် အဖပုဏ္ဏားစေလွှတ်၍ ဥက္ကဋ္ဌမြို့၌ နာမည်ကျော်ကြားသော ပေါက္ခရသာတိပုဏ္ဏားကြီးထံ၌ ပညာသင်ကြားစေခဲ့သည်။

ဆတ္တမာဏဝ၏ ပညာပါရမီခံရှိသဖြင့်လည်းကောင်း၊ မပျင်းမရိ လုံ့လကြီးစွာ အားထုတ်ခဲ့မှုကြောင့်လည်းကောင်း၊ မကြာခင် ပုဏ္ဏားတို့တတ်အပ်သော ဗေဒင်ပညာတို့ကို တတ်မြောက်လေသည်။

ထိုအခါ ဆတ္တမာဏဝလုလင်သည် ဆရာဖြစ်သော ပေါက္ခရသာတိပုဏ္ဏားထံသို့ ချဉ်းကပ်ကာ ရှိခိုးပြီးလျှင်-

"ဆရာ. . . ကျွန်ုပ်သည် ပုဏ္ဏားတို့တတ်အပ်သော ဗေဒင်အတတ်ပညာတို့ကိုသင်၍တတ်မြောက်ခဲ့ပါပြီ၊ ပညာသင်ခ ဆရာစားအဖိုးအခကို အဘယ်မျှ ပေးရပါမည်နည်း"
ဟု မေးသည်။

"တပည့်. . . ဆရာစားအဖိုးအခဟူသည် တပည့်၏ ဥစ္စာပစ္စည်းအနည်း-အများ၊ ချမ်းသာ-ဆင်းရဲကို ကြည့်ရှု၍ ထိုသူ၏ဥစ္စာအင်အားကိုလိုက်၍ ပေးရ၏၊ သို့အတွက် သင်သည် ဥစ္စာအင်အားရှိသူဖြစ်က အသပြာတစ်ထောင်ယူခဲ့ပါလေ"
ဟု မှာကြားသည်။

ဆတ္တမာဏဝသည် ဆရာကိုရှိခိုးပြီးလျှင် မိဘများရှိရာ သေတဗျမြို့သို့ပြန်လာပြီး မိဘတို့ကိုရှိခိုးကာ အဘပုဏ္ဏားကြီးအား ပညာသင်ဆရာစားအဖိုးအခကို ပြောကြားသည်။

အမိအဖတို့သည် သား၏ပညာသင်ကြားမှုပြီးစီးသည်ကို အလွန်သဘောကျနှစ်သက်သဖြင့် ဆရာစား အသပြာ တစ်ထောင်ပေးရန်သဘောတူလက်ခံကြသည်။

"အဘ. . ယနေ့ပင်လျှင် ဆရာကြီးထံသွား၍ပို့ပါအံ့"

"ချစ်သား. . . ယနေ့အချိန်မရှိပြီ၊ နက်ဖြန်မှသွားပါလေ" ဟု ဘခင်ကပြောပြီး အသပြာတစ်ထောင်ကို အသင့်ထုတ်ထား ပေးလေသည်။

ထိုအိမ်အနီးရှိ ခိုးသူတို့သည် ထိုအကြောင်းကိုကြားသိ သဖြင့် ဆတ္တမာဏဝပြန်ရာလမ်းခရီးတောတွင်း၌ ပုန်းအောင်းနေ ပြီး လုယက်သတ်ဖြတ်ရန်စီမံကြပြီး နောက်နေ့ဗောစောသွားကာ တောအုပ်၌ ပုန်းအောင်းနေကြသည်။

ထိုအချိန် နံနက်မိုးသောက်၍ ဗုဒ္ဓသည် လောကကို မဟာကရုဏာသမာပတ်ဖြင့်ကြည့်သည်ရှိသော် ဆတ္တမာဏဝ လုလင်၏သရဏဂုံ၌လည်းကောင်း၊ ငါးပါးသီလ၌လည်းကောင်း၊ တည်ပြီးမှခိုးသူတို့သတ်၍သေပြီးနောက် နတ်ပြည်သို့ရောက်မည်၊ နတ်ပြည်မှ တစ်ဖန်နိုးထပြန်လာပြီး ငါဘုရားအားရှိခိုးပေါ့မည်၊ ထိုဆတ္တမာဏဝအသုဘလာပရိသတ်မှာ တရားထူးရမည်ကို သိမြင်တော်မူလေသည်။

သို့အတွက် ဗုဒ္ဓသည် နံနက်စောစောပင်လျှင် ဆတ္တမာ ဏဝလာမည့်လမ်းမှ တစ်ပင်သောသစ်ရိပ်၌ထိုင်နေတော်မူသည်၊ ဆတ္တမာဏဝသည် ဆရာကိုပူဇော်ရန် အသပြာတစ်ထောင်ကို ယူပြီး ဥက္ကဋ္ဌမြို့ကို ရှေ့ရှုထွက်လာခဲ့သည်။

ဆတ္တမာဏဝသည် လမ်းခရီးကြား သစ်ပင်ရင်း၌ထိုင်နေတော်မူသော ဗုဒ္ဓကိုမြင်လျှင် အနီးသို့လာရောက်ပြီးရပ်နေလေသည်။

"လုလင်. . . အဘယ်သို့သွားမည်နည်း"

"အရှင်ဂေါတမ. . . တပည့်တော်သည် ဥက္ကဋ္ဌမြို့သို့ ဆရာအား အတတ်ပညာသင်ခပူဇော်ရန်သွားပါအံ့"

"[illegible]လင်. . . သင် သည် သရဏဂုံသုံးပါးနှင့်ငါးပါးသီလကို [illegible]လော"

"[illegible]တပည့်တော်မ[illegible]ပါဘုရား၊ ထိုသရဏဂုံသုံးပါးနှင့်ငါးပါး [illegible] အဘ[illegible] ရှိပါသနည်းဘုရား"

"[illegible]လင်. . . သ[illegible] မသိသေးလျှင် ထိုသရဏဂုံသုံးပါး၊ ငါးပါးသီလတို့ကိုလည်းကေ[illegible]င်း၊ ထို၏အကျိုးတို့ကိုလည်းကောင်း ခွဲခြားဝေဖန်၍သိအောင် [illegible]င်ကြားပါလေ၊ မှတ်သားပါလော"

"[illegible]ကောင်းပါပြီ [illegible]ရား. . ၊ ဟောကြားပေးတော်မူပါဘုရား"

"လုလင်. . လူတို့တွင် အမြတ်ဆုံးဖြစ်သောဗုဒ္ဓကို ကိုးကွယ်ပူဇော်ရာဟူ၍ အမြဲမပြတ်ဆည်းကပ်အောက်မေ့လေလော့၊ ဗုဒ္ဓဟောကြားသောမဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရား၊ ပရိယတ်တရားတို့ကိုလည်း ကိုးကွယ်ရာဟူ၍ အမြဲမပြတ်ဆည်းကပ်အောက်မေ့လေလော့"

ဗုဒ္ဓဟောကြားသောတရားတော်များကို ကောင်းစွာ ကျင့်ကြံတော်မူသော မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်ဟူသော အရိယာသံဃာတော်များကို ကိုးကွယ်ရာ ပူဇော်ရာဟူ၍

အမြဲမပြတ် ဆည်းကပ်အောက်မေ့လေလော ဟု သရဏဂုံသုံးပါး ကို ဆည်းကပ်ပုံကိုဟောတော်မူသည်။

ထို့နောက် "သူ့အသက်မသတ်ရ၊ သူ့ဥစ္စာမခိုးရ၊ သူ့သား အိမ်ယာမပြစ်မှားရ၊ လိမ်ညာမပြောရ၊ သေရည်သေရက် မသောက်ရ" ဟူသော ငါးပါးသီလကိုလည်း ဟောတော်မူသည်။

ဆတ္တမာဏဝလုလင်သည် ဗုဒ္ဓဟောကြားသော သရဏ ဂုံသုံးပါးနှင့်ငါးပါးသီဆောက်တည်ပုံဂါထာတို့ကို နှုတ်ဖြင့် ရွတ်ဆို ရာ ဆောက်တည်စေသည်၊ ငါးပါးသီလကိုလည်းခံယူစေသည်။

ထို့နောက် ဗုဒ္ဓကိုရှိခိုးခွင့်ပန်ပြီး သရဏဂုံသုံးပါးနှင့်ငါးပါး သီလကိုအောက်မေ့ဆင်ခြင်ပြီး ဗုဒ္ဓထံပါးမှဆက်လက်ထွက်ခွာ လာခဲ့သည်၊ ဗုဒ္ဓကလည်း ဆတ္တမာဏဝအတွက် ဤမျှသော ကုသိုလ်သည် နတ်ပြည်၌ဖြစ်ခြင်းငှာထိုက်ပြီး သင့်လျော်ပြီး ဟု ဆင်ခြင်ကာ ဇေတဝန်ကျောင်းသို့ပြန်ကြွခဲ့သည်။

ဆတ္တမာဏဝလုလင်သည် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဟူသော ရတနာသုံးပါး ဂုဏ်ကိုအောက်မေ့လျက်သွားသည်ရှိသော် သူခိုးတို့စောင့်နေ သော တောအုပ်သို့အရောက်တွင် သူခိုးများကဝိုင်းဝန်းထားကြ သည်၊ ခိုးသူတစ်ယောက်သည် ချုံကွယ်တစ်ခုမှနေ၍ ဆိပ်လူးမြား ဖြင့် ဆတ္တမာဏဝကိုပစ်ခတ်ရာ ဆတ္တမာဏဝသည် ထိုနေရာ၌ ပင်သေပြီး သေသည်၏အခြားမဲ့၌ တာဝတိံသာနတ်ပြည်ဝယ် ယူဇနာသုံးဆယ်ရှိသော ဗိမာန်ကြီး၌ နတ်သားဖြစ်ရလေသည်၊ ထိုဗိမာန်၏အရောင်သည် ယူဇနာ(၂၀)လွန်၍ ဖြာထွက်ထွန်း လင်းတောက်ပသည်။

ဆတ္တမာဏဝ၏ သေဆုံးနေသောအလောင်းကို သေတဗျမြို့သားခရီးသွားတို့မြင်ကြကုန်၍ သေတဗျမြို့ရှိ ဆတ္တမာဏဝ၏မိဘတို့ကို အသိပေးအကြောင်းကြားသည်၊ ဥက္ကဋ္ဌမြို့သားခရီးသည်တို့ကလည်း ပေါက္ခရသာတိပုဏ္ဏားကြီးအား ပြောကြားကြကုန်သည်။

ထိုအကြောင်းကို ကြားသိကုန်ကြ၍ ဆတ္တမာဏဝ၏ မိဘဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့သည်လည်းကောင်း၊ ပေါက္ခရသာတိပုဏ္ဏားကြီးသည် အခြံအရံပရိသတ်ဖြင့်လည်းကောင်း၊ ဆတ္တမာဏဝအလောင်းရှိရာသို့ လာကြပြီးလျှင် မျက်ရည်စီးကျ ငိုကြွေးကြကုန်သည်၊ သေတဗျမြို့သားများ၊ ဣစ္ဆာနင်္ဂလမြို့သားများ၊ ဥက္ကဋ္ဌမြို့သားများတို့သည် စုရုံးစည်းဝေးမိကြသည်။

ဆတ္တမာဏဝ၏မိဘများသည် သား၏အလောင်းကို မီးသင်္ဂြိုဟ်ရန် ထင်းပုံကိုပြုလုပ်စီမံကြသည်။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းအပေါင်းခြံရံလျက် ထိုနေရာသို့ကြွတော်မူလေသည်၊ ရောက်တော်မူသော် ခြောက်သွယ်သောရောင်ခြည်တော်ကိုလွှတ်၍ ထိုင်နေတော်မူသည်။

ထိုအခါ ဆတ္တမာဏဝနတ်သားသည် မိမိရရှိခံစားရသောနတ်စည်းစိမ်ကိုဆင်ခြင်၍ အကြောင်းကိုစဉ်းစားဆင်ခြင်မိသော် ဗုဒ္ဓသင်ပေးလိုက်သော သရဏဂုံနှင့်ငါးပါးသီလ၏အကျိုးကိုသိမြင်ပြီး အလွန်အံ့ဩသောစိတ်ဖြစ်လျက်-

"ဗုဒ္ဓနှင့်ရဟန်းသံဃာများကို ရှိခိုးအံ့၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုသိစေအံ့"

ဟု ကတညူတတရားကိုမှီ၍ ထိုတောအရပ်ကို တပြိုင်နက်

ထွန်းလင်းတောက်ပသောအရောင်ကိုပြုလျက် ဘုံဗိမာန်နှင့်တကွ လာပြီးလျှင် ဗုဒ္ဓအနီးသို့ ထင်ရှားသောကိုယ်ဖြင့်ရောက်သော် ဘုံဗိမာန်မှဆင်း၍ အခြံအရံနတ်သမီးများနှင့်အတူ ဗုဒ္ဓ၏ခြေတော်ကိုဦးခိုက်ရှိခိုးလေသည်။

ဆတ္တမာဏဝနတ်သားကိုမြင်သော် လူများအပေါင်းသည်-

"ဤသည်ကား နတ်လေလော၊ ဗြဟ္မာလေလော၊ အဘယ်သူဖြစ်ပါသနည်း"

ဟု အံ့ဩသောစိတ်ဖြစ်ကုန်လျက် ကြည့်ရှုကြကုန်ပြီး ဗုဒ္ဓ၏အနီးသို့ဝိုင်း၍လာကြလေသည်။

ထိုအခါ ဗုဒ္ဓသည် လူအများထင်ရှားသိစေခြင်းငှာ ထိုနတ်သားကို-

"သင်နတ်သား၏ဘုံဗိမာန်သည် အတုမရှ၊ ပမာဏဖြင့်နှိုင်းဆမရှိ၊ ထွန်းလင်းဘိ၏၊ နေရောင်၊ လရောင်၊ နက္ခရောင်တို့သည် မပြောင်မထွန်း၊ အရောင်လွှမ်း၍ နတ်နန်းဆောင်ပျံ၊ ဘုံဗိမာန်နှင့်လူထံမြေရပ်ဆင်းသက်လာလတ်သော သင်နတ်သားသည်ကား စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာစသည့်နတ်ပြည်ခြောက်ထပ်၊ နတ်ဘုံရပ်တွင် အဘယ်နတ်ပြည်က အဘယ်နတ်ဖြစ်ပါသနည်း၊ သင်၏ ဗိမာန်အရောင်သည်ကား နေ၏အရောင်ထက် ထွန်းလင်းတောက်ပပါ၏၊ ယူဇနနှစ်ဆယ်သာ၍ ရောင်ဝါ ပဝင်းထွန်းလင်းဘိ၏၊ ညဥ့်အခါ၌လည်း နေ့အခါကဲ့သို့ ထွန်းလင်း၏၊ ညဥ့်ကိုပယ်ဖျောက် နေ့သို့ရောက်၏၊ အတွင်းအပစင်ကြယ်လှ၍ များစွာသောပဒုမ္မာကြာ ပုဏ္ဏရိပ်တို့ဖြင့် ဆန်းကြယ်

စွာ၏ များစွာသောပန်းဆိုင်၊ ပန်းခိုင်တို့ဖြင့်လည်း တင့်တယ်လှပ ဆန်းကြယ်၏၊ ရွှေကြာနှယက်၊ ရွှေဇာပျောက်တို့ဖြင့် ဖုံးလွှမ်းကာရံ လျက် ကောင်းကင်ယံတက်သယ် နေမင်းကဲ့သို့ ထွန်းလင်းတောက်ပ၏။

ဤကဲ့သို့ ထွန်းလင်းတောက်ပနေသော သင်နတ်သား၏ ဘုံဗိမာန်၌ အနီကိုဝတ်၍ အရွှေကိုခြုံ၊ အရွှေကိုဝတ်၍ အနီကိုခြုံ လုံသောအဝတ်ပုဝါရှိကုန်သော အကျော်ကာရမက်၊ သရက္ခန်၊ စန္ဒကူးရည်၏ကြည်ပုံ့လှိုင်မွှေးကြိုင်စွာလိမ်းကျံကုန်ထသော ရွှေအဆင်းနှင့်တူသောအဆင်းအရေရှိကုန်သော နတ်သမီးတို့ သည် သီချင်းကိုသာယာစွာသီဆိုကြကုန်လျက် ထိုထိုဘုံနန်းကြာ တိုက်ခန်းတို့၌ လှည့်လည်သွားလာ ကြယ်တာရာသို့များစွာပြည့် နှက်၍ နေပါ၏။

မွှေးကြိုင်သောပန်းခိုင်၊ ပန်းကုံးတို့ကိုပန်ဆင်ကြကုန် လျက် အထူးထူးသောအဆင်းရှိကုန်သော နတ်သမီး၊ နတ်သား ခြွေရံများလည်း ပျော်ပါးမြူးရွှင်ကြည်လင်သောစိတ်ရှိကြပါကုန် ၏။

မွှေးကြိုင်သောပန်းကုံး၊ ပန်းခိုင်အဝတ်ဘန်ဆာတို့မှ မွှေးကြိုင်သောအနံ့တို့သည် လေတင်း၊ လေညှာ၊ ဘယ်ညာပျံ့လှိုင် မွှေးကြိုင်၍ နေကြပါကုန်၏။

ဤကဲ့သို့သော စည်းစိမ်ကိုခံစား၍နေရခြင်းကား အဘယ်ကုသိုလ်ကံ၏အကျိုးထူးဖြစ်ပါသနည်း၊ အဘယ်ကုသိုလ် ကံပြုခဲ့သောကြောင့် သင်နတ်ပြည်၌ နတ်သားဖြစ်၍နေရပါသနည်း၊ ငါဘုရားအား အကြောင်းစုံလျှောက်ထားပြောဆိုစေလိုပါ၏" ဟု မိန့်ကြား တော်မူသည်။

"မြတ်စွာဘုရား . . တပည့်တော်သည် ဤမျှလောက် ပြုဘူးသော ဤသရဏဂုံသုံးပါးနှင့် ငါးပါးသီလကုသိုလ်ကို အောက်မေ့မိပါ၏၊ အရှင်ဘုရား၊ ဤကုသိုလ်မှတစ်ပါး အခြား ကုသိုလ်မရှိပါဘုရား၊ တပည့်တော်သည် သရဏဂုံနှင့် ဤငါးပါး သီလကုသိုလ်ဖြင့် တာဝတိံသာနတ်ပြည်သို့ရောက်ခဲ့ရပြီး အလို ရှိရာကာမဂုဏ်တို့ဖြင့်ပြည့်စုံရသော နတ်သားဖြစ်ရပါမည်ဘုရား၊ အရှင်ဘုရား . တစ်ခဏတာမျှ စောင့်စည်းသောတပည့်တော် အား တရားတော်နှင့်လျော်ညီစွာကျင့်သော အကျင့်မြတ်၏ အကျိုးထူးကို ရှုကြည့်တော်မူပါဘုရား"

တန်ခိုးကြွဒ္ဓိပါဒ်အခြံအရံအားဖြင့် တောက်ပသကဲ့သို့ မြင်ကြကုန်သော များစွာကုန်သောတပည့်တော်အောက်တန်ခိုး နိမ့်ကျကုန်သောနတ်သား၊ နတ်သမီးတို့သည် တပည့်တော်အား ချစ်မြတ်နိုးကြပါကုန်၏၊ တပည့်တော်ဘဝမျိုးကို ရယူလိုကြပါ ကုန်၏။

"မြတ်စွာဘုရား . . အနည်းငယ်မျှသောဒေသနာကို နာကြားရသောကြောင့် ကောင်းမြတ်သောနတ်ဘဝသို့ရောက်ရ ပါ၏၊ ချမ်းသာခြင်းသို့လည်းရောက်ရပါ၏၊ အကြင်ရဟန်းရှင်လူ ခပ်သိမ်းတို့သည် အရှင်ဘုရား၏တရားတော်ကို နေ့စဉ်မပြတ် နာကြရကုန်၏၊ ထိုသူတို့သည် သေခြင်းမရှိသော ဘေးကင်းရာ နိဗ္ဗာန်သို့ရောက်ကြလိမ့်မည်ထင်ပါသည်ဘုရား"

"မြတ်စွာဘုရား . . အရှင်ဘုရား၏တရားတော်ကို အနည်းငယ်မျှပြုသောကုသိုလ်သည်လည်း ကြီးသောအကျိုးရှိပါ ၏၊ ပြန့်ပြောများပြားသောအကျိုးရှိပါ၏၊ ကောင်းမှုကိုပြုပြီးသော

ကြောင့် မြေပြင်အားလုံးကိုနေမင်းကဲ့သို့ထွန်းလင်းနိုင်သော ဆတ္တမာဏာဝကိုရှုတော်မူပါဘုရား"

"မြတ်စွာဘုရား . . . သဒ္ဓါပညာနည်းပါးကုန်သော အချို့သောသူတို့သည် ဤကုသိုလ်မည်သည်ကား အဘယ်သို့ ဖြစ်နိုင်ပါမည်နည်း၊ ဤကုသိုလ်ကို အဘယ်သို့ကျင့်နိုင်ပါမည် နည်း၊ ဤသို့လျှင် ညည်းတွားပြောဆိုကြပါကုန်၏၊ မြင့်မိုရ်တောင် ကြီးကို ချီမရသကဲ့သို့ မြေကြီးကိုလှန်ရသကဲ့သို့စုဝေး၍ ခဲယဉ်းစွာ ပြောဆိုနေကြပါကုန်၏။

သဒ္ဓါတရားမရှိ၊ ပါရမီမရှိကုန်သော အချို့သောသူတို့ သည် ကုသိုလ်ဖြစ်အောင်ပြုခြင်းကို မသိကြသောကြောင့် လည်းကောင်း၊ နှမြောဝန်တိုမပြုလုပ်လိုသောကြောင့် လည်းကောင်း၊ ကုသိုလ်ကိုအဘယ်သို့ဖြစ်အောင်ပြုလုပ်နိုင်မည် နည်းဟူ၍လည်းကောင်း၊ အဘယ်မှာကျင့်နိုင်မည်နည်းဟူ၍ လည်းကောင်း ပြောဆိုနေကြပါကုန်၏၊ အချို့လူတို့သည်လည်း ယခုချက်ချင်းသောတာပန်တည်ရာမဟုတ်ဘဲနှင့် အဘယ်မှာ ကျင့်နိုင်မည်နည်းဟုဆိုကြပါကုန်၏"

"မြတ်စွာဘုရား . . . တပည့်တော်တို့သည်ကား နောင် တစ်ဖန် လူ့ဘဝကိုရပါမူကား သီလရှိလျက် အကျွတ်တရားကို ကျင့်လျက်နေလိုပါ၏ဘုရား"

"များစွာသောကျေးဇူးရှိတော်မူသောသတ္တဝါများကို အစဉ်သနားတော်မူသောမြတ်စွာဘုရား . . အရှင်ဘုရားသည် တပည့်တော်အား ခိုးသူတို့မသတ်မီ အသက်ရှိစဉ်နေ့အခါ စော စောကပင်လျှင် ကြွလာတော်မူ၍တပည့်တော်သည် မြတ်စွာ ဘုရားကို ဆည်းကပ်ခွင့်ရခဲ့ပါ၏ဘုရား"

"မြတ်စွာဘုရား. . . ယခုတစ်ဖန် တပည့်တော်ကို သနားတော်မူ၍ တရားကိုဟောကြားပေးပါဦးဘုရား၊ အရှင်ဘုရား၏တရားကိုနာလို၍ တပည့်တော် ဤနေရာသို့ လာရောက်ပြီး အရှင်ဘုရားအား ဖူးမြော်ရှိခိုးခဲ့ပါ၏ဘုရား"

ဆတ္တမာဏဝနတ်သားက အလုံးစုံအပြည့်စုံလျှောက်ထားပြီး တရားကိုဟောကြားပေးရန် တောင်းပန်လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်သည် ဆတ္တမာဏဝနတ်သားအားလည်းကောင်း၊ ထိုအရပ်၌စုဝေးရောက်လာသော ပရိသတ်တို့၏အဇ္ဈာသယကိုဆင်ခြင်သုံးသပ်တော်မူ၍ အစဉ်အတိုင်းသော ဒါနတရား၊ သီလတရား၊ မဂ္ဂတရားတို့ကိုဟောကြားပြီးနောက် ကိုယ်တော်တိုင်သိခဲ့သောသစ္စာလေးပါးတရားတို့ကို ဆက်လက်ဟောကြားတော်မူသည်။

တရားတော်၏အဆုံး၌ ဆတ္တမာဏဝနတ်သားနှင့် ဆတ္တမာဏဝ၏မိဘတို့သည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

များစွာသောပရိတ်သတ်အပေါင်းတို့သည် တရားထူးအသီးသီးကို မိမိတို့၏ပါရမီအားလျော်စွာသိ၍ ဓမ္မာဘိသမယဖြစ်ကြကုန်သည်။

ထို့နောက် ဆတ္တမာဏဝနတ်သားသည် အထက်မဂ်(၃)ပါးကို မိမိအလေးပြု၍ရအောင်အားထုတ်လိုသောအကြောင်းရင်းကို ဗုဒ္ဓအား ဤသို့လျှောက်ထားကြလေသည်။

"မြတ်စွာဘုရား. . . ဤသာသနာတော်၌ အကြင်ပုဂ္ဂိုလ်တို့သည် ကာမဂုဏ်စွဲမက်ခြင်းကိုပယ်စွန့်နိုင်ကြကုန်၏၊ ရူပ-အရူပ

ဘုံ၌စုံမက်ငြိကပ်သောတဏှာကိုလည်းကောင်း၊ မောဟကိုလည်းကောင်း၊ ပယ်စွန့်ပါမူ နောက်ဘဝအမိဝမ်း၌ ပဋိသန္ဓေနေခြင်းကို မကပ်ရောက်နိုင်တော့ပါ။ ကိလေသာငြိမ်းပြီးသောရဟန္တာတို့သည် နိဗ္ဗာန်သို့သာရောက်ရပါ၏ဘုရား"

ဆတ္တမာဏဝနတ်သားသည် မိမိ၏သောကာပန်တည်သောအဖြစ်ကိုလျှောက်ထားလျက် အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ဒေသနာ၏အထွဋ်ကိုယူ၍ ဗုဒ္ဓအားလက်ျာရစ်ပူဇော်၍ အခြံအရံနှင့်တကွ နတ်ပြည်သို့ပြန်လေသည်။

ဆတ္တမာဏဝနတ်သား၏မိဘတို့သည်လည်းကောင်း၊ ပေါက္ခရသာတိပုဏ္ဏားကြီးနှင့်ပရိတ်သတ်တို့သည်လည်းကောင်း ဗုဒ္ဓကို လိုက်ပို့ကြပြီးနောက် မိမိတို့နေရာသို့ အသီးသီးပြန်ကြလေသည်။

မိမိ၏ပြုခဲ့သောကုသိုလ်ကံကြောင့် ချက်ချင်းရရှိအပ်သောနတ်စည်းစိမ်ကို ရယူ၍မိမိ၏မိဘနှင့်ဆရာထံ ပရိတ်သတ်ဖြင့်ကွင်းအထိလာရောက်ပြောဆိုပြသသော ဆတ္တမာဏဝနတ်သား၏ဘဝသည်လည်း အတုယူဖွယ်၊ မှတ်သားဖွယ်ကောင်းလှပါသည်။

**ဆတ္တမာဏဝဝိမာန**

[ ၁ ] မဋ္ဌကုဏ္ဍလီနတ်သား

သာဝတ္ထိပြည်၌ အဒိန္နပုဗ္ဗကအမည်ရှိသော သူဌေး တစ်ဦးရှိသည်၊ သူသည် ဥစ္စာပစ္စည်းပေါများသော်လည်း တစ်စုံ တစ်ခု လှူဘူးသည်ဟူ၍မရှိသောကြောင့် အဒိန္နပုဗ္ဗက ဟူ၍ အမည်တွင်ခဲ့သည်၊ သူသည် ဗုဒ္ဓကိုမကြည်ညို၊ ရဟန်းသံဃာကို လည်း မကြည်ညိုသူဖြစ်သည်၊ သူ့တွင် မဋ္ဌကုဏ္ဍလီအမည်ရှိ သားတစ်ယောက်ရှိသည်၊ အဒိန္နပုဗ္ဗကပုဏ္ဏားသည် သားကို လည်း ရဟန်းဂေါတမကိုလည်းကောင်း၊ ရဟန်းဂေါတမတပည့် သံဃာကိုလည်းကောင်း၊ ဆည်းကပ်ခြင်းကိုမပြုလင့်၊ ကြည်ညို ဖူးမျှော်ခြင်းကိုလည်း မပြုလင့် ဟု သင်ပြထားသည်။

မကြာခင် မဋ္ဌကုဏ္ဍလီသည် မကျန်းမမာရောဂါစွဲကပ် လာသည်၊ ဖခင်ပုဏ္ဏားသည် ဥစ္စာကုန်မည်စိုးရိမ်သောကြောင့် ဆေးကုခြင်းကိုမပြုချေ၊ အနာရောဂါပြင်းထန်လာသောအခါ ဆေးဆရာထံသွား၍ ဘယ်လိုရောဂါအခြေအနေမျိုးဖြစ်လျှင် ဘယ်လိုကုရမလဲဟုမေးပြီး မိမိဘာသာ သစ်ဥသစ်မြစ်တို့ကိုရှာ ဖွေကာ ဆေးဖော်စပ်ပြီး ကုသပေးသည်၊ သို့သော် သားရောဂါက မသက်သာ၊ သေလုနီးပါးဖြစ်လာသည်။

သားကိုဆေးကု၍မရတော့ဟုသိသောအခါ လူနာလာ မေးကြလျှင် ညှော်ခံ၍ကုန်လိမ့်မည်၊ အတွင်း၌သေလျှင် ထုတ်ယူ ရန်လူခေါ်ရမည်၊ ခက်ခဲမည်ဟုဆိုကာ အပြင်တံခါးမုတ်၌ ထုတ် ထားလေသည်။

ဗုဒ္ဓသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌သီတင်းသုံးပြီး နံနက်မိုးသောက်အခါ၌ မဟာကရုဏာဉာဏ်တော်ဖြင့် လောကကိုကြည့်ရှုသည်ရှိသော် အသက်သေကာနီးဖြစ်သော မဋ္ဌကုဏ္ဍလိကိုမြင်သည်။

"ဤလုလင်သည် ယနေ့ပင်စုတေ၍ ငရဲ၌ဖြစ်လတ္တံ့သော ကံသည်အခွင့်သာနေသည်၊ အကယ်၍ ငါဘုရားသည် မဋ္ဌကုဏ္ဍလိရှိရာသို့ကြွသွားသံဖြင့် ငါဘုရားအပေါ်၌စိတ်ကိုကြည်ညိုစေကာမျှဖြင့် နတ်ပြည်သို့ဖြစ်လတ္တံ့၊ နတ်ပြည်ဖြစ်ပြီးမှ သင်္ချိုင်းသို့သွား၍ငိုကြွေးနေသောဖခင်ကို သတိသံဝေဂရစေပြီး ငါဘုရားထံ ဖခင်ပုဏ္ဏားကြီးပါရောက်လာပြီး လူအပေါင်းစည်းဝေးလတ္တံ့၊ ငါဘုရားဟောသောတရား၌ နှစ်သက်မြတ်နိုးကြလတ္တံ့"

ဟု သိတော်မူ၍ များစွာသောရဟန်းအပေါင်းခြံရံလျက် သာဝတ္ထိမြို့ထဲသို့ဆွမ်းခံကြွတော်မူသည်။

မဋ္ဌကုဏ္ဍလိတို့အိမ်အနီးသို့ရောက်သော် ခြောက်သွယ်သောရောင်ခြည်တော်တို့ကို မဋ္ဌကုဏ္ဍလိထံသို့စေလွှတ်ပေးတော်မူသည်။

မဋ္ဌကုဏ္ဍလိသည် ရောင်ခြည်တော်ခြောက်သွယ်တို့ကို မြင်၍ -

"အဘယ်အရောင်များဖြစ်လေသနည်း"

ဟု ထိုမှ ဤမှ ကြည့်ရှုသည်ရှိသော် ၃၂-ပါးသော လက္ခဏာတော်နှင့်ပြည့်စုံပြီး ရောင်ခြည်တော်ခြောက်သွယ်ဖြင့် တင့်တယ်နေသောဗုဒ္ဓကိုမြင်မိလေသည်။

"ဗုဒ္ဓသည် ဤနေရာသို့ရောက်လာတော်မူပေ၏တကား၊ ဗုဒ္ဓသည် အဆင်းရုပ်ရေနှင့်ပြည့်စုံတင့်တယ်သပ္ပာယ်တော်မူလှ ပါပေ၏တကား၊ ကိုယ်တော်မြတ်၏ရောင်ခြည်တို့သည် နေအ ရောင်ကိုပင် လွှမ်းမိုး၍ ထွန်းလင်းတောက်ပတော်မူပေ၏တကား ကိုယ်တော်၏အတ္တဘောဖြင့် လရောင်ကိုလွှမ်းမိုး၍ထွန်းလင်း သပ္ပာယ်တင့်တယ်တော်မူပေ၏တကား၊ ငြိမ်သက်တည်ကြည် သော ရဟန်းပုဏ္ဏားသူတော်သူမြတ်တို့ထက် အဆပေါင်းရာ ထောင်သောင်းသိန်းမျှမကပို၍ ငြိမ်သက်တည်ကြည်တော်မူ သော ဣန္ဒြေနှင့်ပြည့်စုံပေ၏တကား၊ ဤလောကသုံးခွင်ဘုံအပြင် ၌ အမြတ်ဆုံးဖြစ်သောပုဂ္ဂိုလ်ဟူသည်မှာ ဤဗုဒ္ဓပင်ဖြစ်လိမ့်မည် တကား၊ ငါ့အား သနားကြင်နာသောဗုဒ္ဓကိုယ်တော်မြတ်သည် ငါအကျိုးငှာသာလျှင် ဤနေရာသို့ရောက်လာတော်မူသည် ဖြစ် မည်တကား"

ဟု ဗုဒ္ဓအပေါ်၌ကြည်ညိုလှသော ဗုဒ္ဓါရမ္မဏာပီတိသည် ဝမ်း၌ ထိသကဲ့သို့ နှစ်သက်ခံစားမိကာ ညွတ်တွားရိုသေသောစိတ်ဖြင့် လက်အုပ်ချီတင်လျက် အိပ်နေရင်းကပင် ရှိခိုးမိလေသည်။

ဗုဒ္ဓသည် မဋ္ဌကုဏ္ဍလီ၏လက်အုပ်ချီရှိခိုးသည်ကိုမြင် တော်မူ၍-

"ဤမျှလောက်သောကုသိုလ်ဖြင့်ပင် နတ်ပြည်ချမ်းသာကို ရရှိခံစားရမည်"

ဟု နှလုံးပြု၍ ဖယ်ခွာကြွတော်မူသည်။

မဋ္ဌကုဏ္ဍလိသည် ဗုဒ္ဓကိုကြည်ညိုသောစိတ်ဖြင့် လက်အုပ်ချီရင်းပင် ကွယ်လွန်လေရာ တာဝတိံသာနတ်ပြည်ပယ် (၁၂) ယူဇနာရှိသောဘုံဗိမာန်၌ နတ်သားဖြစ်လေသည်။

အဘပုဏ္ဏားကြီးသည်က သည်းစွာငိုကြွေးမြည်တမ်းလျက် သား၏အလောင်းကို သုသာန်၌ သင်္ဂြိုဟ်ကိစ္စပြုလေသည်။

ဒုတိယနေ့၌ နံနက်စောစောထပြီးလျှင် သင်္ချိုင်းသို့သွားကာ 'ချစ်သား မဋ္ဌကုဏ္ဍလိ. . . ချစ်သား မဋ္ဌကုဏ္ဍလိ' ဟုခေါ်ဆိုလျက် ငိုကြွေးမြည်တမ်း၍နေလေသည်။

မဋ္ဌကုဏ္ဍလိနတ်သားသည်ကား မိမိခံစားရရှိသောနတ်စည်းစိမ်ကိုကြည့်၍-

"ငါသည် အဘယ်ဘဝကနေ ဤနတ်ပြည်သို့ရောက်လာရပါသနည်း၊ အဘယ်ကုသိုလ်ကိုပြုလုပ်ခဲ့ပါသနည်း"

ဟု ဆင်ခြင်မိသည်။

ရှေးဘဝ၌ ဗုဒ္ဓကိုကြည်ညိုသောစိတ်ဖြင့်အိပ်လျက် လက်အုပ်ချီခြင်းကုသိုလ်ကိုမြင်သည်။

"သြော်. . . ဗုဒ္ဓ၏ အာနုဘော်ကျေးဇူးတော်သည်ကား ကြီးမြတ်လှပါပေ၏တကား"

ဟု အလွန်ကြည်ညိုသည်ထက် ကြည်ညိုသောစိတ်ကို အကြိမ်ကြိမ် ဖြစ်စေလျက် နောက်ထပ်တစ်ဖန်ဆက်၍ဆင်ခြင်၍ကြည့်ပြန်သော် သင်္ချိုင်း၌ မိမိကိုတမ်းတ၍ငိုကြွေးနေသော ဖခင်ပုဏ္ဏားကြီးကို မြင်မိလေသည်။

"ဤပုဏ္ဏားသည် ရှေးအခါက ငါ့ကိုဆေးကုခြင်းကိုမပြုမူ၍ ယခုမှ အကျိုးမဲ့ငိုကြွေးနေဘိတကား၊ ငါသည် ယခုပင်လျှင်

ထိုပုဏ္ဏားကိုထိတ်လန့်စေ၍ ကုသိုလ်တရား၌တည်စေအံ့”
ဟု စဉ်းစားပြီး နတ်ပြည်မှသက်ဆင်းလာကာ ရှေးက မဋ္ဌကုဏ္ဍလိ
ပုံသဏ္ဌာန်အသွင်ဖြင့်ပင်လျှင် ပုဏ္ဏားကြီးအနီး၌ရပ်ပြီး-

“အို. . . လမင်း၊ အို. . . နေမင်း”

ဟုဆို၍ ငိုကြွေးနေလေသည်။

ပုဏ္ဏားကြီးသည် မိမိအနီး၌လာ၍ငိုနေသောလုလင်ကို
အံ့ဩစွာကြည့်မိသော် မဋ္ဌကုဏ္ဍလိနှင့်တူသောလုလင်ကိုတွေ့ရ
သဖြင့် ပို၍ပင်အံ့ဩကာ-

“အဝတ်တန်ဆာကောင်းစွာဆင်လျက် ပြေပြစ်ချောမွေ့
သောပတ္တမြားနားဋောင်းကိုပန်ဆင်လျက် ပန်းပန်ပြီး တစ်ကိုယ်လုံး
စန္ဒကူးအနံ့သင်းပျံ့မွှေးပြီး လက်မောင်းကိုမြှောက်၍-မြှောက်၍
သင်သည် အဘယ်သို့သောဆင်းရဲကြောင့် ဤသချိုင်းအလယ်၌
လာရောက်ငိုကြွေးနေရဘိသနည်း”

ဟု မေးလေသည်။

“ပုဏ္ဏား. . . ငါ့အား ရွှေဖြင့်ပြီးသော ပြိုးပြိုးပြက်ပြက်
အရောင်ထွက်လျက်ရှိသော ရထားအိမ်သည်ဖြစ်ပေါ်နေပါ၏၊
ထိုရွှေရထား၏ရထားဘီးအစုံကိုမရသေးပါ၊ ထိုရထားဘီးနှစ်ခု
မရသောဆင်းရဲဖြင့်ပင် အသက်ကိုစွန့်ရန်ဆုံးဖြတ်ပြီး လာရောက်
ငိုနေမိပါသည်”

“အမောင်လုလင်. . . ရွှေဖြင့်ပြီးသောဘီးအစုံ၊ ပတ္တမြား
ဖြင့်ပြီးသော ဘီးအစုံ၊ ပတ္တမြားနီဖြင့်ပြီးသောဘီးအစုံ၊ ဒါမှမဟုတ်
ငွေဖြင့်ပြီးသော ဘီးအစုံ သင်လိုရာကိုပြောပါ၊ ငါသည် သင်လို
သမျှ ပြုလုပ်ပေးပါမည်”

ပုဏ္ဏားး၏စကားကိုကြားလျှင် မဒ္ဒကုဏ္ဍလိနတ်သားသည်
"ဤပုဏ္ဏားကြီးကား မိမိသားကိုမူ ဆေးမကုလို့ဘဲ သေဆုံးပြီးမှ မိမိသားနှင့်တူသောငါ့ကိုမြင်၍ငိုကြွေးလျက် ရွှေ၊ ငွေ၊ ပတ္တမြား၊ လှည်းဘီးအစရှိသည်တို့ကိုလုပ်ပေးမည်ဟုဆိုလာသည်၊ ဤပုဏ္ဏားကို စကားဖြင့်နှိပ်၍ဆိုဦးအံ့"
ဟု ကြံစည်လျက်-
"အသင်ပုဏ္ဏားကြီး. . . ငါ့အားကြီးစွာသောဘီးကို ပြုလုပ်ပေးနိုင်ပါသလော"
ဟု မေးသည်။
"သင်အလိုရှိသောဘီးကို သင်အလိုရှိသည်အတိုင်း ငါ ပြုလုပ်ပေးနိုင်ပါသည်လုလင်"
"အသင်ပုဏ္ဏားကြီး. . . တတ်နိုင်ပါလျှင် အထက်ကောင်းကင်၌ရှိသော နေနှင့်လတို့ကို လှည်းဘီးပြုလုပ်ရန် ကျွန်ုပ်အလိုရှိပါသည်"
"သင် မိုက်လှစွတကား. . . မရနိုင်သော နေနှင့်လကို ဘီးပြုလုပ်ခြင်းငှာ အလိုရှိဘိ၏၊ သင်သည် နေနှင့်လကိုအလိုရှိ၍ ငိုကြွေးနေပါလျှင် သေရုံသာရှိမည်၊ နေနှင့်လကို ဘယ်သောအခါ မှရနိုင်မည် ငါမထင်ပါ"
"အို-ပုဏ္ဏားကြီး. . . ငါ အလိုရှိ၍ ငိုကြွေးနေသော နေနှင့်လတို့ကိုမြင်ရပါသေး၏၊ သေသောသူကိုမြင်ရတော့သည် မဟုတ်၊ မီးရှို့လောင်ကျွမ်းပြီး မမြင်ရတော့သောသားကို တမ်းတပြီး ငိုကြွေးနေသောသင်နှင့်ငါ ဘယ်သူက သာလွန်၍မိုက်မဲပါဘိ သနည်း"

ထိုသို့လုလင်ကဆိုသောအခါ ပုဏ္ဏားကြီးသည် သတိသံဝေဂ ချက်ချင်းရလာသဖြင့်-

“ဤလုလင်ပျိုသည် ဟုတ်မှန်သောစကားကိုဆိုပေသည် နေနှင့်လကို အလိုရှိ၍ ငိုသောသူကဲ့သို့ ငါသည်လည်း သေသူကိုအလိုရှိ၍ ငိုကြွေးဘိ၏၊ ငါကပင်လျှင် သာလွန်၍ မိုက်ရာကျပေသည်တကား”

ဟု စဉ်းစားကာ မျက်ရည်သုတ်ပြီး ငိုကြွေးခြင်းကိုရပ်လေသည်။

“လုလင်ပျို. . . သောကမီးဖြင့် ပြောင်ပြောင်တောက်လောင်နေသောငါ့ကို အပူငြိမ်းအေးအောင် မီးကို ရေအေးဖြင့်လောင်းပြီး ငြိမ်းသတ်ပေးသကဲ့သို့ အလုံးစုံသောပူပန်မှုကို သင်လုလင်က ငြိမ်းအေးစေတကား။

ငါ၏နှလုံးထဲ၌ရှိနေသော စိုးရိမ်ခြင်းဖြစ်နေသော မြှားငြောင့်တို့ကို နှုတ်ပေးပစ်၏တကား၊ သားသေ၍ စိုးရိမ်ပူဆွေးဖြစ်နေရသောငါ့ကို ပယ်ဖျောက်ပေး၏တကား၊ ယခု ငါသည် သောကမရှိ၊ ငြိမ်းအေးသွားပါ၏၊ စိုးရိမ်မရှိ၊ မငိုကြွေးမိတော့ပါ”

ထို့နောက် မဋ္ဌကုဏ္ဍလိသည် လုလင်အသွင်ကိုဖျောက်၍ နတ်အသွင်ကိုပြလေရာ ပုဏ္ဏားကြီးသည် တစ်ဖန် အံ့အားသင့်ပြီး-

“သင်သည် နတ်သားဖြစ်သလော၊ ဂန္ဓဗ္ဗလော၊ သိကြားမင်းလော၊ သင့်ကို မည်သို့သိရမည်နည်း၊ သင်သည် မည်သူ၏သားနည်း၊ သင့်ကို ငါ ဘယ်ကဲ့သို့သိရပါမည်နည်း”

“အို-ပုဏ္ဏားကြီး. . . သင်သည် သင်္ချိုင်း၌ ယမန်နေ့ကသေဆုံးခဲ့သောသားကိုမီးရှို့ခဲ့ပြီး ယခု ရှိုက်ကြီးတငင်လာရောက်

ငိုကြွေးနေဘိ၏၊ ယခု ငါသည်ကား အခြားမဟုတ်၊ မဋ္ဌကုဏ္ဍလိ မည်သော နတ်သားဖြစ်ပါ၏”

“သင်နတ်သားသည် ငါ့သား မဋ္ဌကုဏ္ဍလိဖြစ်သည်ဟု ဆိုအံ့၊ သင်သည် ရှေးက တစ်စုံတစ်ခုသောကုသိုလ်ကောင်းမှု၊ ပေးလှူမှုတို့ကိုလည်းပြုလုပ်လှူဒါန်းသည်ကိုလည်း ငါမမြင်ရပါ၊ ဥပုသ်စောင့်သုံးခြင်းလည်းမမြင်ရပါ၊ အဘယ်ကုသိုလ်ကံဖြင့် နတ်ပြည်သို့ရောက်ရပါသနည်း”

“ပုဏ္ဏားကြီး. . . သင်၏သားဖြစ်သော ငါသည် သေကာ နီးကာလဝယ် ဗုဒ္ဓကို ခဏဖူးမြင်ရပြီး'အိပ်ရာမှနေလျက် ကြည်ညို သောစိတ်ဖြင့် လက်အုပ်ချီကန်တော့ခဲ့ပါသည်၊ ဤကုသိုလ် ကြောင့် ယခု တာဝတိံသာနတ်ပြည်ဝယ် နတ်သားဖြစ်ရပါသည်” ထိုအခါ ပုဏ္ဏားကြီးသည် အံ့ဩသည်ထက် အံ့ဩဖြစ် ကာ-

“အံ့ဖွယ်ရှိပေစွတကား. . . အံ့ဖွယ်ရှိပေစွတကား၊ မဖြစ်ဘူးမြဖြစ်လေစွတကား၊ ဤနတ်သားသည် ဗုဒ္ဓကို လက်အုပ်ချီရှိခိုးကာမျှဖြင့် ဤသို့သောနတ်စည်းစိမ်အကျိုးကို ခံစားရသည်တကား၊ ငါသည် ယနေ့မှစ၍ ကြည်ညိုသောစိတ်၊ ဝမ်းမြောက်သောစိတ်ဖြစ်လျက် ဗုဒ္ဓကို ကိုးကွယ်ရာဟူ၍ဆည်းကပ်ပါအံ့”

“ပုဏ္ဏားကြီး. . . ယနေ့ပင်လျှင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကိုဆည်းကပ်ပြီး ငါးပါးသီလကို ထိန်းသိမ်းစောင့် ရှောက်ပါလော”

ဟု မဋ္ဌကုဏ္ဍလိနတ်သားက ထပ်မံတိုက်တွန်းလေသည်။

"နတ်သား. . . သင်သည် ငါ၏အကျိုးကို လိုလားသူဖြစ်ပါ၏၊ သင့်စကားကို နားထောင်ပါမည်၊ သင်သည် ကျွန်ုပ်၏ဆရာဖြစ်ပါ၏"

နတ်သားပုဏ္ဏားကြီးကို သရဏဂုံနှင့်ငါးပါးသီလကို ဆောက်တည်စေပြီးနောက် နတ်ပြည်သို့ပြန်တက်သွားလေသည်။

ပုဏ္ဏားကြီးသည် ချက်ချင်းပင် ဘုရားရှင်ရှိရာသို့ ဆက်လက်သွားလေသည်၊ လူများအပေါင်းသည် ပုဏ္ဏားကြီး၏ ဘုရားထံမသွားစဖူးသွားသည်ကို မြင်ကြသောအခါ-

"ယခင်က ဤပုဏ္ဏားကြီးသည် ဗုဒ္ဓထံသို့တစ်ခေါက်မှ သွားသည်မရှိ၊ ယခု သားသေမှ ပူဆွေးဒုက္ခရောက်သောကြောင့် သွားခြင်းဖြစ်မည်၊ ဗုဒ္ဓသည် ဤပုဏ္ဏားကြီးကို အဘယ်ကဲ့သို့သော တရားထူးဟောလိမ့်မည်မသိ၊ ငါတို့လည်း နာကြားကြကုန်စို့" ဟု အချင်းချင်းပြောဆိုကြကာ စုရုံး၍လိုက်သွားကြလေသည်။

ပုဏ္ဏားကြီးသည် ဗုဒ္ဓထံသို့ရောက်သောအခါ နှုတ်ဆက်ပဋိသန္ထာရစကားဆိုပြီး-

"အရှင်ဂေါတမ. . . တစ်စုံတစ်ခုသောအလှူကိုမလှူဘဲ သီလကိုလည်းမဆောက်တည်ဘဲနှင့် သက်သက်ဘုရားကို ကြည်ညိုရုံမျှဖြင့် နတ်ပြည်သို့ရောက်နိုင်ပါမည်လားဘုရား"
ဟု လျှောက်ထားလေသည်။

"အသင်ပုဏ္ဏားကြီး. . . နံနက်စောစောကပင် မဋ္ဌကုဏ္ဍလိနတ်သားကို ကိုယ်တိုင်လာ၍ ပြောပြသည်ကို ကြားသိ-မြင်သိပြီးပြီ မဟုတ်ပါလော"
ဟု ဗုဒ္ဓက မိန့်ကြားသည်။

ထိုခဏမှာပင် မဋ္ဌကုဏ္ဍလိနတ်သားသည် မိမိ၏ဗိမာန်နှင့်တကွ ထင်ရှားသောကိုယ်ဖြင့် နတ်ပြည်မှဆင်းသက်ရောက်လာပြီးလျှင် ဗုဒ္ဓအားရှိခိုးလျက် ရပ်တည်နေလေသည်။

ထိုအခါ ဗုဒ္ဓသည် ပရိသက်အပေါင်းတို့အား ထိုမဋ္ဌကုဏ္ဍလိနတ်သား၏ပြုလုပ်ခဲ့သောကုသိုလ်ကိုဟောကြားတော်မူ၍ တည်ကြည်ခိုင်ခံ့နူးညံ့သောစိတ်ရှိလာသောပရိသတ်ကို သစ္စာလေးပါးကိုဟောကြားတော်မူရာ နတ်သား၊ ပုဏ္ဏားကြီးနှင့် ပရိသတ်အပေါင်းတို့သည် တရားရကြလေသည်။

မဋ္ဌကုဏ္ဍလိသူဌေးသား၏ သူ့ဘဝသစ်ခံစားရမှုကို ဖခင်အား လက်တွေ့လာရောက်ဖူးပြောပြမှု၊ ဗုဒ္ဓနှင့်ပရိသတ်ကို မိမိ၏ဘုံဗိမာန်ကိုထင်ရှားအောင်ပြသမှုတို့သည် အံ့ဩဖွယ်၊ မှတ်သားဖွယ်၊ အတုယူဖွယ်ကောင်းလှပါတော့သည်။

**(မဋ္ဌကုဏ္ဍလိဝိမာနဝတ္ထု)**

(ဂ) အနာထပိဏ္ဍိကနတ်သား

ဗုဒ္ဓ၏ ဇေတဝန်ကျောင်းဒါယကာ အနာထပိဏ်သူဌေးကြီးသည် အသည်းအသန်မကျန်းမမာဖြစ်လာသောအခါ တပည့်တစ်ယောက်ကို ဘုရားထံသို့လွှတ်ပြီးလျှင် မိမိအလွန်ကြည်ညိုလေးစားမြတ်နိုးသော အရှင်သာရိပုတ္တရာကို ဘုရားထံခွင့်ပန်လျှောက်ထားပြီး ပင့်ပေးရန်စေခိုင်းခဲ့သည်။

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည် ရှင်အာနန္ဒနှင့်အတူ သူဌေးကြီးအိမ်သို့ကြွရောက်လာပြီးလျှင် ကျန်းမာရေးအခြေအနေမေးပြီးနောက်-

"မျက်စိအကြည်ရုပ်ဟူသော ဒွါရ(၆)ပါး၊ အဆင်းစသောအာရုံ(၆)ပါး၊ မျက်စိအသိစသော ဝိညာဏ်(၆)ပါး၊ မျက်စိအတွေ့စသော ဖဿ(၆)ပါး၊ မျက်စိအတွေ့ကြောင့်ဖြစ်သော ခံစားမှု(၆)ပါး၊ ပထဝီစသောဓာတ်ကြီး(၄)ပါး၊ ရုပ်စသောခန္ဓာ(၅)ပါး၊ အာကာသနဉ္စာယတနာစျာန်စသော အရူပစျာန်(၄)ပါး၊ မျက်မှောက်လောကရှိ ယခုဘဝရရှိနေသော နေအိမ်စည်းစိမ်စသည်များ၊ နတ်ပြည်စသောတမလွန်လောက၊ မြင်ရ-ကြားရ-တွေ့ရ-သိရ-ရောက်ရ-ရှာမှီးရ-အဖန်ဖန်ရှာမှီးရ စိတ်ဖြင့်လေ့လာရသောအာရုံအလုံးစုံစုသော သဗ္ဗမွေတည်းဟူသော တရားဝါရ(၉)ပါးတို့၌ တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲတို့ဖြင့် ငါ့ဥစ္စာ၊ ငါ-ငါ့လိပ်ပြာ ဟုစွဲယူနေသောသူသည် မိမိသန္တာန်၌ဖြစ်ပေါ်လာသော သေမှုအဆုံးသတ်ရမည့်ရောဂါဝေဒနာကိုတားမြစ်ခြင်းငှာစွမ်းနိုင်သည် မရှိ၍သင်သည် ဤသို့ကျင့်ရမည်ဟု သူဌေးကြီး၌ သိမ်မွေ့သော

နိုကန္ဒိုကဘာကျောဖြင့် မီတွယ်သည်မဖြစ်အောင် တစ်ဆင့်ပြီးတစ်ဆင့်ဟောကြားပြသတော်မူသည်။

အနာထပိဏ်သူဌေးကြီးသည် အရှင်သာရိပုတ္တရာ၏ တရားအဆုံးဝယ် သည်းစွာငိုကြွေးလေသည်။

ထိုအခါ အရှင်အာနန္ဒာမထေရ်က သူဌေးကြီးကို-

"သင်သည် စည်းစိမ်တို့၌ငြိကပ်နေပါသလော၊ ကုသိုလ်တို့၌မှုတ်နစ်နေပါသလော"

ဟု မေးသည်။

"အရှင်ဘုရား အာနန္ဒာ. . . တပည့်တော်သည် စည်းစိမ်တို့၌မငြိကပ်ပါ။ ကုသိုလ်တို့၌လည်းမဆုတ်နစ်ပါ။ အမှန်မှာ တပည့်တော်သည် ကာလရှည်စွာ ဗုဒ္ဓကိုဆည်းကပ်ကိုးကွယ်ခဲ့ပါသည်၊ စိတ်နှလုံးကိုပွားတိုးစိုပြေစေသော ရဟန်းသံဃာများကိုလည်း ဆည်းကပ်ခဲ့ပါ၏၊ သို့သော်လည်း တပည့်တော်သည် ဤသို့ သဘောရှိသောတရားကို မကြားမနာခဲ့ရ၊ သို့အတွက် ဝမ်းနည်းမိ၍ ငိုကြွေးမိပါသည်"

"သူဌေးကြီး. . . အဝတ်ဖြူဝတ်သူလူတို့အတွက် လယ်မြေယာမြေ၊ ရွှေ၊ ငွေ၊ ကျွန်မိန်းမ၊ ကျွန်ယောက်ျား၊ သား၊ မယား စသည်တို့၌ တွယ်တာမှု၊ တပ်နှစ်သက်မှုကား ပြင်းထန်လှဘိ၍ ထိုလူများကို ဤလယ်ယာမြေစသည်တို့၌တွယ်တာမှုကိုမပြုသင့်၊ တပ်မက်မှုကိုမပြုသင့်၊ ဤသို့စသောတရားစကားသည်မထင်နိုင်၊ ဤတရားစကားမျိုးကိုမနှစ်သက်နိုင်၊ ဤတရားမျိုးကား ရဟန်းများအဖို့ရာသာလျှင် ဤတရားသဘောထင်နိုင်၊ နှစ်သက်နိုင်ပါသည်"

ဟု ရှင်အာနန္ဒာကမိန့်ကြားသည်။

"အရှင်ဘုရား. . . သာရိပုတ္တရာတပည့်တော်တောင်း ပန်တိုက်တွန်းပါရစေ၊ အဝတ်ဖြူဝတ်သူလူတို့အဖို့လည်း ဤသို့ သောတရားမျိုးကိုဟောကြားပေးတော်မူပါအရှင်ဘုရား၏ဉာဏ် ပညာမျက်စိဝယ် ကိလေသာမြူမှုန်နည်းပါးသောသဘောရှိကုန် သောအမျိုးကောင်းသားတို့သည် များစွာရှိကြပါကုန်သည်၊ ထိုသူ တို့အတွက် တရားမနာရခြင်းကြောင့် လောကုတ္တရာတရားမှ ဆုံးရှုံးနစ်နာကြရပါသည်၊ အရှင်ဘုရားတို့ဟောကြားလျှင် တရား တော်ကို အရဟတ္တဖိုလ်ရောက် အသိဉာဏ်ပေါက်ကြမည့်သူများ လည်း ထင်ရှားဖြစ်ပေါ်လာကြပါလိမ့်မည်"

ဟု အနာထပိဏ်သူဌေးကလျှောက်ထားသည်။

အရှင်သာရိပုတ္တရာနှင့်အရှင်အာနန္ဒာတို့သည် ဤအဆုံး အမဖြင့်ဆုံးမပြီးနောက် ပြန်လည်ကြွတော်မူသည်၊ သူဌေးကြီး သည် အရှင်နှစ်ပါးကြွ၍ မကြာမြင့်မီပင် ကွယ်လွန်၍ တုသိတာ နတ်ပြည်၌ သုံးဂါဝုတ်ပမာဏရှိသော ရွှေတုံးရွှေစိုင်ပမာ တောက် ပစွာသောနတ်၏ကိုယ်ခန္ဓာအတ[illegible]ဘာနှင့်နတ်ဉယျာဉ်၊ ဗိမာန် ပဒေသာပင် အစရှိသောနတ်စည်းစိမ်တို့ကို ရရှိခံစားရလေသည်။

ထိုအခါ အနာထပိဏ်နတ်သားသည် အိပ်သော ယောက်ျားနိုးသော်လားကဲ့သို့ နတ်သားဘဝနှင့်ကြီးကျယ်သော နတ်စည်းစိမ်ကိုခံစားရရှိသည်ကို မြင်သောအခါ-

"ငါ၏ဤစည်းစိမ်ကား ကြီးကျယ်လှဘိ၏၊ ငါသည် လူ့ ပြည်လူ့လမ်းကြောင်း၌ အဘယ်ကောင်းမှုများပြုအပ်ခဲ့လေ သနည်း"

ဟု အကြံဖြစ်ကာ ဉာဏ်ပညာဖြင့်ဆင်ခြင်ကြည့်မိသည်၊ ရတနာသုံးပါး၌ အဓိကာရ ကောင်းမှုပြုခဲ့သည့်ကုသိုလ်ကိုမြင်မိလေသည်။

"ဤနတ်အဖြစ်သည် မေ့လျော့ရာဌာနဖြစ်၏၊ ဤနတ်စည်းစိမ်ဖြင့် ဝမ်းမြောက်ရွှင်ပျော်မွေ့လျော်သော်ငါ့အဖို့ရာ သတိမေ့ပျောက်ခြင်းလည်းဖြစ်နိုင်၏၊ ငါသည် ယခုပင်သွားရောက်၍ ငါ ဆောက်လုပ်လှူဒါန်းခဲ့သောဇေတဝန်ကျောင်းတိုက်ကြီး၊ ရဟန်းသံဃာတော်၊ ဗုဒ္ဓ၊ အရိယာမဂ်၊ အရှင်သာရိပုတ္တရာမထေရ် တို့၏ဂုဏ်ကျေးဇူးကိုချီးကျူးလျှောက်ထားပြီးလျှင် လူ့ပြည်ကပြန်လာသောအခါမှ ဤနတ်စည်းစိမ်ကိုသုံးဆောင်ခံစားပေမည်" ဟု ကြံစည်ပြီးလျှင် ချက်ချင်းပင် လူ့ပြည်သို့သက်ဆင်းကာ ဗုဒ္ဓထံသို့ဝင်ရောက်ဖူးမျှော်သည်၊ ထို့နောက် ဗုဒ္ဓကို-

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား . . ဤဇေတဝန်ကျောင်းတော်သည် သီလစသောဂုဏ်ကျေးဇူးတို့ကို အထူးဆည်းပူးလေ့လာရှာမှီးနေကြ၊ လေ့ကျက်ဆဲရှိကြသောအရိယာသံဃာပုထုဇဉ်သံဃာတို့နေ့ညမကွာ သီတင်းသုံးမှီဝဲရာနေရာလည်းဖြစ်ပါ၏၊ တရားမင်းဖြစ်သောဘုရားရှင်သည်လည်း အမြဲနေထိုင်ရာလည်းဖြစ်ပါ၏၊ သို့အတွက် တပည့်တော်အား နှစ်သက်ခြင်းပီတိတရားအမြဲဖြစ်ပွားစေခဲ့ပါသည်ဘုရား"

ဟူ၍ မြတ်စွာဘုရားနှင့်အရိယာသံဃာတို့နေထိုင်ရာ ဖြစ်ခြင်းဟူသောဂုဏ်ဖြင့် ဇေတဝန်ကျောင်းတော်ကို ချီးကျူးလျှောက်ထားသည်။

“မဂ်နှင့်ယှဉ်သောစေတနာလည်းကောင်း အရိယာမဂ်ပညာရှိပါသည်၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ မဂ္ဂင်နှစ်ပါးလည်းကောင်း၊ အရိယာမဂ်သမာဓိ၌ပါသော သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ မဂ္ဂင်သုံးပါးလည်းကောင်း၊ အရိယမဂ်သီလ၌ပါသော သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝမဂ္ဂင်သုံးပါးလည်းကောင်း၊ ဤအရိယာမဂ်သီလ၌ တည်ပြီးသောသူ၏အတုမရှိအလွန်မြတ်သော အပြစ်လွတ်ကင်းသောအသက်မွေးခြင်းလည်းကောင်း၊ ဤမဂ္ဂင်ရှစ်ပါးအကျင့်တရားဖြင့် သတ္တဝါတို့သည် ကိလေသာအညစ်အကြေးတို့မှကင်းဝေးစင်ကြယ်ကြကုန်၏၊ အနွယ်အားဖြင့်လည်းကောင်း၊ ဥစ္စာဖြင့်လည်းကောင်း၊ ကိလေသာအညစ်အကြေးတို့မှမကင်းဝေး၊ မစင်ကြယ်နိုင်ကြပါကုန်”

ဟု အရိယာမဂ်၏ဂုဏ်ကျေးဇူးကိုချီးကျူးလျှောက်ထားသည်။

“ထိုသို့အနွယ်ဥစ္စာတို့ဖြင့် ကိလေသာတို့မှမစင်ကြယ်နိုင်၊ မဂ္ဂင်ရှစ်ပါးဖြင့်သာ ကိလေသာတို့မှစင်ကြယ်နိုင်ကြသောကြောင့် သာလျှင် မိမိ၏နိဗ္ဗာန်အကျိုးကောင်းကျိုးများကို ကောင်းစွာဆင်ခြင်သိမြင်သောပညာရှိသည်မဂ်ကိုပွားကြောင်း၊ ဥပါယ်ကောင်းဖြင့် ဥပါဒါနက္ခန္ဓာငါးပါးတရားစုကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာယဉ်သုံးချက်တင်၍ ဆင်ခြင်သမှု၊ ဝိပဿနာရှုသည်ရှိသော် ထိုခန္ဓာငါးပါးသစ္စာလေးပါးတရားအာရုံကြောင့် ပဋိဝေဓဉာဏ်သက်ဝင် ကိလေသာတို့မှစင်ကြယ်နိုင်ပါ၏”

ဟူ၍ ဝိပဿနာဉာဏ်၊ အရိယာမဂ်ဉာဏ်တို့၏ ဂုဏ်ကျေးဇူးကို ချီးကျူးထုတ်ဖော်လျှောက်ထားသည်။

"အကြင်ရဟန်းသည် သံသရာတစ်ဘက်ကမ်းနိဗ္ဗာန်နန်း သို့ကူးသန်းထုတ်ရောက်ဆိုက်ရောက်နိုင်၏၊ ထိုရောက်မှုသည် မြတ်သောအပိုင်းအခြားရှိသည်ဖြစ်ရာ၏၊ သီလဂုဏ်ကျေးဇူး၊ ပညာဂုဏ်ကျေးဇူး၊ ကိလေသာငြိမ်းငြိမ်းဂုဏ်ကိုဖြင့် အရှင်သာရိ ပုတ္တရာမထေရ်မြတ်သည်သာလျှင် အထူးသဖြင့် ချီးမွမ်းခံပ မြတ်တော်မူပါပေ၏"
ဟူ၍ ရှင်သာရိပုတ္တရာ၏ဂုဏ်ကျေးဇူးကို ချီးကျူးလျှောက်ထား လေသည်။

အနာထပိဏ်နတ်သားသည် ဤလေးဂါထာဖြင့် ဗုဒ္ဓအား လျှောက်ကြားသည်၊ ဗုဒ္ဓကလည်း နတ်သား၏လျှောက်ထားချက် ကိုမဟန့်တားခွင့်ပြုတော်မူသည်။

"ငါ၏လျှောက်ထားချက်ကို ဗုဒ္ဓကမဟန့်တား၊ ခွင့်ပြု တော်မူပေ၏"
ဟု အနာထပိဏ်နတ်သားသည် ဝမ်းမြောက်သော ဗုဒ္ဓကို ရှိသေ စွာရှိခိုးပြီးလျှင် တုသိတာနတ်ပြည်သို့ပြန်လေသည်။

ထိုညလွန်မြောက် နောက်နေ့နံနက်သော် ရဟန်းပရိ သတ်အလယ်၌ ဗုဒ္ဓက-

"ရဟန်းတို့ [illegible] ဤညဉ့်၌ [illegible]သားတစ်ဦးသည် သန်း ခေါင်း[illegible]အချိန်၌ ငါဘုရားထံသို့လာရောက်ရှိခိုးလျက် အပြစ်[illegible]ရပ်၍ [illegible]ကည်ပြီးလျှင် ငါဘုရားကိုဤဂါထာ တို့ဖြင့် လျှောက်ထားသွား၏"
ဟု မိန့်ကြား၍ အနာထပိဏ်နတ်သားလျှောက်ထားခဲ့သော လေး ဂါထာတို့ကိုပြန်လည်မိန့်[illegible]တော်မူလေသည်။

မည်သည့်နတ်သားဟူ၍ နတ်သားအမည်ကိုဖော်ထုတ် မပြောခြင်းမှာ အရှင်အာနန္ဒာ၏ ဒခနုမာနဉာဏ်စွမ်းကိုထင်ရှား စေလိုသောကြောင့်ဖြစ်သည်။

မြတ်စွာဘုရား၏စကားအဆုံး၀ယ် ရှင်အာနန္ဒာသည် မြတ်စွာဘုရားကို-

"မြတ်စွာဘုရား. . . ထိုနတ်သားသည် ဧကန်ပင် အနာထပိဏ္ဍိကနတ်သားဖြစ်ပါလိမ့်မည်၊ အနာထပိဏ်သူဌေးသည် အရှင်သာရိပုတ္တရာကို အလွန်ကြည်ညိုသူဖြစ်ပါ၏ဘုရား" ဟု လျှောက်ထားသည်။

ဗုဒ္ဓက သာဓု(၃)ကြိမ်ခေါ်၍-

"အာနန္ဒာ. . . ကြံစည်တွေးဆခြင်းဖြင့် ရောက်သင့် ရောက်ထိုက်သောအရာမှန်သမျှသို့ သင်ချစ်သားရောက်ပေ၏၊ အာနန္ဒာ. . . ထိုနတ်သားသည် အနာထပိဏ်နတ်သားဖြစ်ပါ၏" ဟု ဗုဒ္ဓက မိန့်ကြားလေသည်။

ဇေတဝန်ကျောင်းဒါယကာတစ်ဖြစ်လဲ အနာထပိဏ် နတ်သား၏တုသိတာနတ်ပြည်၌ခံစား၊ စံစားရသောနတ်စည်းစိမ် နှင့်နတ်သား၏ကျေးဇူးတရားကြီးမားပုံအလုံးစုံကို လာရောက် လျှောက်ထားပြမှုသည် နောက်လူတို့အတွက် မှတ်သားစရာ၊ အတုယူစရာ၊ ကျင့်ဖွယ်ရာများပင် ဖြစ်ပါတော့သည်သာ။

(ဥပရိပဏ္ဏာသ၊အနာထပိဏ္ဍိကော ဝါဒသုတ္တန်စာ-၃၀၆ ဆဌမှ)

## ( ဃ ) ဥတ္တရနေတ်သား

အရှင်ကုမာရကဿပမထေရ်သည် ရဟန်းငါးရာနှင့်အတူ သေတဗျမြို့သို့ကြွသွားပြီး ယင်းတိုက်တော၌ သီတင်းသုံးနေထိုင်သည်။

ထိုအခါ ပါယာသိရာဇညမင်းသည် အရှင်ကုမာရကဿပထံလာရောက်တွေ့ဆုံပြီး ပရလောက မရှိဟူသောမိမိ၏အယူဝါဒကိုလျှောက်ကြားသည်။

အရှင်ကုမာရကဿပက ပါယာသိရာဇညမင်းကို ဆန်းကြယ်သော ဥပမာ-ဥပမေယျ ဥဒါဟရဏ်စုံလင်စွာထုတ်ပြပြီး ပရလောက ရှိကြောင်းကိုဟောတော်မူပြီး သမ္မာဒိဋ္ဌိအယူ၌တည်စေခဲ့သည်။

ပါယာသိရာဇညမင်းသည် စင်ကြယ်သောသမ္မာဒိဋ္ဌိအယူရှိပြီးနောက် သမဏ၊ ဗြာဟ္မဏတို့ကိုလည်းကောင်း၊ ကိုးကွယ်ရာမဲ့အထီးကျန်သောသူတို့ကိုလည်းကောင်း၊ ခရီးသွား၊ အာဂန္တုကတို့ကိုလည်းကောင်း၊ ရောက်လာသမျှလူအပေါင်းတို့ကိုလှူဒါန်းစွန့်ကြဲလေသည်၊ ထိုသို့လှူဒါန်းစွန့်ကြဲနေသော်လည်း စိတ်နေစိတ်ထားအလိုဆန္ဒညံ့ဖျင်းသေးနုပ်သဖြင့် ညံ့ဖျင်းသောအဝတ်အစားအသုံးအဆောင်အစားအသောက်တို့ကိုသာ လှူဒါန်းစွန့်ကြဲလေ့ရှိသည်၊ ကောင်းမွန်ခြင်းမရှိ အဝတ်ဝတ်ရရုံမျှ ဆန်ကွဲထမင်းပုန်းရည်ဟင်းမျှသာ လှူဒါန်းစွန့်ကြဲခဲ့သည်။

ထိုသို့ညံ့ဖျင်းသောအဝတ်အစား၊ ထမင်းအဖျော်စသည် လှူခြင်း၊ ကိုယ်တိုင်ရိုသေစွာ မပေးလှူခြင်းတို့ကြောင့် ကွယ်လွန်

သောအခါ စတုမဟာရာဇ်နတ်အနွယ်ဝင် သဲကန္တာရ၌ ဘုမ္မစိုး နတ်ဖြစ်ရလေသည်။

ထိုရာဇညမင်း၏အလှူဝတ်ကြီးဝတ်ငယ်တို့ကိုဆောင် ရွက်စီမံလုပ်ကိုင်ပေးရသော ဥတ္တရလုလင်သည်ကား အလှူကို ကြောင့်ကြစိုက်ပြီး ရိုသေလေးမြတ်စွာပြုလုပ်ပေးခဲ့သောကြောင့် ကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်ဝယ် (၁၂)ယူဇနာရှိ သောရွှေဗိမာန်ကြီး၌ ဥတ္တရနတ်သားဖြစ်ရလေသည်။

ဥတ္တရနတ်သားသည် မိမိ၏နတ်စည်းစိမ်ရရှိခံစားရ သောအကြောင်းကို စဉ်းစားဆင်ခြင်ကြည့်သည်ရှိသော် အရှင်ကုမာရကဿပ၏ကျေးဇူးဂုဏ်ကြောင့် ဤနတ်စည်းစိမ် ခံစားရသည်ကို ဆင်ခြင်မိသည်၊ ကတညုတကတဝေဒိဂုဏ်ကို ထင်စွာပြခြင်း အကျိုးငှာ အရှင်ကုမာရကဿပထံသို့ ဘုံဗိမာန် နှင့်တကွလာပြီးလျှင် ရောက်သောအခါ ဘုံဗိမာန်မှဆင်းသက်၍ မထေရ်ကိုထိခြင်းငါးပါးဖြင့် ရှိခိုးပြီးလျှင် မထေရ်၏ရှေ့၌ ရပ်တည် နေလေသည်။

ထိုအခါ အရှင်ကုမာရကဿပက-

"အသင်နတ်သား. . . သိကြားမင်း၏စည်းဝေးညီလာခံ ရာ နတ်သဘင်ဇရပ်ကြီးကို သုဓမ္မာဇရပ်ဟူ၍ဆိုကြပါသည်၊ ထို သုဓမ္မာနတ်သဘင်၌ နတ်အပေါင်းသည် ညီညွတ်စွာထိုင်ကြ သကဲ့သို့ ယခု သုဓမ္မာနတ်သဘင်ပမာ နတ်သား၏ ဤဘုံဗိမာန် ကြီးသည် ရေးခြစ်မထင် ကောင်းကင်ပြင်၌ ထွန်းလင်းတောက်ပ လျက်တည်နေပါ၏၊ သင်နတ်သား၏ တန်ခိုးသည်ကြီးမားလှ

ပါ၏၊ လူဖြစ်စဉ်အခါက အဘယ်မည်သောကုသိုလ်ကိုပြုလုပ်ခဲ့ပါ
သနည်း”

ဟု မေးလေသည်။

ထိုအခါ ဥတ္တရနတ်သားသည် လူ့ဘဝ၌ မိမိဘဝဖြစ်စဉ်နှင့်ပါယာသိရာဇည၏ကုသိုလ်၌ ဝေယျာဝစ္စအမှုကို သက္ကစ္စမြောက်ရိုသေစွာပြုလုပ်ခဲ့သဖြင့် ဤကဲ့သို့သောနတ်စည်းစိမ်ချမ်းသာကို ရရှိခံစားရပါသနည်းဟု အကြောင်းစုံလျှောက်ထားပြလေသည်။

ထို့နောက် ဥတ္တရနတ်သားသည် အရှင်ကုမာရကဿပ၏ ဂုဏ်ကျေးဇူးကြောင့် ပါယာသိရာဇညအသိတရား ရရှိပြီး ကုသိုလ်ပြုသဖြင့် မိမိလည်း ဝေယျာဝစ္စကုသိုလ်ကို သက္ကစ္စမြောက် ပြုသဖြင့် ဤနတ်စည်းစိမ်ခံစားရသည်မှာ မူလဘူတ အရှင်ဘုရား၏ ကျေးဇူးဂုဏ်ဖြစ်ကြောင်းလျှောက်ထားပြီးနောက် မထေရ်ကို လက်ျာရစ်ပူဇော်ပြီး နတ်ပြည်သို့ပြန်သွားလေသည်။

ဥတ္တရလုလင်၏ ဝေယျာဝစ္စကုသိုလ်ကို သက္ကစ္စမြောက် ပြုလုပ်ခဲ့သဖြင့် နတ်စည်းစိမ်ခံစားရပုံအကြောင်းစုံသည် ဥတ္တရနတ်သားက ဘဝသစ်မှနိုးထပြီး ချက်ချင်းလာပြောပြသဖြင့် သိကြရပါသည်၊ ထိုနတ်သား၏ဝေယျာဝစ္စကုသိုလ်အလုပ်သည်လည်း အတုယူစရာ၊ မှတ်သားစရာ လိုက်နာဆောင်ရွက်စရာကောင်းလှသောအလုပ်ဖြစ်ပါသည်။

(ဥတ္တရဝိမာနဝတ္ထု)

## (င) မဏ္ဍုကဘားနတ်သား

ဗုဒ္ဓသည် စမ္ပာပြည်၊ ဂဂ္ဂရာမိဖုရားတူးဖော်အပ်သော ဂဂ္ဂရာရေကန်အနီး ယာယီကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်၊ ဗုဒ္ဓသည် နံနက်မိုးသောက်ထ၌ မဟာကရုဏာသမာပတ်ဖြင့် လောကကိုကြည့်သည်ရှိသော် ညနေချမ်း၌ လူအပေါင်းတို့ အား တရားဟောသည်ရှိသော် ဖားငယ်တစ်ကောင်သည် ဗုဒ္ဓ၏ တရားသံ၌အာရုံယူ၍ သူတစ်ပါးပယောဂဖြင့် စုတေကာ နတ်ပြည်၌ နတ်သားဖြစ်မည်ကိုသိမြင်တော်မူလေသည်။

ဗုဒ္ဓသည် ညနေချမ်းဝယ် ဂဂ္ဂရာရေကန်အနီး၌ဆောက်လုပ်ထားသော တရားမဏ္ဍာပ်၌ ပရိသတ်တို့အား တရားဟောကြားတော်မူသည်။

ထိုခဏဝယ် ဖားငယ်တစ်ကောင်သည် ရေကန်အတွင်းမှတက်လာပြီးလျှင်-

"ဤအသံကား သာယာနာပျော်ဖွယ်ကောင်းသော တရားတော်၏အသံတည်း"

ဟု အမှတ်သညာဖြင့် ပရိသတ်အစွန်း၌ဝပ်လျက် နားစိုက်ထောင်နေသည်။

ထိုအချိန်တွင် နွားကျောင်းသားတစ်ယောက်သည် ဗုဒ္ဓတရားတော်ဟောရာ မဏ္ဍာပ်အနီးသို့ရောက်လာပြီးလျှင် ငြိမ်သက်စွာတရားနာနေသောပရိသတ်ကိုမြင်သည်ရှိသော် ကြည်ညိုတက်ကြွသောစိတ်ဖြစ်ပေါ်ခံစားမိကာ မိမိလည်းတရားနာအံ့ ဟု ကြံလျက် ဖားကလေးကိုမမြင်မိဘဲ ဖားကလေး၏ဦးခေါင်းပေါ်၌

ဒုတ်ကလေးကိုထောက်၍ တရားနာမိလေသည်၊ ထိုဒုတ်ထောက်မိသောဒဏ်ရာဖြင့် ဖားကလေးသည် စုတေရာတရားဟူသော အသိဉာဏ်ကုသိုလ်ကြောင့် အသက်(၂၀)အရွယ်မျှ ရှိသောနတ်သားဖြစ်ပြီး ဘုံဗိမာန်သည် (၁၂)ယူဇနာမျှကျယ်ဝန်းသော ဘုံဗိမာန်၌နတ်သား နတ်သမီး အပေါင်းခြံရံလျက်ခံစားရသည်။

နတ်သားသည် အိပ်ပျော်ရာမှနိုး၍လာသကဲ့သို့ ကြီးကျယ်သောဘုံဗိမာန်ဝယ် နတ်သား၊ နတ်သမီးအပေါင်းခြံရံလျက်နေရသောမိမိဘဝကိုမြင်ရလျှင်-

"ငါသည် ဘယ်ကုသိုလ်ကြောင့် ဤနတ်ပြည်၌နတ်သားဖြစ်ပါလိမ့်မည်နည်း"

ဟု ကြံစည်ဆင်ခြင်မိသည်။

ဗုဒ္ဓ၏အသံတော်၌အာရုံကိုယူသည်မှတစ်ပါး တစ်စုံတစ်ရာမမြင်ရ၍ ငါကဲ့သို့သော ဖား၊ တိရစ္ဆာန်ကလေးဖြစ်လျက်တရား ဟူသောအမှတ်သညာဖြင့် အာရုံကိုယူသောကြောင့် ဤမျှလောက်သောစည်းစိမ်ချမ်းသာကိုရသေး၏၊ အနက်အဓိပ္ပာယ်ကိုကောင်းစွာသိလျက် တရားတော်ကိုနာရမှုကား အဘယ်ဆိုဖွယ်ရာရှိပါတော့အံ့နည်း"

ဟု ကြံစည်လျက် ထိုခဏ၌ပင် ဘုံဗိမာန်နှင့်တကွ လူ့ပြည်သို့ဆင်းလာပြီးလျှင် လူပရိသတ်အများမြင်စဉ်ပင်လျှင် များစွာသောနတ်သမီးအခြံအရံတို့ဖြင့် ဗုဒ္ဓကို ရှိခိုးဦးခိုက်လေသည်။

ဗုဒ္ဓသည် ဖားနတ်သား၏ဘဝဖြစ်စဉ်ကိုသိတော်မူလျက် လူအပေါင်းတို့အား ကံ၏အကျိုးကိုလည်းကောင်း၊ ဗုဒ္ဓ၏စွမ်းအားကိုလည်းကောင်း ဒိဋ္ဌမျက်မှောက်သိစေခြင်းငှာ-

"တန်ခိုးအခြံအရံတို့ဖြင့်တောက်ပလျက် အလွန်နှစ်သက်ဖွယ် အရောင်အဆင်းဖြင့် အလုံးစုံသောအရပ်မျက်နှာတို့သို့ ကိုယ်ရောင်ကိုယ်ဝါထွန်းလင်းတောက်ပလျက် ငါဘုရားကိုလာရောက်ရှိခိုးနေသူကား အဘယ်သူနည်း"
ဟု မေးတော်မူသည်။

"မြတ်စွာဘုရား. . . တပည့်တော်သည် ရှေးဘဝ၌ ရေ၌ကျက်စားနေသော ဖားသူငယ်တစ်ကောင်ဖြစ်ခဲ့ပါသည်ဘုရား၊ အရှင်ဘုရား၏တရားကိုနာလျက်နေစဉ် နွားကျောင်းသား၏နွားမောင်းတုတ်ဖြင့်ထောက်မိ၍ သေဆုံးခဲ့ရပါသည်ဘုရား"

တစ်မုဟုတ်မျှ စိတ်ကြည်လင်စွာဖြစ်သောတပည့်တော်၏တန်ခိုးကို တပည့်တော်၏အခြံအရံ၊ တပည့်တော်၏အဆင်းတို့ကိုကြည့်ရှုတော်မူပါဘုရား၊ တပည့်တော်၏(၁၂)ယူဇနာရှိသောရွှေဗိမာန်ဖြင့်တောက်ပသောအရောင်အထူးကိုလည်း ရှုတော်မူပါဘုရား"

"ဂေါတမနွယ်ဖွားမြတ်စွာဘုရား. . . အကြင်လူ့ဘဝကိုရကြကုန်သောသူတို့သည်ကား အရှင်ဘုရား၏တရားတော်ကိုရှည်မြင့်စွာကာလပတ်လုံးနာကြပါကုန်အံ့၊ ထိုသူတို့သည် အကြင်နိဗ္ဗာန်သို့ရောက်ကြပါကုန်၏၊ မစိုးရိမ်ကြရတော့ပါ၊ တုန်လှုပ်ခြင်းမရှိသော ထိုနိဗ္ဗာန်အရပ်သို့ရောက်ကြရပါကုန်၏အရှင်ဘုရား"
ဟူ၍ ဖားနတ်သားကလျှောက်ထားလေသည်။

ထိုအခါ ဗုဒ္ဓသည် ရောက်ဆဲဖြစ်သောပရိသတ်၏ဥပနိဿယကိုကြည့်ရှုတော်မူ၍ တရားတော်ကိုအကျယ်အားဖြင့်

ဟောကြားတော်မူရာ တရားတော်၏အဆုံးဝယ် ဖားနတ်သား သည် သောတာပတ္တိဖိုလ်၌တည်လေသည်၊ ရှစ်သောင်းလေး ထောင်သောလူနတ်အပေါင်းတို့သည် ဗုဒ္ဓ၏တရားတော်၌ သက် ဝင်ယုံကြည်မြတ်နိုးကြကုန်သည်။

ထို့နောက် ဖားနတ်သားသည် ဗုဒ္ဓကိုရှိခိုးပြီး၍ လက်ျာ ရစ် သုံးကြိမ်လှည့်ပြီးလျှင် ရဟန်းသံဃာအပေါင်းကိုလည်း လက်အုပ်ချီလျက် ပြုံးခြင်းကိုပြုလျက် အခြံအရံနှင့်တကွ နတ် ပြည်သို့ပြန်သွားလေသည်။

ဘဝသစ်၌ရရှိခံစားရသောဘဝချမ်းသာနှင့်ထိုချမ်းသာ ကိုပေးခဲ့သောဗုဒ္ဓ၏ဂုဏ်ကျေးဇူးကို အထူးကျေးဇူးတင်ရကောင်း မှန်းသိသော ဖားနတ်သားသည် ချက်ချင်းပင် ဗုဒ္ဓထံသို့လာ ရောက်ကာ ရှိခိုးမှုပြုလေသည်မှာ အတုယူအားကျမှတ်သားဖွယ် ရာပင်ဖြစ်ပါတော့သည်။

(မဏ္ဍူကဝိမာနဝတ္ထု)

## (စ) ကြုံခင်းစောင့်နတ်သား

ရဟန္တာအရှင်မြတ်သုံးပါးသည် ရွာတစ်ရွာ၌ ဝါဆိုကြပြီး ဝါကျွတ်သောအခါ ရာဇဂြိုဟ်ရှိ ဝေဠုဝန်ကျောင်း၌သီတင်းသုံး နေသောဗုဒ္ဓကိုဖူးမျှော်ရန် ခရီးထွက်ခဲ့ကြသည်။

လမ်းခရီးကြားညနေချမ်းနေဝင်ကာနီးတွင် မိစ္ဆာဒိဋ္ဌိ အယူရှိသော ပုဏ္ဏားတစ်ဦး၏ကြုံခင်းသို့ရောက်ရှိသွားကြသည်၊ ကြုံခင်းစောင့်ယောက်ျားကိုတွေ့၍ -

"ဒါယကာ. . . ယနေ့ ရာဇဂြိုဟ်မြို့သို့ရောက်နိုင်ပါနည် လော"

ဟု မေးသည်။

"အရှင်ဘုရားတို့ ယနေ့မရောက်နိုင်ပါ၊ ရာဇဂြိုဟ်သည် ဤအရပ်မှယူဇနာခွဲမျှကွာဝေးပါသည်၊ အရှင်ဘုရားများ ယနေ့ ညအဖို့ ဤအရပ်မှာပင် ကျိန်းစက်၍နောက်နေ့နံနက်မှဆက်ကြွ ကြပါ"

"ဒါယကာ. . . ဤအရပ်၌အိပ်စက်ရန် သင့်လျော်သော နေရာရနိုင်မည်လော"

"အရှင်ဘုရားတို့ သင့်လျော်သောနေရာ ဤနေရာ၌ မရှိပါ၊ သို့သော်လည်း တပည့်တော်သည် သင့်လျော်ရာကိုစီမံ ပေးပါမည်ဘုရား"

ကြုံခင်းစောင့်သည် ဤသို့လျှောက်ထားပြီး ကြုံပင်ကို တိုင်ပြုကာ တုတ်ချောင်းတို့ကိုဖွဲ့ချည်၍ ကြုံရွက်တို့ကိုအထက်မှ မိုးပြီး ကောက်ရိုးကိုခင်းလျက် ရဟန္တာတစ်ပါးအားလှူသည်။

ဒုတိယရဟန္တာကိုမူ ကြံရိုး(၃)ချောင်းတို့ဖြင့် တုတ်ချောင်း (၃)ခု ဝက်ခွထိုးသကဲ့သို့ချည်၍ မြက်ကိုမိုးပြီး အောက်မှမြက် အခင်းကိုပြုလုပ်ကာလှူသည်။

တတိယရဟန္တာကိုမူ မိမိနေသောတဲကုတ်၌ နှစ်ချောင်း သုံးချောင်းသောတုတ်ချောင်းတို့ကိုလည်းကောင်း၊ သစ်ခက်တို့ကို လည်းကောင်း ဖွဲ့ချည်၍ သက်နန်းကိုမိုးပြီး စီဝရကုဋ္ဋိကိုပြုလုပ် ကာ လှူလေသည်။

ရဟန္တာ(၃)ပါးတို့သည် ကြံခင်းစောင့်ပြုလုပ်ပေးသော နေရာတို့၌ တစ်ညတာမျှအိပ်စက်ပြီး နောက်နေ့အရုဏ်တက် သည်ရှိသော် ကြံခင်းစောင့်သည် စောစောကပင်လျှင် ဆွမ်းကို ချက်၍ ဒန်ပူ မျက်နှာသစ်ရေတို့ကို ဆက်ကပ်၍ ကြံရည်နှင့်တကွ ဆွမ်းကိုဆက်ကပ်လေသည်။

ဆွမ်းဘုဉ်းပေးပြီးသော် ရဟန္တာတို့သည် ဆွမ်းအနုမော ဒနာပြု၍ ခရီးဆက်ကြသည်၊ ကြံခင်းစောင့်သည် ရဟန္တာတစ်ပါး လျှင် ကြံရိုးတစ်ချောင်းစီဆက်ကပ်လှူလိုက်လေသည်၊ ပြီးလျှင် မထေရ်များကို အနည်းငယ်လိုက်ပို့ပြီးပြန်လာကာ မိမိ၏ဝေယျာ ဝစ္စအလှူကိုအာရုံပြု၍ နှစ်သက်ဝမ်းမြောက်လှစွာ စိတ်ချမ်းသာ စွာဖြင့် နေလေသည်။

ကြံခင်းရှင်ဖြစ်သော မိစ္ဆာဒိဋ္ဌိပုဏ္ဏားကြီးသည် အိမ်မှလာ သည်ရှိသော် ရဟန္တာတို့နှင့်ခရီးရင်ဆိုင်တွေ့မိ၍ -

"အသင်တို့သည် အဘယ်မှ ဤကြံရိုးကိုရခဲ့သနည်း" ဟု မေးသည်၊ ရဟန္တာတို့က ကြံခင်းစောင့်ကလှူလိုက်ကြောင်း မိန့်ကြားကြသည်။

မိတ္တာဒိဋ္ဌိပုဏ္ဏားကြီးသည် အမျက်ချောင်းချောင်းထွက်၍ ထိုကြံခင်းစောင့်နေရာသို့ အပြေးရောက်လာပြီးလျှင် လက်ရိုက် တင်းပုတ်နှင့်တအားရိုက်လိုက်ရာ တစ်ချက်တည်းနှင့်ပင် အသက် ကုန်ခြင်းသို့ရောက်လေသည်။

ကြံခင်းစောင့်သည် မိမိပြုခဲ့သောကုသိုလ်ကိုဆင်ခြင် လျက် သေရသောကြောင့် တာဝတိံသာနတ်ပြည် သုဓမ္မာမည် သောနတ်သဘင်၌ နတ်သားဖြစ်ရလေသည်၊ ထိုနတ်သား၏ ကုသိုလ်ကြောင့် ကိုယ်လုံးဖြူ၍ ကြီးစွာသောနဟာဆင်ပျံကြီးသည် ဖြစ်ပေါ်လာလေသည်။

ကြံခင်းစောင့်သေသောသတင်းကိုကြား၍ မိဘ၊ ဆွေမျိုး ဉာတိမိတ်သင်္ဂဟတို့သည် ယိုစီးသောမျက်ရည်ဖြင့်ငိုကြွေးကြကုန် လျက် လာကြကုန်သည်၊ အလုံးစုံသောရွာသူ၊ ရွာသားတို့သည် လည်း လာကြလေသည်၊ ကြံခင်းစောင့်၏မိဘတို့သည် အလောင်း ကိုသင်္ဂြိုဟ်ရန်စီမံပြုလုပ်ကြသည်။

ထိုအချိန်တွင် ထိုနတ်သားသည် နတ်ဆင်ပျံကြီးကိုစီး၍ အလုံးစုံသော တူရိယာအတီးအမှုတ်တို့ကို တီးမှုတ်လျက် နတ်သမီး အခြံအရံများ ခြံရံကာ ကြီးစွာသောနတ်တန်ခိုးဖြင့် နတ်ပြည်မှ ဆင်းသက်လာခဲ့သည်၊ ရောက်လာကြသောပရိသတ်ကိုမြင်စေ လျက် ကောင်းကင်၌တည်နေသည်။

ထိုအခါ ပညာရှိသောယောကျ်ားတစ်ယောက်သည် ထို နတ်သားကိုမြင်၍-

"ကောင်းကင်၌ တူရိယာများတီးမှုတ်လျက် အလုံးစုံဖြူ သောဆင်ပျံကိုစီးလျက်ရောက်လာသူကား အဘယ်သူနည်း၊ သာမညနတ်ပေလော၊ ဒါမှမဟုတ် ကချေသည် ဂန္ဓဗ္ဗနတ်လော၊

ဒါမှမဟုတ် ရှေးဦးစွာအလှူပေးတတ်သောသိကြားမင်းပေလော၊ ကျွန်ုပ်တို့သည် သင့်ကိုမည်သို့သိမှတ်ရပါမည်နည်း"
ဟု မေးသည်။

"ငါသည် သာမညနတ်လည်းမဟုတ်၊ ကချေသည် ဂန္ဓဗ္ဗ နတ်လည်းမဟုတ်၊ သိကြားမင်းလည်းမဟုတ်ပါ၊ နတ်ပြည်၌ သုဓမ္မာအမည်ရှိသောနတ်တို့သည် ရှိကြပါ၏၊ ထိုနတ်တို့တွင် ငါသည် တစ်ပါးအပါအဝင်ဖြစ်ပါ၏"

ကြံခင်းစောင့်နတ်၏စကားကိုကြားလျှင် ထိုမေးသော ယောက်ျားသည် လက်အုပ်ချီရှိခိုးလျက်-

"သုဓမ္မာနတ်သား. . . ကျွန်ုပ်သည် သင့်ကိုလက်အုပ်ချီ ရှိခိုး၍ အရိုအသေပြုလိုပါ၏၊ သင်သည် လူ့ပြည်၌ အဘယ်သို့ သော ကုသိုလ်ကံကိုပြုလုပ်သဖြင့် သုဓမ္မာနတ်သားအဖြစ်သို့ ရောက်ရှိခံစားရပါသနည်း" ဟု မေးသည်။

"ငါသည် ရဟန္တာသုံးပါးတို့တွင် တစ်ပါးကိုကြံရိုးဖြင့် ဆောက်လုပ်အပ်သောကျောင်း၊ တစ်ပါးကို မြက်မိုးကျောင်း၊ တစ်ပါးကို အဝတ်မိုးကျောင်းတို့ကို ပေးလှူခဲ့သည်၊ အကြင်သူ သည် တစ်ခုခုသောကျောင်းကိုဆောက်လုပ်လှူဒါန်း၏၊ ထိုသူ သည် သုဓမ္မာနတ်သားအဖြစ်သို့ရောက်ရပါ၏"

ထို့နောက် နတ်သားသည် ပရိသတ်ကိုမိမိလှူခဲ့သော ကျောင်းများကိုလက်ညှိုးထိုးပြပြီးလျှင်-

"ငါသည်ကား အခြားသူမဟုတ်၊ ကြံခင်းစောင့်ပင်ဖြစ်ပါ သည်၊ ဤကျောင်းသုံးကျောင်းကိုဆောက်လုပ်လှူဒါန်းခဲ့သော ကြောင့် ငါသည် သုဓမ္မာနတ်သားဖြစ်ရပါ၏"

ဟူ၍ ပြောပြကာ ရတနာသုံးပါး၏ဂုဏ်ကျေးဇူးတို့ကိုလည်း ထုတ်ဖော်ပြောပြသည်၊ မိဘတို့ကိုလည်း ဝမ်းမြောက်ဝမ်းသာနှစ်သက်စေသောနှုတ်ဆက်စကားပြောကာ ရတနာသုံးပါးကို ယုံကြည်အားကိုးရန်ဟောပြောခဲ့ပြီး နတ်ပြည်သို့ပြန်တက်သွားလေသည်။

ထိုအရပ်သို့စုဝေးရောက်လာကြသော ပရိသတ်တို့သည် ကြံခင်းစောင့်နတ်သား၏စကားကိုကြားရသဖြင့် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ ရတနာသုံးပါး၌ အလွန်ကြည်ညိုခြင်းဖြစ်ကြကုန်သည်၊ များစွာသောလှူဖွယ်ဝတ္ထုတို့ကိုစီမံပြီး ဗုဒ္ဓရှိရာ ဇေတဝန်ကျောင်းသို့သွားပြီး ရတနာသုံးပါး၌ ကြီးစွာသောအလှူကိုပြုလုပ်ကြလေသည်၊ ကြံခင်းစောင့်နတ်သားအကြောင်းကိုလည်း ဗုဒ္ဓအားလျှောက်ထားကြလေသည်။

ဗုဒ္ဓသည် ထိုပရိသတ်အား တရားတော်ကိုအကျယ်အားဖြင့် ဟောကြားတော်မူ၍ လူအများကို သရဏဂုံနှင့်ငါးပါးသီလကို ဆောက်တည်စေ၍တည်စေသည်။

ထိုသူများသည် တည်မြဲသောသဒ္ဓါတရားရှိကုန်သည်ဖြစ်၍ မိမိတို့ရွာသို့ပြန်ကြပြီးလျှင် ထိုကြံခင်းစောင့်သေဆုံးသောနေရာ၌ ကျောင်းဆောက်လုပ်ထားပြီးလျှင် ဗုဒ္ဓနှင့်သံဃာတော်များအား လှူ၍ ကိုးကွယ်နေကြလေတော့သည်။

အမှတ်မထင် ကာလဒါနပြုလုပ်လိုက်ရသော ကြံခင်းစောင့်၏ဝေယျာဝစ္စယာယီကျောင်းကုသိုလ်သည် ဤမျှအကျိုးကြီးမားသည်ကို ကိုယ်တိုင်ကိုယ်ကျချက်ချင်းနိုးထလာရောက်ပြောပြသော ကြံခင်းစောင့်နတ်သား၏ဘဝသည်လည်း မှတ်သားအတုယူစရာကောင်းလှပါသည်။

(ကြံခင်းစောင့်ဝိမာနဝတ္ထု)

## ( ဆ ) စုဠဌရထနတ်သား

ဗုဒ္ဓသည် ကုသိနာရုံ၌ ပရိနိဗ္ဗာန်စံဝင်ပြီးနောက် အရှင်မဟာကဿပသည် သံဂါယနာတင်ရန် သံဃာ(၅၀၀)ကို ရွေးချယ်ခဲ့သည်၊ ထို့နောက် ဝါဆိုလပြည့်မတိုင်မီ အရွေးချယ်ခံရသောမထေရ်များ မိမိတို့၏ဒါယကာ၊ ဒါယိကာမများကို တရားရေအေးတိုက်ကျွေးစေရန် ဒေသအသီးသီးသို့ကြွရောက်စေခဲ့သည်။

ထိုတွင် အရှင်မဟာကစ္စည်းသည် မဇ္ဈိမဒေသမှ အနောက်ဖြစ်သောတစ်ခုသော ပစ္စန္တရာ၏အရပ် တောကျောင်း၌ သီတင်းသုံးနေထိုင်သည်။

ထိုအချိန်တွင် အသကတိုင်းပေါတမြို့၌ အသကမင်း၏သားတော်သုဇာတကုမာရမင်းသားသည် မြို့မှထွက်ခွာပြီး တောမုဆိုးပြုလုပ်၍နေသောအချိန်ဖြစ်သည်။

ထိုမင်းသားကား ကဿပဘုရားရှင်လက်ထက်က ရဟန်းဖြစ်ခဲ့ပြီး သီလ၌တည်ကာ ပုထုဇဉ်ဘဝဖြင့်သေဆုံး၍ တာဝတိံသာနတ်ပြည်၌ အကြိမ်ကြိမ်နတ်သားဖြစ်ခဲ့သည်။

ယခု ဂေါတမဘုရားရှင်လက်ထက်၌ အသကမင်း၏ အဂ္ဂမဟေသီမိဖုရားကြီးမှ မွေးဖွားခဲ့ပြီး များစွာသောအခြံအရံဖြင့် ကြီးပွားချမ်းသာစွာ စံစားနေရသည်၊ သုဇာတမင်းသား၏မယ်တော်နတ်ရွာစံသောအခါ အသကမင်းသည် မင်းသမီးတစ်ပါးကို မိဖုရားမြှောက်ရာ ထိုမိဖုရားမှသားတစ်ယောက်ထွန်းကားလာခဲ့ပြန်သည်၊ မိဖုရားငယ်၏သားကိုမြင်သော် မင်းကြီးသည် ဆုကိုပေးသည်၊ မိဖုရားငယ်က ထိုဆုကိုလိုသောအခါမှ ယူမည် ဟုနှုတ်ဖြင့်ပင်လျှင် ဆုကိုယူထားသည်။

သုဇာတမင်းသား(၁၆)နှစ်အရွယ်သို့ရောက်သော မိဖုရားငယ်သည် မိမိ၏သားအတွက် အိမ်ရှေ့မင်းအရာကို တောင်းဆိုလေသည်၊ မင်းကြီးက ပထမငြင်းဆိုခဲ့သော်လည်း နောက်တွင် မိဖုရားငယ်က ဆုကိုအကြောင်းပြုပြီး အကြိမ်ကြိမ်တောင်းဆိုလာသဖြင့် မင်းကြီးလည်း "မင်းမှာသစ္စာ၊ လူမှာဂတိ"ဆိုသည့်အတိုင်း မပေးမဖြစ်ဖြစ်လာ၍ သားကြီးသုဇာတကိုခေါ်ယူကာ မျက်ရည်ကျလျက် သားတော်ကို တစ်ခြားနိုင်ငံသို့သွားရန် သို့မဟုတ် တစ်နေရာ၌မြို့သစ်တည်နေရန် မိန့်ကြားသည်။

သုဇာတမင်းသားကလည်း မျက်ရည်ယိုစီးလျက်ပင် ဖခင်ကို တစ်ခြားလည်းမသွား၊ မြို့သစ်လည်းမတည်၊ တောထဲ၌ မုဆိုးအဖြစ်နေခွင့်ပြုပါဟုတောင်းဆိုခဲ့သည်။

မင်းသား၏အကြိမ်ကြိမ်တောင်းဆိုမှုကြောင့် မင်းကြီးက သုဇာတမင်းသားကို လတ်တလော တော၌နေပြီး မိမိနတ်ရွာစံက ထီးနန်းကိုလာရောက်အုပ်ချုပ်မင်းလုပ်ပါ ဟု မှာကြား၍ ခွင့်ပြုလိုက်လေသည်။

ထိုအချိန်မှစ၍ သုဇာတမင်းသားသည် တော၌နေကာ မုဆိုးအလုပ်ဖြင့် အချိန်ကုန်ခဲ့သည်၊ တစ်နေ့တွင် သုဇာတမင်းသားသည် သမင်တောသို့သွားသောအခါ ရှေးဘဝကအဖော်သူငယ်ချင်းဖြစ်ခဲ့ဘူးသော တောစောင့်နတ်တစ်ပါးသည် မင်းသား၏ကောင်းကျိုးကိုအလိုရှိသည်ဖြစ်၍ သမင်ယောင်ဆောင်ကာ မင်း ကိုဖြားယောင်း၍ ရှင်မဟာကစ္စည်းသီတင်းသုံးရာ တောကျောင်းဘက်သို့ခေါ်သွားသည်၊ မင်းသားသည်

ဤသမင်ကို အမိ ဖမ်းမည်ဟုဆုံးဖြတ်ပြီးလိုက်ခဲ့ရာ အရှင်မဟာကစ္စည်းသီတင်းသုံးသော ကျောင်းအနီးသို့ရောက်လျှင် သမင်ပျောက်သွားသဖြင့် တောင်ကြည့်-မြောက်ကြည့် ရှာဖွေကြည့်မိသည်။

အရှင်မဟာကစ္စည်းကို ကျောင်းပြင်ပ၌ထိုင်နေသည်ကို မြင်တွေ့သဖြင့် လေးကိုမြေမှာထောက်ပြီး ရပ်ကြည့်နေမိသည်၊ အရှင်မဟာကစ္စည်းကလည်း မုဆိုးသားကိုမြင်ပြီး မုဆိုးသား၏ဘဝအကြောင်းစုံကို အလုံးစုံအဘိညာဉ် ဉာဏ်ဖြင့်သိပြီးဖြစ်၍ ချီးမြှောက် တော်မူလိုသောကြောင့် မသိဟန်ဆောင်ကာ-

"လေးကိုထောက်၍ရပ်နေသောသင်သည် မင်းမျိုးဖြစ်သောမင်းသားလော၊ ထိုသို့မဟုတ် ကြမ်းကြုတ်သောတောမှာကျက်စားသည့်မုဆိုးလော"

ဟု မေးလိုက်သည်။

"တပည့်တော်သည် အသကတိုင်းကိုအစိုးရသောပြည့်ရှင်မင်း၏သား သုဇာတ ဖြစ်ပါသည်၊ ယခုအခါ တောထဲ၌ မုဆိုးတို့နှင့်အတူနေ၍ သားသမင်တို့ကို လိုက်လံဖမ်းရှာဖွေလျက်အရှင်ဘုရားကျောင်းထဲသို့အရောက်တွင် သားသမင်ကို မမြင်အရှင်ဘုရားကိုသာမြင်၍ ရပ်ကြည့်နေမိပါသည်"

"ဘုန်းကံကြီးမားသောမင်းသား. . . သင်၏ရောက်လာခြင်းသည် ကောင်းသောလာခြင်းဖြစ်ပါ၏၊ မကောင်းသောရောက်လာခြင်းမဟုတ်ပါ၊ ဤသုံးဆောင်ရေအိုးမှ ရေကိုယူ၍သင်၏ခြေကိုဆေးကြောပါ၊ ဤသောက်ရေသည် တောင်ချောက်

ချားမှယူလာသောရေဖြစ်၍ အေးမြပါသည်၊ ဤရေကိုသောက်၍ ဤအခင်း၌ထိုင်ပါလော"

အရှင်မဟာကစ္စည်းမထေရ်က သုံးရေ၊ သောက်ရေတို့ဖြင့် ဖိတ်ကြားသောအခါ သုဇာတမင်းသားသည် ကြည်ညိုနှစ်သက်ခြင်းရှိသည်ဖြစ်၍ -

"အရှင်ဘုရား၏စကားသည် အကျိုးနှင့်ယှဉ်သောစကားဖြစ်ပါ၏၊ အရှင်ဘုရားသည် အဘယ်ကြောင့် တစ်ပါးတည်းတောထဲ၌လာနေပါသနည်း၊ တောထဲ၌နေခြင်း၏အကျိုးတရားများကိုဟောကြားပါလျှင် မှတ်သားနာယူကျင့်လိုပါသည်"

ဟု သုဇာတမင်းသားကလျှောက်ထားသည်။

"မင်းသား. . . ငါတို့သည် အလုံးစုံသောသက်ရှိသတ္တဝါတို့ကို ညှဉ်းဆဲနှိပ်စက်သတ်ဖြတ်ခြင်းမရှိသည်ကို နှစ်သက်ပါ၏၊ သူတစ်ပါးကိုခိုးယူခြင်းမှရှောင်ကြဉ်မှု၊ သူတစ်ပါးသားမယားကိုလွန်ကျူးခြင်းမှရှောင်ကြဉ်မှု၊ အရက်သေစာသောက်စားခြင်းမှရှောင်ကြဉ်မှုတို့ကို ရှောင်ကြဉ်လျက် ဒါန၊ သီလ စသောကောင်းမှုတို့ကိုပြုခြင်းသည်လည်းကောင်း၊ သူပြုဖူးသောကျေးဇူးကိုသိခြင်းသည်လည်းကောင်း၊ ဤဆိုခဲ့ပြီးသောတရားတို့သည် မျက်မှောက်ကာလ ယခုဘဝ၌ ချီးမွမ်းထိုက်သောတရားတို့ဖြစ်ကြပါ၏၊ ပညာရှိတို့ချီးမွမ်းကြကုန်၏၊ ယခု မျက်မှောက်ကာလ၌ အမျိုးကောင်းသားတို့လိုလားသဖြင့် ကျင့်ကြံအပ်ကုန်၏၊ နောင်တမလွန်ချီးမွမ်းထိုက်ကုန်ပါ၏"

ဟူ၍ ရှင်မဟာကစ္စည်းကဟောကြားပြီး မင်းသား၏အသက်ကို အနာဂတံသဉာဏ်ဖြင့် ရှုကြည့်မိသည်ရှိသော် ဤမင်းသားငါးလသာအသက်ရှည်မည့်အကြောင်းကို မြင်တော်မူသည်၊ သို့အတွက် မင်းသားကို သတိသံဝေဂထိတ်လန့်မှုရစေပြီး တရားကျင့်စေရန် ရည်ရွယ်၍-

"မင်းသား သင်၏သေခြင်းတရားသည် အနီးကပ်၍နေပါ၏၊ သင်သည် ငါးလအတွင်း သေခြင်းဖြစ်လတ့်သည်ကို သင်သိပါလေ၊ မိမိကိုယ်ကို အပါယ်ဘေးမှလွတ်အောင်ပြုပါလေ" ဟု ဟောကြားရာ မင်းသားသည် ထိတ်လန့်ခြင်းသံဝေဂဖြစ်၍ သေခြင်းမှလွတ်ကင်းရာအရပ်သို့သွားလိုရကား မထေရ်ကို-

"အရှင်ဘုရား . . တပည့်တော်သည် အဘယ်အရပ်သို့ သွားမှ သေခြင်းဘေးမှကင်းလွတ်ပါမည်နည်း၊ အဘယ်သို့ပြုလုပ်မှ အဘယ်မန္တန်အတတ်ပညာဖြင့်မှ သေခြင်းဘေးမှကင်းလွတ်ရပါမည်နည်း၊ သေဘေးလွတ်ကင်းရာတရားတော်ကို ဟောကြားပေးတော်မူပါလော့"

"မင်းသား . . . သေဘေးလွတ်ကင်းရာ အရပ်ဟူ၍ တစ်စုံတစ်ခုမျှမရှိ၊ သေဘေးလွတ်ကင်းအောင်လုပ်နိုင်သောအရာ မန္တန် အတတ်ပညာတို့သည်လည်းမရှိ၊ များစွာ ဥစ္စာရှိသောသူ တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူ၊ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ ဆင်းရဲမျိုးတို့သည်လည်း သေခြင်းမှမလွတ်ကင်းကုန်၊ ဗေဒင်တတ်သော ပုဏ္ဏားစျာန်အဘိညာဉ်ရသော ရသေ့ဆရာကြီးများသည်လည်း သေဘေးမှမလွတ်နိုင်၊ မိမိရလာသော ခန္ဓာကိုယ်ကို စွန့်၍သွားကြရသည်။

ကိလေသာကုန်ပြီးသော ဘုရားရ ကို့သည်လည်း ဧသခြင်းတရားမှမလွတ်ကုန်၊ အလုံးစုံသောသက်ရှိသူတို့သည် သေဘေးကိုတွေ့ကုန်ရင်း သေပြီးနောက် အပါယ်သို့မရောက် အောင် မကောင်းမှုကိုရှောင်ကြဉ်၍ ကောင်းမှုကုသိုလ်ကိုသာ ပြုလုပ်ရမည်”

ဟု ရှင်မဟာကစ္စည်းကဟောပြသည်။

ထိုအခါ သုဇာတမင်းသားသည် အရှင်မဟာကစ္စည်းကို အလွန်ကြည်ညိုခြင်းဖြစ်၍-

“အရှင်ဘုရားအား ကိုးကွယ်ရာဟူ၍ဆည်းကပ်ပါ၏” ဟု လျှောက်ထားသည်။

“အသင်မင်းသား. . . ငါတို့ကိုးကွယ်ရာဟူ၍မဆည်း ကပ်လင့်၊ သာကီဝင်မင်းသား ဗုဒ္ဓဘုရားကိုသာ ဆည်းကပ် ကိုးကွယ်ပါလော”

“ထိုမြတ်စွာဘုရားသည် ယခု အဘယ်အရပ်မှာ ရှိပါ သနည်း၊ တပည့်တော်သည် သွားရောက်ဖူးမြော်ပါမည်”

“ယခု ငါနေသောအရပ်မှ အရှေ့မဇ္ဈိမဒေသ၌ ဗုဒ္ဓသည် ပွင့်တော်မူခဲ့ပြီး ယခု ပရိနိဗ္ဗာန်ပြုသွားလေပြီ”

“အရှင်ဘုရား. . . အကယ်၍ ဗုဒ္ဓသက်တော်ထင်ရှားရှိ ခဲ့ငြားအံ့၊ ယူဇနာတစ်ထောင်ဝေးပါစေ၊ တပည့်တော်သွားရောက် ဖူးမြော်ပါမည်၊ ယခု ပရိနိဗ္ဗာန်စံဝင်ပြီဆိုတော့ ဗုဒ္ဓကိုဖူးမြော်ရ တော့မည်မဟုတ်ပါ၊ သို့သော် ပရိနိဗ္ဗာန်ပြုပြီးသောဗုဒ္ဓကို တပည့် တော်က ကိုးကွယ်ရာဟူ၍ဆည်းကပ်ပါသည်၊ အတုမရှိ မြတ်

သောတရားတော်နှင့်သံဃာကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်း ကပ်ပါမည်၊ အရှင်ဘုရားဟောကြားသော ငါးပါးသီလကိုလည်း ဆောက်တည်ပါမည်”

ဟု မင်းသားကလျှောက်ထားပြီး အရှင်မဟာကစ္စည်းထံ၌ သရဏဂုံနှင့် ငါးပါးသီလကိုဆောက်တည်လေသည်။

ထို့နောက် ရှင်မဟာကစ္စည်းက-

“မင်းသား . . သင်သည် ဤတောကြီးအတွင်း၌ တစ် ယောက်တည်းနေသဖြင့် အကျိုးမရှိ၊ သင်မင်းသား၏အသက် သည် ရှည်မြင့်စွာမတည်၊ ငါးလအတွင်း၌သာလျှင် သေရလတ့်၊ သို့အတွက် ဘခမည်းတော်ထံပြန်၍ ဒါနစသောကုသိုလ် ကောင်းမှုတို့ကိုပြုလုပ်၍ နတ်ပြည်သို့ရောက်စေရာ၏”

ဟု မိန့်ကြားပြီးလျှင် မိမိ၌ရှိသော ဗုဒ္ဓ၏ဓာတ်တော်များကိုးကွယ် ရန် ပေး၍ ပြန်လွှတ်လိုက်လေသည်။

“အရှင်ဘုရား . . တပည့်တော်သည် အရှင်ဘုရား၏ စေ ဘားဖြင့် ဘခမည်းတော်နေရာတိုင်းပြည်သို့ပြန်ပါမည်၊ အရှင် ဘုရားသည် တပည့်တော်အား အစဉ်သနားသဖြင့် ဘခမည်း တော်နေရာတိုင်းပြည်သို့ တပည့်တော်ပင့်သောအခါ ကြွလာ တော်မူပါဘုရား”

ဟုလျှောက်ထားသောအခါ ရှင်မဟာကစ္စည်းသည် ဆိတ်ဆိတ် နေသည်းခံ၍ သဘောတူတော်မူသည်။

ထို့နောက် သုဇာတမင်းသားသည် ရှင်မဟာကစ္စည်း လက်ခံသည်ကိုသိရှိပြီးနောက် မထေရ်ကို ရိုသေစွာကန်တော့ပြီး လက်ျာရစ်ပတ်ပြုပြီး ဖခမည်းတော်တိုင်းပြည်သို့ပြန်ခဲ့သည်။

ပြန်ရောက်လျှင် ဉယျာဉ်တော်ထဲ၌နေ၍ ခမည်းတော်ကို မိမိရောက်ကြောင်း အကြောင်းကြားသည်၊ အသကမင်းကြီးသည် ချက်ချင်းပင်ထွက်လာပြီး သားတော်ကိုနန်းတော်တွင်းသို့ ခေါ်ဆောင်ကာ အဘိသိက်သွန်း၍ မင်းမြှောက်ရန်ပြောကြားသည်။

"ဖခမည်းတော်မင်းမြတ် . . . သား၏အသက်သည် အနည်းငယ်မျှသာရှိပါ၏၊ ဤမှ နောင်လေးလရောက်လျှင် သေရပါလတ့်၊ မင်းအဖြစ် အဘယ်အကျိုးရှိပါတော့အံ့နည်း၊ ကျွန်ုပ်သည် ခမည်းတော်ကိုအမှီပြုပြီး ကုသိုလ်ကိုသာ ပြုလုပ်လိုပါသည်"

ဟု လျှောက်ထားပြီး မိမိနှင့်ရှင်မဟာကစ္စည်းတွေ့ဆုံပုံအကြောင်းစုံကိုလည်းကောင်း၊ ရှင်မဟာကစ္စည်း၏ဂုဏ်၊ ရတနာသုံးပါး၏ဂုဏ်နှင့်အာနုဘော်တို့ကိုပြောကြားပြသည်။

မင်းကြီးသည်လည်း သတိသံဝေဂထိတ်လန့်မှုဖြစ်၍ ရတနာသုံးပါး၌လည်းကောင်း၊ အရှင်မဟာကစ္စည်းမထေရ်၌လည်းကောင်း ကြည်ညိုခြင်းဖြစ်၍ ကြီးစွာသောကျောင်းတိုက်ကြီးကိုတည်ထားဆောက်လုပ်ပြီးလျှင် ရှင်မဟာကစ္စည်းထံသို့ တစ်ဖန် စေလွှတ်၍ ပင့်လျှောက်စေသည်။

အရှင်မဟာကစ္စည်းသည် မင်းကြီးနှင့်တကွ လူအပေါင်းတို့အားချီးမြှောက်ခြင်းငှာကြွလာတော်မူသည်၊ မင်းကြီးနှင့်တကွ အခြံအရံပရိသတ်တို့သည် ခရီးဦးကြိုဆို၍ ကျောင်းတိုက်အတွင်း ပင့်ဆောင်ကြသည်၊ ထို့နောက် ပစ္စည်းလေးပါးတို့ဖြင့် ရှိသေစွာ

ကောင်းမွန်စွာလုပ်ကျွေးလျက် သရဏဂုံနှင့်ငါးပါးသီလဆောက်တည်ကြလေသည်။

သုဇာတမင်းသားသည် သီလကိုဆောက်တည်လျက် အလှူစသောကုသိုလ်ကောင်းမှုတို့ကိုပြုလုပ်လျက် တရားနာယူသည်၊ လေးလလွန် ငါးလမြောက်သော် စုတေကျ၍ တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်လေသည်။

ထိုနတ်သား၏ဘုန်းကံအားဖြင့် ရတနာခုနစ်ပါးတို့ဖြင့် တန်ဆာဆင်သော(၇)ယူဇနာရှိသောနတ်ရထားသည်ဖြစ်ပေါ်လာပြီး တစ်သောင်းမကများလှစွာသောနတ်သမီးတို့သည် ခြံရံနေကြကုန်သည်။

အသကမင်းကြီးသည် သားတော်၏အလောင်းကို သဂြိုဟ်ရန် ရဟန်းသံဃာအပေါင်းတို့အား ကြီးစွာသောအလှူကြီးကိုဖြစ်စေ၍ စေတီပူဇော်ခြင်းကိုပြုလေသည်၊ လူအပေါင်းတို့သည် စုဝေးရောက်လာကြကုန်သည်၊ အရှင်မဟာကစ္စည်းသည် ရဟန်းပရိသတ်နှင့်တကွ ကြွလာတော်မူသည်။

ထိုအချိန်ဝယ် သုဇာတနတ်သားသည် မိမိပြုဘူးသောကောင်းမှုကံကိုစဉ်းစားဆင်ခြင်သည်ရှိသော် ရှင်မဟာကစ္စည်းမထေရ်၏ကျေးဇူးကြီးမားသည်ကိုအောက်မေ့၍-

"ငါသည် မထေရ်မြတ်ကိုလည်းရှိခိုးအံ့၊ သာသနာတော်၏ဂုဏ်ကျေးဇူးကိုလည်း ထင်ရှားအောင် ငါပြုအံ့"

ဟု ကြံစည်လျက် နတ်ရထားစီးကာ နတ်သမီးအခြံအရံများဖြင့် လူအများမြင်အောင် ထင်ရှားသောကိုယ်ဖြင့်လာ၍ ရထားမှဆင်း

သက်ပြီးလျှင် အရှင်မဟာကစ္စည်း၏ခြေတော်စုံကိုရှိခိုးဦးတိုက်ပြီးလျှင် လက်အုပ်ချီလျက်ရပ်နေလေသည်။

အရှင်မဟာကစ္စည်းသည် သုဇာတမှန်းသိတော်မူလျက်ပင်လူအများတွင် ထင်ရှားစေခြင်းငှာ-

"နတ်သမီးကညာ၊ များစွာခြံရံလျက် ငါ၏ရှေ့မှောက်တွင်ရှိခိုး၍ရပ်လာသောအသင်နတ်သား. . . သင်၏နတ်ရထားကြီးသည် နေ၏အရောင်ကဲ့သို့ ကောင်းကင်၌ထွန်းလင်းတောက်ပလျက်နေ၏၊ ထက်ဝန်းကျင်မှခုနှစ်ယူဇနာရှိ၏၊ ရွှေပြားတို့ဖြင့်ထက်ဝန်းကျင်မိုးကာလျက် ရထားလှည်းသန်ဦး၌ ပုလဲပတ္တမြားတို့ဖြင့် ဆန်းကြယ်စွာစီချယ်၍ ရွှေပန်းပြောက်၊ ငွေပန်းပြောက်ကျောက်မျက်ရွဲတို့ဖြင့် ကောင်းစွာစီမံဖန်ဆင်းလျက် တင့်တယ်လှပလှပါ၏"

ရထားလှည်းဝက်စွယ်၌ ကျောက်မျက်ရွဲဖြင့်စီချယ်အပ်၏၊ ရထားထမ်းပိုးသည်လည်း နီလာပတ္တမြားဖြင့်စီချယ်ထားအပ်၏၊ ရွှေတန်ဆာ၊ ငွေတန်ဆာတို့ဖြင့်ဆင်အပ်ကုန်သော သိန္ဓောနတ်မြင်းတို့သည်လည်း စိတ်ကဲ့သို့လျင်မြန်၍ တင့်တယ်လှပကုန်ပါ၏။

ထိုသင်နတ်သားသည် သိကြားမင်းကဲ့သို့ ရွှေရထားပေါ်၌စည်းစိမ်ခံစားလျက် သွားလာနေထိုင်ရ၏၊ ဤကဲ့သို့ ကြီးကျယ်သောနတ်စည်းစိမ်ကိုအဘယ်သို့သောကုသိုလ်ကိုပြုလုပ်ခဲ့၍ ရခဲ့ပါသနည်း၊ ငါမေးမြန်းသည်ကို သင်ဖြေကြားပေးပါလော"

ထိုအခါ သုဇာတနတ်သားသည် မိမိ၏ဘဝဖြစ်စဉ်နှင့် အရှင်မဟာကစ္စည်းကျေးဇူးဂုဏ်နှင့်ရတနာသုံးပါးကျေးဇူးဂုဏ်တို့ကို အသေးစိတ်လျှောက်ထားပြောကြားသည်။

ထို့နောက် ရှင်မဟာကစ္စည်းကိုရှိခိုးပြီး အမိ၊ အဖတို့ကို စကားပဋိသန္ထာရနှုတ်ဆက်၍ နတ်ရထားစီးကာ နတ်ပြည်သို့ပြန်တက်သွားလေသည်။

အရှင်မဟာကစ္စည်း၏ကျေးဇူးကြောင့်သေရမည်ကို ကြိုတင်သိပြီး ကုသိုလ်ကောင်းမှုကိုပြုလုပ်ခဲ့၍ တာဝတိံသာနတ်ပြည်ရောက်ခဲ့ပြီး နတ်စည်းစိမ်ခံစားရသော သုဇာတနတ်သား၏ ဘဝသစ်၌ခံစားရသော နတ်စည်းစိမ်အတွေ့အကြုံတို့ကို လက်တွေ့လာရောက်ပြောပြခြင်းသည် မှတ်သားဖွယ်၊ အားကျဖွယ် အတုယူဖွယ်ပင် ဖြစ်ရပါတော့သည်။

(သုဇာတဝိမာနဝတ္ထု)

## (၈) ယသုတ္တရာနတ်သမီး

ဟာရာဏသီပြည်သူ ယသုတ္တရာအမည်ရှိသောအမျိုးသမီးသည် သဒ္ဓါတရားကောင်းသည်၊ အကျင့်သီလနှင့်ပြည့်စုံကောင်းမွန်သည်၊ တစ်နေ့တွင် သူမသည် ဗုဒ္ဓအားရည်စူးပြီး သင်္ကန်းဒွိစုံကိုရက်လုပ်ပြီးလျှင် ကောင်းစွာလျှော်ဖွပ်ဆေးဆိုးပြီး ဣသိပတနမိဂဒါဝုန်တော၌သီတင်းသုံးနေသောဗုဒ္ဓထံမှောက်သို့ရောက်လာကာ-

"ဘုန်းတော်နေဝန်း တောက်ထွန်းတင့်တယ်တော်မူသော မြတ်စွာဘုရား. . . ဤသင်္ကန်းဒွိစုံကိုတပည့်တော်မအားအစဉ်သနားသဖြင့် ရှည်စွာသောကာလပတ်လုံး ချမ်းသာစီးပွားအကျိုးတိုးပွားစေခြင်းငှာ အလှူခံပေးတော်မူပါဘုရား"

ဟု လျှောက်ထားလေသည်။

ဗုဒ္ဓသည် ယသုတ္တရာ၏ပါရမီဥပနိဿနှင့်ပြည့်စုံတော်မူသည်ကိုမြင်၍ သစ္စာလေးပါးတရားအစစ်ကိုဟောတော်မူရာ တရားတော်အဆုံး၌ သောတာပတ္တိဖိုလ်၌တည်လေသည်။

နောက်မကြာခင် ယသုတ္တရာသည် ရောဂါတစ်ခုဖြင့် ကွယ်လွန်ခဲ့ရာ တာဝတိံသာနတ်ပြည်ဝယ် သိကြားမင်း၏မိဖုရားဖြစ်ပြီး ယသုတ္တရာနတ်သမီးဟူ၍လည်းကျော်ကြားထင်ရှားသည်၊ သိကြားမင်းကလည်း အလွန်ချစ်မြတ်နိုးလျက် အကျွမ်းဝင်လေသည်။

သူမ၏ကုသိုလ်ကံအစွမ်းအားကြောင့် ရွှေကွန်ယက်တန်ဆာတို့ဖြင့် ဖုံးလွှမ်းဆင်မြန်းလျက် ကကြိုးတန်ဆာတို့နှင့်အပြည့်

အစုံပါသော ဆင်ပျံ့ရတနာဖြစ်ပေါ် လာသည်၊ ထိုဆင်ပျံ့ရတနာ၏ ကျောကုန်းထက်၌ ပတ္တမြားဖြင့်ပြီးသောမဏ္ဍာပ်ရှိသည်၊ ထို မဏ္ဍာပ်အလယ်၌ ကောင်းစွာခင်းထားသောရတနာပလ္လင်သည် လည်းရှိ၏၊ ထိုဆင်၏အစွယ်နှစ်ချောင်းတို့၌ ကြာငါးမျိုးတို့နှင့် ပြည့်စုံသောလေးထောင့်ကန်ရေကန်နှစ်ခုတို့သည်လည်း ဖြစ်ပေါ် နေ၏၊ ထိုကန်အတွင်း၌ပွင့်နေသောကြာပွင့်တို့၏အပေါ်၌ နတ် သမီးတို့သည် တူရိယာငါးပါးတီးမှုန်လျက် ကခုန်သီဆိုကြသည်၊ သိကြားမင်း၏ဧရာဝဏ်ဆင်ကဲ့သို့ပင် ရှိလေသည်။

ထိုအခါ ယသုတ္တရာနတ်သမီးသည် မိမိခံစား-စံစားနေရ သော နတ်စည်းစိမ်ကိုကြည့်၍ ဤစည်းစိမ်ကိုရခြင်းအကြောင်း ကံကို ဆင်ခြင်မိသည်၊ ဗုဒ္ဓအား သက်န်းဒွိစုံလှူရသော ဒါန ကုသိုလ်ကံကြောင့်ရသည်ကိုသိမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ ဗုဒ္ဓ၌ပ ိုမိုကြည်ညိုသောစိတ်များ တဖွားဖွားဖြစ်ပေါ် ခံစားမိလေသည်။

ထိုခဏပင် သူမသည်ဆင်ပျံ့စီးကာ ကောင်းကင်ခရီးဖြင့် လာပြီးလျှင် ဗုဒ္ဓကိုလာရောက်ဖူးမျှော်လေသည်။

ထိုအခါ ကဗျာလင်္ကာဂါထာဖွဲ့ဆိုမှု၌ ကျွမ်းကျင်လိမ္မာ သော အရှင်ဝင်္ဂီသမထေရ်သည် နတ်သမီးကို-

“ပိုမြင်နိုနယ်၊ ရှုဖွယ်ရှိလှသောနတ်သမီး. . . သင် နတ် သမီးသည် ပတ္တမြားရတနာတို့ဖြင့်စီချယ်အပ်သောရွှေတန်ဆာ၊ ရွှေကွန်ယက်ဖြင့် ကောင်းစွာဖုံးလွှမ်းထားသော ကကြိုးတန်ဆာ တို့ဖြင့် ကောင်းစွာဆင်မြန်းရှိသောကြီးစွာသောဆင်ရတနာပျံကို

စီးလျက် ခြွေရံများစွာနှင့် ဤကျောင်းတော်သို့ရောက်လာခဲ့ပါသည်။

အစွယ်နှစ်ချောင်း၌ ကောင်းစွာဖန်ဆင်းအပ်သောကြည်လင်သောရေကန်ရှိပြီး ကြာပန်းတို့သည်လည်း ကောင်းစွာပွင့်ကုန်ကြ၏၊ ပဒုမ္မာကြာပွင့်တို့အပေါ်၌ နတ်သမီးတို့သည် တူရိယာငါးပါးဖြင့်တီးမှုတ်သီဆိုကခုန်ဖျော်ဖြေနေကြသည်မှာ အလွန်စိတ်နှလုံးကို နှစ်သက်ပျော်မွေ့စေပါ၏။

"သင် နတ်သမီးသည် တန်ခိုးကြီးမားမှုရှိသည်မှာ ထင်ရှားပါ၏၊ လူ့ဘဝရှိစဉ်က အဘယ်ကောင်းမှုကိုပြုခဲ့သဖြင့် ဤသို့သော တောက်ပထွန်းလင်းသောအာနုဘော်၊ အဆင်းအရောင်တို့သည် အရပ်ဆယ်မျက်နှာတိုသို့ ပျံ့နှံ့တောက်ပရပါသနည်း"

ဟု မေးမြန်းသည်။

ဝင်္ဂီသဟုနာမည်ကျော်ကြားအရှင်ဘုရား. . . တပည့်တော်မသည် ဗာရဏာသီပြည်သူတစ်ဦးဖြစ်ပါသည်၊ ဗုဒ္ဓအားရည်စူးပြီး သက်နှဲရက်လုပ်ချုပ်ဆိုးလျှော်ဖွပ်ပြီး ဗုဒ္ဓထံမှောက်ကိုယ်တိုင်လာရောက်လှူခဲ့သည်၊ ကြည်ညိုမှုလည်းအလွန်ဖြစ်ခဲ့ပါသည်၊ တပည့်တော်မသည် ဗုဒ္ဓကိုလက်အုပ်ချီရှိခိုးမှုကိုလည်း နှစ်သက်ဝမ်းမြောက်စွာပြုလုပ်ခဲ့ပါသည်၊ ရွှေအဆင်းကဲ့သို့အဆင်းရှိသောဗုဒ္ဓသည် တပည့်တော်မအား တဏှာလောဘကြောင့်ဖြစ်သောဆင်းရဲအမှန်တရား၏မမြဲခြင်းကိုလည်းကောင်း၊ ပြုပြင်ဖန်ဆင်းခြင်းမရှိသော ဆင်းရဲမထင်နိဗ္ဗာန်ကိုမြင်စေသောမဂ္ဂင်တရား

ကိုလည်းကောင်း ဟောပြတော်မူခဲ့ပါသည်၊ ထိုသို့ဟောပြသည့်အတွက် တပည့်တော်မသည် သေလွန်သောအခါ ထိုကုသိုလ်ကြောင့် သိကြားမင်း၏တစ်သောင်းခြောက်ထောင်သော ရံရွေတော်တို့တွင် တစ်ယောက်အပါအဝင်ဖြစ်သောမိဖုရားဖြစ်ခဲ့ရပါသည်ဘုရား၊ တပည့်တော်မသည် စတုမဟာရာဇ် တာဝတိံသာနတ်ပြည်တို့၌ ထင်ရှားကျော်ကြားခဲ့သူဖြစ်ခဲ့ရပါသည်ဘုရား" ဟု လျှောက်ထားပြီးလျှင် မြတ်စွာဘုရားကိုလက်ျာရစ်ရှိခိုးပူဇော်ပြီးလျှင် နတ်ပြည်သို့ပြန်သွားလေသည်။

ယသုတ္တရာအမျိုးသမီးသည် မိမိပြုခဲ့သောကုသိုလ်စွမ်းအားကိုနှစ်သက်ကျေနပ်ခြင်း၊ ဗုဒ္ဓအားကျေးဇူးအထူးတင်ခြင်းတို့ဖြင့် မိမိအခြံအရံများနှင့်တကွ ဗုဒ္ဓထံလာရောက်ဖူးမြော်ခြင်း၊ အရှင်ဝင်္ဂီသအား မိမိဘဝ၏ကောင်းမှုနှင့်ခံစားရသော နတ်စည်းစိမ်တို့ကိုလျှောက်ထားပြသွားပါသည်။

ဘဝသစ်မှချက်ချင်းနိုးထပြီး မိမိကုသိုလ်ကိုလာရောက်ပြောပြသော ယသုတ္တရာနတ်သမီး၏ဘဝသည်လည်း အတုယူစရာ၊ အားကျစရာ၊ မြတ်နိုးစရာကောင်းလှပါသည်။

(နာဂပိမာနဝတ္ထု)

## (၈) သီရိမာနတ်သမီး

ထွန်ခဲမှရွှေတုံးဖြစ်ပြီး သူဌေးဖြစ်ခဲ့ရသော ပုဏ္ဏသူဌေး၏ သမီးဥတ္တရာကို မိမိ၏ယခင်က အရှင်သခင်ဖြစ်ခဲ့သော ရာဇဂြိုဟ်သူဌေး၏သားနှင့်လက်ထပ်ပေးခဲ့သည်၊ ထိုရာဇဂြိုဟ်သူဌေး၏ မိသားစုသည် ဗုဒ္ဓကို ကိုးကွယ်သူမဟုတ်ကြပေ။

ဥတ္တရာသည် ရာဇဂြိုဟ်သူဌေးသားနှင့်လက်ထပ်သော အချိန်မှစ၍ ရဟန်းတို့ကိုဆွမ်းလောင်းခြင်း၊ တရားနာခြင်းအမှုတို့ကို မပြုလုပ်ရသဖြင့် စိတ်ဆင်းရဲကာ ဖခင်ထံမှငွေ(၁၅၀၀၀) တောင်းပြီး ရာဇဂြိုဟ်မှ နာမည်ကြီးပြည့်တန်ဆာမ သီရိမာကို ငှားကာ မိမိ၏လင်ကိုပြုစုစေပြီး မိမိကမူ ဝါကျွတ်ကာလ(၁၅)ရက် တိတိ ကုသိုလ်ကောင်းမှုပြုနေခဲ့သည်။

သီတင်းကျွတ်လပြည့်အကြိုနေ့တွင် ဥတ္တရာ၏ခင်ပွန်း ရာဇဂြိုဟ်သူဌေးသားသည် ဥတ္တရာ၏မီးဖိုဆောင်၌ချွေးတစ်လုံးလုံးနှင့်ချက်ပြုတ်စီမံနေသည်ကို အပေါ်ထပ်လေသာပေါက်မှ ပြုံး၍ကြည့်နေသည်ကို သီရိမာကမြင်တွေ့သွားပြီး ဥတ္တရာအပေါ် မနာလိုဝန်တိုဖြစ်ကာ မီးဖိုချောင်သို့သွားပြီး ထောပတ်ပူများကို ယောက်မဖြင့်ခပ်ပြီး ဥတ္တရာအပေါ် လောင်းချသည်၊ ဥတ္တရာကမူ သီရိမာကြောင့် မိမိကုသိုလ်ပြုခွင့်ရသည်၊ သီရိမာသည် ကျေးဇူးရှင်ဖြစ်သည်ဟု မေတ္တာစိတ်မွေးကာ မေတ္တာပို့သည်၊ ဥတ္တရာ၏ စွမ်းအားကြီးမားသောမေတ္တာဓာတ်ကြောင့် သီရိမာလောင်းချသော ထောပတ်ပူအရေသည် ပူလောင်ခြင်းမရှိ၊ အေးမြသွားလေသည်။

သီရိမာသည် နောက်တွင် မိမိအမှားကိုသိရှိပြီးဝန်ချ တောင်းပန်ရာမှ ဗုဒ္ဓထံရောက်ပြီး တရားနာရသဖြင့် သောတာပန် တည်လေသည်။

သီရိမာသည် အပါယ်မျိုးစေ့မှလွတ်ပြီး အရိယာမိန်းမ အဖြစ်သို့ရောက်ပြီးနောက် နေ့စဉ်ရဟန်းသံဃာတော်(၈)ပါးကို စာရေးတံလက်မှတ်ပြုလုပ်၍ အဋ္ဌကဘတ်ဆွမ်းကျွေးခြင်းကို ပြု လုပ်လေသည်။

သီရိမာ၏ဆွမ်းသည် သံဃာတစ်ပါးစာလောင်းလှူလိုက် ပါက သုံးလေးပါးစားလောက်သည်၊ သီရိမာ၏ဆွမ်းကိုစားရ သော ရဟန်းတော်များသည်-

"သီရိမာလှူသောဆွမ်းကိုစားရသည်ထက် သီရိမာ၏ အဆင်းရုပ်ကိုကြည့်ရှုရခြင်းသည် အဆပေါင်းများစွာသာလွန်၍ ကောင်းမြတ်သေး၏၊ ထိုသီရိမာသည် အလွန်အဆင်းလှသော မိန်းမဖြစ်၏"

ဟု သီရိမာ၏အဆင်းဂုဏ်ကို ချီးမွမ်းပြောဆိုကြသည်။

ထိုအခါ ရဟန်းတစ်ပါးသည် သီရိမာချောမောလှပ ကြောင်းကိုကြားရသဖြင့် တစ်ကြိမ်တစ်ခါမျှမမြင်ဘူးသော်လည်း ကြားရုံမျှဖြင့်ပင်အားကြီးသောစွဲလမ်းခြင်းဖြစ်၍ -

"ငါသွားကြည့်အုံ"

ဟု မိမိ၏ထေရ်စဉ်ဝါစဉ်ကိုပြောဆို၍ မေးမြန်းစုံစမ်းသောအခါ-

"ငါ့ရှင်သည် နက်ဖြန်နေ့၌ပင်လျှင် ထေရ်စဉ် ဝါစဉ်ကျ သောသံဃာမထေရ်ဖြစ်ပြီး သီရိမာအိမ်သို့ဆွမ်းစားလိုက်ရတဲ့"

ဟု ရဟန်းတို့ကပြောကြားသောအခါ နောက်နေ့စောစောလာခဲ့ပြီး စာရေးတံစေရာအရပ်သို့သွားပြီးလျှင် ကျန်သံဃာ(၇)ပါးနှင့်အတူ သီရိမာ၏အိမ်သို့ဆွမ်းအလှူခံကြွရလေသည်။

ထိုနေ့က သီရိမာသည် ယမန်နေ့ကပင်လျှင် မကျန်းမမာရောဂါဖြင့် နှိပ်စက်ခံရသဖြင့်ဆင်မြန်းသောတန်ဆာတို့ကိုချွတ်ထားပြီး အိပ်လျက်နေသည်၊ ရဟန်းသံဃာများကြွလာသောအခါ ကိုယ်တိုင်လှူနိုင်သဖြင့် ကျွန်မတို့ကို-

"အမိတို့ . . ရဟန်းတော်များ၏လက်မှ သပိတ်တို့ကိုယူ၍ ယာဂုတို့ကို ရှေးဦးစွာကပ်လှူပါလော၊ ထို့နောက် ခဲဖွယ်၊ မုန့်တို့ကိုကပ်လှူပါလော၊ ဆွမ်းစားချိန်ရောက်က သပိတ်တို့၌ ဆွမ်း၊ ဆွမ်းဟင်းတို့ကိုပြည့်အောင်ထည့်၍ လောင်းလှူပါလော"

ဟုပြောဆိုကာ ရဟန်းတော်များ၏ဆွမ်းဝေယျာဝစ္စကမှုတို့ကို ဆောင်ရွက်ဆက်ကပ်စေသည်။

သီရိမာသည် မိမိကိုယ်တိုင်နေရာမှမထနိုင်၍ ကျွန်မတို့ကို ပွေ့ပိုက်စေပြီး ရဟန်းတော်များ၏ရှေ့မှောက်သို့ဆောင်ယူစေကာ တုန်လှုပ်သောကိုယ်ဖြင့် ရဟန်းတော်များကိုရှိခိုးလေသည်။

သီရိမာ၌စွဲလမ်းမိခဲ့သောရဟန်းသည် သီရိမာကိုကြည့်၍-

"မကျန်းမမာရောဂါဖိစီးလျက်ပင် ဤမျှလောက်လှသေး၏၊ ကျန်းကျန်းမာမာဝဖြိုးစွာနှင့်များစွာသောတန်ဆာတို့ကိုဆင်မြန်းလျက် နေပါမူကား အဘယ်ဆိုဖွယ်ရာရှိပါတော့အံ့နည်း၊ အလွန်ယဉ်ကျေးလှသောမိန်းမပါတကား"

ဟု ကြုံလျက် ဘဝအဆက်ဆက် ကျက်စားနေကြဖြစ်သော ကိလေသာသည် လွန်စွာလှုပ်ရှားထကြွလာပြီးလျှင် ဆွမ်းစားခြင်းကို မတတ်နိုင်ဘဲ သပိတ်ကိုဆောင်ယူ၍ကျောင်းသို့ပြန်ခဲ့သည်။

ကျောင်းသို့ရောက်သောအခါ သပိတ်ကိုပစ်ထားလျက် ညောင်စောင်းထက်၌ သင်ကန်းကိုဖြန့်ကာအိပ်လေသည်၊ အဖော်ရဟန်းများက ဆွမ်းစားရန်ပြောသော်လည်း မစားတော့ဘဲ အစာငတ်ခံကာ အိပ်လေသည်။

ထိုနေ့ညနေချမ်း၌ သီရိမာသည် ကံကုန်ရှာလေသည်၊ သီရိမာကံကုန်သောအကြောင်းကို ဗိမ္ဗိသာရမင်းကြီးထံလျှောက်ထားရာ မင်းကြီးက တစ်ဖန် ဗုဒ္ဓထံလျှောက်ထားပြလေသည်၊ ထိုအခါ ဗုဒ္ဓက မင်းကြီးကို-

"မင်းမြတ် . . . သီရိမာအလောင်းကို ဈာပနပြုဖွယ်မရှိ၊ လူသေပစ်ရာသုသာန်၌ ကျီး၊ ခွေးစသည်တို့မစားနိုင်ရန် ကာရန်ထားပေးပါ"

ဟု မိန့်ကြားလေသည်။

ဗိမ္ဗိသာရမင်းကြီးသည် ဗုဒ္ဓပြောသည့်အတိုင်း သီရိမာအလောင်းကိုစီစဉ်ထားပေးသည်၊ လေးရက်မြောက်သောနေ့တွင် သီရိမာ၏အလောင်းသည် ဖူးဖူးရောင်ထပုပ်ပွလာပြီး ဒွါရကိုးပေါက်တို့မှ ပိုးလောက်တို့သည် အထွေးထွေးဖွေးဖွေးဖြူမျှထွက်လာကြပြီး လောက်များတဖွားဖွားဖြစ်နေသည်။

ဗိမ္ဗိသာရမင်းကြီးသည် (၇)ရက်မြောက်သောနေ့တွင် ဗုဒ္ဓ၏အစီအစဉ်အတိုင်း အိမ်စောင့်ကိုချန်ထား၍ အလုံးစုံသော

သူများသည် သီရိမာကိုကြည့်ရှုရန်ထွက်ကြရမည်၊ မထွက်သော သူကို(၈)အသပြာဒဏ်ထားမည်ဟူ၍ စည်လည်စေသည်။

ရာဇဂြိုဟ်မြို့သူမြို့သားများအားလုံးသည် မင်း၏အမိန့် အရ သုသာန်သို့လာကြရသလို ဗုဒ္ဓသည် ရဟန်းအပေါင်းကို သုသာန်သို့လာ၍ သီရိမာအလောင်းကိုကြည့်ရှုကြစေရန် လမ်း ညွှန်မိန့်ကြားသဖြင့် ရဟန်းများသည်လည်း သုသာန်သို့ ဗုဒ္ဓနှင့် အတူကြွရောက်ကြလေသည်။

သီရိမာကိုစွဲလမ်းပြီး ဆွမ်းမစားသောရဟန်းသည်လည်း သပိတ်၌ရှိသောဆွမ်းသိုးတို့ကို သွန်ပစ်၊ ဆေးကြောပြီး သီရိမာ ရှိရာ သုသာန်သို့အတူကြွလိုက်လာလေသည်။

သုသာန်၌ ဗုဒ္ဓနှင့်ရဟန်းပရိသတ်၊ ဗိမ္ဗိသာရမင်းကြီးနှင့် မြို့သူမြို့သားတို့စုံလင်နေရာယူပြီးသောအခါ ဗုဒ္ဓက မင်းကြီးကို သီရိမာ၏ဘဝကို ပရိသတ်သိအောင်မေးမြန်းပြီး ယခင်က သီရိမာကိုတစ်ညတာအတွက် တစ်ထောင်ပေးမှရသည်၊ ယခု တစ်ထောင်ပေးမည့်သူ ရှိ-မရှိ လေလံပစ်ကြေငြာခိုင်းသည်။

ဗိမ္ဗိသာရမင်းကြီးက ကြေငြာစေသောအခါ သီရိမာ အလောင်းကို မည်သူမျှယူမည့်သူမရှိချေ၊ တဖြည်းဖြည်းဈေး လျှော့ပြီး လေလံတင်ကြရာ မည်သူမျှယူမည့်သူမရှိ၊ နောက်ဆုံး အလကားပေးသော်မှ ယူမည့်သူမရှိ ဖြစ်သွားရလေသည်။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးက သီရိမာ၏အလောင်းကို အလကားပေးသော်မှယူမည့်သူမရှိကြောင်း လျှောက်ထားလေ သည်၊ ဗုဒ္ဓသည် ရဟန်းပရိသတ်နှင့်မြို့သူ၊ မြို့သားပရိသတ်တို့ကို-

"ရဟန်းတို့ . . ကြည့်ရှုကြကုန်လော၊ လူအပေါင်း၏ ချစ်အပ်သောမိန်းမကို ဤရာဇဂြိုဟ်ပြည်၌ပင်လျှင် အသပြာငွေ ဒင်္ဂါးတစ်ထောင်ကိုပေး၍ ရှေးအခါ၌တစ်နေ့မျှရကြကုန်၏၊ ယခု အခါ၌မူကား အလကားပေးသော်မှ ယူလိုသောသူသည်မရှိချေ၊ ဤသို့သဘောရှိသောနာမ်ရုပ်တရားသည်ဖြစ်-ပျက်သဘောသို့ ရောက်၏၊ ဖြစ်-ပျက်ခြင်းသဘောသဘာဝရှိပါပေ၏။

"အဝတ်တန်ဆာ ပန်းနံ့သာတို့ဖြင့် ဆန်းကြယ်စွာပြုလုပ်ထားသော ကောက်ရိုးထွေးကို နွားချေးစိုမွမ်းမံ ဆေးလိမ်းကျံပြီး ပုံဟန်ထုလုပ်သစ်သားရုပ်နှင့်တူစွာသော သုံးရာသောအရိုးတို့ကို အကြောတို့ဖြင့်ဖွဲ့ဆက်စိုက်ထူအပ်သော ထိခိုက်သောအခါ နာကျင်ခြင်းသဘောရှိသော လူများစွာတို့ကြံစည်ဖွယ်ဖြစ်သော ဤကိုယ်ကို စိစိစစ်စစ်တတ်တတ်ထင် ဟုတ်တိုင်မြင်အောင် ဆင်ခြင်ကြည့်ရှုစမ်းပါ၊ ဤကိုယ်၏အမြဲတည်မှုသဘောသည် မရှိပါချေတကား"

ဟု ဗုဒ္ဓက ဟောကြားသောအခါ သီရိမာကိုစွဲလမ်းသော ရဟန်းသည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၍ ရဟန္တာဖြစ်သွားလေသည်၊ ၈၄၀၀၀ သောမြို့သူမြို့သားတို့သည် သောတာပန်စသည် တည်၍ တရားရကြလေသည်။

ထိုအချိန်ဝယ် သီရိမာသည် နိမ္မာနရတိနတ်သမီးဖြစ်နေပြီး မိမိ၏ ရှေးဘဝကိုဆင်ခြင်ကြည့်သည်ရှိသော် မိမိ၏ ကိုယ်ဟောင်းဖြစ်သော အလောင်းနား၌ ဗုဒ္ဓသည် ရဟန်းပရိသတ်ခြံရံလျက် လူပရိသတ်အပေါင်းတို့အား တရားဟောနေသည်ကို

မြင်တွေ့သဖြင့် နတ်သမီးငါးရာခြံရံလျက် နတ်ရထားတို့ဖြင့် လူအပေါင်းတို့ ထင်ရှားစွာမြင်ရသောကိုယ်ဖြင့်လာပြီးလျှင် နတ်ရထားမှဆင်းသက်ပြီး ဗုဒ္ဓကို ရှိခိုးဦးခိုက်လေသည်။

ထိုအခါ ကဗျာလင်္ကာဂါထာဖွဲ့ဆိုမှုနှင့်လျင်မြန်သော ဇဝနဉာဏ်ရှိသော အရှင်ဝင်္ဂီသမထေရ်သည် ဗုဒ္ဓ၏အနီး၌ရှိနေသဖြင့် ဗုဒ္ဓကို-

"မြတ်စွာဘုရား. . . တပည့်တော်အား ဤနတ်သမီးအား မေးလိုသောပြဿနာထင်လာပါသည်၊ မေးခွင့်ပြုတော်မူပါဘုရား"

ဟု လျှောက်ထားခွင့်ပန်လေသည်။

ဗုဒ္ဓက ခွင့်ပန်သောအခါ အရှင်ဝင်္ဂီသမထေရ်က နတ်သမီးကို-

"ပိျုမြစ်နုနယ်ရှုချင်ဖွယ်ရှိသောနတ်သမီး. . . သင် နတ်သမီး၏အာဇာနည်မြင်းတို့သည်ကား အလွန်ထူးမြတ်သော အဆင်တန်ဆာရှိကုန်လျက် မွေးတူ ဆင်တူ ရွယ်တူညီမျှ သင့်လျော်စွာ ကကုန်လျက် အထက်နတ်ပြည်မှ ဤလူ့ပြည်အောက်ရွာသို့ရှေ့ရှုပြီး ဝလာဝေဟင်ကောင်းကင်၌ လျင်မြန်သောအဟုန်ဖြင့် သွားနေပါ၏၊ သင် နတ်သမီး၏ ငါးရာသောရထားတို့ကိုလည်း ဖန်ဆင်းထားသည်ကိုလည်းတွေ့ရပါ၏၊ ရထားထိန်းမောင်းနှင်သကဲ့သို့သွားကုန်သောနတ်မြင်းပျံတို့သည် သင်နတ်သမီး၏ နောက်သို့အစဉ်လိုက်လာသည်ကိုတွေ့ရပါ၏။

နားဋ္ဌောင်းလက်ကောက် ဝင်းဝင်းတောက်မျှ ဖြိုးမောက်ရောင်ဝါ တန်ဆာထူးဆန်းဆင်မြန်းလျက်နေသော သင် နတ်

သမီးသည် မြတ်သောနတ်ရထားထက်၌ ထွန်းလင်းတောက်ပ သောနေရောင်၊ လရောင် နက္ခတ်ရောင်၊ ကြယ်ရောင် ထိန်းညှိး မှိုးကြိုးမီးကဲ့သို့ထွန်းလင်းတောက်ပလျက်တည်နေပါ၏။

ထူးမြတ်လှစွာကိုယ်အင်္ဂါရှိပြီး ရှု၍မဝ အလွန်လှသော နတ်သမီး. . . သင်နတ်သမီးသည် နတ်ပြည့်ခြောက်ထပ်တွင် အဘယ်နတ်ပြည်မှလာ၍ ဘုရားရှင်ကိုလာရောက်ဆည်းကပ် ရှိခိုးအပ်ပါသနည်း”

ဟု မေးမြန်းလေသည်။

“အရှင်ဝင်္ဂီသမထေရ်မြတ်ဘုရား. . . ကာမဂုဏ် စည်းစိမ်ဖြင့် အမြတ်ဆုံးသို့ရောက်ကုန်သောနတ်တို့တွင် အလွန် အမြတ်ဆုံးဟုခေါ်ခံရသော မိမိကိုယ်တိုင် လိုရာဖန်ဆင်း၍ ပျော်ပါးနိုင်သော နိမ္မာနရတိမည်သောနတ်ပြည်မှလာ၍ တပည့် တော်မသည် ဗုဒ္ဓကိုရှိခိုးဦးခိုက်ပါ၏ဘုရား”

“နတ်သမီး. . . ရှေးဘဝ၌အဘယ်သို့သော သုစရိုက် တရားတို့ကိုအသည်းပူးပြုကျင့်ခဲ့ပါသနည်း၊ အဘယ်ကုသိုလ်ကြောင့် သင် နတ်သမီးသည် များစွာသောအခြံအရံဖြင့်ကောင်းမြတ်ကြီး မြင့်သောချမ်းသာရှိပြီး နတ်ပြည်၌ဖြစ်ရပါသနည်း၊ သင် နတ်သမီး ၏တန်ခိုးတော်သည် အတုမဲ့လွန်မြတ်လှပါ၏၊ ကောင်းကင်သို့ လည်း သွားနိုင်၏၊ သင်၏အဆင်းအရောင်သည် အရပ်ဆယ် မျက်နှာနှံ့ပြာလျက် ထွန်းလင်းတောက်ပနေပြီး တင့်တယ်လှပနေ ပါ၏”

နတ်တို့သည် သင်နတ်သမီးကိုခြံရံကြကုန်လျက် အရို အသေပြုနေကြပါ၏၊ အဘယ်ဘဝမှစုတေခဲ့ပြီး နတ်ပြည်သို့

ရောက်ခဲ့ပါသနည်း၊ အဘယ်အရာ၏စကားကိုလိုက်နာလျက် ဆုံးမသည့်အတိုင်း ကျင့်ခဲ့ပါသနည်း၊ သင်၏ ဗုဒ္ဓ၏တပည့်မ ဖြစ်ခဲ့-မဖြစ်ခဲ့ကိုလည်း ငါ့အားပြောကြားပေးပါလော့"

"အရှင်ဘုရား. . . တောင်ငါးလုံးတို့၏အလယ်၌ ကောင်းစွာတည်ဆောက်ဖန်ဆင်းအပ်သော ရာဇဂြိုဟ်မြို့တော် မြတ်၌ ဘုန်းကျက်သရေရှိတော်မူသော ဗိမ္ဗိသာရမင်းမြတ်၏ သိချင်းဆိုကာ ကမြူးကာဖြင့် ပျော်တော်ဆက်ရသောကြောင့် ကခြင်း၊ သီဆိုခြင်း၌အလွန်လိမ္မာသူဖြစ်ခဲ့ပြီး ဤရာဇဂြိုဟ်မြို့တော်သူ၊ မြို့တော်သားတို့က တပည့်တော်မကို သီရိမာ ဟူ၍ အသိများ ခဲ့ကြပါသည်ဘုရား။

ရဟန်းတို့ထက်မြက်တော်မူသော ဆုံးမထိုက်သူ နတ်လူ ဗြဟ္မာသတ္တဝါကို ကောင်းစွာဆုံးမတော်မူတတ်သော ဗုဒ္ဓသည် တပည့်တော်မအား ဆင်းရဲတရားဆင်းရဲမှုကိုဖြစ်စေသော တဏှာ တရား အကြောင်းမထင် ပြုပြင်မှုမရှိ ချုပ်ငြိမ်းသောနိရောဓ တရား၊ ထိုချုပ်ငြိမ်းတရားရစေသော လမ်းဖြောင့်ကျင့်စဉ်မဂ္ဂင် တရားတို့ကိုဟောကြားပြသပေးခဲ့ပါသည်။

တပည့်တော်မသည် တုဘက်ကင်းသောဗုဒ္ဓ၏အဆုံးအမဖြစ်သော အကြောင်းမထင်၊ ပြုပြင်မှုမရှိ၊ ပကတိသဘော ဖြစ်သောကြောင့် သေခြင်း၊ ပျက်ခြင်းမရှိသော နိဗ္ဗာန်တရားတော်ကို ကြားနာရပြီးနောက် တပည့်တော်မသည် သီလတို့၌အလွန် ခိုင်မြဲသောစောင့်စည်းခြင်းရှိခဲ့ပါသည်၊ ဗုဒ္ဓ၏တရား၌လည်း ကောင်းစွာတည်ခဲ့သူဖြစ်ခဲ့ပြီး သောတာပန်တည်ခဲ့ပါသည်။

တပည့်တော်မ တစ်စုံတစ်ခုသောရောဂါဖြင့် ကွယ်လွန်ခဲ့ရပြီး များစွာသောအခြံအရံ၊ အတုမရှိသောအဆင်း၊ မိမိလိုရာဖန်ဆင်းခံစားနိုင်သောစည်းစိမ်တို့ဖြင့်ပြည့်စုံသော ဤနတ်ပြည်၌ နတ်သမီးဖြစ်လာခဲ့ရပါသည်ဘုရား။

တပည့်တော်မသည် မြတ်စွာဘုရား၏ဂုဏ်တော်၊ ကျေးဇူးတော်၊ တရားတော်ကြောင့် ဤမျှသောနတ်စည်းစိမ်ကိုခံစားရသဖြင့် ဗုဒ္ဓအား လာရောက်ရှိခိုးပူဇော်ခြင်းဖြစ်ပါသည်ဘုရား။

သီရိမာနတ်သမီးသည် ဤသို့လျှင် အလုံးစုံလျှောက်ထားပြီး ဗုဒ္ဓနှင့်သံဃာတော်များကို ရိုသေစွာရှိခိုးကာ လက်ျာရစ်ပတ် ပူဇော်ပြီးလျှင် နတ်ရထားအခြံအရံတို့ဖြင့် နတ်ပြည်သို့ပြန်သွားလေသည်။

သီရိမာအမျိုးသမီးသည် မိမိ၏လူ့ဘဝကပြုလုပ်ခဲ့သောကုသိုလ်ကောင်းမှုတို့ကို လူ့ဘဝသရွာမှပြောင်းပြီး နတ်ပြည်၌ဖြစ်လျှင်ဖြစ်ခြင်း ချက်ချင်းပင် ထိမိခံစားရသောနတ်စည်းစိမ်အတွက် ဗုဒ္ဓအား ကျေးဇူးတင်သောအားဖြင့် လာရောက်ပြောကြားသူနတ်သမီးတစ်ဦးဖြစ်ပါတော့သည်။

## (၁) ပေသဝတီနတ်သမီး

ရာဇဂြိုဟ်မြို့နယ်၊ နာဠကရွာရှိ သူကြွယ်တစ်ဦး၏ချွေးမသည် ပေသဝတီ အမည်ရှိသည်။

သူမသည် ကဿပဘုရားရှင်လက်ထက်၌ ကဿပဘုရားရှင်၏ဓာတ်တော်တို့ကို ဌာပနာရန် တစ်ယူဇနာမြင့်သောစေတီတည်ရာနေရာသို့ အမိနှင့်အတူရောက်သွားခဲ့သည်၊ ပန်းရံသမားတို့ ဘုရားစေတီပြုလုပ်နေသည်ကိုမြင်လျှင် မိခင်ကို-

"မိခင်. . . ဤသူတို့သည် အဘယ်ကို ပြုလုပ်နေပါသနည်း"

ဟုမေးသည်။

"ချစ်သမီး. . . ရွှေအုတ်တို့ဖြင့်စေတီတည်ထားမှု ပြုလုပ်နေကြခြင်းဖြစ်ပါသည်။

သူငယ်မသည် ထိုစကားကိုကြားရသောအခါ အလွန်သဒ္ဓါတရားဖြစ်ပေါ်လာပြီးလျှင်-

"မိခင် ကျွန်မရော၊ ကျွန်မလည်ပင်းမှာဆွဲထားသောရွှေဆွဲကြိုးကို စေတီတော်တည်ထားမှုအတွက် လှူလို့မရဘူးလားအမေ"

"လှူလို့ရတာပေါ့သမီး၊ သမီးလှူလိုစိတ်ရှိက လှူပါ"

ထိုသို့အမိကပြောလျှင် သမီးငယ်သည် ကြည်ညိုသောစိတ်ဖြင့် မိမိဆွဲကြိုးကိုဖြုတ်ကာ ရွှေစေတီအတွက် ရွှေအုတ်ပြုလုပ်ရန် လှူလိုက်လေသည်။

ထိုသူငယ်မ နောင်အချိန်စုတေသောအခါ ရွှေတန်ဆာကိုလှူသောကုသိုလ်ကြောင့် နတ်ပြည်သို့ဖြစ်ရပြီး ဂေါတမဘုရားရှင်လက်ထက်အထိ ကပ်ကမ္ဘာတစ်ကပ်လုံး သုဂတိဘုံ၌သာ ကျင်လည်ခဲ့သည်။

ယခု ဂေါတမဘုရားရှင်လက်ထက်၌ နာဠိကရွာ၌ အမျိုးသမီးငယ်တစ်ဦးဖြစ်လာခဲ့သည်၊ ထိုသူငယ်မအသက်(၁၂)နှစ်အရွယ်သော် တစ်နေ့၌ မိခင်က သူငယ်မကိုဈေးသို့စေလွှတ်၍ ဈေးဝယ်ခိုင်းလိုက်သည်။

ဈေးရုံ၌ သူကြွယ်တစ်ယောက်သည် ရှေးအတိတ်အကုသိုလ်ကံကြောင့် မိမိသိမ်းဆီးထားသော ရွှေ၊ ငွေကျောက်သံပတ္တမြားတို့သည် ကျောက်စရစ်ခဲအသွင်ဖြစ်နေလေသည်။

"ငါသည် ရွှေ၊ ငွေရတနာများကို စုပုံသိမ်းဆည်းသိုမှီး၍ထား၏၊ ယခု ဤရွှေ၊ ငွေရတနာအလုံးစုံတို့သည် ကျောက်စရစ်ခဲတွေဖြစ်နေဘိ၏တကား၊ ဤသို့ဖြစ်ရခြင်းသည် ငါ၏မကောင်းမှုကံကြောင့် ဖြစ်ရာ၏၊ ထိုရွှေ၊ ငွေရတနာတို့ကိုသုံးဆောင်ခြင်းငှာထိုက်သော ကုသိုလ်ကံရှိသူတို့၏အစွမ်းဖြင့် ထိုကျောက်ခဲကျောက်စရစ်လုံးတို့သည် တစ်ဖန် ရွှေငွေရတနာအဖြစ် ပြန်ဖြစ်လတ့်"

ဟု ကြံစည်စုံစမ်းလျက် ထိုကျောက်စရစ်ခဲများကို စုပုံ၍ထားလေသည်။

ထိုသူကြွယ်သည် ကိသာဂေါတမီအကြောင်းစုံကို ကြားသိထားသူဖြစ်၍ ဤသို့ကြံစည်စုပုံထားလေသည်။

ထိုအခါ စျေးဝယ်လာသောသူငယ်မလေးသည် ထိုရွှေ၊ ငွေရတနာပုံကိုမြင်၍-

"အဘယ်ကြောင့် ဤရွှေ၊ ငွေရတနာကို ဤနေရာမှာ စုပုံထားပါသနည်း၊ ကောင်းစွာသိမ်းဆည်းထားသင့်သည် မဟုတ်ပါလော"

ဟုဆိုလေသည်။

သူကြွယ်သည် သူငယ်မ၏စကားကိုကြားသော်-

"ဤသူငယ်မသည် ငါ၏ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေကို အမှန်အတိုင်းမြင်သူဖြစ်သည်၊ ဘုန်းကံရှိသောသူငယ်မဖြစ်လိမ့်မည်ထင်သည်၊ ဤသူငယ်မ၏ဘုန်းကံစွမ်းအားကြောင့် ငါ၏ရွှေ၊ ငွေကျောက်မျက်ရကနာတို့သည် ရွှေ၊ ငွေကျောက်မျက်ရတနာများဖြစ်လာပါက ငါတို့အတွက် အကျိုးကျေးဇူးကြီးလတ့်၊ ဤသူငယ်မကို ထောက်ပံ့ကူညီအံ့"

ဟု စဉ်းစားကြံစည်မိပြီးလျှင် သူငယ်မမိခင်ထံသို့လိုက်သွားကာ သူငယ်မကို မိမိ၏သားအတွက်ပေးပါ ဟုတောင်းဆိုပြီး ဥစ္စာပစ္စည်းများစွာကိုပေးသည်။

ထို့နောက် မိမိ၏သားနှင့်လက်ထပ်ထိမ်းမြားပြီးလျှင် မိမိအိမ်သို့ ခေါ်ဆောင်လာလေသည်။

ထို့နောက် များမကြာမီ သူငယ်မ၏အကျင့်သီလစိတ်နေစိတ်ထားကောင်းမွန်မှုကို ကြည့်ရှုလေ့လာပြီးလျှင် သူငယ်မကို ခေါ်ကာ ဘဏ္ဍာတိုက်ခန်းကိုဖွင့်လှစ်ပြပြီး-

"ဤတိုက်ခန်းအတွင်း၌ အဘယ်ကိုမြင်သနည်း"

ဟု မေးလေသည်။

"ရွှေပုံတော့၊ ကျောက်မျက်ရတနာ၊ ပတ္တမြားတွေကိုမြင်ပါသည်"

"ချစ်သမီး. . . ဤဝတ္ထုတို့သည် ငါ၏အကုသိုလ်ကံကြောင့် ကျောက်စရစ်ခဲတွေဖြစ်၍နေပါ၏၊ ချစ်သမီး၏ကုသိုလ်ကံထူးမှုကြောင့် ဤသို့ပြန်ဖြစ်လာရပါသည်၊ ထို့ကြောင့် ယနေ့မှစ၍ ငါတို့အိမ်ရှိသမျှသောဥစ္စာပစ္စည်းတို့ကို ချစ်သမီးသာလျှင် အစိုးတရပြု၍ပြုလုပ်စီမံဆောင်ရွက်ပါလော၊ ချစ်သမီးပေးသမျှကိုသာ ငါတို့စားသောက်သုံးဆောင်ကြပါမည်"

ဟု သူကြွယ်ကပြောဆိုအပ်နှင်းလေသည်။

ထိုအခါမှစ၍ သူဌေးမ၏နာမည်သည်လည်း ပေသဝတီဟူ၍ အမည်တွင်ကျယ်လာလေသည်။

ထိုအချိန်တွင် အရှင်သာရိပုတ္တရာအရှင်မြတ်သည် မိမိ၏အာယုသင်္ခါရကိုကြည့်ရှုဆင်ခြင်တော်မူ၍ အာယုသင်္ခါရလွှတ်ရန် မယ်တော်ရူပသာရီပုဏ္ဏေးမ၏မွေးကျေးဇူးကိုဆင်ခြင်၍ ငါ၏မယ်တော်အား မွေးကျေးဇူးကိုဆပ်ပေးပြီးမှ ပရိနိဗ္ဗာန်ပြုအံ့ ဟုကြံတော်မူလျက် ဗုဒ္ဓအားတောင်းပန်လျှောက်ထားပြီးလျှင် မွေးရာဇာတိ နာဠကရွာသို့ကြွရောက်ပြီးလျှင် မယ်တော်ကို သောတာပတ္တိဖိုလ်၌တည်စေပြီးမှ နံနက်မိုးသောက်သောအခါ ပရိနိဗ္ဗာန်ပြုတော်မူသည်။

ပရိနိဗ္ဗာန်ပြုသော ရှင်သာရိပုတ္တရာ၏အလောင်းတော်ကို နတ်ဗြဟ္မာအပေါင်းတို့သည်လည်းကောင်း၊ လူအပေါင်းတို့သည်လည်းကောင်း ပူဇော်သက္ကာရပြုသည်၏အစွမ်းဖြင့်(၇)ရက်ကျင်းပကြသည်။

ပေသဝတီသည် ရှင်သာရိပုတ္တရာအလောင်းကိုပူဇော်ရရန် စန္ဒကူးနံ့သာစသည်တို့ဖြင့် သွားရောက်ပူဇော်ရန်စိမ်ပြီး ယောက္ခမမိဘကို ခွင့်ပန်ကြားလေသည်။

"ချစ်သမီး. . . သမီး၌ လေးသောကိုယ်ဝန်ကိုဆောင်ထားနေရသည်၊ ထိုအလောင်းတော်ပူဇော်ရာ၌ ပရိသတ်တို့သည် ပြည့်နှက်ရှုပ်ထွေးတိုးဝှေ့၍နေကြပါသည်၊ သို့အတွက် ပန်းနံ့သာတို့ကိုပို့စေ၍ သင်သည် ဤအိမ်၌ပင်နေပါလေ"

ပေသဝတီသည် လွန်ကဲသောသဒ္ဓါတရားအားကြီးပြီး ပူဇော်လိုသောဆန္ဒပြင်းပြသည့်အတွက် ယောက္ခမမိဘတို့၏တားမြစ်ချက်ကိုခွင့်ပြုချက်ရသည့်တိုင်အောင် အမျိုးမျိုးကြံဆောင်ပြောပြီး အခြံအရံတို့နှင့်တကွသွားပြီးလျှင် အလောင်းတော်ကို ပန်းနံ့သာစသည်တို့ဖြင့်ပူဇော်ပြီးလျှင် လက်အုပ်ချီလျက် ရပ်နေလေသည်။

ထိုအချိန်တွင် အရှင်သာရိပုတ္တရာ၏အလောင်းကိုပူဇော်ရန်လာကြသောမင်းချင်းယောကျ်ားတို့၏ဆင်သည် လွတ်၍ပြေးလာသဖြင့် လူထုပရိသတ်သည် ကြောက်လန့်တကြားတိုးဝှေ့တိုက်ခိုက်ပြေးကြရာ ပေသဝတီသည် လူအုပ်ကြီးတိုးဝှေ့တိုက်ခိုက်ခံရပြီး မြေ၌လဲကျကာ လူအပေါင်း၏နင်းချေမှုခံရပြီး ထိုခဏမှာပင် သေဆုံးလေသည်။

ပေသဝတီသည် အရှင်သာရိပုတ္တရာ၏အလောင်းတော်ကိုပူဇော်သောကုသိုလ်ဖြင့် စုတေခဲ့သဖြင့် တာဝတိံသာနတ်ပြည်ဝယ် နတ်သမီးဖြစ်ရသည်။

နတ်သမီးသည် မိမိနတ်သမီးဖြစ်ရသောကုသိုလ်နှင့် ခံစားရသော စည်းစိမ်ချမ်းသာကို ဆင်ခြင်ကြည့်မိသော် အရှင်သာရိပုတ္တရာကိုပူဇော်သောကုသိုလ်ကြောင့် ဤနတ်စည်းစိမ်များ ရရှိ ခံစားရသည်ကိုသိသည်။

သို့အတွက် ဗုဒ္ဓကိုဖူးမြော်သင့်သည်ဟု ဆုံးဖြတ်ပြီးလျှင် ဘုံဗိမာန်နှင့်တကွလာ၍ (ထိုဘုံဗိမာန်သည် အလိုရှိရာသွားနိုင်သောဒိသာစာရိကဘုံဗိမာန်မျိုးဖြစ်သည်) ဗုဒ္ဓအား လက်အုပ်ချီ ရှိခိုးလျက် ရပ်တည်နေလေသည်။

ထိုအခါ ကဗျာလင်္ကာဖွဲ့သီဆိုခြင်း၌ ဧတဒဂ်ရသော အရှင်ဝင်္ဂီသမထေရ်သည် ဗုဒ္ဓ၏အပါးတော်၌ရှိ၍ ထိုနတ်သမီးကိုမြင်၍ ဗုဒ္ဓအား-

"မြတ်စွာဘုရား. . . တပည့်တော်သည် ဤနတ်သမီး၏ ပြုဖူးသောကုသိုလ်ကောင်းမှုကိုမေးမြန်းပါအံ့"

ဟု လျှောက်ထားသည်၊ ဗုဒ္ဓကလည်း မေးရန်ခွင့်ပြုတော်မူသည့်အတွက် အရှင်ဝင်္ဂီသသည် နတ်သမီးအား ဂါထာတို့ဖြင့် မေးမြန်းသည်။

"ဖန်ရောင်၊ ငွေရောင်၊ ထွန်းပြောင်လက်လက် ရွှေကွန်ယက်ဖြင့် ဖြန့်ကျက်ဖုံးလွှမ်းအပ်ပြီး အထူးထူးအပြားပြားဆန်းကြယ်သောအပြင်လည်းရှိ၊ အလွန်ပျော်မွေ့ဖွယ်လည်းရှိ၊ ကောင်းစွာဖန်ဆင်းအပ်သောတံခါးမုတ်တံခါးတိုင်၊ မုခ်ကင်တိုင်တို့နှင့် ပြည့်စုံသောဘုံဗိမာန်ကို ကျွန်ုပ်မြင်ရပါသည်"

"ပျိုမြစ်နုနယ်တင့်တယ်လှပသောနတ်သမီး. . . သင်နတ်သမီး၏ဘုံဗိမာန်သည် နေ့အဆင်းရှိသောသဲတို့ဖြင့် ကြဲဖြန့်

ထားသောအပြင်လည်းရှိ၏၊ ဤဘုံဗိမာန်သည် တင့်တယ်စွာ တန်ဆောင်မုန်းလအခါ၌ မှောင်အမိုက်ကိုပယ်ဖျောက်နိုင်သော ရောင်ခြည်တစ်ထောင်အလင်းအားရှိသောနေမင်းသည် မိုးကောင်းကင်၌ အရပ်ဆယ်မျက်နှာကိုထွန်းလင်းတောက်ပသကဲ့သို့နည်းတူ သင်နတ်သမီး၏ ဤဘုံဗိမာန်ကြီးသည်လည်း ထွန်းလင်းတောက်ပနေပါ၏၊ ညဉ့်အခါ၌ တောင်ထိပ်ပေါ်၌ ထွန်းလင်းတောက်ပသောမီးလျှံကဲ့သို့ ထွန်းလင်းတောက်ပပါ၏၊ ကောင်းကင်ထက်၌ တည်ထားအပ်သော စိတ်နှစ်သက်ဖြစ်သော ဤဘုံဗိမာန်ကြီးသည် လျှပ်စစ်ရောင်ကဲ့သို့ ကြည့်ရှုသောသူတို့၏ မျက်စိကို မိုက်ခနဲဖြစ်စေပါ၏။

စောင်းသံ၊ စည်သံ၊ ကြေးနှောင်သံတို့ဖြင့် ဆူညံနေသော သိကြားမင်း၏မြို့တော်ကဲ့သို့ သင်နတ်သမီး၏ဘုံဗိမာန်ကြီးသည် နတ်သမီးအခြံအရံတို့နှင့်ပြည့်စုံပါ၏၊ ကြာဖြူ၊ ကြာနီ၊ ကြာပုဏ္ဍရိပ်၊ ကြာညိုတို့ဖြင့်လည်း ပြည့်စုံလှပါ၏။

ပဒုမ္မာကြာ၊ ကုမုဒြာကြာ(ဝါ)ကြာဖြူ၊ ကြာနီဥပ္ပလာ၊ ကြာနီ၊ ကြာညိုတို့၏သင်းပျံ့သောအနံ့၊ လယ်ခေါင်ရန်း၊ သောကပန်း၊ ထင်းရှူးပန်း၊ သမင်စာပန်း၊ တောင်ပိန္နဲပန်းတို့၏ မွှေးရနံ့ဖြင့်လည်း သင်းထုံနေပါ၏၊ ကုန်ပန်းပွင့်လန်းထုံကြိုင်၊ ပန်းခိုင်ပန်းငုံ၊ ပန်း ပေါင်းစုံ၍၊ မွှေးထုံသင်းပျံ့၊ ရနံ့ကြိုင်စွာ၊ မွှေးထူးစွာသော ရတနာဗိမာန်ကြီး၌ စံစားပျော်မွေ့ကာ ချမ်းသာရိပ်ငြိမ် စည်းစိမ်ကြီးလှသောနတ်သမီး၏ကုသိုလ်ကံအစွမ်းကြောင့် အလိုရှိရာ သွားနိုင်သော ဒိသာစာရိကဘုံဗိမာန်ကြီး၌ ဥယျာဉ်၊ ရေကန်နှင့်

တကွ ကောင်းကင်၌တည်၍ ကမ္ဘာဇမ္ဗူဒီပါအား ဖြင့် ဖြစ်သော ပန်းပင် ပန်းနွယ်တို့၏အမည်ကိုပြည့်စုံအောင်ဖော်ယုတ်၍ ကဗျာလင်္ကာ ဖွဲ့ဆို သီကုံးခြင်းငှာ မတတ်နိုင်အောင် ရတနာအမျိုးမျိုးတို့နှင့် ပြည့်စုံလှပါ၏၊ လူ့ပြည်၌ဖြစ်လိုက်သောပန်းပင်၊ ပန်းနွယ်အမျိုးမျိုး၊ နတ်ပြည်၌သာရှိယိုက်သော ပန်းပင်၊ ပန်းနွယ်အမျိုးမျိုး အလုံးစုံသော ပန်းမျိုးတို့သည် သင်နတ်သမီးဘုံဗိမာန်၌ တည်ရှိကြပါကုန်၏။

ကျယ်ပြန့်ရင့်ကျော့၊ ကော့သောမျက်လုံး၊ မျက်စ ရှိသော နတ်သမီး. . . ဤသို့အံ့ဖွယ်ကြီးကျယ်သောအကျိုးထူးသည် အဘယ်သို့သောသီလစောင့်ခြင်းဖြင့်လည်းကောင်း၊ ကိုယ်နှုတ်နှလုံးဆုံးမခြင်းဖြင့်လည်းကောင်း အကျိုးထူးဖြစ်လာရပါသနည်း အဘယ်ကုသိုလ်ထူးကြောင့် ဤဘုံဗိမာန်ကြီးဖြစ်ပေါ်လာရပါသနည်း၊ ငါသည် သင့်ကို ကဗျာလင်္ကာဖွဲ့၍မေးသကဲ့သို့ သင်ကလည်း ကဗျာလင်္ကာဖွဲ့၍ ဖြေကြားပေးပါလော့"

"ဝင်္ဂီသဟု နာမည်ထင်ရှား အရှင်ဘုရား. . . တပည့်တော်မသည် အကြင်သို့ပြုအပ်သော အခြင်းအရာအားဖြင့် ရအပ်သော ဤဗိမာန်ကြီးသည် ကြိုးကြာ၊ ငှက်၊ ဥဒေါင်း၊ ဇင်ယော်၊ ဤငှက်အပေါင်းတို့ မြူးကူးပျော်ပါးကျက်စားရာ ဖြစ်ပါ၏၊ နတ်ဟင်္သာအစရှိသော ရေပေါ်၌ ပေါ်လောသွားလာကူးသန်းကာဖြင့် များစွာသော ရေကြက်၊ ရေငှက်တို့ဖြင့် ရောပြွမ်း၍ ခွင်လန်းမွေ့လျော်ဖွယ်ဖြစ်ပါ၏၊ ကောရဏ္ဍဝမည်သော ငှက်ငှက်မျိုးအသံ သာယာစွာမြည်သော ဥဩငှက်မျိုး

တို့၏အသံတို့ဖြင့် သာယာနာပျော်ဖွယ်ရှိပါ၏၊ အထူးထူးအသွယ်သွယ်ဆန်းကြယ်လှစွာ နွယ်ကာယှက်ရုံး ရွှေဖရုံနွယ်နှင့်ရှုဖွယ်အသင့်၊ ပန်းစုံပွင့်သောသစ်ပင်တို့ဖြင့် တင့်တယ်သာယာ အေးမြစွာသော သခွတ်ပင်၊ ဇမ္ဗူသ ပြေပင်၊ အာသောကပန်းသုံး၊ သော်ကပင်တို့ဖြင့် ဝန်းရံလျက် တည်ရှိပါ၏၊ ဤကဲ့သို့ ဆန်းကြယ်လှပအေးမြသာယာသော ဘုံဗိမာန်ကြီးကိုရခြင်း၏အကြောင်းရင်းကံကို အရှင်ဘုရားအား ဟပည့်တော်မ လျှောက်ကြားပါအံ့ အရှင်ဘုရား၊ ရွှေနားတော် ဆင်ပါလေ"

ဝင်္ကီသမည်ခေါ် အရှင်မြတ်ဘုရား. . . မြင့်မြတ်လှစွာ၊ မာဂဓဟူ၊ ဗုဒ္ဓဘာသာ၊ လူများစွာတို့နေရာ၊ တောင်ငါးလုံးကာရံ ရာဇဂြိုဟ်မြို့၏အရှေ့မျက်နှာ၌ နာဠကမည်သောရွာသည် တည်ရှိပါ၏၊ ထိုရွာရှိသူကြွယ်တစ်ယောက်၏ချွေးမသည် ဖရှးဘဝက ဖြစ်ခဲ့ရပါ၏၊ ထိုရွာက တပည့်တော်မကို ပေသဝတီ ဟူ၍ သိကြပါ၏။

ထိုဘဝ၌ တပည့်တော်မသည် ဆည်းပူးအပ်သော အကြောင်းအကျိုးတို့၌ လိမ္မာတော်မူသော နတ်လူတို့ပူဇော်ရာဖြစ်သော ကြီးမြတ်သောဂုဏ်တော်ရှိတော်မူသော အတုမရှိ မြတ်စွာသောဂုဏ်ရှိပြီး ပရိနိဗ္ဗာန်ပြုတော်မူသော ငယ်မည် ဥပတိဿအမည်ရှိ အရှင်သာရိပုတ္တရာ၏အလောင်းတော်ကို ဝမ်းမြောက်ကြည်ညိုသောစိတ်ရှိလျက် ပန်းပွင့် ပန်းကုံးတို့ဖြင့် ကြဲဖြန့်ပူဇော်ခဲ့ပါသည်။

မြတ်သောနိဗ္ဗာန်သို့ကြွတော်မူသော အဆုံးစွန်သော အတ္တဘောကိုဆောင်သော များမြတ်သောဂုဏ်တော်ရှိတော်မူသော သူတော်စင်ဖြစ်သော အရှင်သာရိပုတ္တရာ၏အလောင်းတော်ကိုပူဇော်၍ လူ၏ကိုယ်ဘဝမှ နတ်၏ကိုယ်ဘဝသို့ ပြောင်းရွှေ့၍ တာဝတိံသာနတ်ပြည်၌ ဤဘုံဗိမာန်ကြီးကို ရရှိခံစားရပါသည်ဘုရား"

ပေသဝတီနတ်သမီးသည် ဤသို့လျှင် မိမိ၏ ဤမျှကြီးကျယ်ခမ်းနားသော ဘုံဗိမာန်ကြီးရရှိခံစားရပုံ ကုသိုလ်ပြုမှုအကြောင်းစုံကို ဝင်္ဂီသမထေရ်အား ကဗျာလင်္ကာဂါထာဖြင့် လျှောက်ထားသည်။

ထို့နောက် ဗုဒ္ဓအား လက်ျာရစ်ဖူးမြော်ပြီးလျှင် ဘုံဗိမာန်အခြံအရံနှင့်တကွ နတ်ပြည်သို့ပြန်သွားလေသည်။

ဘဝသစ်ဖြစ်လျှင်ဖြစ်ချင်း ချက်ချင်းနိုးထပြီး မိမိ၏ဘဝကိုပြန်ပြောပြသော ပေသဝတီနတ်သမီး၏ပြုခဲ့သောကုသိုလ်နှင့် ဘဝဇာတ်လမ်းသည်လည်း အတုယူဖွယ်၊ မှတ်သားဖွယ်လိုက်နာကျင့်ကြံဖွယ်ကောင်းလှပါသည်။

(ပေသဝတီဝိမာနဝတ္ထု)

## (၄) မိမိကောင်းမှုအကျိုးခံစားရမှုကိုလာပြောပြသော လာဇာနတ်သမီး

အရှင်မဟာကဿပမထေရ်မြတ်သည် ရာဇဂြိုဟ်ပြည် အနီး ပိပ္ပလလိုဏ်ဂူ၌ သီတင်းသုံးတော်မူလျက် ဈာန်ကိုဝင်စားတော်မူ၍ (၇)ရက်မြောက်သောနေ့၌ ဈာန်မှထပြီးသော် လောကကိုကြည့်တော်မူသည်၊ ထိုအခါ သလေးနှံကိုယူ၍ ပေါက်ပေါက်ပြုလုပ်လျက်နေသော သလေးခင်းစောင့်မိန်းမတစ်ယောက်ကို မြင်မိသည်။

"အသို့နည်း . . ဒါယိကာမသည် သဒ္ဓါတရားရှိသလော၊ မရှိသလော"

ဟု ဆင်ခြင်ကြည့်သော် သဒ္ဓါတရားရှိသည်အဖြစ်ကို သိတော်မူ၍-

"ငါ့အား သင်္ဂြိုဟ်ချီးမြှင့်ပေးကမ်းလှူဒါန်းနိုင်အံ့လော"

ဟု ဆက်လက်ဆင်ခြင်ကြည့်မိပြန်သည်။

"ရဲရင့်တည်ကြည်သောအမျိုးသမီးသည် ငါ့ကို သင်္ဂြိုဟ်ချီးမြှင့်ပေးကမ်းခြင်းပြုလတံ့၊ ထိုသို့ပြုခြင်းကြောင့် ကြီးကျယ်မြင့်မြတ်သောစည်းစိမ်ချမ်းသာကိုရလတံ့"

ဟု သိမြင်တော်မူပြီး သင်္ကန်းရုံကာ ထိုသလေးခင်းသို့ကြွတော်မူ၍ ရပ်တော်မူလေသည်။

အမျိုးသမီးသည် မထေရ်ကြီးကိုမြင်ကတည်းကပင် ကြည်ညိုသောစိတ်ရှိသဖြင့် ပီတိဖြင့်တွေထိသောကိုယ်ရှိကာ-

"ဘုန်းတော်ကြီးသောအရှင်ဘုရား . . . ခေတ္တရပ်တည်ပါဦးဘုရား"

ဟု လျှောက်ထားပြီး ပေါက်ပေါက်တို့ကိုယူပြီး မထေရ်၏သပိတ်ထဲသို့လောင်းလှူသည်၊ ထို့နောက် ငါးပါးသောထိခြင်းဖြင့်ရှိခိုးပြီး-

"အရှင်ဘုရား . . ဤကောင်းမှုကြောင့် အရှင်ဘုရားတို့ မျက်မှောက်ထင်ထင် သိမြင်အပ်သောတရားအဖို့ ရှိသည်ဖြစ်ရပါလို၏"

ဟု ဆုတောင်းလေသည်။

"အသင်၏ဆုတောင်းသည့်အတိုင်းပြည့်စေ"

ဟု အနုမောဒနာပြုပြီး ကြွတော်မူသည်။

အမျိုးသမီးသည် မိမိပြုအပ်သောကောင်းမှုကို ပီတိဖြစ်လျက်ပြန်လာစဉ် လမ်းခရီးလယ်ကန်သင်း၏တွင်းထဲရှိ အဆိပ်ပြင်းသောမြွေဟောက်သည် အိပ်နေရာ မထေရ်ကြွလာစဉ်ကိုက်ရန်အားထုတ်သော်လည်း မထေရ်၏သင်္ကန်းဖုံးလွှမ်းနေ၍ ကိုက်မရရှိနေသည်၊ ယခု အမျိုးသမီးဖြတ်လာသော မြွေသည် အမျိုးသမီးကိုကိုက်လေသည်၊ အမျိုးသမီးသည် ထိုမြွေကိုက်ခဲမှုအဆိပ်ဒဏ်ကြောင့် ထိုနေရာ၌ပင် လဲကျသေဆုံးရလေသည်။

မိမိလှူအပ်သောဒါနကိုအောက်မေ့၍ ပီတိဖြင့်သေရသောကြောင့် တာဝတိံသာနတ်ပြည်ဝယ် ယူဇနာ(၃၀)ရှိသောရွှေဗိမာန်ကြီး၌ အိပ်ပျော်ယောကျ်ားနိုးသော်လားသကဲ့သို့ အလုံးစုံသောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော သုံးဂါဝုတ်ရှိသောခန္ဓာကိုယ်အတ္တဘောရှိနတ်သမီး ဖြစ်ရလေသည်။

တစ်ဆယ်ယူဇနာရှိသောနတ်ပုဆိုးကိုဝတ်၍ တစ်ထည်ကိုသိုင်းခြုံလျက် နတ်သမီးတစ်ထောင်ခြံရံခံရသည်၊ မိမိရှေးက

ပြုခဲ့ဖူးသော ကောင်းမှုတို့၏အကျိုးအပြစ် ရွှေဖြင့်ပြီးသော ပေါက်ပေါက်ပန်းတို့ဖြင့် တွဲလဲဆွဲသောရွှေခွက်တို့ဖြင့် တန်ဆာဆင်လျက်တည်ရလေသည်။

နတ်သမီးသည် မိမိရရှိခံစားရသော နတ်သမီး၏စည်းစိမ်ချမ်းသာအံ့ဩဖွယ်ကိုကြည့်၍-

"အသို့နည်း. . . ငါသည် အဘယ်သို့သောကုသိုလ်ကောင်းမှုကိုပြုစုအားထုတ်ခြင်းကြောင့် ဤသို့သောနတ်စည်းစိမ်ကို ရရှိခံစားရပါသနည်း"

ဟု စဉ်းစားဆင်ခြင်ကြည့်ရှုသော် အရှင်မဟာကဿပမထေရ်အား လှူဒါန်းရသောပေါက်ပေါက်ပွင့်အလှူ၏အကျိုးကြောင့် ရရှိ ခံစားရသည်ကိုသိမြင်လေသည်။

"ငါသည် အနည်းငယ်မျှသောကောင်းမှုကံကြောင့် ဤသို့သဘောရှိသောစည်းစိမ်ချမ်းသာကြီးကိုရလေသည်၊ ယခုအခါ ငါသည် မေ့လျော့နေခြင်းငှာမသင့်လျော်၊ အရှင်မြတ်အား ဝတ်ကြီးဝတ်ငယ် ဆောင်ရွက်ဖွယ်ရာအမှုကိစ္စတို့ကိုပြုစုရွက်ဆောင်၍ ဤစည်းစိမ်ချမ်းသာ ကြာမြင့်စွာတည်သည်ကိုပြုအံ့"

ဟု ကြံစည်၍ နံနက်စောစောပင် ရွှေဖြင့်ပြီးသောတံမြက်စီးကိုလည်းကောင်း၊ ရွှေဖြင့်ပြီးသောအမှိုက်တောင်းကိုလည်းကောင်း ယူ၍ ပရိဝုဏ်ကိုတံမြက်စီးလှည်းပြီး၍ သောက်ရေ၊ သုံးရေတို့ကို ထည့်ထားပေးလေသည်။

အရှင်မဟာကဿပမထေရ်သည် ထိုအရာများအသင့်ဖြစ်နေသည်ကိုမြင်တွေ့လတ်သော်-

"သူငယ်တစ်ဦးတစ်ယောက်သည် လည်းကောင်း၊ သာမဏေ ငယ်တစ်ပါးသော်လည်း ဝတ်ကြီးဝတ်ငယ်လာပြုအပ်သည် ဖြစ်ပေလိမ့်မည်"

ဟု မှတ်ထင်တော်မူလေသည်။

နတ်သမီးသည် ဒုတိယနေ့၌လည်း လာရောက်ပြုလုပ်ရာ မထေရ်မြတ်ကလည်း ရှေးနည်းအတူ ထင်မှတ်လေသည်။

တတိယနေ့၌ မထေရ်သည် ထိုနတ်သမီးတံမြက်စီး လှည်းသံကိုကြား၍ တံခါး၏သံကောက်ပေါက်တို့ဖြင့် ပျံ့နှံ့၍ဝင် ရောက်လာသောကိုယ်ရောင်ကိုမြင်လျှင် တံခါးကိုဖွင့်လှစ်ကြည့်ပြီး

"ဤတံမြက်စည်းလှည်းသောသူကား မည်သူနည်း"

ဟု မေးလေသည်။

"အရှင်ဘုရား. . . တပည့်တော်မသည် အရှင်ဘုရား၏ အလုပ်အကျွေး လာဇာနတ်သမီးပါဘုရား"

"ငါ့အား ဤအမည်ရှိသောအလုပ်အကျွေး ဒါယိကာမ သည် မရှိပါချေ"

ထိုအခါ နတ်သမီးက မိမိဘဝ ဤစည်းစိမ်သည် အရှင် ထေရ်အား ပေါက်ပေါက်ပွင့်လှူ၍ ရခဲ့ပုံ၊ ဤစည်းစိမ်အရှည်တည် တံ့စေရန် ယခု ဤဝေယျာဝစ္စကုသိုလ် လာလုပ်ပေးပုံအကြောင်း စုံကို လျှောက်ထားပြလေသည်။

"နတ်သမီး. . . မနေ့တစ်နေ့ကလည်း အသင်သည်ပင် ဤအရပ်၌ တံမြက်လှည်းသောက်ရေသုံးရေတည်ထားသလော"

"မှန်ပါသည်ဘုရား"

"နတ်သမီး. . . အသင်ပြုအပ်ပြီးသော ဝတ်ကြီးဝတ်ငယ်ကား ရှိပါစေတော့၊ နောက်နောင် သင်သည် ဤအရပ်သို့မလာနှင့်တော့" ဟု မထေရ်မြတ်ကတားမြစ်သည်။

"အရှင်ဘုရား. . . တပည့်တော်မကို မဖျက်ဆီးပါကုန်လင့်၊ အရှင်ဘုရား၏ ဝတ်ကြီးဝတ်ငယ်ကိုပြုပြီး စည်းစိမ်ချမ်းသာ၏ မြဲမြံခိုင်ခံ့တည်တံ့သည်ကိုပြုခြင်းငှာ တပည့်တော်အား အခွင့်ကို ပေးသနားတော်မူပါဘုရား"
ဟု နတ်သမီးကတောင်းပန်သည်။

"အသင်နတ်သမီး. . . ဖယ်ခွာသွားပါလေ၊ နောင်အခါ၌ ငါ့အား ဆန်းကြယ်သောယပ်ကိုကိုင်ယူ၍ ပရိသတ်အလယ်ဝယ် တင့်တယ်စွာထိုင်သီတင်းသုံးပြီး တရားဟောဓမ္မကထိကပုဂ္ဂိုလ်တို့က မဟာကဿပမထေရ်ကြီးအား နတ်သမီးတစ်ယောက်သည်လာရောက်၍ ဝတ်ကြီးဝတ်ငယ်တို့ကိုပြုပြီးလျှင် သောက်ရေ သုံးဆောင်ရေ တည်ထားလုပ်ကျွေးနေသတဲ့ ဟု ဤကဲ့သို့ ပြောဆိုမှုဖြစ်နိုင်၍ ဤကဲ့သို့ပြောဆိုကဲ့ရဲ့ခံရအောင် မပြုပါလေနှင့်၊ အသင်နတ်သမီး နောက်နောင် ဤအရပ်သို့မလာပါလေနှင့်၊ ယခုပင် ဖယ်ခွာသွားပါလေ"

လာဇာနတ်သမီးက မိမိကိုမဖျက်ဆီးရန် အတန်တန်တောင်းပန်လျှောက်ထားသည်။

"နတ်သမီးသည် ငါ၏ပြောဆိုအပ်သောစကားကို မနာယူ" ဟု ကြံစည်တော်မူသည်။

"အသင်နတ်သမီးသည် ပမာဏကို မသိလေစွတကား" ဟု မိန့်တော်မူပြီး လက်ဖျစ်တီးတော်မူသည်။

ထိုအခါ နတ်သမီးသည် ထိုအရပ်၌တည်နေခြင်းငှာ မစွမ်းနိုင်ဘဲဖြစ်ပြီး ကောင်းကင်သို့တက်ပြီးလျှင် မထေရ်ကိုလက်အုပ်ချီရှိခိုးပြီး-

"အရှင်ဘုရား. . . တပည့်တော်မ ရအပ်ပြီးသောစည်းစိမ်ချမ်းသာကို ဖျက်ဆီးတော်မမူပါလင့်၊ မြမြံခိုင်ခံ့တည်တံ့သည်ကိုပြုခြင်းငှာ ပေးသနားတော်မူပါဘုရား"

ဟု ငိုကြွေးလျှောက်ထားလေသည်။

ဗုဒ္ဓသည် ဂန္ဓကုဋီတိုက်၌သီတင်းသုံးနေစဥ်ပင် ထိုနတ်သမီး၏ငိုကြွေးသံကိုကြား၍ ကိုယ်ရောင်တော်ကိုလွှတ်ပြီးလျှင် နတ်သမီး၏ရှေ့မှောက်၌ ထိုင်၍ပြောနေဘိသကဲ့သို့-

"နတ်သမီး. . . ငါ၏သားတော်ကဿပအား စောင့်စည်းသည်ကို ပြုခြင်းသည်သာလျှင် တာဝန်ပေတည်း၊ ကောင်းမှုကိုအလိုရှိကုန်သောသူတို့အားကား ဤသို့သော အမှုဝတ္ထုအရာသည် ငါတို့အားအကျိုးစီးပွားများ၏ ဟု မှတ်သားပြီး ကောင်းမှုကိုပြုခြင်းသည်သာလျှင်တာဝန်ပေတည်း၊ ကောင်းမှုကို ပြုခြင်းသည် ဤပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌ လည်းကော င်း၊ ချမ်းသာသော ကျိုးအာနိသင်ကိုသာ ခံစားရသည်"

ဟု မိန့်ကြားေ ာ်မူသည်၊ ဤဂါထာကို ဆက်လက်ဟော ြား ပါသည်။

"ယော ကျ်ားသည် ကောင်းမှုကိုပြုရာ၏၊ ‌ သည် ကုသိုလ်ကောင်းမှုတစ်ကြိမ်ပြုပြီး၍ ဤမျှလောက်ဖြင့်ေ ာ်သင့်ပြီ ဟု အား ရတင်းတိမ်မနေဘဲ အမြဲမပြတ်ပြုလုပ်သ ၏"

ဤဒေသနာတော်၏အဆုံး၌ လာဇာနတ်သမီးသည် ကောင်းကင်ထက်၌ရပ်တည်လျက်ပင် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လာသည်။

မိမိပြုလုပ်ခဲ့ဖူးသောကုသိုလ်အဖို့၏အကျိုးကို လာရောက်ပြောပြသော လာဇာနတ်သမီး၊ မိမိစည်းစိမ်တည်တံ့ရန် ကုသိုလ်ဆက်လက်ပြုလုပ်ခဲ့သောနတ်သမီး၏နောက်ဆုံးဘုရားရှင်၏တရားကိုနာရသဖြင့် အရိယာအနာဂါမ်၏သောတာပတ္တိဖိုလ်ဆိုက်ရောက်မှုသည် အတုယူဖွယ်၊ မှတ်သားဖွယ်၊ အားကျဖွယ်ပင် ဖြစ်ပါတော့သည်။

(ဓမ္မပဒ၊ ပါပဝဂ်၊ လာဇာနတ်သမီးဝတ္ထု)

## (၄) စဏ္ဍာလီနတ်သမီး

နံနက်တစ်ချိန်တွင် သံဃာအပေါင်းများစွာခြံရံသော ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်အတွင်းရှိ ဒွန်းစဏ္ဍားသူတောင်းစားတို့၏နေရာသို့ဆွမ်းခံကြွခဲ့သည်။

ဘုရားရှင်သည် နံနက်မိုးသောက်ကာလ ဘုရားရှင်၏ အလေ့အထဓမ္မတာဖြစ်သော မဟာကရုဏာသမာပတ်ကို ဝင်စားပြီး၍ သမာပတ်မှထတော်မူပြီးကာစ သတ္တလောကကို ကြည့်ရှုတော်မူလေသည်။

ရာဇဂြိုဟ်ပြည် သူတောင်းစားတို့နေထိုင်ရာအရပ်ဝယ် သက်တမ်းကုန်၍ စုတေခါနီးဖြစ်နေသော ဒွန်းစဏ္ဍားမကြီးတစ်ဦးကိုမြင်တော်မူသည့်အပြင် ထိုဒွန်းစဏ္ဍားမကြီး၏ငရဲ၌ဖြစ်လတ္တံ့သောအကြောင်းကိုလည်း ဉာဏ်တော်၌ထင်လေသည်။

ဘုရားရှင်သည် ကြီးမားသောမဟာကရုဏာရှိသည့်အားလျော်စွာ ထိုဒွန်းစဏ္ဍားမကြီးကို နတ်ပြည်၌ဖြစ်စေသော ကုသိုလ်ကံကိုဖြစ်စေလျက် ငရဲ၌ဖြစ်လတ္တံ့သော အကုသိုလ်ကံကို တားမြစ်လိုသည်ဖြစ်၍ ထိုအရပ်သို့ကြွလေသည်။

ဒွန်းစဏ္ဍားမကြီးသည် တောင်ဝှေးကိုထောက်လျက် မြို့ပြင်သို့ထွက်သည်ရှိသော် ဘုရားရှင်ရှေ့ရှုကြွလာသည်ကို မြင်၍ ဘုရားရှင်ကို မျက်နှာမူကာရပ်နေလေသည်၊ ဘုရားရှင်ကလည်း ဒွန်းစဏ္ဍားမကြီး၏သွားလာခရီးကိုပိတ်၍ ရပ်နေသကဲ့သို့ တည်နေလေသည်။

ရှင်မောဂ္ဂလာန်မထေရ်မြတ်သည် ဘုရားရှင်၏စိတ်အကြံကိုသိရှိသဖြင့် ဒွန်းစဏ္ဍားမကြီးအား ဘုရားရှင်ကိုရှိခိုးရန်တိုက်တွန်းလေသည်။

"စဏ္ဍာလီဒါယိကာမကြီး အခြံအရံအကျော်အစောပေါများပြည့်စုံသောဂေါတမရှင်တော်ဘုရား၏ခြေတော်အစုံကို ရှိခိုးပါလော့၊ ဣသိအပေါင်းတို့ထက် အမြတ်ဆုံးအကျော်ဖြစ်တော်မူသောဘုရားရှင်သည် သင့်ကိုလျှင်ချီးမြှောက်တော်မူလို၍ ရပ်တံ့နေတော်မူသည်"

"ပူဇော်အထူးကိုခံတော်မူထိုက်သော တာဒိဂုဏ်နှင့်ပြည့်စုံသောဘုရားရှင်၌ ကောင်းမြတ်ကြည်လင်သောစိတ်အစဉ်ကိုထားကာကြည်ညိုပါလော့၊ လျှင်မြန်စွာလက်အုပ်ချီကာ ရှိခိုးပါလော့၊ သင်၏အသက်သည်ကား သေရန်နီးနေပြီဖြစ်သည်"

ရှင်မောဂ္ဂလာန်မထေရ်မြတ်သည် စဏ္ဍာလီသူတောင်းစားမကြီးကို ဘုရားရှင်၏ဂုဏ်ပုဒ်များကိုထုတ်ဖော်၍ လည်းကောင်း၊ ထိုစဏ္ဍားသူတောင်းစားမကြီး သေအံ့နီးနီး အသက်ရှိသည့်အဖြစ်ကိုလည်းကောင်း ထင်စွာပြလျက် ဘုရားရှင်ကိုရှိခိုးရန် တိုက်တွန်းလေသည်။

ထိုစဏ္ဍာလီသူတောင်းစားမကြီးသည် ရှင်မောဂ္ဂလာန်မထေရ်မြတ်၏စကားကိုကြားရသောအခါ ကြီးစွာသောသံဝေဂရပြီးလျှင် ဘုရားရှင်၌ကြည်ညိုသောစိတ်ဖြစ်ကာ ထိခြင်းငါးပါးနှင့်အညီဘုရားရှင်ကိုရှိခိုးလေသည်။

ဘုရားရှင်သည် ဤစဏ္ဍာလီအား ဤမျှလောက်သော ကုသိုလ်ကံဖြင့် နတ်ပြည်၌ဖြစ်ခြင်းငှာ သင့်လျော်လောက်ပြီ ဟု နှလုံးပြုပြီး ရာဇဂြိုဟ်မြို့တွင်းသို့ ရဟန်းအပေါင်းနှင့်ဝင်လေသည်။

ဘုရားရှင်ကြွသွားသောအခါ ထိုသူတောင်းစားမကြီးကို နွားသားမွေးမတစ်ကောက်သည် ရှေ့မှကန့်ကြောက်ကာ ပြေးလာပြီးလျှင် ဦးချိုဖြင့်ဝှေ့ရာ ထိုဒဏ်ရာဖြင့်ပင် သေဆုံးလေသည်။

ရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးသည် နေ့လည်တွင် နေ့သန့်စင်ရန် တောအုပ်တစ်နေရာတွင် သီတင်းသုံးနေထိုင်စဉ် ရုပ်ရည်အဆင်းတင့်တယ်ခြင်းနှင့်ပြည့်စုံပြီး အရောင်အဝါထွန်းလင်းတောက်ပသောနတ်သမီးတစ်ဦးသည် နတ်သမီးအခြွေအရံတစ်သိန်းနှင့်အတူလာရောက်ပြီး ရှိခိုးဦးချသည်ကိုတွေ့ရသည်။

"ယခု ငါ့ကိုရှိခိုးသောသင်ကား မည်သူနည်း"

"အရှင်မြတ်ဘုရား. . . တပည့်တော်မသည် စဏ္ဍာလီ ဖြစ်ပါသည်ဘုရား၊ အရှင်ဘုရားတိုက်တွန်းမှုကြောင့် တပည့်တော်မသည် ဘုရားရှင်ကိုကြည်လင်သောစိတ်ထားဖြင့် ရှိခိုးခဲ့ပါသည်ဘုရား၊ တပည့်တော်မသည် မကြာခင်နွားမဝှေ့၍ ကွယ်လွန်ပြီး ထိုဘုရားရှင်ကိုရှိခိုးခဲ့သောကုသိုလ်ကံအဟုန်ကြောင့် တာဝတိံသာ နတ်ပြည်၌ လျှောက်ပတ်သောဘုံဗိမာန်နှင့်ခံစားရပါသည်ဘုရား၊ တပည့်တော်မတွင် နတ်သမီးတစ်သိန်းအခြံအရံရှိပါသည်ဘုရား၊ တပည့်တော်မသည် ပြုအပ်ပြီးသောကုသိုလ်ကံကောင်းမှုများစွာ ရှိခဲ့ပါသည်ဘုရား၊ ယခု ဘုရားရှင်နှင့် အရှင်ဘုရားကို ဖူးမြော်ရန် လာခဲ့ပါသည်ဘုရား"

စဏ္ဍာလီနတ်သမီးသည် ရှင်မောဂ္ဂလာန်မထေရ်မြတ်ကို ဤကဲ့သို့ အကြောင်းစုံလျှောက်ထားပြီးနောက် ဘုရားရှင်ကိုရှိခိုးကာ ထိုနေရာမှာပင် ကွယ်ပျောက်သွားပါသည်။

ရှင်မောဂ္ဂလာန်မထေရ်မြတ်က ဘုရားရှင်ကိုရှိခိုးရန် တိုက်တွန်းခဲ့သောသူတောင်းသားမကြီးသည် ယခု နတ်သမီးတစ်သိန်းအခြံအရံရှိသော နတ်သမီးဖြစ်နေပေပြီ။

ဘုရားရှင်အပေါ်၌ သဒ္ဓါကြည်လင်သောစိတ်စေတနာဖြင့်ရှိခိုးရသောကုသိုလ်ကံအကျိုးကား ကြီးမားလေစွပါတကား။

ဘုရားရှင်နှင့် ရှင်မောဂ္ဂလာန်တည်းဟူသော အဆွေကောင်း၏စောင့်မကူညီမှုကြောင့် ငရဲကျရမည့်ဆိုးဝါးသောကံ ဘဝကြမ္မာဘေးမှလွတ်မြောက်ကာ နတ်ပြည်၌ နတ်စည်းစိမ်ကို ခံစားရသော စဏ္ဍာလီအဖွားအို၏ဘဝသည်လည်း အဆွေကောင်း၍ အသေကောင်းရပြီး ချမ်းသာသုခခံစားရရှိခြင်းသာ ဖြစ်ရပါတော့သည်။

(ဝိမာန၊စဏ္ဍာလီဝတ္ထု)

## အတုလိုလ်အရာ (ဗြိတ္တာသပ)၌ ချမ်းသာသုခရရန် အကူအညီလာတောင်းသူများ

(က) သံသရာတို့ထံ အကူအညီတောင်းခံ၍ ကောင်းကျိုး ခံရသော နေ့ ညသားပါးယောက်ျား ဗြိတ္တာမ

သာဝတ္ထိပြည်နှင့်မနီးမဝေးသော ရွာတစ်ရွာ၌ သူကြွယ် မယားတစ်ယောက်သည် သားသမီးမရ၊ မြုံသည်ဖြစ်၍ သူကြွယ် တို့၏ဆွေမျိုးများက မျိုးဆက်ပြတ်မည်စိုး၍ အခြားမယားတစ် ယောက်ယူရန် တိုက်တွန်းကြသည်။

သို့သော် သူကြွယ်က သူ၏မယားကို အလွန်ချစ်မြတ်နိုး သဖြင့် အခြားမိန်းမတစ်ယောက်ကိုယူရန် အကြံပေးချက်ကို လက်မခံပေ။

ဆွေမျိုးများ၏အကြံအစည်ကို သိရှိလာသော မယားကြီး သည် မိမိလင်ယောကျ်ားကို မိမိကိုယ်တိုင်တိုက်တွန်းပြီး အခြား မိန်းမတစ်ယောက်ကိုယူစေသည်။

တစ်နေ့တွင် ထိုမယားငယ်သည် ကိုယ်ဝန်တည်လာ သည်၊ ထိုအခါ မယားကြီးသည်-

"ဤ မိန်းမ သားသမီးရလာက တစ်အိမ်ထောင်လုံး ပိုင်ဆိုင်သူဖြစ်လာလိမ့်မည်"

ဟု စိတ်အကြံဖြစ်ကာ ငြူစူစိတ်အလိုဆန္ဒဆိုးများ ဖြစ်ပေါ်လာမိ သည်။

ဤသို့ အလိုဆန္ဒဆိုးဖြင့် ပရဗိုဇ်မတစ်ယောက်ကို ဆွမ်းအဖျော်စသည် ချိုးမြှောက်ပေးကမ်းလာဘ်ထိုးလျက် မယားငယ်ကိုကိုယ်ဝန်ပျက်ကျဆေးကိုပေးစေသည်၊ ပရဗိုဇ်မသည် လာဘ်ကိုမျှော်ကိုးပြီး ကိုယ်ဝန်ပျက်ကျဆေးကို ယူကာ ပရိယာယ်ဖြင့်မယားငယ်ကိုဆေးပေးပြီးသောက်စေသည်။

မယားငယ်သည် ပရဗိုဇ်မကိုယုံကြည်လျက် ဆေးကိုသောက်မိရာ မကြာခင် ကိုယ်ဝန်ပျက်ကျလေသည်၊ မယားငယ်သည် ထိုအကြောင်းကို မိမိမိခင်အားပြောပြရာ မိခင်သည် ဆွေမျိုးအပေါင်းကိုစုဝေးဆွေးနွေးပြီး ထိုအကြောင်းကိုပြောပြသည်။

ဆွေမျိုးတို့က မယားကြီးကိုခေါ်ယူကာ ကိုယ်ဝန်ပျက်ဆေး ပေး-မပေး စစ်ဆေးမေးကြသည်၊ မယားကြီးက အဟောင်းငြင်းဆိုလေသည့်အတွက် ကျိန်စာဆိုခိုင်းရာ မယားကြီးက-

"အကယ်၍ ငါသည် ကိုယ်ဝန်ပျက်ချသည်မှန်ငြားအံ့၊ ဒုဂ္ဂတိဘဝကျရောက်၍ ဆာလောင်မွတ်သိပ်ခြင်းနှိပ်စက်ကာ နံနက်ငါးယောက် ညငါးယောက် သားတို့ကိုဖွား၍ စားသောက်သော်လည်း အားရတင်းတိမ်ခြင်းမရှိရစေသား၊ အမြဲတန်းမကောင်းသောအနံ့လှိုင်၍ ယင်မဲရိုင်းတို့ တလှိုင်လှိုင်ပေါ်များသောကိုယ် ဖြစ်ပါစေသား"

ဟု ကျိန်စာဆိုလေသည်။

မယားကြီးသည် ကျိန်စာဆိုပြီးနောက် စိတ်သောကဝေဒနာ တနုံ့နုံ့ခံစားရပြီး မကြာခင် ထိုစိတ်သောကဖြင့် ကွယ်လွန်ပြီးလျှင် ထိုရွာအနီး၌ ကြောက်မက်ဖွယ်ကောင်းသော ပြိတ္တာမဖြစ်ရလေသည်။

ထိုပြိတ္တာမသည် သူတစ်ပါးအသက်သတ်ခြင်း၊ လိမ်ညာပြောဆိုခြင်း၊ ကျိန်စာဆိုခြင်း မကောင်းမှုကံကြောင့် ကျိန်စာအတိုင်း ခံစားရသည်။

ဇနပုဒ်တစ်ခု၌ ဝါကပ်ကြသော သံဃာတော်ရှစ်ပါးတို့သည် ဝါကျွတ်၍ ဘုရားရှင်ကိုဖူးရန် သာဝတ္ထိရှိ ဇေတဝန်ကျောင်းသို့အလာ ရွာနှင့်မနီးမဝေး တောအုပ်တစ်ခုသို့အရောက်တွင် အရိပ်အာဝါသကောင်းသောနေရာ၌ ခေတ္တ ခဏနား သီတင်းသုံးကြသည်။

ထိုအခါ ထိုပြိတ္တာမသည် မထေရ်တို့ကို ကိုယ်ထင်ပြရာ ပြိတ္တာမသည် အဝတ်မဆီး၊ ကိုယ်လုံးစည်းနှင့်ကြောက်လန့်ဖွယ်ရာ ရုပ်သဏ္ဌာန်ရှိသည်၊ အပုပ်နံ့ကလည်း တထောင်းထောင်းထ,နေပြီး ယင်မဲကောင်များက ဝိုင်းအုံနေလေသည်။

ထိုပြိတ္တာမကိုမြင်၍ သံဃာမထေရ်ကြီးက ထိုပြိတ္တာမအကြောင်းနှင့်ပြုလုပ်ခဲ့သော အကုသိုလ်ကံကို စုံစမ်းမေးမြန်းရာ ပြိတ္တာမက မိမိပြုခဲ့သော အကုသိုလ်အကြောင်းစုံကို လျှောက်ထားပြီး-

"အရှင်ဘုရား. . . တပည့်တော်မသည် အလွန်ဆာလောင်မွတ်သိပ်ပြီး ပြိတ္တာဘဝမျိုး၌ ဖြစ်နေရပါသည်၊ အစားအစာရှာဖွေသော်လည်းမရ၊ ကျိန်စာအရ ကြီးစွာသောဝဋ်ဆင်းရဲကို ခံစားနေရပါသည်ဘုရား"

ဟု လျှောက်ထားပြီး မထေရ်တို့ကို တောင်းပန်လျှောက်ထားသည်။

"အရှင်မြတ်တို့ဘုရား . . . တပည့်တော်မ ပန်ကြားအပ်ပါသည်၊ အကူအညီပေးတော်မူကြပါဘုရား၊ အရှင်ဘုရားများ သာဝတ္ထိမြို့သို့ရောက်လျှင် ဤမည်သောသူကြွယ်အိမ်ဝင်၍ တပည့်တော်မ၏ခံစားနေရသောဆင်းရဲကိုမိန့်ကြားပြီး တပည့်တော်မအတွက် အလှူအတန်းပေး၍ အမျှပေးဝေပေးပါရန် ပြောကြားပေးစေလိုပါသည်ဘုရား၊ ကုသိုလ်အမျှအတန်းရက တပည့်တော်မဘဝ ဤဆင်းရဲမှုကင်းလွတ်ပါမည်ဘုရား" ဟု လျှောက်ထားတောင်းပန်အကူအညီတောင်းသည်။

မထေရ်မြတ်တို့သည် ပြိတ္တာမအား အစဉ်သနားသဖြင့် အကူအညီပေးမည့်ကတိကဝတ်ပြုပြီးလျှင် ထိုသူကြွယ်အိမ်သို့ ဆွမ်းအလို့ငှာ ဝင်ရောက်ကြသည်၊ သူကြွယ်သည် မထေရ်တို့ကြွလာသဖြင့် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ကာ နေရာထိုင်ခင်းပြုလုပ်ပေးပြီး ဆွမ်းဆက်ကပ်ရန် စီမံဆောင်ရွက်လေသည်။

မထေရ်တို့သည် သူကြွယ်ကို မယားကြီး၏ ပြိတ္တာဘဝ ရောက်နေပုံနှင့် ဆင်းရဲကြီးစွာခံစားနေရပုံ အကြောင်းစုံကို မိန့်ကြားပြောကြသည်။

ထိုအခါ သူကြွယ်သည် မယားကြီးအတွက် အလွန်စိတ်မကောင်းခံစားရပြီး မယားကြီးအတွက် မည်သို့ပြုလုပ်ပေးကချမ်းသာရာကိုရမည်နည်း ဟု လျှောက်ထားမေးပြီး လိုအပ်သည်တို့ကို မိန့်ကြားပေးရန် လျှောက်ထားလေသည်။

မထေရ်တို့သည် သူကြွယ်လှူဒါန်းဆက်ကပ်သောဆွမ်း၏ ကုသိုလ်အဖို့ဘာဂကို မယားကြီးဖြစ်သော ပြိတ္တာမကို ရည်ညွှန်းကာ အမျှပေးဝေစေသည်။

သူကြွယ်က မယားကြီးကိုရည်ညွှန်းကာ အမျှပေးဝေသောအခါ ထိုခဏမှာပင် ပြိတ္တာမသည် ကုသိုလ်အဖို့ကို အမျှရပြီး ဆင်းရဲကင်းကွာကာ မွန်မြတ်သောနတ်စည်းစိမ်အဖြာဖြာကို ခံစားရလေသည်။

ထိုနတ်မသည် ညဉ့်အခါတွင် မိမိခင်ပွန်းကိုလည်းကောင်း၊ မထေရ်တို့ကိုလည်းကောင်း နတ်ဝတ်တန်ဆာ အဆောင်အယောင်ဖြင့် ကိုယ်ထင်ပြကာ မထေရ်တို့ကို ကျေးဇူးတင်ရှိခိုးကန်တော့ပူဇော်သည်၊ သူကြွယ်ကိုလည်း ဝမ်းမြောက်ကျေးဇူးတင်ကြောင်း ပြောပြန္နတ်ဆက်လေသည်။

ရဟန်းတို့သည် သာဝတ္ထိပြည် ဗုဒ္ဓထံသို့ရောက်ကြသော် လမ်းတွင် မိမိတို့ကြုံတွေ့ခဲ့ရသော ထိုပြိတ္တာမအကြောင်းကို ဗုဒ္ဓအား လျှောက်ထားပြကြသည်၊ ဗုဒ္ဓက တစ်ဖန်တရားပွဲရောက်လာကြသော ပရိသတ်တို့ကို ထိုပြိတ္တာမဘဝအကြောင်း ဟောပြတော်မူရာ ပရိသတ်များစွာတို့သည် သတိသံဝေဂတရားရကြပြီးဒါန၊ သီလတရားများ ကြီးစားအားထုတ်ကြရာ အကျိုးများစွာဖြစ်ထွန်းကြလေသည်။

မိမိပြုလုပ်မိခဲ့သော မကောင်းမှုအကုသိုလ်ကံကြောင့် ဆင်းရဲကြီးစွာ ခံစား ပြိတ္တာဘဝသို့ရောက်ခဲ့ရပြီး ရဟန်းသံဃာများထံလာရောက် အကူအညီတောင်းခံခဲ့သဖြင့် နတ်ချမ်းသာကို ပြန်လည်ခံစားရသော နေ့ည သားငါးယောက်စားသော်လည်း မဝသောပြိတ္တာမ၏ဘဝဖြစ်စဉ် သံဝေဂရစရာ၊ အသိ-သတိရှိဖို့ရာပင် ဖြစ်ပါတော့သည်။

(ပဉ္စပုတ္တခါဒကပေတဝတ္ထု)

## (ခ) အချင်သာရိပုဏ္ဏာရာထံ အကူအညီလာ တောင်းခံသော ငါးဘဝအမေ ပြိတ္တာမ

ဗာရဏသီပြည်၌ ပုဏ္ဏားတစ်ဦးသည် ရဟန်း၊ ပုဏ္ဏား၊ အထီးကျန်သူ၊ ခရီးသွားသူ၊ ဖုန်းတောင်းယာစကတို့အတွက် ရေတွင်းရေကန်သဖွယ်ပမာ ထမင်း၊ အဖျော်၊ အဝတ်ပုဆိုး၊ အိပ်ရာနေရာတို့ကို ပေးလှူလေ့ရှိသည်။

မိမိထံရောက်လာကြသောသူတို့ကို ကာလအလိုက်ထိုက်သည့်အားလျော်စွာ ခြေဆေးရေ၊ ခြေနယ်ဆီ အစရှိသည်များနှင့်တကွ ခရီးလမ်းစားနပ်ရိက္ခာတို့ကို စီမံဆောင်ရွက်ပေးလှူလေ့ရှိသည်၊ နံနက်အချိန်ဝယ် ရဟန်းတို့အား ဆွမ်း၊ အဖျော်တို့ကိုနေ့စဉ်ပေးလှူလေ့ရှိသည်။

တစ်နေ့တွင် ထိုသူကြွယ်သည် ကိစ္စတစ်ခုဖြင့် အရပ်တစ်ပါးသို့ခရီးသွားရန်ရှိသဖြင့် မယားကို နေ့စဉ်နေ့တိုင်း ပြုနေကျကုသိုလ်ဝတ်တို့ကို မဆုတ်ယုတ်၊ မပျက်ပြားဘဲ ပြုစုလုပ်ကျွေးရန်မှာကြားခဲ့ပြီး ခရီးထွက်ခဲ့သည်။

မယားက သဒ္ဓါတရားမရှိ၊ လင်ဖြစ်သူ ပုဏ္ဏားခရီးသွားသောအခါ ရှေးဦးစွာ ရဟန်းတို့အားပြုစုလုပ်ကျွေးနေကျ အလှူဝတ်တို့ကိုဖြတ်တောက်ထားလေသည်၊ လာသမျှသော ခရီးသည်တို့ကိုလည်း နေရာထိုင်ခင်း ကောင်းစွာမပေး အိမ်နောက်ဖေးရှိဇရပ်ပျက်အိုး၌ ဖြစ်သလိုပစ်ထားသည်၊ ထမင်း အဖျော် စသည်လာတောင်းကြကုန်သောသူတို့ကိုလည်း-

"မစင်၊ ကျင်ငယ်တို့ကို စားကြ၊ သောက်ကြပါလား၊ သွေး ပုပ်၊ သလိပ်တို့ကို စားကြပါလား၊ အလကားနေရင်း အလုပ်လုပ် မစားဘဲ လာတောင်းနေကြတယ်"
ဟု ယုတ်ညံ့သောစကား၊ ယုတ်ညံ့သောအရာတို့ဖြင့် နှိုင်းယှဉ်ကာ ကျိန်ဆဲလေသည်။

နောင်များမကြာခင် ထိုပုဏ္ဏေးမသည် တစ်စုံတစ်ခုသော ရောဂါဖြင့် ကွယ်လွန်ခဲ့ရာ မိမိပြုခဲ့၊ ပြောခဲ့သော ကာယကံ၊ ဝစီကံ အကုသိုလ်ကံ၏အာနုဘော်ကြောင့် ပြိတ္တာဘုံ၌ဖြစ်ရပြီး တံထွေး သလိပ်များကို ရှာဖွေစားရသော ပြိတ္တာမဖြစ်ရပြီး အလွန်ဆင်းရဲ စွာ နေရ၊ စားရသောက်ရသည်။

ပြိတ္တာမသည် မိမိဘဝ၏အကုသိုလ်ကံကိုသိသည်၊ မိမိကို ကယ်နိုင်မည့်သူကို စဉ်းစားကြည့်သော် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် ငါးခုမြောက်သောဘဝ၌ မိမိက မယ်တော် တော်ခဲ့သည်ကို ပြန်လည်အောက်မေ့သတိရသည်။

ထို့ကြောင့် သူမသည် အရှင်သာရိပုတ္တရာ သီတင်းသုံး ရာကျောင်းသို့ ရှေးရှုကာချဉ်းကပ်ခဲ့သည်၊ ကျောင်းအဝင်ဝသို့ ရောက်သော် ကျောင်းစောင့်နတ်က တံခါးဝမှနေပြီး တားမြစ်ကာ ဝင်ခွင့်မပေးချေ။

"အရှင်နတ်မင်း. . . ကျွန်ုပ်သည် ငါးခုမြောက်သောဘဝ က ရှင်သာရိပုတ္တရာ၏မယ်တော်ဖြစ်ခဲ့ဖူးပါသည်၊ ယခု မထေရ် မြတ်ကိုဖူးမြော်ရန် လာခဲ့ပါသည်၊ ဝင်ခွင့်ပြုစေလိုပါသည်"
ဟု အသနားခံရာ ကျောင်းတံခါးစောင့်နတ်က ဝင်ခွင့်ပြုလိုက်

သည်၊ ပြိတ္တာမသည် ရှင်သာရိပုတ္တရာကျောင်း၏ စကြံန်စွန်း၌ မထေရ်မြတ်အား ကိုယ်ထင်ပြလေသည်။

"အသားအရေခန်းခြောက် ရုပ်ဆင်းရုပ ချို့တဲ့စွာနှင့် ရောက်လာသောသင်ကား အဘယ်သူနည်း"

"အရှင်ဘုရား. . . တပည့်တော်မသည် ရှေး ငါးဘဝက အရှင်ဘုရား၏မိခင်ဖြစ်ခဲ့ဖူးပါသည်၊ ယခု ပြိတ္တာဘုံရောက်နေရပါသည်ဘုရား"

"ယခု အဘယ်ကြောင့် လာရပါသနည်း"

"သားတော်ဘုရား. . . ယခု တပည့်တော်မသည် လူတကာစွန့်ပစ်ထားသော တံတွေး၊ သလိပ်ချွဲတို့ကိုလည်းကောင်း မီးဖွားသောမိန်းမတို့မှထွက်သော သွေးပုပ်တို့ကိုလည်းကောင်း မရှုံမရှာ စားသောက်နေရပါသည်၊ အစဉ်ထာဝရလည်း ဆာလောင်မွတ်သိပ်သောဆင်းရဲကို ခံစားနေရပါသည်၊ ဤဘဝမှလွတ်မြောက်အောင် သားတော်က အလှူပေး၍ ကူညီပေးစေလိုပါသည်ဘုရား"

ဟု လျှောက်ထားတောင်းပန်သည်။

အရှင်သာရိပုတ္တရာက အဘယ်ကုသိုလ်များ ပြုခဲ့သနည်း ဟု မေးသောအခါ မိမိပြုခဲ့သော အကုသိုလ်အမှုတို့ကို လျှောက်ထားပြသည်။

ငါးဘဝ အမိတောင်းခဲ့သော ပြိတ္တာမ၏လျှောက်ထားချက်ကိုကြားရသောအခါ မထေရ်ကြီးသည် ကြီးစွာသော မဟာကရုဏာတော်ဖြစ်တော်မူကာ အကူအညီပေးမည် ဟုဝန်ခံကတိပေးလိုက်သည်။

နောက်နေ့တွင် အရှင်မောဂ္ဂလာန်၊ အရှင်အနုရုဒ္ဓါနှစ်ပါးကိုပင့်လျှောက်ထားပြီး ဗိမ္ဗိသာရနန်းတော်သို့ဝင်ကာ ဆွမ်းအလှူခံသည်၊ ထို့နောက် မင်းကြီးကို အကြောင်းစုံမိန့်ကြားပြောပြသည်။

မင်းကြီးသည် ကောင်းစွာသဘောပေါက်နားလည်ပြီး လိုအပ်သမျှ ပြုလုပ်ပေးရန် ဝန်ခံကတိပေးပြီး မထေရ်တို့ကို ပြန်လည်ကြွစေသည်။

ထို့နောက် အမှုကိုစီရင်တတ်သောအမတ်ကိုခေါ်ကာ မြို့နှင့်မနီးမဝေး အေးချမ်းသာယာဆိတ်ငြိမ်ပြီး ရေ အရိပ်နှင့် ပြည့်စုံသောအရပ်၌ ကျောင်းငယ်လေးဆောင် ဆောက်လုပ်စေသည်။

ဆောက်လုပ်ပြီးသောအခါ မင်းကြီးကိုယ်တိုင် ဘုရားအမှူးရှိသော စတုဒိသာ သံဃာအားလျှောက်ပတ်သောအလုံးစုံသော ပရိက္ခရာတို့ကိုလည်းကောင်း၊ တည်ခင်းစေပြီးလျှင် ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးအား ပေးအပ်လှူဒါန်းလေသည်။

ထိုအခါ ရှင်သာရိပုတ္တရာသည် မိခင်တော်စပ်ခဲ့သော ပြိတ္တာမကိုရည်စူးပြီး အလုံးစုံသောလှူဖွယ်ဝတ္ထုအစုစုတို့ကို မြတ်စွာဘုရားအမှူးရှိသော စတုဒိသာသံဃာတော်တို့အား လှူဒါန်းပြီး အမျှပေးဝေလေသည်။

ပြိတ္တာမသည် အလှူကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခြင်း၊ ကုသိုလ်စေတနာကြောင့် ခဏချင်းပင် ပြိတ္တာဘဝမှလွတ်မြောက်ပြီး နတ်စည်းစိမ်ကို ရရှိခံစားရလေသည်။

ပြိတ္တာမသည် အိပ်သော်ယောက်ျားနိုးသော်လားကဲ့သို့ နတ်သမီးဘဝသို့ရောက်သော် မိမိ၏ဘဝကို ဆင်ခြင်မိသည်၊ ရှင်သာရိပုတ္တရာ၏ကျေးဇူးကြောင့် ဤကဲ့သို့ နတ်စည်းစိမ် ခံစားရသည်ကို သိရှိသဖြင့် ချက်ချင်းပင် အရှင်သာရိပုတ္တရာထံသို့ လာရောက်ပြီး အကြောင်းစုံလျှောက်ထားကာ ကျေးဇူးတင်ရှိခိုးကန်တော့လေသည်။

(သာရိပုတ္တထေရမာတုပေတဝတ္ထု)

## (ဂ) အရှင်သာရိပုတ္တရာ ကူညီ၍ ချမ်းသာရာရသော သံသရမောစက ပြိတ္တာမ

မာဂဓတိုင်း၊ ကုဋ္ဌကဝတီမည်သော ရွာဝယ် အမျိုးသမီး ငယ်ကလေးတစ်ဦးသည် သံသရာစင်ကြယ်ရေးဟူသော နိဂဏ္ဌ နာဋ္ဌပုတ္တတိတ္ထိဆရာကြီး၏ မှားသောမိစ္ဆာဒိဋ္ဌိအယူကို လက်ခံသောမိဘမှမွေးဖွားလာသူဖြစ်၍ ဘုရား၊ တရား၊ သံဃာ၌ ကြည်ညိုတတ်သော အလေ့အကျင့် မရှိသူဖြစ်သည်။

တစ်နေ့တွင် ကလေးမလေးသည် အခြားကလေးများနှင့် အတူတူ ရွာထိပ်၌ကစားနေစဉ် အရှင်သာရိပုတ္တရာသည် ရဟန်းတော်များနှင့်အတူ ဆွမ်းအတွက် ရွာထိပ်သို့ကြွလာသည်၊ အခြားကလေးမများက ရတနာသုံးပါးကြည်ညိုသောမိဘက မွေးဖွားခဲ့ကြပြီး ရတနာသုံးပါးကို ကြည်ညိုတတ်ကြသဖြင့် အရှင်သာရိပုတ္တရာနှင့်သံဃာတော်များကို ရိုသေစွာရှိခိုးကန်တော့ကြသည်၊ ထိုသံသရမောစကအယူရှိကလေးမက ရပ်ကြည့်၍သာ နေခဲ့သည်။

အရှင်သာရိပုတ္တရာသည် မိမိ၏ဉာဏ်တော်ဖြင့် ထိုကလေးမ၏အတိတ်ဘဝကိုဆင်ခြင်ကြည့်သည်၊ လွန်ခဲ့သောအတိတ်ဘဝကလည်း သံသရမောစက အယူဖြင့် မိစ္ဆာဒိဋ္ဌိဖြစ်ခဲ့သည်၊ မှားယွင်းသောအယူဝါဒဖြင့် ပိုးနှံ့ကောင်တို့ကိုသတ်ဖြတ်မိခဲ့သဖြင့် အနှစ်ငါးရာကာလပတ်လုံး ဆာလောင်မွတ်သိပ်သော ပြိတ္တာဘဝ၌နေခဲ့ရသည်၊ ယခု ပြိတ္တာဘဝကလွတ်ပြီး ဤကုဋ္ဌကဝတ်ရာ၌ သံသရမောစက ဒိဋ္ဌိအယူကိုယူသောမိဘမျိုးရိုး၌ လာဖြစ်နေရသည်။

မထေရ်မြတ်ကြီးသည် ကလေးမ၏ အတိတ်ဘဝကို ဆင်ခြင်ကြည့်ပြီး အနာဂါတ်ဘဝကိုဆင်ခြင်ကြည့်မိသည်၊ ဤကလေးမသည် ယခု သံသရမောစကအယူရှိနေ၍ ငရဲသို့ကျမည့် အလားအလာရှိနေသည်ကို သိမြင်တော်မူသည်။

"အကယ်၍ ဤကလေးမသည် ငါ့ကို ရှိခိုးသည်ဖြစ်အံ့၊ ငရဲ၌မူ မဖြစ်လတ္တံ့၊ ပြိတ္တာဘုံ၌သာဖြစ်လတ္တံ့၊ ပြိတ္တာဘုံ၌ဖြစ်စဉ် ငါ့ကိုအမှီပြု၍ နတ်စည်းစိမ်ချမ်းသာအဖြာဖြာကို ရလတ္တံ့" ဟု မြင်တော်မူ၍ မိန်းကလေးကို သံဃာတော်များအားရှိခိုးရန် တိုက်တွန်းပြောကြားသည်၊ မိန်းကလေး၏အဖော်ဖြစ်သော မိန်းကလေးများကလည်း ထိုမိန်းကလေးကို အတင်းလက်စွဲချပြီး ရှိခိုးစေသည်။

မိန်းကလေးသည် အများဆန္ဒအရ သဒ္ဓါစိတ်မရှိသော်လည်း မထေရ်မြတ်နှင့်သံဃာတော်များကို ရှိခိုးလေသည်။

ထိုမိန်းကလေးသည် အရွယ်ရောက်လတ်သော် ဒီဃရာဇီမည်သောရွာ၌ သံသရမောစကအယူရှိသော အမျိုးသားတစ်ဦးနှင့်လက်ထပ်ခဲ့သည်၊ ထိုအမျိုးသမီးငယ်သည် ကိုယ်ဝန်ဆောင်သော် သားမဖွားနိုင်၍ ကွယ်လွန်ခဲ့ပြီး ပြိတ္တာဘဝ၌ အဝတ်မဆီးကိုယ်လုံးတည်း ပြိတ္တာမဖြစ်ခဲ့ရသည်၊ အမြဲဆာလောင်မွတ်သိပ်ပြီး သွားလာနေရသည်။

တစ်နေ့တွင် ထိုပြိတ္တာမသည် အရှင်သာရိပုတ္တရာ သီတင်းသုံးရာ ဣဋ္ဌကာဝတီ အရဏာဝတီကျောင်းပတ်ဝန်းကျင် ရောက်လာပြီး အရှင်သာရိပုတ္တရာကို ကိုယ်ထင်ပြပြီး ငှ်တင့်သောအရပ်၌ ရပ်နေလေသည်။

"အဝတ်မဆီး ကိုယ်လုံးတည်းဖြင့် အဆင်းမလှ ဆင်းရဲနွမ်းနှင့်ရောက်လာသောသင်သည် မည်သူနည်း"

"အရှင်ဘုရား . . . တပည့်တော်မ ပြိတ္တာမတစ်ဦး ဖြစ်ပါသည်"

"အသင်သည် လူ့ဘဝက မည်သည့်အမျိုးအနွယ်ဖြစ်၍ မည်သည့်အကုသိုလ်ပြုခဲ့သဖြင့် ဤသို့သောဘဝကို ရရှိခံစားရပါသနည်း"

"တပည့်တော်မသည် လူ့ဘဝက သံသရမောစကအမျိုးအနွယ် ဖြစ်ခဲ့ပါသည်၊ ဒါန၊ သီလမရှိ၊ သတ္တဝါတို့ကိုသတ်ဖြတ်သောအကုသိုလ်ကံကြောင့် ဤပြိတ္တာဘုံသို့ရောက်နေရပါသည်ဘုရား"

"အသင်သည် အဘယ်ကြောင့် ငါ့ထံသို့လာပါသနည်း"

"အရှင်ဘုရား . . တပည့်တော်မအား အစဉ်သနားသောအားဖြင့် တပည့်တော်မအတွက် လှူဖွယ်ဝတ္ထုတို့ကို လှူဒါန်းပြီး အမျှပေးဝေ၍ ဆင်းရဲမှ ကယ်ဆယ်စောင့်ရှောက်ပေးစေလိုပါသည်ဘုရား"

ဟု တောင်းပန်လျှောက်ထားသည်။

အရှင်သာရိပုတ္တရာမထေရ်ကြီးသည် ပြိတ္တာမကိုသနားမှုလွန်စွာကြီးသဖြင့် ပြိတ္တာမကို ဝန်ခံကတိပေးပြီး ဆွမ်းခံထွက်သည်၊ ရလာသောဆွမ်းကို သံဃာတော်များအားလှူဒါန်းပြီး ပြိတ္တာမကို အမျှပေးဝေလေသည်။

ထိုအခါမှာပင် ပြိတ္တာမသည် အမျှရပြီးလျှင် နတ်၌ဖြစ်သော အဝတ်တန်ဆာတို့ကိုဝတ်ဆင်ရပြီး နတ်၌ဖြစ်သော အစား

အစာ၊ အဖျော်ယမကာတို့ကို စားသုံးရပြီး ကိုယ်ရောင်ကိုယ်ဝါ တောက်ပသော နတ်သမီးဖြစ်ခဲ့ရသည်၊ နတ်ဗိမာန် နတ်စည်းစိမ် တို့ကို ရရှိခံစားရသည်။

ထိုနတ်သမီးသည် မိမိနတ်စည်းစိမ်ခံစားရသော အခြေအနေကို ချက်ချင်းဆင်ခြင်ကြည့်မိရာ အရှင်သာရိပုတ္တရာမထေရ်မြတ်၏ကျေးဇူးကြောင့် ရရှိခံစားရသည်ကို သိမြင်လေသည်။

နတ်သမီးသည် မထေရ်မြတ်၏ကျေးဇူးကို ကျေးဇူးတင်ကန်တော့ပူဇော်လိုသဖြင့် မထေရ်ထံသို့ ဘုံဗိမာန်နှင့်တကွ လာရောက်ပြီး မထေရ်မြတ်ကို မထေရ်မြတ်၏ကူညီမှုကျေးဇူးကြောင့် ဤနတ်စည်းစိမ်အလုံးစုံခံစားရပုံအကြောင်းစုံကို လျှောက်ထားပြီး မထေရ်ကြီးကို ရှိခိုးကန်တော့လေသည်။

ထို့နောက် အရှင်သာရိပုတ္တရာမထေရ်သည် ဣန္ဒာကဝတိရွာ၊ ဒီဃရာဇီရွာတို့မှ မိမိထံရောက်လာကြသော ရွာသူ ရွာသားတို့အား ထိုနတ်သမီး၏ ပြိတ္တာဘဝမှနတ်သမီးရောက်ရှိပုံအကြောင်းစုံကို ဟောပြောပြလေသည်။

ထိုအခါ သံသရမောစကမိစ္ဆာဒိဋ္ဌိအယူရှိကြသော ရွာသူရွာသားတို့သည် ထိတ်လန့်သံဝေဂဖြစ်ကြကာ ထိုမှားသော အယူကိုစွန့်ပြီး ရတနာသုံးပါး၌ကြည်ညိုကြလေသည်။

ထိုသတင်းသည် ရဟန်းပရိသတ်အလယ်ဝယ် ထင်ရှားစွာပြောဆိုအပ်သောစကားအကြောင်းဖြစ်လာပြီး ရဟန်းတို့သည် အရှင်သာရိပုတ္တရာမထေရ်၏ မဟာကရုဏာကြီးမားပုံကို ပြောဆိုဆွေးနွေးကြပြီး ဗုဒ္ဓကိုလည်း လျှောက်ထားပြကြလေ ည်။

ဗုဒ္ဓက တစ်ဖန် တရားနာလာသောပရိသတ်များကို ဟောကြားပြသတော်မူရာ တရားနာပရိသတ်ကို ထိတ်လန့်သံဝေဂရကြပြီး ဒါန၊ သီလ တရားတို့၌ ကြိုးစားအားထုတ်လာကြသဖြင့် အကျိုးများစွာ ရရှိခံစားကြရလေသည်။

ဤသံသရမောစကသူငယ်မ၏ ဘဝသည် အရှင်သာရိပုတ္တရာနှင်သံယာကို ရှိခိုးခဲ့သောကုသိုလ်ကံနှင့် ပြိတ္တာမဘဝတွင် အရှင်သာရိပုတ္တရာကို တောင်းပန်လျှောက်ထားသဖြင့် အရှင်သာရိပုတ္တရာ၏ကူညီမှုကြောင့် နတ်စည်းစိမ်ခံစားရပုံတို့သည် သတိသံဝေဂရဖွယ်ဖြစ်သလို အသိ-သတိဖြင့် အတုယူဖွယ်၊ အားကျဖွယ် ကျင့်သုံးလိုက်နာဖွယ်တို့ ဖြစ်ပါသည်။

(သံသရမောစကပေတဝတ္ထု)

## ( ဃ ) ညီငယ်ရဟန်းထံ အကူအညီတောင်းခံရသော အစ်ကိုနှင့်မိဘ ပြိတ္တာများ

ဗုဒ္ဓဂေါတမဘုရားလက်ထက်ဖြစ်သည်၊ ကုဏ္ဍိ အမည်ရှိသော မြို့တံခါးအနီး၌ တံငါရွာတစ်ရွာရှိသည်၊ ထိုတံငါရွာ၌ မိဘတစ်ဦးမှ သားတစ်ယောက်မွေးဖွားခဲ့သည်။

ထိုသားငယ်သည် ဘဝဟောင်းကို ပြန်လည်အောက်မေ့ဆင်ခြင်နိုင်သော(ဇာတိဿရဉာဏ်)ကိုရပြီးလျှင် မိမိသည် အတိတ်ဘဝက ဗာရဏသီပြည်၌ ကီဘဝ မင်း၏သားတော်ဖြစ်ခဲ့သည်၊ ဥယျာဉ်တောကစားရာမှပြန်လာစဉ် လမ်းခရီး၌ဆွမ်းခံလာသော သုခနတ္တပစ္စေကဗုဒ္ဓါကို ဆုံမိရာ မင်းသားက မင်းသားဟူသောမာန်မာနဖြင့် လမ်းဖယ်မပေးရကောင်းလား ဟုဆိုကာ ဆင်ပေါ်မှဆင်းသက်ပြီးလျှင် အရှင်ပစ္စေကဗုဒ္ဓါ၏သပိတ်ကို လုယူပြီး ဖောက်ခွဲပစ်လိုက်သည်။

အရှင်ပစ္စေကဗုဒ္ဓါက မင်းသားကိုသနားသဖြင့် ကြည့်သည်ကို သူ့ကိုဘာပြု၍မိုက်ကြည့် ပြန်ကြည့်ရသလဲ ဟု ကြိမ်းမောင်းရေရွတ်ပြောဆိုပြီး ဆက်လက်ထွက်ခွာခဲ့သည်၊ အရှင်ပစ္စေကဗုဒ္ဓါထံမှ ခွဲခွာစဉ်ပင် မင်းသားအား ငရဲမီးတမျှ အပူမီးလောင်ကျွမ်းခံရပြီး ထိုအပူမီးဖြင့် ကွယ်လွန်သော အဝီစိငရဲ၌ နှစ်ပေါင်း(၈၄၀၀၀)ကျခံခဲ့ရသည်၊ ထိုမှလွတ်မြောက်သော် အလွန်ဆာလောင်မွတ်သိပ်သော ပြိတ္တာဘဝ၌ ဖြစ်ရပြန်သည်။

ဤသည့် ဘဝဟောင်းအဖြစ်အပျက်ကို ပြန်လည်အောက်မေ့မိသောသူငယ်သည် အကုသိုလ်အမှုတို့ကို ပြုလုပ်ရ

မည်ကို အလွန်ထိတ်လန့်ကြောက်ရွံ့မိသဖြင့် မိဘတို့က တံငါ အလုပ်ကိုလုပ်ရန်ခေါ်သော် ငြင်းဆန်သည်၊ အတင်းအဓမ္မခေါ်၍ လိုက်ရသည်ရှိသော် ပုန်းအောင်းနေခဲ့သည်၊ မတတ်သာ၍လိုက် ရသော် ငါးပစ်သောကွန်ကို ငါးမရှိရာသို့ပစ်ချသည်၊ အကယ်၍ မတော်တဆကွန်တွင် မိလာပါက ပြန်လွှတ်ပစ်လေ့ရှိသည်။

ထိုသားလူငယ်၏အပြုအမူကို မကြိုက်မနှစ်သက်သော မိဘဆွေမျိုးတို့သည် ထိုသူငယ်ကို အိမ်မှနှင်ထုတ်ကြသည်၊ ထို သူငယ်၏အကိုကမူ ညီကို အလွန်ချစ်ခင်သံယောဇဉ်တွယ်တာ သည်၊ သို့သော် မိဘ၏ဆန္ဒကို မဆန့်ကျင်ရဲ၍ ညီလေး နှင်ထုတ် ခံရသည်ကို မျက်ရည်စက်လက်နှင့်ကျန်ရစ်ခဲ့ရသည်။

ထိုအချိန်တွင် ရှင်အာနန္ဒာမထေရ်သည် ကုဏ္ဍိမြို့အနီး သကာမည်သော တောတောင်၌ သီတင်းသုံးနေထိုင်ချိန်ဖြစ်သည်။

တံငါသည်၏သားငယ်သည် အိမ်မှနှင်ထုတ်ခံရသူဖြစ်၍ ဟိုမှသည် လှည့်လည်သွားလာခဲ့ရာ ရှင်အာနန္ဒာသီတင်းသုံးရာ နေရာသို့ရောက်သွားသည်၊ လူငယ်သည် မထေရ်မြတ်ဆွမ်းစား ရာအနီးသို့ သွားရောက်မျှော်ရာ မထေရ်က ထိုသူငယ်၏အခြေ အနေကို စုံစမ်းမေးမြန်းကြည့်သည်၊ လူငယ်ကိုလည်း ဆွမ်းထဲမှ ထုတ်၍ကျွေးမွေးသည်။

ရှင်အာနန္ဒာက လူငယ်ကလေးအိမ်မှနှင်ထုတ်ခံရသည် အကြောင်းစုံကိုသိသော် ရှင်သာမဏေပြုမည်လော ဟု မေးပြီး လူငယ်က ဝတ်ပါမည်ဟုဝန်ခံသောအခါ ရှင်သာမဏေပြုပေးပြီး ဘုရားရှင်ထံသို့ ခေါ်ဆောင်လာခဲ့သည်။

ဗုဒ္ဓက ရှင်အာနန္ဒာကို ထိုသူငယ်ကိုစောင့်ရှောက်ရန် မိန့်ကြားသဖြင့် ရှင်အာနန္ဒာသည် သာမဏေငယ်ကိုစောင့်ရှောက်ထားသည်၊ သာမဏေငယ်၏အတိတ်ဘဝပြုခဲ့သော ကုသိုလ်ကောင်းမှုနည်းခဲ့၍ လာဘ်လာဘ အလွန်နည်းခဲ့သည်။

ဗုဒ္ဓက သာမဏေငယ်၏ အခြေအနေကိုသိ၍ သာမဏေငယ်ကို ချီးမြှောက်လိုသောကြောင့် ရဟန်းတော်များအသုံးအဆောင် သောက်ရေကိုခပ်ယူထည့်စေသည်၊ ရဟန်းသံဃာတို့အတွက် လိုအပ်သောရေကိုဖြည့်ပေးနေသော သာမဏေကို ဥပါသကာတို့ကမြင်၍ သာမဏေကိုကြည်ညိုကြကာ ဥပါသကာတို့ နိစ္စပတ်ဆွမ်းကိုတည်ပေးကြသည်။

သာမဏေသည် အသက်(၂၀)ပြည့်သော် ရဟန်းပြု၍ တရားကိုအားထုတ်ခဲ့ရာ ရဟန္တာဖြစ်လေသည်၊ ထိုရဟန္တာသည် မထေရ်ကြီးဖြစ်လာသောအခါ (၁၂)ပါးသော တပည့်သံဃာများနှင့်အတူ သာဏမည်သော တောင်၌ သီတင်းသုံးနေထိုင်သည်။

ထိုရဟန္တာမထေရ်၏ မိဘဆွေမျိုးတို့သည် ပြုအပ်သော ကောင်းမှုကုသိုလ်က မရှိကြ၊ မပြုအပ်သော အကုသိုလ်သာရှိကြ၍ သေလွန်ကြသောအခါ ပြိတ္တာဘုံ၌ဖြစ်ကြရလေသည်။

မထေရ်မြတ်က ပြိတ္တာတို့သည် သားရဟန်းဖြစ်သည်ကို သိရှိကြသည်၊ မိမိတို့ဘဝချမ်းသာရေးအတွက် အကူအညီတောင်းလိုသော်လည်း လူ့ဘဝက အိမ်မှနှင်ထုတ်ထားသောအပြစ်ရှိကြ၍ မထေရ်ထံ မကပ်ရောက်ရဲကြချေ။

သို့အတွက် မထေရ်အပေါ်၌ သံယောဇဉ်ရှိခဲ့ဖူးသော သားကြီးပြိတ္တာကို မထေရ်ထံ စေလွှတ်ကြသည်၊ သားကြီးပြိတ္တာ

သည် မထေရ်ရွာထဲသို့ဆွမ်းခံဝင်လာသော် မထေရ်ကို ဒူးတုပ်ရှိခိုးကာ ကိုယ်ထင်ပြသည်။

မထေရ်သည် ပြိတ္တာကိုယ်ထင်ပြသည်ကို အမှတ်မထင် ဆိတ်ဆိတ်နေပြီး ရှေ့ဆက်လက်ကြွသွားသည်။

"အရှင်ဘုရား. . . တပည့်တော်သည် အခြားမဟုတ်ပါ၊ လူ့ဘဝက အရှင်ဘုရား၏နောင်တော်ဖြစ်ပါသည်၊ အရှင်ဘုရား၏ မိဘနှစ်ပါးနှင့်တပည့်တော်တို့သည် ပြုခဲ့သော မကောင်းမှု အကုသိုလ်ကံကြောင့် ငတ်မွတ်ခေါင်းပါး ဆင်းရဲဒုက္ခများစွာသော ပြိတ္တာဘဝသို့ရောက်နေကြရပါသည်၊ မိဘနှစ်ပါးက အရှင်ဘုရားထံ မလာဝံ့၍ တပည့်တော်ကသာ လာရပါသည်၊ အရှင်ဘုရားသည် တပည့်တော်တို့အား အစဉ်သနားသဖြင့် ကုသိုလ်အဖို့ဘာဂ အမျှပေးဝေ၍ ကယ်ဆယ်စောင့်ရှောက်ပေးစေလိုပါသည်ဘုရား"

မထေရ်သည် ဆိတ်ဆိတ်နေသည်းခံ၍ တစ်ကျိပ်နှစ်ပါးသော သံဃာတော်များဆွမ်းခံအပြန်ကိုစောင့်သည်၊ သံဃာတော်များစုံလင်သောအခါ-

"တပည့်တော်သည် ဆွေမျိုးဖြစ်ခဲ့ဖူးသော ပြိတ္တာတို့အား သနားစောင့်ရှောက်သောအားဖြင့် သံဃာတော်တို့အား ရည်မှန်း၍ ဆွမ်းလှူလိုပါသည်၊ သို့အတွက် အရှင်ဘုရားတို့ရအပ်သော ဆွမ်းကို တပည့်တော်အား ပေးလှူစေလိုပါသည်ဘုရား"

ဟု လျှောက်ထားရာ သံဃာများကလည်း ဝမ်းမြောက်ဝမ်းသာ ပေးလှူကြသည်၊ မထေရ်သည် သံဃာတော်များအား ဖိတ်ကြား၍ ထိုဆွမ်းကိုလှူဒါန်းပြီးလျှင် မိဘအကိုဆွေမျိုးတို့အား ရည်မှန်းကာ အမျှပေးဝေလေသည်။

ထိုခဏမှာပင် ပြိတ္တာတို့အား သာဓုခေါ်နိုင်၍ အရသာနှင့် ပြည့်စုံသော အာဟာရတို့ဖြစ်ပေါ်လာပြီး စားသောက်ကြရကာ ခွန်အားပြည့်ဖြိုးသောကိုယ်ခန္ဓာဖြစ်ပေါ်လာသည်။

ပြိတ္တာတို့သည် ကိုယ်ထင်ပြကာ အဝတ်အစားမရှိကြောင်း လျှောက်ကြပြန်သော် မထေရ်က သုသာန်တစ်စ လမ်းလေးခွ အမှိုက်ပုံစသည်တို့မှ အနားစုတ်ပစ်စွန့်ပစ်အပ်သော အဝတ်ပုဆိုးပိုင်းဟောင်းတို့ကို ကောက်ယူပြီး ကောင်းနိုးရာရာကို ချုပ်စပ်လျက် သင်္ကန်းပြုလုပ်ပြီး အရပ်လေးမျက်နှာသံဃာကို ရည်စူးပြီး အမျှပေးဝေရာ မိဘအစ်ကိုပြိတ္တာတို့မှာ နတ်ဝတ်တန်ဆာများ ဆင်မြန်းခွင့်ရကြလေသည်။

နောက်ထပ်တစ်ဖန်နေထိုင်စရာ ဘုံမရှိ၍ တောင်းပြန်ရာ မထေရ်က သစ်ရွက်တဲကျောင်းဆောက်လုပ်ပြီး အရပ်လေးမျက်နှာသံဃာကိုရည်စူးပြီး လှူဒါန်းအမျှပေးဝေရာ ဘုံဗိမာန်ရရှိကြလေသည်။

သောက်စရာရေမရှိ ဆက်လက်တောင်းပြန်သော် မထေရ်က ရေကိုယူ၍သန့်စင်ပြီး အရပ်လေးမျက်နှာသံဃာကို ရည်စူးပြီး လှူဒါန်းအမျှပေးဝေရာ ပြိတ္တာတို့အား ကြည်လင်အေးမြသောရေတို့ဖြစ်ပေါ်လာပြီး သောက်သုံးကြရသည်။

သွားလာရန်အတွက် ယာဉ်တောင်းခံသောအခါ မထေရ်က သစ်ရွက်ဘိနပ်ပြုလုပ်ပြီး အရပ်လေးမျက်နှာသံဃာအား ရည်စူးလှူပြီး အမျှပေးဝေပြန်ရာ ထိုခဏမှာပင် စိတ်အလိုရှိတိုင်း ပြီးသောယာဉ်များ ဖြစ်ပေါ်ရရှိလာသည်။

ပြိတ္တာတို့သည် မိမိတို့အလိုဆန္ဒပြည့်ဝကြသော် ဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီး မထေရ်ကိုကျေးဇူးတင်သောအားဖြင့် မထေရ်ကို လာရောက်ပူဇော်ကန်တော့ကြသည်။

ရဟန်းတို့သည် မိဘ အစ်ကိုကိုစောင့်ရှောက်သော မထေရ်အကြောင်းကို ဘုရားရှင်အားလျှောက်ထားပြရာ ဘုရားရှင်က မထေရ်အား သာဓုအနုမောဒနာခေါ်ဆိုပြီး တရားနာပရိသတ်တို့အား ထိုအကြောင်းကိုဟောပြောပြတော်မူရာ ပရိသတ်များ သံဝေဂရသည်ဖြစ်၍ ကုသိုလ်ကောင်းမှုအထူးပြုကြလေသည်။

(သာကဏဝါရပိထေရ၊ ပေတဝတ္ထု)

## (င) အဇာတသတ်မင်းက အကူအညီပေးလိုက်ရသော ရူငသေ၌ ပြိတ္တာ

အဇာတသတ်မင်းသည် ဘခင်ကိုသတ်မိသောအချိန်မှ စ၍ ညစဉ် ညတိုင်းအိပ်မရဖြစ်နေ၍ လသာဆောင်ထွက်၍ ငိုင်တွေးစဉ်းစား၍ စကြ်ံသွားနေလေသည်။

ထိုအချိန်တွင် ပြိတ္တာတစ်ကောင်သည် အဝတ်မပါ၊ အရိုးအကြော အရေမျှသာရှိသောကိုယ်ဖြင့် အဇာတသတ်မင်း၏ အထက်ကောင်းကင်ခရီးဖြင့်ဖြတ်သွားသည်၊ ထိုသည်ကို အဇာတသတ်မင်းက မြင်၍ ရပ်တန့်စေပြီး-

"အို-အရှင်. . . အသင်သည် အဝတ်လဲမပါ၊ ပိန်ကလဲ ပိန်လှသည့် ဒုဂ္ဂတရဟန်းတစ်ပါးပင် ဖြစ်ပါသလော၊ အခါမဟုတ် အကာလ ညဉ့်အခါ အဘယ်ကိစ္စကြောင့် အဘယ်အရပ်သို့ အရေးတကြီးသွားရပါသနည်း၊ တပည့်တော်၌ရှိသော စည်းစိမ် ဥစ္စာဖြင့် အရှင်၏အလိုဆန္ဒကိုဖြည့်စွမ်းပေးနိုင်ပါသည်၊ အလိုရှိရာကိုပြောပါ "

"အရှင်မင်းမြတ်. . . ကျွန်ုပ်သည်ကား တစ်ချိန်က ဗာရဏသီပြည်၌ ဥစ္စာကြွယ်ဝသော သူဌေးတစ်ဦးဖြစ်ခဲ့ပါသည်၊ ဒါနမှု၊ သီလမှုတို့ကိုမေ့ပြီး ကာမဂုဏ်ငါးပါး အာရုံတရား၌သာ လေ့လာလိုက်စားခဲ့သဖြင့် ယခု ပြိတ္တာဘုံ၌ဖြစ်နေရပါသည်၊ ယခု ကျွန်ုပ်၏သမီးသည် အန္ဓကဝိန္ဒမြို့၌ရှိပါသည်၊ သူမသည် ပုဏ္ဏားတို့အတွက် အလှူပေးမည်ဟု ကြားသိရပါသည်၊ ထိုအလှူ၌ သွားရောက်စားရန် သွားမည်ဖြစ်ပါသည်"

"အို-မိတ်ဆွေ . . ကောင်းပါပြီ၊ သင် သမီး၏အလှူဒါန၏အဖို့ဘာဂကို ခံစားပြီးက ပြန်လာခဲ့ပါ။ ကျွန်ုပ်ကလည်း ပူဇော်ပါဦးမည်၊ ပြုလုပ်ဖွယ်ရာတို့ကိုသာ မှတ်သားလာခဲ့ပါ "

ပြိတ္တာသည် ကောင်းပါပြီ ဟုဝန်ခံ၍ သမီးရှိရာ အန္ဓကဝိန္ဒမြို့သို့သွားလေသည်၊ ထိုမြို့တွင် သမီးသည် ပုဏ္ဏားတို့အား အလှူကြီးစွာပေး၍လှူသည်၊ စားသောက်သောပုဏ္ဏားတို့က ဒုဿီလများဖြစ်၍ ကုသိုလ်အဖို့ဘာဂကိုအမျှမပေးဝေတတ်ကြ၍ ပြိတ္တာသည် ကုသိုလ်အဖို့ဘာဂမရဘဲ အစားမစားရဘဲ ပြန်လာခဲ့ရသည်၊ အဇာတသတ်မင်း မှာထားသောဂတိအတိုင်း မင်းထံပြန်ဝင်ပြီး ကိုယ်ထင်ပြသည်။

"မိတ်ဆွေ . . သင်ပြန်ဝင်လာခဲ့ပြီးလော၊ သင် သမီးကျွေးသည်ကို စားခဲ့ရပါသလော"

"အသင်မင်းကြီး . . ကျွန်ုပ်၏ သမီးကျွေးသမျှကို ဒုဿီလ ပုဏ္ဏားတွေသာ စားသွားပါသည်၊ ကျွန်ုပ်သည် မည်သည့် ကုသိုလ်အဖို့ဘာဂမျှ မရခဲ့ပါ "

"အဆွေ . . ဤသို့ဆိုက သင်လိုရာကိုပြောပါ၊ သင့်အတွက် လိုရာကို ကျွန်ုပ်ဆောင်ရွက်ပေးပါမည်"

"အရှင်မင်းကြီး . . ဤသို့ဆိုလျှင် အရှင်မင်းကြီးက ဘုရားအမှူးရှိသောသံဃာတော်များကို ပင့်ဖိတ်ပြီး ဆွမ်းဘောဇဉ်အဖျော်ယမကာတို့ကိုကျွေးမွေးပြီး သင်္ကန်းစသည်တို့ကို လှူဒါန်းပေးပါ၊ ဤသို့ဆိုလျှင် ကျွန်ုပ်သည် အစားအစာပြည့်စုံစွာ ချမ်းသာစွာနေရပါလိမ့်မည်"

အဇာတသတ်မင်းသည် ပြိတ္တာကိုကူညီရန်ဝန်ခံပြီး မိမိပတ်ဝန်းကျင်တွင် စောင့်နေစေကာမူ နံနက်မိုးသောက်သော်

ဘုရားအမှူးရှိသောသံဃာတော်များကိုပင့်ဖိတ်၍ ဆွမ်းအလှူကို ပြုသည်၊ ဘုရားရှင်ကိုလည်း အကျိုးအကြောင်းလျှောက်ထားပြီး ထိုပြိတ္တာကို ရည်စူးကာအမျှပေးဝေသည်။

ထိုပြိတ္တာသာဓုခေါ်သောခဏမှာပင် ပြိတ္တာဘဝမှလွတ်၍ နတ်အဖြစ်သို့ရောက်ပြီး နတ်စည်းစိမ် ချက်ချင်းခံစားရလေသည်။

နတ်သားသည် မိမိ၏ကောင်းကျိုးခံစားရမှုကို ဆင်ခြင် ကြည့်သည်ရှိသော် အဇာတသတ်မင်း၏ကူညီမှုကို ကျေးဇူးကို မြင်သည်၊ သို့အတွက် အဇာတသတ်မင်းကို ကျေးဇူးတင်စကား ဆိုလိုသည်ဖြစ်၍ အဇာတသတ်မင်းကို မိမိဘဝကို ထင်ရှားပြကာ-

"အရှင်မင်းမြတ်ပြုပေးသော ကုသိုလ်အဖို့ဘာဂကြောင့် ကျွန်ုပ်သည်၊ယခု နတ်စည်းစိမ်နှင့်နတ်ဘောဇဉ်တို့ကို ရရှိခံစားရ ပါပြီ၊ ကျွန်ုပ်၏ ရုပ်ကာယသည် ပြည့်ဖြိုးတင့်တယ်ခဲ့ပါပြီ၊ မွန်မြတ် သောဘုရားအမှူးရှိသောသံဃာတော်များအား ပေးလှူ၍ ရရှိအပ် သောအကျိုးသည်ကား တုဖွယ်မရှိပါ၊ အရှင်မင်းအား ကျေးဇူး တင်စကားပြောပြီး ကျွန်ုပ်သည် နတ်ပြည်သွားပါတော့မည်။

ပြိတ္တာဘဝမှ နတ်ဖြစ်သွားရသော ထိုနတ်သားသည် အဇာတသတ်မင်းအား ဤသို့ကျေးဇူးတင်စကားပြောပြီး နတ် ပြည်သို့ရောက်ကာ နတ်စည်းစိမ်ကို ခံစားရလေသည်။

မိမိဘဝအတွက် ချမ်းသာရာရဖို့ တောင်းခံကြရာတွင် ဆွမ်းသင်္ကန်းကျောင်း၊ အလှူဝတ္ထုများပေးအပ်ပြီး သီလရှိသော ပုဂ္ဂိုလ်ကိုလှူဒါန်း၍ အမျှပေးဝေပြီး ကုသိုလ်အဖို့ဘာဂကို သာဓု ခေါ်နိုင်မှရသည်ကို ဆင်ခြင်သတိပြုကြရန်ဖြစ်ပါသည်။

(ရှုဋ္ဌသေဋ္ဌိပေတဝတ္ထု)

## (စ) လင်ယောက်ျား ရက္ခစိုးနတ်ထံ အကူအညီ တောင်းခံလာသော ရက်ကန်းသည်မယားပြိတ္တာမ

ရက်ကန်းသည်ရွာတစ်ရွာသည် အိမ်ခြေ(၁၁)အိမ်သာရှိသည်၊ ရွာသူ ရွာသားတို့သည် ထိုရက်ကန်းအလုပ်ဖြင့် အသက်မွေးကြသည်။

တစ်နေ့တွင် ဗုဒ္ဓထံ ကမ္မဋ္ဌာန်းတရားယူပြီး တရားအားထုတ်ရန် နေရာလာရှာကြသော (၁၂)ပါးသော ရဟန်းတို့သည် ထိုရွာကလေးသို့ရောက်လာသည်၊ ရွာ၏အကြီးအကဲက ရဟန်းများကို အဘယ်သို့ကြွရောက်ကြမည်နည်းဟု မေးလျှောက်သည်၊ ရဟန်းတို့က ကမ္မဋ္ဌာန်းတရားအားထုတ်ရန် တောအရပ်သို့မှီကပ်ရန် နေရာရှာသည် ဟု မိန့်ကြားသောအခါ ရွာ၏အကြီးအကဲက မိမိတို့ရွာအနီး တောအုပ်၌ တရားအားထုတ်ရန်လျှောက်ထားပြီးလျှင် မိမိအိမ်က သံဃာ(၂)ပါး၊ ကျန်အိမ်များက တစ်ပါးစီ ပစ္စည်းလေးပါး တာဝန်ယူစေသည်။

ရက်ကန်းသည် အကြီးအကဲ၏မယားသည် သဒ္ဓါတရားမရှိ မှားသောအယူဝါဒရှိသည်၊ ဝန်တိုတတ်သောသဘောရှိသည်၊ ရဟန်းတို့ကို ကောင်းမွန်စွာမပြုစုမလုပ်ကျွေးပေ၊ သို့အတွက် ရက်ကန်းသည်အကြီးအကဲက သိပြီးလျှင် ထိုမယား၏ညီမကို ခေါ်ယူကာ မိမိအိမ်နှင့်စည်းစိမ်ဉစ္စာတို့ကိုအပ်နှင်းထားပြီး သံဃာတို့၏ဆွမ်းကိစ္စကိုဆောင်ရွက်စေသည်၊ ထိုမိန်းမငယ်သည် သဒ္ဓါတရားရှိ၍ ရဟန်းတို့ကို ရိုသေစွာပြုစုလုပ်ကျွေးလေသည်။

ဝါလက္ခုတ်သော် ရက်ကန်းသည်တို့သည် သံဃာတော်တစ်ပါးလျှင် သင်္ကန်းတစ်ထည်စီရက်လုပ်၍ သင်္ကန်းလျာပုဆိုးကို ဆက်ကပ်လှူဒါန်းကြသည်၊ ထိုအခါ ရက်ကန်းသည်အကြီးအကဲ၏မယားကြီးသည် ပြစ်မှားလိုသောစိတ်ဖြင့်-

"သင်သည် သာကီဝင်မင်းသား ဗုဒ္ဓ၏သားတော်ဟုခေါ်သောရဟန်းများကို ဆွမ်းအဖျော်အလှူကို တစ်ဝါတွင်းလုံးပေးလှူနေ၏၊ ယခုတစ်ဖန် သင်္ကန်းလျာပုဆိုးကိုလှူပြန်၏၊ ပစ္စည်းတို့ကို သက်သက်ဖြုန်းတီးနေ၏၊ သင်လှူသောဆွမ်းအဖျော်တို့သည် သင်သေ၍ တမလွန်ဘဝရောက်လျှင်ပင် သင့်အတွက် ကျင်ကြီးကျင်ငယ်နှင့်သွေး၊ ပြည်တို့ဖြစ်ပါစေ၊ သင်လှူသော သင်္ကန်းလျာပုဆိုးသည် အလျှံပြောင်ပြောင်တောက်ပြောင်နေသော သံပြားပုဆိုးဖြစ်ပါစေ"

ဟု ကြိမ်းမောင်းပြီး ကျိန်စာဆိုလေသည်။

နောက်များမကြာခင်တွင် ရက်ကန်းသည်အကြီးအကဲသည် ကွယ်လွန်ခဲ့ရာ တောအုပ်၌ ဘုန်းတန်ခိုးကြီးသောရုက္ခစိုးနတ်ဖြစ်လေသည်။

မယားကြီးသည်လည်း ကွယ်လွန်သောအခါ ထိုတောအုပ်တွင် ရုက္ခစိုးနတ်နှင့်မနီးမဝေး၌ အဝတ်မဆီး၊ ကိုယ်လုံးတီးနေရပြီး ကြောက်မက်ဖွယ်အဆင်းရှိသော ပြိတ္တာမဖြစ်နေရသည်၊ ထိုပြိတ္တာမသည် အမြဲဆာလောင်မွတ်သိပ်သော ဝေဒနာနှိပ်စက်ခံနေရလေသည်။

ပြိတ္တာမသည် လူ့ဘဝက လင်သားတော်ခဲ့သော ရုက္ခစိုးနတ်မင်းထံသို့သွားကာ-

"အရှင်နတ်မင်း. . . ကျွန်ုပ်သည် အတိတ်ရက်ကန်းသည်ဘဝက သင်၏မယားကြီးဖြစ်ပါသည်၊ ယခု ဆာလောင်မွတ်သိပ်ပြီး လှည့်လည်သွားနေရပါသည်၊ အဝတ်လည်းမဝတ်ရပါ၊ သို့အတွက် အစားအစာအဝတ်တို့ကို ပေးသနားပါ"
ဟု ခယတောင်းပန်ပြီး တောင်းခံလေသည်။

ရုက္ခစိုးနတ်မင်းသည် သနားကရုဏာရှိသဖြင့် နတ်သုဒ္ဓါထမင်းနတ်ဝတ်တန်ဆာတို့ကိုပေးသည်၊ ထိုအရာအားလုံးသည် ထိုပြိတ္တာမလက်ထဲရောက်သည်နှင့် တစ်ပြိုင်နက်ထဲ ထမင်း၊ အဖျော်တို့သည် ကျင်ကြီး၊ ကျင်ငယ်၊ သွေး၊ ပြည်တို့ဖြစ်ကုန်သည်၊ အဝတ်အထည်တို့သည် အပူအလျှံတောက်ပြောင်သော သံပြားတို့ဖြစ်ကုန်ကာ ဝတ်၍မရဖြစ်ရလေသည်။

ထိုအချိန်ကာလတွင် ရဟန်းတော်တစ်ပါးသည် ဝါကျွတ်လတ်သော် ဗုဒ္ဓကိုဖူးမြင်ရန် သာဝတ္ထိပြည်သို့ကြွရာတွင် လှည်းကုန်သည်တို့နှင့်ခရီးကြုံ၍ လှည်းနှင့်လိုက်လာခဲ့သည်၊ လှည်းကုန်သည်များသည် ညဥ့်အခါ၌ ခရီးသွား၍ နေ့အခါ၌ သစ်ပင်ကောင်းသောတောအုပ်၌ ရပ်နားကြသည်။

ထိုသို့နားစဉ် ရဟန်းသည် တိတ်ဆိတ်စွာနေလိုသောကြောင့် လှည်းကုန်သည်များနှင့်ခပ်ဝေးဝေးသစ်ပင်တစ်ပင်ရင်း၌ ဒုကုဋ်သင်္ကန်းကိုခင်းကာ အညောင်းပြေလျောင်းနေရာမှ အိပ်ပျော်သွားလေသည်။

လှည်းကုန်သည်တို့သည် အပန်းဖြေပြီးနောက် ခရီးဆက်ကြသော် ရဟန်းတော်သည် အိပ်ပျော်နေ၍ ကျန်ရစ်ခဲ့ရာ အိပ်ရာ

မှန်း၍ ဟိုဟိုဒီဒီရှာကြည့်သော် လှည်းကုန်သည်တို့ကိုမတွေ့၍ မိမိတစ်ပါးတည်း ခြေလျှင်ခရီးဆက်လက်ထွက်ခဲ့ရသည်။

ရဟန်းသည် ခရီးလမ်းမှားပြီး ရုက္ခစိုးနတ်နေသော တောအုပ်သို့ရောက်သွားသည်၊ ရုက္ခစိုးနတ်သည် ခရီးသွားရဟန်းကို တွေ့မြင်သောအခါ လူ့အသွင်ကိုဆောင်၍ ချဉ်းကပ်ပြီးလျှင် နှုတ်ခွန်းဆက်စကားကိုပြောကြားပြီး မိမိနေရာဘုံဗိမာန်သို့ပင့်ဆောင်၍ ခြေနယ်ဆီစသည်တို့ကို ပေးအပ်၍ ဆက်ကပ်လှူဒါန်းလေသည်။

ထိုအချိန်တွင် ပြိတ္တာမကရောက်လာပြီး ရုက္ခစိုးထံ အစားအစာနှင့်အဝတ်တို့ကိုတောင်းခြင်းဖြစ်ရာ ရဟန်းသည် ပြိတ္တာမ၏ဘဝကိုလည်းကောင်း၊ ရုက္ခစိုးကပေးသော အစားအစာများ ကျင်ကြီး၊ ကျင်ငယ်၊ သွေး၊ ပြည်ဖြစ်ပြီး ပြိတ္တာမစားသောက်ရပုံကိုလည်းကောင်း၊ ပေးသောအဝတ်အထည် အပူလှုံ့တပြောင်ပြောင်တောက်သော သံပြားဖြစ်ပြီး ဝတ်မရဖြစ်ပုံကိုလည်း တွေ့မြင်ရပြီး များစွာထိတ်လန့်အံ့သြသံဝေဂဖြစ်လျက် ရုက္ခစိုးနတ်ကို မေးမိသည်။

"ဒါယကာ. . . ဤမိန်းမသည် ကျင်ကြီး၊ ကျင်ငယ်၊ သွေး၊ သလိပ်တို့ကိုစားသည်မှာ အသို့ဖြစ်ပါသနည်း၊ အဘယ်မကောင်းမှုကို ပြုခဲ့မိပါသနည်း၊ အဘယ်ကြောင့် အဝတ်အထည်များ သံပူပြားဖြစ်သွားရပါသနည်း"

ထိုအခါ ရုက္ခစိုးနတ်မင်းက ဤမိန်းမသည် အတိတ်ဘဝက မိမိမယားဖြစ်ခဲ့ပုံနှင့်ရဟန်းများအား ဆွမ်းသက်န်းလှူရာ၌

ဝန်တိုခဲ့၍ ယခု ပြိတ္တာဘဝဖြစ်ရပုံအကြောင်းစုံကို လျှောက်ထားပြသည်။

ထိုအခါ ရုက္ခစိုးနတ်က ရဟန်းကို

"အရှင်ဘုရား. . . ဤပြိတ္တာမကို ပြိတ္တာဘဝကလွတ်စေသောနည်းလမ်းဥပါယ်သည် ရှိနိုင်ပါသလားဘုရား"

ဟု မေးလျှောက်သည်။

"ဒါယကာ. . . ရှိပါသည်၊ ဘုရားအားလည်းကောင်း၊ သံဃာအားလည်းကောင်း အလှူဒါနပေးလှူ၍ ထိုပြိတ္တာမအားရည်မှန်းကာ အလှူဒါန၏အဖို့ဘာဂကို အမျှပေးဝေပါ၊ ထိုပြိတ္တာမဒါနအဖို့ဘာဂကို သာဓုခေါ်နိုင်ပါက ထိုဘဝမှလွတ်မြောက်၍ ချမ်းသာသုခရရှိခံစားနိုင်ပါသည်"

"အရှင်ဘုရားကိုလှူဒါန်း၍ အမျှပေးဝေသော် ရနိုင်ပါ၏လောဘုရား"

"ဒါယကာ. . . ရနိုင်ပါသည်"

ထိုအခါ ရုက္ခစိုးနတ်မင်းသည် ခရီးသွားရဟန်းအားမွန်မြတ်သောနတ်ဆွမ်းအဖျော်တို့ကိုပေးလှူ၍ အလှူ၏အဖို့ဘာဂကို ပြိတ္တာမအား အမျှအတန်းပေးဝေလေသည်။

ထိုခဏ၌ပင် ပြိတ္တာမသည် သာဓုခေါ်နိုင်ပြီး ကုသိုလ်အဖို့ဘာဂကိုရသဖြင့် ပြည့်ဖြိုးလှပသောကိုယ်ခန္ဓာရှိလာသည်၊ နတ်အစားအစာ နတ်သုဒ္ဓါတို့ကို အားရတင်းတိမ်စွာစားသောက်နိုင်ခွင့်ရသွားလေသည်။

တစ်ဖန် ရုက္ခစိုးနတ်မင်းက ဘုရားအားရည်စူးပြီး နတ်ဝတ်တန်ဆာတို့ကိုလှူဒါန်းပြီး ပြိတ္တာမကိုအမျှပေးဝေရာ ပြိတ္တာမသည် သာဓုခေါ်နိုင်ပြီး ထိုခဏမှာပင် နတ်ဝတ်တန်ဆာတို့ကို ဝတ်ဆင်နိုင်ပြီး နတ်သမီးကဲ့သို့ တင့်တယ်လှပလေသည်။

ရဟန်းသည် ထိုရုက္ခစိုးနတ်၏တန်ခိုးဖြင့် ထိုနေ့၌ပင် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းသို့ရောက်ရှိကာ ဗုဒ္ဓထံဝင်ပူးပြီး မိမိနှင့်ပါလာသောနတ်ပုဆိုးအစုံကို ဗုဒ္ဓအားလှူဒါန်းပြီး မိမိ၏ လမ်းခရီးအတွေ့အကြုံအကြောင်းစုံကို လျှောက်ထားပြလေသည်။

ဗုဒ္ဓသည် ထိုရုက္ခစိုးနတ်နှင့်ပြိတ္တာမတို့အကြောင်းကို တရားနာပရိသတ်တို့အား ထပ်မံဟောပြောပြတော်မူရာ ပရိသတ်တို့မှာ ကြီးစွာသောသတိသံဝေဂရကြပြီးလျှင် အလှူဒါနတို့၌ တွန့်တိုခြင်းကင်းကြလေသည်။

ဤပြိတ္တာမဘဝကိုကြည့်ပါက သူတစ်ပါး၏အလှူကို ဝမ်းမြောက်သာဓုမခေါ်ဘဲ ကြသမစ္ဆရိယဖြစ်မိ၍ ပြိတ္တာမဘဝ ဖြစ်ရပုံသည် သံဝေဂရဖွယ်ဖြစ်သလို ရဟန်းသံဃာတို့ထံ အကူအညီတောင်းပြီး အလှူဒါနပြုပေးပါက ထိုဆင်းရဲသော ပြိတ္တာမဘဝမှလွတ်ပြီး ချမ်းသာသောနတ်စည်းစိမ်ကို ခံစားရပုံ အကြောင်းစုံကို အသိ-သတိဖြင့် အတုယူဖွယ်၊ မှတ်သားဖွယ် ကျင့်ကြံဖွယ်ကောင်းလှပါသည်။

(မဟာပေတကာရပေတိဝတ္ထု)

## (ဆ) ကုန်သည်ကို အကူအညီတောင်းခံရသော သေရိဏ္ဏ ပြိတ္တာမ

ကုရုတိုင်း၊ ဟတ္ထိနီမြို့တွင် ဝါကျွတ်ကာလ ပဝါရဏာပွဲ ပြုလုပ်ရန်အတွက် ထိုထိုမြို့ရွာတို့မှ သံဃာတော်များကြွလာ သည်ရှိသော် ထိုမြို့သူ မြို့သားတို့သည် စုပေါင်း၍ အလှူဝတ် တို့ကို စီရင်ကြလေသည်၊ မြို့သူ မြို့သားများက သံဃိကဒါန စီရင်သည်ကို မြို့သူမြို့သားအဖွဲ့ခေါင်းဆောင်များက သေရိဏ္ဏ မည်သော ပြည့်တန်ဆာမကို အလှူ၌ပါဝင်ရန် ဖိတ်ကြားသလို သာဓုအနုမောဒနာပြုရန်လည်း ဖိတ်ကြားကြသည်။

ထိုအခါ သေရိဏ္ဏပြည့်တန်ဆာမသည် ထိုသံဃိကဒါနကို ဝန်တိုမှုဖြစ်ကာ-

"ဒိုဦးပြည်းကတုံးရဟန်းတို့အား ပေးကမ်းလှူဒါန်းသဖြင့် အဘယ်အကျိုးရှိအံ့နည်း"

ဟု ဖိတ်ကြားသူများကို ပြောဆိုလွှတ်လိုက်သည်၊ သူမ၏စကားကို ကြားရသောအခါ ဖိတ်ကြားသူတို့မှာ များစွာတုန်လှုပ် အံ့ဩ သွားကြသည်။

ထိုပြည့်တန်ဆာမသည် မကြာမီကွယ်လွန်သွားရာ ကုရု တိုင်း၏အစွန်းကျသော မြို့နယ်တစ်ခု၏ကျုံးအပြင်၌ ပြိတ္တာမ ဖြစ်၍နေလေသည်။

တစ်နေ့တွင် ဟတ္ထိနိမြို့၌နေထိုင်သော ကုန်သည်တစ် ယောက်သည် ကုန်ရောင်းကုန်ဝယ်ဖြင့် ထိုမြို့သို့ရောက်သွားပြီး နံနက်စောစော ကျုံးအပြင်၌ လမ်းလျှောက်ထွက်လေသည်။

ပြိတ္တာမသည် ထိုကုန်သည်ကို ဟတ္ထိနိမြို့သားမှန်းသိ၍ အဝတ်မဆီး၊ အရိုးအရေမျှသာရှိသောကိုယ်ရှိလျက် အလွန်ပင် စက်ဆုပ်ဖွယ်ရှိသောအသွင်ဖြင့် ကုန်သည်ကို ကိုယ်ထင်ပြလေ သည်။

"အဆင်းသဏ္ဍာန်မလှမပနှင့် ငါ၏ရှေ့တွင် ကိုယ်ထင်ပြ သူကား မည်သူနည်း"

"ကျွန်ုပ်သည် လူ့ဘဝက မကောင်းမှုပြုမိခဲ့၍ ယခု ပြိတ္တာမဖြစ်နေရသူ ဖြစ်ပါသည်"

ဟု ပြောဆိုကာ သူမ လူ့ဘဝကပြုခဲ့သော သံဃစာရေးတံကိုပုတ် ခတ်ပြောဆိုမိခဲ့သော အကုသိုလ်အပြစ်တို့ကို ပြောပြသည်။

တစ်ဖန် သူမဘဝခံစားနေရသော ဆင်းရဲဒုက္ခမျိုးစုံကို ပြောပြသည်၊ သူမသည် သံဃဒါနအလှူကို ဝန်တိုမိခဲ့သော ကြောင့် ရေကိုတွေ့လျက် ရေကိုမသောက်ရ၊ အရိပ်ကိုတွေ့လျက် နေပူထဲနေရသည်၊ အစားအစာဝလင်စွာမစားရ၊ အမြဲငတ်မွတ် နေရပါသည် ဟုပြောပြီး မိမိကိုကူညီနိုင်လျှင် ကူညီပေးပါ ဟု တောင်းပန်ပြောဆိုသည်။

ထိုအခါ ကုန်သည်က " မိမိ မည်သို့ကူညီရမည်နည်း" ဟု မေးသောအခါ-

အရှင်ဟတ္ထိနိမြို့ရှိ မိခင်ကို ကျွန်မ ပြိတ္တာဘဝရောက်ပြီး ဆင်းရဲမျိုးစုံခံစားနေရပုံကိုပြောပြပေးပြီး ကျွန်မ လူ့ဘဝ၌ရှိနေစဉ် အိမ်၏အိပ်ရာကုတင်အောက်၌ ငွေလေးသိန်းမြှုပ်ထားပါသည်၊ ထိုငွေကို သေကာနီး၌ မိခင်ကိုပြောပြမထားခဲ့ပါ၊ ထိုငွေကို

ထုတ်ယူ၍ တစ်ဝက်ကိုစား၍ တစ်ဝက်ကို ကျွန်မအတွက် ကုသိုလ်ပြုပြီး အမျှအတန်းပေးဝေပါလို့ ကူညီပြောပေးပါ ” ဟု တောင်းပန်စကားပြောကြားသည်။

ကုန်သည်က ကောင်းပါပြီ ဟုဝန်ခံ၍ ထိုမြို့၌ ပြုဖွယ်ကိစ္စများဆောင်ရွက်ပြီးစီးသောအခါ ဟတ္ထိနိမြို့သို့ပြန်၍ ထိုပြိတ္တာမ၏မိခင်ကို အကြောင်းစုံပြောပြလေသည်။

ထိုကုန်သည်၏ပြောစကားကိုကြားရသော သေရိဏီ၏ မိခင်သည် ဥစ္စာထုပ်ကိုတူးဖော်ယူ၍ သမီးဖြစ်သူ ပြိတ္တာမအား ရည်စူးကာ သံဃာတော်တို့အား အလှူပေး၍ အမျှအတမ်းပေး ဝေလေသည်။

ပြိတ္တာမသည် မိခင်ပေးလှူသော အလှူဒါနအဖို့ဘာဂကို အမျှရသဖြင့် ချမ်းသာသောနတ်စည်းစိမ်ကို ခံစားရလေသည်၊ မိမိခံစားရသောနတ်စည်းစိမ်ကို မိခင်ထံသို့ ထင်ရှားစွာလာပြ၍ ကန်တော့လေသည်။

မိခင်က ထိုအကြောင်းကို ရဟန်းတော်များအား လျှောက်ထားပြရာ ရဟန်းတော်များက တစ်ဖန် ဗုဒ္ဓကို လျှောက်ထားပြသည်၊ ဗုဒ္ဓက တရားနာပရိသတ်တို့အား ထိုပြိတ္တာမ၏ အကြောင်းကို ဟောပြောပြတော်မူရာ ပရိသတ်တို့မှာ သတိ သံဝေဂရပြီး ဒါန၊ သီလအမှုတို့ကို ကြိုးစားဆောင်ရွက်ကြသဖြင့် အကျိုးများစွာရရှိခံစားကြရလေသည်။

(သေရိဏီပေတဝတ္ထု)

## (၆) သမီး၏အကျေးဇူးကို ရခဲ့သော ဥစ္စာစုပြဿနာ

သာဝတ္ထိပြည်သား ကုန်သည်တစ်ဦးသည် မယားလည်းသေ၊ ဥစ္စာလည်း ပျက်ပြုန်းကုန်ဆုံးသဖြင့် ဆင်းရဲရောက်သွားသည်၊ ထိုကုန်သည်၌ သမီးလေးတစ်ယောက်ကျန်ရစ်ခဲ့သည်။

ကုန်သည်သည် ထိုင်၍ စိတ်ပျက်အားငယ်နေရုံမျှဖြင့် အကျိုးမပြီး၊ အချိန်ကုန်၍ ဆင်းရဲဒုက္ခသာပို၍ကြီးလိမ့်မည် တစ်စုံတစ်ခုသောအလုပ်ကို ကြိုးစားအားထုတ်လုပ်ကိုင်မှ သင့်မည်ဟု တွေးတောစဉ်းစားပြီး မိမိထဲတွင်ရှိသော အသပြာတစ်ရာနှင့် အရောင်းအဝယ်ပြုလုပ်ရန် ဆုံးဖြတ်သည်။

ထို့နောက် ကုန်သည်သည် သမီးငယ်ကို မိတ်ဆွေအိမ်တွင် ခေတ္တစောင့်ရှောက်ရန် အပ်နှံပြီးလျှင် အသပြာတစ်ရာဖိုးကုန်များ ဝယ်ယူရင်းနှီးပြီး လှည်းကုန်သည်များနှင့်အတူ အရောင်းအဝယ်ထွက်ခဲ့သည်။

မကြာမီ အရောင်းအဝယ်ဖြစ်၍ အသပြာငါးရာ အမြတ်အစွန်းရရှိပြီး လှည်းကုန်သည်များနှင့်အတူ သာဝတ္ထိပြည်သို့ပြန်လာစဉ် လမ်းခရီးတွင် ဓားပြတိုက်ခံရသည်၊ ကုန်သည် ဥစ္စာထုပ်ကို တစ်နေရာတွင်ဝှက်ပြီး မိမိက တစ်နေရာတွင် သွားရောက်ပုန်းအောင်းနေသည်။

ဓားပြတို့သည် ပြေးလွှားပုန်းအောင်းကြသောသူတို့ကို လိုက်လံရှာဖွေ ဖမ်းဆီးကြကာ လုယက်သတ်ဖြတ်ကြရာ ကုန်သည်သည်လည်း ဓားပြအဖမ်းခံရပြီး အသတ်ခံရလေသည်။

ကုန်သည်သည် သေကာနီးဝယ် ဥစ္စာနှင့်သမီးကိုစွဲလမ်းပြီး သေဆုံးခဲ့ရာ ထိုနေရာပင် ပြိတ္တာဖြစ်သွားလေသည်။

ခိုးသားဓားပြဘေးမှလွတ်သောသူတို့က သာဝတ္ထိသို့ပြန်ရောက်လာကြပြီး ထိုကိစ္စကို ကုန်သည်သမီးအားပြောပြကြသည်၊ ကုန်သည် သမီးသည် ဖခင်သေဆုံးသဖြင့်လည်းကောင်း၊ နောင်ရေးအတွက် အားကိုးရာမဲ့သဖြင့်လည်းကောင်း သည်းစွာငိုကြွေးလေသည်။

ထိုအခါ အဘ၏အဆွေခင်ပွန်းဖြစ်သော သူကြွယ်က ထိုသူငယ်မစိတ်သက်သာမှုရစေရန် တရားဓမ္မနှင့်ယှဉ်ကာ ဖျောပြောနှစ်သိမ့်၍ မိမိကပင် စောင့်ရှောက်ပေးမည်ဖြစ်ကြောင်းပြောပြီး သူကြွယ်ကပင် သူငယ်မကို ဆက်လက်စောင့်ရှောက်သည်၊ သူငယ်မကလည်း သူကြွယ်ကို အဘရင်းကဲ့သို့သဘောထားကာ ရိုသေစွာ အမှုကြီးငယ်များကို ပြုစုလုပ်ကျွေးလေသည်။

ဘခင်သည် သမီးထံကိုယ်ထင်လာပြ၍ မိမိအတွက်ကုသိုလ်ကောင်းမှုပြုပေးရန် ပြောပြအကူအညီတောင်းသည်၊ သမီးက ဘခင်သေ၍ (၇)ရက်မြောက်သောနေ့တွက် ယာဂုကိုကျိုချက်၍ အရသာရှိသောသရက်သီးတို့ကိုယူဆောင်ကာ ဗုဒ္ဓထံသို့သွားရောက်ပြီး ဘခင်အတွက်ရည်စူးအလှူကို အလှူခံပေးရန် လျှောက်ထားလေသည်။

ဗုဒ္ဓက လက်ခံသောအခါ သူငယ်မသည် ဘုရားရှင်အားယာဂုနှင့်သရက်သီးကိုလှူဒါန်းပြီး ဘခင်အားကုသိုလ်အဖို့ဘာဂကို အမျှရစေရန်ကူညီပေးရန် လျှောက်ထားသည်။

ဗုဒ္ဓက သင်အလိုရှိတိုင်းပြည့်စေဟု မိန့်ကြားပြီး ဆွမ်းအနုမောဒနာပြုကာ ကုသိုလ်အဖို့ဘာဂကိုအမျှပေးဝေစေသည်။

သူငယ်မ၏ဘခင်သည် ရည်ညွှန်းအပ်သော အလှူ၏အဖို့ဘာဂကိုရသဖြင့် သရက်ဥယျာဉ်ဗိမာန်၊ ပဒေသာပင်၊ ရေကန်အပါအဝင် နတ်စည်းစိမ်အဖြာဖြာတို့ကို ရရှိသုံးဆောင်ခံစားရလေသည်။

အချိန်ကြာသော် လှည်းကုန်သည်များသည် ထိုခရီးလမ်းဖြင့် ကုန်ရောင်းသွားကြပြန်ရာ ထိုနေရာသည် ရှေးကနေခဲ့ဖူးသောအရပ်ဖြစ်၍ တစ်ညတာတည်းခိုနားကြပြန်သည်။

ထိုကုန်သည်တို့ကိုမြင်၍ နတ်သည် ဗိမာန်အဆောင်အယောင်နှင့်တကွ ကုန်သည်တို့အား ကိုယ်ထင်ပြလေသည်၊ ကုန်သည်တို့သည် ထိုဗိမာန်ရှင်နတ်ကို မြင်၍ အံ့သြငေးမောစိတ်ဖြင့်ကြည့်ကြသည်၊ ကုန်သည်ခေါင်းဆောင်က မည်သူနည်းဟု မေးသောအခါ နတ်သားက တစ်ချိန်က သင်တို့၏အပေါင်းအဖော်ကုန်သည်ဖြစ်ပါသည်၊ ဓားပြတိုက်၍ အသတ်ခံရပုံနှင့်သမီး၏ဗုဒ္ဓထံပြုပေးသော ကုသိုလ်အဖို့ဘာဂကို အမျှရသဖြင့်ဤနတ်စည်းစိမ်နှင့်ဘုံဗိမာန်ရပုံအကြောင်းစုံကို ပြောပြသည်။

ထို့နောက် ဘုံဗိမာန်နတ်သည် ကုန်သည်တို့ကိုခေါ်ယူ၍ မိမိ လှူဘဝကမြှုပ်နှံခဲ့သောဥစ္စာထုပ်ကိုဖော်ထုတ်၍ယူရန် လမ်းညွှန်ပြီး သမီးကိုပေးပေရန်နှင့် သမီးကိုတစ်ဝက်ကိုစား၊ တစ်ဝက်ကို လှူဘဝကတင်ခဲ့သောကြွေးမြီတို့ကို ပေးဆပ်ရန် သမီးကိုပြောပြပေးရန် မေတ္တာရပ်ခံသည်။

ကုန်သည်တို့သည် နတ်သားမှာသည့်အတိုင်း ဥစ္စာထုပ်ကိုယူပြီးလျှင် ကုန်အရောင်းအဝယ် ဆက်လက်ထွက်ခွာခဲ့ကြပြီး သာဝတ္ထိပြည်သို့ တစ်ဖန်ပြန်ရောက်သောအခါ နတ်မှာကြားသမျှ သမီးအား ပြောပြပြီး ဥစ္စာထုပ်ကို ပေးအပ်ကြလေသည်။

သမီးသည် ဘခင်နတ်မှာသည့်အတိုင်း ဆောင်ရွက်ပြီး ဘခင်အား အမျှထပ်မံပေးဝေသည်။

သူကြွယ်သည် မကြာခင် သူငယ်မကို မိမိသားဖြင့် လက်ထပ်ပေးခဲ့ရာ သားငယ်တစ်ယောက် ထွန်းကားခဲ့လေသည်။

တစ်နေ့တွင် ဗုဒ္ဓသည် ထိုမိန်းမ၏ဉာဏ်ရင့်ကျက်ခြင်းကို သိရှိတော်မူ၍ ထိုမိန်းမထံသို့ကြွကာ ကိုယ်ရောင်ကိုပျံ့နှံ့စေပြီး-

"ကာမဂုဏ်တရားတို့ဟူသည် အစဉ်စွဲမက်မပစ်ရက်အောင် နှစ်သက်တွယ်တာ သာယာဖွယ်အသွင်ဖြင့် လည်းကောင်း၊ လူအပေါင်းတို့ကို သွေးဆောင်ဖြားယောင်းနေသည်၊ ထိုကာမဂုဏ်တို့သည် လူမိုက်တို့အား အမြဲနှိပ်စက်လွှမ်းမိုးနေတတ်သည်" ဟု တရားဟောတော်မူရာ ဗုဒ္ဓ၏ဂါထာတော်အဆုံးဝယ် ထိုမိန်းမသည် သောတာပတ္တိဖိုလ်၌ တည်ခဲ့လေသည်။

(၈၂) မိခင်ထံ လာရောက်အကူအညီတောင်းခံသော သား ပြိတ္တာ၊ မြေး ပြိတ္တာများ

ဖြူးမြို့နယ်၊ ကျောက်တိုင်ရွာ၊ မြေပိုင်ရှင်သား ကိုဖိုးညက်သည် မသိန်းနု နှင့်အိမ်ထောင်ကျပြီး သားသမီး(၄)ယောက် ထွန်းကားခဲ့ပြီးနောက် ၁၉၄၆-ခုနှစ်၊ တန်ခူးလတွင် အဖျားရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

သေကာနီးတွင် ကိုဖိုးညက်သည် မိန်းမနှင့်လူမမယ် ကလေးတို့၏ သံယောဇဉ်နှောင်ကြိုးကိုတွယ်တာပြီး သေဆုံးခဲ့သဖြင့် ရွာအရှေ့ဘက် မိမိ၏မိခင်ပိုင် လယ်ထဲရှိညောင်ပင်၌ ပြိတ္တာဘဝရောက်သွားရသည်။

မိခင်ကြီးက ဗုဒ္ဓဘာသာတို့ထုံးစံအရ ရက်လည်ဆွမ်းသွတ်သောအခါ ထိုကုသိုလ်အဖို့ဘာဂကို ကိုဖိုးညက်သည် မရခဲ့၍ ပြိတ္တာဘဝက မကျွတ်မလွတ်ဖြစ်နေရသည်။

တစ်နေ့တွင် ကိုဖိုးညက်တစ်ဖြစ်လဲ ပြိတ္တာသည် မိမိ၏ မိခင်အိမ်တွင် ရောက်နေသော မိမိ၏သားကြီးနေမကောင်းဖြစ်နေစဉ် ဝင်ရောက်ပူးကပ်ပြီး ငိုယိုကာ မိခင်ကိုအပြစ်လည်းတင်သည်၊ အကူအညီလည်းတောင်းသည်။

"မိခင်ကြီးက မိမိ၏သားသမီးများကို မစောင့်ရှောက်၍ သားသမီးလေးတွေ ဒုက္ခရောက်နေရသည်၊ သိန်းနုလည်း အသုံးမကျ၍ သားသမီးတွေကို မထိန်းသိမ်းနိုင်၍ ယခုလိုဖြစ်နေရကြောင်း၊ ယခု သူနှင့်မြွေကိုက်၍သေဆုံးခဲ့သော သူတူမ မမြသင်လည်း သူနှင့်အတူတူနေရကြောင်း မကြာခင်က သေဆုံးခဲ့သော

သူ၏သားငယ် မြသောင်းလည်း သူနှင့်အတူ စားရမဲ့သောက်ရမဲ့ ဘဝမှာရှိနေကြောင်း သူတို့ကို ကုသိုလ်ပြု အမျှပေးပေးပေးပါ။ အမေက ကျွန်တော့်သားကလေးများကို ကျောင်းပို့ပြီး ပညာသင်ပေးပါ ”

ဟု မျိုးစုံ ငိုယိုပြောပြကာ နောက်ဆုံးကုသိုလ်ပြုပေးရန် တောင်းပန်သည်၊ မိခင်ကြီးဒေါ်မှန်သည် သား၏ဝင်ရောက်ပူးကပ်ပြောဆိုမှုကို အံ့အားလည်းသင့်၊ စိတ်မကောင်းလည်းဖြစ်မိကာ မျက်ရည်ကျရသည်၊ စိတ်ခါတ်ချောက်ချားပြီး စိတ်မမှန် တစ်မှန်ဖြစ်နေသော ချွေးမကို သူကစောင့်ရှောက်လိုသော်လည်း ချွေးမက စောင့်ရှောက်မခံသလို သားသမီးတွေကိုလည်းအရေးမစိုက်၊ ပစ်ထားသလိုဖြစ်နေ၍ မိမိက သားလတ်အိမ်နှင့် မိမိထံမျှဝေယူထိန်းသိမ်းကာ စောင့်ရှောက်ထားပုံကို သားအားပြောပြသည်၊ ထို့နောက် သားနှင့်မြေးများအတွက် ကုသိုလ်ပြုအမျှပေးဝေမည်ဟု ဝန်ခံကတိပေးလိုက်ပြီး ရက်ချိန်းပါပေးလိုက်သည်။

ထိုသား ဝင်ပူးပြောပြီးနောက် မိခင်ကြီး ဒေါ်မှန်သည် သားလတ် ကိုဘိုးခေတ်၊ သားငယ် ကိုဘိုးသစ်တို့နှင့်တိုင်ပင်ကာ ဆွမ်း၊ သင်္ကန်းစီစဉ်ပြီး သားနှင့်မြေးများကိုဖိတ်ကြားကာ ကုသိုလ်ပြုအမျှပေးဝေလေသည်။

ထိုညတွင် သားသည် နတ်ဝတ်တန်ဆာများနှင့် မိခင်ကြီး ပေးလှူသော ကုသိုလ်အဖို့ကို အမျှရ၍ ချမ်းသာရာရပြီးဖြစ်ကြောင်း၊ တူမ မမြသင်နှင့်သားငယ် မောင်မြသောင်းတို့သည်လည်း ကုသိုလ်အဖို့ဘာဂရ၍ လူ့ဘဝပြန်သွားကြပြီးဖြစ်ကြောင်း လာရောက်ပြောပြလေသည်။

ထိုအခါကျမှ မိခင်ကြီး ဒေါ်မှန်မှာ သားအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ဝမ်းသာပီတိမျက်ရည်တသွင်သွင်ကျကာ မိမိ၏ ပြုပြုသမျှသောကုသိုလ်တို့ကိုဆင်ခြင်အောက်မေ့၍ သားကိုထပ်မံအမျှပေးဝေပြန်သည်၊ သား နတ်သားသည် ထိုကုသိုလ်အဖို့ဘာဂကိုလည်း သာဓုခေါ်ပြီး မိခင်ကိုကျေးဇူးတင်နှုတ်ဆက်စကားပြောပြီး ပြန်သွားလေသည်။

# အခန်း(၄)

# အနေတတ်၍ အသေမြတ်ကြစေ

## မိမိကိုယ်ကို ပြင်ဆင်ထားတတ်ပါစေ

ယနေ့လောက လူသားများအတွက် ဇာတိ-ဖြစ်ခြင်း၊ မွေးဖွားခြင်းဆိုသော ကိစ္စတစ်ခုဖြစ်လာပြီးနောက် လောက အလယ်၌ နေခြင်း နှင့် သေခြင်းဆိုသော ကိစ္စနှစ်ရပ်ကို တွေ့ကြုံကြရမည် ဖြစ်ပါသည်။

နေခြင်းသည် သေခြင်း၏ရှေ့၌ ကြိုဖြစ်ပြီး ကျေးဇူးပြုနေပါသည်၊ အဘိဓမ္မာပဋ္ဌာန်းတရားတော်အရ ပြောရလျှင်တော့ ပုရေဇာတပစ္စည်း ကျေးဇူးပြုနေသည်ဟု ဆိုရပါမည်။

နေခြင်းသည် အကြောင်းတရားဖြစ်ပြီး သေခြင်းသည် အကျိုးတရား ဖြစ်လာပါသည်။

ထို့ကြောင့် ပဋိသန္ဓေနေခြင်းဘဝ ကာလတစ်လျှောက်လုံး၌ နေခြင်းသည် မည်သို့သောနေခြင်းပင်ဖြစ်ပါစေ၊ သေခြင်းမှာ အဆုံးသတ်ကြရပါမည်။

ဗုဒ္ဓက လူတိုင်းအတွက် သေခြင်းတရားသည် အရေးကြီးသော အရာမဟုတ် ဟူ၍ မိန့်ဆိုခဲ့ပါသည်၊ လက်ရှိဘဝနှင့် နောက်ဘဝ၏ကြားကာလ၌ ဖြစ်လေ့ဖြစ်ထရှိသော အဖြစ်အပျက်တစ်မျိုးသာ ဖြစ်သည်ဟုဆိုပါသည်။

သေခြင်းဟူသည် သတ္တဝါတိုင်း၏နောက်ဆုံးအချိန်၌ တွေ့ဆုံကြရမည်ဖြစ်သော သဘောတရားဖြစ်သလို မွေးဖွားခြင်းဖြင့် ဘဝကိုလက်ကိုင်ရရှိထားသူတိုင်း သေခြင်းအဆုံးသတ်ရမှာ ဓမ္မတာ ဖြစ်ပါသည်။

သေခြင်းတရားသည်-

-သက်တမ်းကုန်သဖြင့်လည်း ရောက်လာပါမည်

-ကံကုန်၍လည်း ရောက်လာပါမည်

-အသက်၊ ကံ၊ နှစ်ပါးစုံကုန်၍လည်း ရောက်လာပါမည်

-အခါမဟုတ် တစ်စုံတစ်ခုသော ဆေးရောဂါဖြင့်လည်းလည်းကောင်း၊ လက်နက်တစ်ခုခုအားဖြင့်လည်းကောင်း အန္တရာယ်တစ်ခုခုဘေးဖြင့်လည်းကောင်း၊ ကံ၊ သက်တမ်းမကုန်သေးဘဲ ပြုန်းစားကြီးသေဘေးရောက်ရောက်လာတတ်ပါသည်၊ ယင်းကို အကာလမရဏ-အချိန်အခါမဟုတ်ဘဲသေရခြင်းဟု ခေါ်ကြပါသည်၊ မည်သည့်နည်းဖြင့် သေခြင်းတရားရောက်လာသည်ဖြစ်စေ၊ သေခြင်းသည် သေခြင်းသာဖြစ်၍ ပုဂ္ဂိုလ်သတ္တဝါ

တိုင်း နောက်ဆုံးရင်ဆိုင်တွေ့ကြုံရမည့်သဘာဝတရားစစ် တရားမှန် တစ်ခုဖြစ်ပါသည်။

အချို့က သေလျှင် ဒုက္ခအေးသည်ဟု ဆိုကြလေ့ရှိကြပါသည်၊ ဤစကားအရဆိုက မည်သူမဆို အသက်ရှင်နေလိုကြမည်မဟုတ်၊ အားလုံးသေချင်ကြမည်သာဖြစ်ပါသည်၊ အမှန်အားဖြင့် သေဆုံးခြင်းသည် မည်သည့်ဆင်းရဲဒုက္ခကိုမှ အဆုံးသတ်မပေးနိုင်ကြောင်းကို မသိ၍ ပေါ့ပေါ့တန်တန်ပြောဆိုနေကြခြင်းဖြစ်ပါသည်။

အမှန်တကယ်မှာမူ သေခြင်းသဘောတရား၊ သေခြင်း၏အဓိပ္ပာယ်၊ သေခြင်းနှင့်ပတ်သက်သော အကြောင်းအရာမှန်သမျှကို ဗုဒ္ဓနှင့်အရိယာသူတော်စင်တို့မှတစ်ပါး အခြားမည်သူမျှနားလည်နိုင်ကြလိမ့်မည်ဟု မထင်ပါ။

ဗုဒ္ဓက သေခြင်းသည်အဆန်းမဟုတ်၊ မရေမတွက်နိုင်သော ဘဝများစွာတွင် လူတိုင်း၊ ပုဂ္ဂိုလ်သတ္တဝါတိုင်း မရေမတွက်နိုင်အောင်ပင် သေခဲ့ကြရပြီးဖြစ်သည်၊ ထို့ကြောင့် လူတစ်ယောက်အဖို့ သေခြင်းဟူသည် စစ်စစ်အရေးကြီးသောအရာမဟုတ် ဟူ၍ ဗုဒ္ဓက ဆိုခြင်းဖြစ်ပါသည်။

ဗုဒ္ဓက လူတိုင်းအသက်ရှင်သမျှ ဘဝတာတစ်ခု၌ အပြစ်ကင်းစွာနေတတ်ဖို့သာလျှင် အရေးကြီးကြောင်း ဟောကြားခဲ့ပါသည်။

လူတစ်ယောက်အသက်ရှင်နေခြင်းမှာ-

"အာယု၊ ဥသ္မာ စ ဝိညာဏံ"

အာယု - ဇီဝိတိန္ဒြေသည်လည်းကောင်း

ဥဿုာစ - ကမ္မဇတေဇောသည်လည်းကောင်း

ဝိညာဏံ- အကျိုးဝိပါက် ဝိညာဏ်သည်လည်းကောင်း

ဤ(၃)ချက် ချိန်ကိုက်မှု မှန်ကန်နေခြင်းပင် ဖြစ်ပါသည်၊ တစ်နည်းဆိုရလျှင် နာမ်ရုပ်နှစ်ပါးသည် စည်းချက်ညီနေခြင်းပင် ဖြစ်ပါသည်၊ တစ်ခုခု အခြေအနေပျက်လျှင် သေသည် ဟု ကောက်ချက်ချရပါသည်။

ဗုဒ္ဓမိန့်ကြားသည့်အတိုင်း သေခြင်းသည် အရေးမကြီး စေကာမူ လူတိုင်း၊ သတ္တဝါတိုင်းသည် ယေဘုယျအားဖြင့် သေရမည်ကို တစ်နည်းနည်းဖြင့် ကြောက်နေကြသူများချည်း ဖြစ်ကြပါသည်။

ဗုဒ္ဓက သေရမည်ကို မကြောက်ရွံ့ပါနှင့် ဟု ဟောခဲ့ခြင်းသည်-

-စင်စစ် ကြောက်ရွံ့ခြင်းအရင်းခံ၍ မည်သည့်ပြဿနာ ကိုမျှ မဖြေရှင်းပါနှင့်။

-ကြောက်ရွံ့ခြင်းဖြင့် မည်သည့်အခက်အခဲကိုမျှ မကျော်လွှားနိုင်။

-သေခြင်းကို ရဲဝံ့စွာရင်ဆိုင်ပါ။

-နေခြင်းကို အပြစ်ကင်းစွာနေပါ ဟု ဟောလိုခြင်း ဖြစ်ပါသည်။

-အနေကောင်းလျှင် အသေကောင်းပါမည်

-အနေမှန်လျှင် အသေမှန်ပါမည်

-အနေမြတ်လျှင် အသေမြတ်ပါမည်

ထို့ကြောင့် လူ့ဘဝကိုရလာသောသူတိုင်းသည် အနေ မကောင်းလျှင် အသေမကောင်းနိုင်၊ အနေဆိုးနေသရွေ့ အသေ ဆိုးနှင့် ဘဝနိဂုံးချုပ်ကြမည်ကို သေချာစွာမှတ်သားသင့်ပါသည်။

မည်သည့်အရာမဆို ကြောက်ကြောက်ရွံ့ရွံ့ အသက်ရှင် နေရသူထက် ရဲရဲဝံ့ဝံ့ သေမင်းအတွက် ကြိုတင်ပြင်ဆင်ထားပြီး သေသွားသူက ပို၍ အဖိုးတန်လှပါသည်။

သီလမရှိဘဲ အသက်ရှင်နေသူထက် သီလရှိသူ၏တစ် ရက်မျှ အသက်ရှင်ခြင်းက ပို၍တန်ဖိုးကြီးလှ မြတ်လှပါသည်။

လုံ့လမရှိဘဲ အသက်တစ်ရာနေရသူထက် လုံ့လရှိ[illegible] တစ်ရက်နေရသူ၏ အသက်ရှင်ခြင်းက ပို၍တန်ဖိုးကြီးလှပါ သည်။

ပညာမဲ့စွာဖြင့် အသက်ရှင်နေရသူလူမိုက်ထက် အသိ အလိမ္မာဉာဏ်ပညာရှိပြီး တစ်ရက်မျှ အသက်ရှင်ရခြင်းသည်က ပို၍မြတ် တန်ဖိုးကြီးလှပါသည်။

ဟူ၍ ဗုဒ္ဓက ဓမ္မပဒ စသောတရားတော်အသီးသီး၌ အခါအား လျော်စွာ လမ်းညွှန်ဟောကြားဆုံးမထားခဲ့ပါသည်။

သို့အတွက် ဗုဒ္ဓဘာသာဝင်တို့သည် လူဖြစ်လာရသော (ဝါ) ရခဲလှစွာသော လူ့ဘဝ လူ့သမိုင်းတွင် သေခြင်းသဘာဝ တရားကို လည်စင်းခံရသူမဖြစ်ပါစေနှင့်။

-သေရသူအချင်းချင်း ပြောစမှတ်ဖြစ်ရလောက်အောင် မသေပါစေနှင့်

[illegible]ယ်လိုပင် နောက်သေရမည့်သူများ စိတ်မချမ်းမသာ အောင် မလုပ်ပါနှင့်

-သူတို့အတွက် ကိုယ်သည် စံပြဖြစ်အောင် ဒါန၊ သီလ၊ ဘာဝနာနှင့်ပြည့်စုံဖြစ်အောင် ဤအလုပ်များမှာ မနွဲ့ပါနှင့်၊ မပျင်းပါနှင့်၊ အားမလျော့ပါနှင့် အမြဲသတိရှိပြီး သေခြင်းကို ရဲဝံ့စွာ ရင်ဆိုင်နိုင်ကြောင်း စွမ်းရည်ကို ပြသပေးသွားပါ

-ရဲရင့်သော သေခြင်းဖြင့်သမိုင်းတွင်ပါစေ၊ ကြောက်၍ သေခြင်းဖြင့် သမိုင်းမစွန်းစေသင့်ပါ

-ပျော်ပျော်ရွှင်ရွှင်သေပါ၊ လှလှပပသေပါ၊ သပ်သပ်ရပ်ရပ် သေပါ၊ တန်ဖိုးရှိစွာ သေပါ

အပြစ်ကင်းစွာနေထိုင်ခြင်းကို သဘောပေါက်ပါလျက် သေရမည်ကို ကြောက်နေသေးသည်ဟု ဆိုလျှင် ထိုသူသည် ဗုဒ္ဓ၏စကား၊ ဗုဒ္ဓ၏တရားကိုနားမလည်သေးသောသူဟူ၍ ဆိုရပါမည်။

နေခြင်းနှင့်သေခြင်းတို့၏ အကြောင်းအကျိုးဆက်စပ်မှု သဘောတရားအရ အမှန်စင်စစ် သေရမှာကိုကြောက်နေခြင်းသည် မိမိ၏အနေမကောင်းခြင်းကို ဖော်ညွှန်းနေခြင်းပင် ဖြစ်ပါသည်။

ဗုဒ္ဓက အနေကောင်းခြင်းဖြစ်ဖို့အတွက် လူမှန်သမျှ မသေခင်ကာလ၌-

-တွယ်တာမှုအားလုံးကိုရပ်
-သံယောဇဉ်အားလုံးကိုဖြတ်
-အကုသိုလ်အားလုံးကိုသတ်

ဟူ၍ ဆင်ခြင်ကြရန် မိန့်ကြားခဲ့ခြင်းဖြစ်ပါသည်။

ဤလုပ်ဆောင်ဖွယ်ရာများသည် အသက်ရှင်စဉ်ကာလ အတွင်းမှာသာ (ဝါ) ကျန်းမာရေးကောင်းသောအချိန်ကာလအ တွင်းမှာသာ ပြုလုပ်နိုင်ကြပါသည်၊ မကျန်းမာသောအခါ သေကာ နီးကာလအချိန်ရောက်မှ သတိသံဝေဂ နောင်တရပြီး ထလုပ်၍ မဖြစ်တော့ပါ။

-သင်က ကံထူးသူလား-ကံဆိုးသူလား
-ကံထူးသူများ လူ့ဘဝရစဉ် တရားအားထုတ်ခွင့်ရကြ သည်
-ကံဆိုးသူများ တရားနှင့်လွဲကြသည်
-ကံအလွန်ဆိုးသူများ တရားကိုရှောင်ကြသည်
သင်လူ့ပြည်မှ ထွက်ခွာဖို့ အချိန်နီးလာပြီ၊ တရားမမေ့ ပါနှင့်၊ သင့်ဘဝ လက်ကျန်အချိန်ကို အကျိုးရှိရှိ အသုံးချပါ၊ သေခဲ့လျှင် အားလုံးထားခဲ့ရမှာ။

ဟူသော ဆိုးမချက်ကို အစဉ်နှလုံးသွင်းပါ။

ထို့ကြောင့် လူသားတိုင်းသည် အကောင်းဆုံးသောနေ ထိုင်ခြင်းဖြစ်ရန် ဒါန၊ သီလ၊ ဘာဝနာတို့ဖြင့် ကြိုးစားနေကြခြင်း သည် အဆုံးစွန်သောသေခြင်းကိုရင်ဆိုင်ရန် အကောင်းဆုံး ကြိုတင်ပြင်ဆင်ခြင်းဖြစ်ကြောင်း အသိပေးတင်ပြအပ်ပေသည်။

## မိမိစိတ်ကို မိမိ သိပါစေ

ယနေ့ခေတ်တွင် လူအများသည် ရုပ်ခန္ဓာလှပချောမွေ့ အောင် အမျိုးမျိုးပြင်ဆင်နေကြသည်၊ ရုပ်ချောလှပအောင် ပြင်

ဆင်သောအရာဝတ္ထုများကလည်း မျိုးစုံလှသည့်အလျောက် ရုပ်ခန္ဓာလှပမှုကို နေ့စဉ်နေ့တိုင်း ဦးစားပေးဆောင်ရွက်နေကြပါသည်။

စိတ်ကိုမူကား လူအများမမြင်နိုင်သောကြောင့် ပြင်ဆင်သူနည်းပါးလှပါသည်။

လောကသဘာဝအမှန်အားဖြင့် ရုပ်ချောဖို့ထက် စိတ်ချောဖို့ စိတ်လှဖို့က အလွန်အရေးကြီးလှပါသည်၊ ရုပ်ခန္ဓာသည် သေပြီးနောက် နောက်ဘဝသို့ဆက်၍မသွားနိုင်၊ မဆက်နိုင်တော့ပါ။ စိတ်သတ္တိကား နိဗ္ဗာန်မရောက်မချင်း ဘဝအဆက်ဆက်သတ္တိတွေပါသွားတတ်သောကြောင့် ရုပ်ကောင်းဖို့ထက် စိတ်ကောင်းဖို့က ပို၍အရေးကြီးလှပါသည်။

ခရီးသွားသူနောက်သို့ အရိပ်သည် တကောက်ကောက်လိုက်ပါသကဲ့သို့ သတ္တဝါများအဖို့ မိမိတို့ပြုလုပ်အပ်သောကာယကံ၊ ဝစီကံ၊ မနောကံ၊ အမှုများသည် မိမိ၏နောက်သို့ တစိုက်မတ်မတ်လိုက်ပါနေသည်ကို သတိပြုကြရန် လိုအပ်ပါသည်။

ဘုရားရှင်က ဓမ္မပဒ၌ ဆင်းရဲပေးမည့် အကုသိုလ်ကံလိုက်နေပါက ဆင်းရဲနေမည်၊ ချမ်းသာပေးမည့်ကုသိုလ်ကံ လိုက်နေပါက ချမ်းသာနေမည် ဟူ၍ ဟောတော်မူထားခဲ့ပါသည်။

ထိုတွင် ပြုလုပ်သောအလုပ်(ကမ္မ)ဟူသောကံတရားဟူသည် ကုသိုလ်-အကုသိုလ်စိတ်၌ ယှဉ်လျက် ပါလာသောစေတနာစေတသိက်ပင် ဖြစ်ပါသည်၊ စိတ်က ခေါင်းဆောင်၍ကုသိုလ်-အကုသိုလ်ပြုနေသော်လည်း တကယ် အလုပ်လုပ်နေသောတရားသည် စေတနာစေတသိက်ပင် ဖြစ်ပါသည်။

ကောင်းမှု-မကောင်းမှုပြုရာ၌ စေတနာညံ့လျှင် ထိုပြုသောအမှုသည် သေးငယ်သောအကျိုးကို ဖြစ်စေပါသည်၊ စေတနာထက်သန်လျှင် ထိုပြုလုပ်သောအမှုသည် ကြီးကျယ်သောအကျိုးကို ဖြစ်စေပါသည်။

စေတနာသည် မိမိတာဝန်ကိုလည်းထမ်းဆောင်၍၊ အခြားတရားတို့ကိုလည်း ဆိုင်ရာတာဝန်ကိုဆောင်ရွက်စေရန် လှုံ့ဆော်တတ်ပါသည်၊ တစ်ခုခုကိုလုပ်ရာ၌ စေတနာ၏သတ္တိအားကြီးရကား ထိုစေတနာကိုပင် ကံဟူ၍ အမှုသည်ဟူ၍ အသိအမှတ်ပြုကြပါသည်။

ကံဟုခေါ်သော စေတနာသည် အခြားနာမ်တရားတို့ကဲ့သို့ဖြစ်ပြီး ချုပ်သွားသည်မဟုတ်ပါလော ဟု မေးလိုက မေးနိုင်ပါသည်၊ သဘာဝတရားအရ ဖြစ်ပြီးလျှင် ပျက်သည်၊ ချုပ်သည်မှန်သော်လည်း ကံသတ္တိကား ကျန်ရစ်၍နေပါသည်၊ ထိုကံသတ္တိကား အကျိုးပေးရန်အစွမ်းမကုန်သေးသမျှ အမြဲလိုက်ပါနေပါသည်။

ဥပမာ လူတစ်ယောက်သည် ငယ်စဉ်ကပင် ကျန်းမာရေးအတွက် ဆေးဝါးအစာတို့ကို လူကြီးများက ဂရုတစိုက်ကျွေးမွေးသည်၊ ထိုဆေးဝါးနှင့်အစားအစာများသည် စားပြီး ရက်အနည်းငယ်ကြာလျှင် ဝမ်းထဲ၌ ကုန်သွားသော်လည်း ထိုဆေးအစာတို့၏ကျန်းမာစေနိုင်သောသတ္တိမှာ ထိုသူ၏သန္တာန်၌ ကျန်ရစ်ခဲ့သည်၊ ထိုသူသည် နောက်တွင် ကျန်းမာသန်စွမ်းသူ ဖြစ်ရပါသည်။

ငယ်ရွယ်စဉ်က အလွန်ပင် အပျော်အပါးလိုက်စားသူ၊ သေရည်သေရက် အလွန်သောက်စားသူအား ပျော်ပါးသောက်စားမှုတို့၏မကောင်းမှုသတ္တိသည် ကျန်ရစ်ခဲ့၍ နောင်အခါ မကျန်းမမာဖြစ်ပြီး ရောဂါသည်ဘဝသို့ ရောက်ရတော့သည်။

ထိုကဲ့သို့ မိမိပြုအပ်သောကောင်းမှု-မကောင်းမှုသတ္တိတို့သည် ကျန်ရစ်ခဲ့သောကြောင့် သတ္တိမကုန်သေးသမျှ ထိုသူအား ကုသိုလ်ကံသည် ကောင်းကျိုးပေး၍ အကုသိုလ်ကံသည် မကောင်းကျိုးပေးပါတော့သည်။

လောကတွင် လူတို့ပြောနေကြသော တစ်ဘဝဆိုသည်မှာ ကံတစ်ခု၏သတ္တိကြောင့် ရရှိလာသောအစဦး ရုပ်နာမ်နှင့် နောက်ဆုံးရုပ်နာမ်တို့၏အကြား၌ ရုပ်နာမ် အစဉ်အဆက်ဖြစ်ပျက်နေသောအစဉ်ကို ခေါ်ဆိုပါသည်။

ဘဝ၏အစဦးဆုံး ရုပ်နာမ်မှစ၍ ရုပ်နာမ်ခန္ဓာအစဉ်သည် ဖြစ်ပျက်-ဖြစ်ပျက်နှင့်လာခဲ့ရာ ထိုဘဝကိုစီမံသောကံသတ္တိက အစွမ်းကုန်သောကြောင့်ဖြစ်စေ၊ အခြားကံက နှောင့်ယှက်သောကြောင့်ဖြစ်စေ၊ နောက်ထပ် မစီမံနိုင်သောအခါ ထိုကံနှင့်ဆက်သွယ်နေသော ရုပ်နာမ်ခန္ဓာအစဉ်သည် ရပ်တန့်သွားပါတော့သည်၊ ထိုသို့ရပ်တန့်သွားခြင်းကိုပင် တစ်ဘဝဆုံးသည်၊ အနိစ္စရောက်သည်၊ ကွယ်လွန်သည်ဟု ဆိုပါသည်။

ထိုသို့ကွယ်လွန်သည်နှင့်တစ်ပြိုင်နက်တည်း (နိဗ္ဗာန်မရောက်သေးသမျှကာလပတ်လုံး) ကံ အသစ်တစ်ခုက ရုပ်နာမ်အသစ်ကို အနည်းငယ်မျှ ကာလမခြားဘဲ ခန္ဓာအသစ်ကိုစီမံပါတော့သည်။

ယခုဘဝ၏နောက်ဆုံး သေသည့်နှင့်တစ်ပြိုင်နက်တည်း နောက်ဘဝ ပဋိသန္ဓေအသစ်သည် ဆက်လက်၍ တစ်ဆက်တည်း ဆက်လက်ဖြစ်ပေါ်လာပါတော့သည်၊ ပဋိသန္ဓေဟူသောစကား သည် ဆက်စပ်ခြင်း(ဝါ)ရှေ့ဘဝအပြတ်ကို နောက်ဘဝမပြတ် အောင် ဆက်စပ်ပေးသောအရာဟု အနက်ထွက်ပါသည်၊ ထိုရုပ် နာမ်ခန္ဓာအသစ်ကိုပင် ဘဝသစ်တစ်ခုစတင်ဖြစ်ခြင်း၊ ပဋိသန္ဓေ နေခြင်း ဟု လောကဝေါဟာရအရ ခေါ်ဆိုနေကြပါသည်။

ကံသတ္တိလိုက်ရာဝယ် နိဗ္ဗာန်ကို မရည်ရွယ်ဘဲ ဘဝအ ဆက်ဆက်ချမ်းသာဖို့ကိုသာ ရည်ရွယ်ပြုအပ်သောကံ၏ အစွမ်း သတ္တိသည် သူတို့အစွမ်းရှိသမျှ အကျိုးပေးပြီး ကံအရှိန်ဟုန်သတ္တိ ကန်ပါက နောက်ထပ်အကျိုးမပေးတော့ပါ။

ဘဝအဆက်ဆက်ခံစားရန်မရည်ရွယ်ဘဲ နိဗ္ဗာန်ကို ကေန်မျက်မှောက်ပြုလိုသောဆန္ဒဖြင့် ရအပ်သောကံတို့ကို ပါရမီ ကုသိုလ် ဟုခေါ်ဆိုပါသည်၊ ရည်ရွယ်ချက်မြင့်မားသောပုဂ္ဂိုလ်တို့ ၏ကုသိုလ်ဟု ဆိုလိုပါသည်၊ ထိုပါရမီကုသိုလ်ဟူသည်ကား ရည် ရွယ်ချက်မပြည့်စုံသေးသမျှ အစဉ်လိုက်နေတတ်ပါသည်။

ထို့ကြောင့် ဘုရားလောင်းစသည့် ပုဂ္ဂိုလ်များ၏ကံသတ္တိ များသည် အသင်္ချေနှင့်ကမ္ဘာတစ်သိန်းအသောင်းတိုင်အောင် ကံသတ္တိမပြတ်ဘဲ အစဉ်လိုက်ပါနေပါသည်၊ ဘုရားရဟန္တာ စသည်ဖြစ်၍ ပရိနိဗ္ဗာန်စံတော့မှပင် ကံအဆက်သတ္တိများ ပြတ်ပါ တော့သည်။

ထိုသို့ဘဝအဆက်ဆက် ကံသတ္တိများလိုက်ပါတတ်သော ကြောင့် ပုဂ္ဂိုလ်ဟူသမျှသည် စိတ်ထားကောင်းအောင် အထူး ပြုလုပ်ပြောဆိုကြံစည်ဆောင်ရွက်ရပါသည်။

စိတ်ထားကောင်းမှု မကောင်းမှုနှင့်ပတ်သက်၍ကြည့်လျှင် လောက၌ မကောင်းသောမိတ်ဆွေတစ်ဦးသည် မိမိကိုပျက်စီးအောင်၊ ဥစ္စာပစ္စည်းကုန်ခမ်းအောင်၊ ထောင်ကျခံရအောင်၊ အသတ်ခံရအောင်အထိသာ ပြုလုပ်နိုင်ပါသည်၊ နောက်နောင်ဘဝ အပါယ်ကျအောင် ဘဝအဆက်ဆက်ဒုက္ခရောက်အောင် မပြုလုပ်နိုင်ပါချေ။

မိမိစိတ်ကိုကောင်းအောင်၊ ဖြူစင်အောင် မထားခြင်းကား ဤဘဝ၌လည်း ထောင်ကျအောင်၊ စီးပွားပျက်အောင် ပြုလုပ်နိုင်၏၊ နောက်ဘဝအဆက်ဆက်လည်း အပါယ်လေးပါးကျရောက်အောင် ပြုလုပ်နိုင်ပါ၏၊ ထိုကြောင့် မိမိစိတ်ကို ကောင်းစွာမထားခြင်းသည် မိမိကိုနှိပ်စက်သော ဤဘဝရန်သူထက်ပင် ကြောက်စရာကောင်းလှသည် ဟု ဘုရားရှင်က ဓမ္မပဒ ဂါထာဝဂ်၌ ဟောကြားထားသည်ကို တွေ့ရပါသည်။

အလားတူပင် လောက၌ မိမိကိုချစ်လှပါသည်ဆိုသော မိဘဆွေမျိုးတို့သည် မိမိကိုချမ်းသာစေလိုက တစ်သက်တာချမ်းသာအောင် စီးပွားဥစ္စာကိုပေးနိုင်ကြပါသည်၊ သို့သော် စကြာမင်းဖြစ်အောင်အထိကား မပေးနိုင်ပါ။

မိမိစိတ်ကို ကောင်းစွာထားခြင်း၊ စိတ်ကို ဖြူစင်အောင်ထားခြင်းသည်ကား သုစရိုက်တရား၊ ပုညကြိယာဝတ္ထုဆယ်ပါးဟူသော ကုသိုလ်ကောင်းမှုများဖြစ်ကြသောကြောင့် ဤဘဝ၌လည်း ကိုယ်ချမ်းသာစိတ်ချမ်းသာကို ပေးနိုင်ပါသည်၊ မဂ်ဖိုလ်ရအောင် ပါရမီဖြည့်လိုသောစိတ်ကောင်းထားခြင်းကား နိဗ္ဗာန်ချမ်းသာအထိ ကောင်းကျိုးပေးနိုင်ပါသည်။

ထို့ကြောင့် စိတ်ကောင်းထားခြင်းသည် မိဘဆွေမျိုးတို့ပေးနိုင်သောချမ်းသာထက် သာလွန်သောချမ်းသာကိုပေးနိုင်သည် ဟု ဘုရားရှင်က ဟောကြားထားခြင်းဖြစ်ပါသည်။

မဟာဝဂ္ဂသံယုတ်-သရနီဝဂ်၌ ဘုရားရှင်က မဟာနန်မင်းကိုဟောကြားရာ၌ စိတ်ကိုသဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတို့ဖြင့် ကြာမြင့်စွာထုံထားအပ်ပြီးသောသူ၏ ဤဘဝခန္ဓာကိုယ်သည်ကား ကျီး၊ လင်းတ၊ ခွေးတို့သာ စားရကြလိမ့်မည်၊ ထိုတရားတို့ဖြင့် ထုံထားသောစိတ်သည်ကား ကူးဆက်သောအားဖြင့် အထက်သို့တက်သွားပါလိမ့်မည်၊ လောကဥပမာအားဖြင့် ထောပတ်အိုးကို ရေနက်ထဲသို့နှစ်ပြီးခွဲလိုက်သောအခါ အိုးခြမ်းကွဲများသာ ရေအောက်သို့ကျသွားပါမည်၊ ထောပတ်ကားရေအထက်သို့သာ တက်နေပါမည် ဟု ဟောတော်မူခဲ့ပါသည်။

လောကရှိ ပုဂ္ဂိုလ်တိုင်း၊ သတ္တဝါတိုင်းတို့သည် စိတ်ကောင်းစိတ်မြတ်များမွေးမြူကြရပါမည်၊ နတ်ရွာနိဗ္ဗာန်သို့သွားသည်မှာလည်း ဤစိတ်၊ အပါယ်ငရဲသွားသည်မှာလည်း ဤစိတ်ဖြစ်၍ ဤစိတ်သည် လူတစ်ယောက်၏ဘဝကိုတိုးတက်ခြင်း၊ မြင့်မြတ်ခြင်းကိုဖြစ်စေသလို ဆုတ်ယုတ်ခြင်း၊ ယုတ်ညံ့ခြင်းကိုလည်း ဖြစ်စေနိုင်ပါသည်။

ထို့ကြောင့် ဤလောက၌ ဤလောကသံသရာနှစ်ဖြာသောဘဝတို့၌ ကောင်းကျိုးချမ်းသာကို ခံစား-စံစားလိုသူတိုင်းသည် မိမိစိတ်ကို ကောင်းစွာသိနိုင်ရန် ဦးစွာဘုရားရှင်ဟောကြားထားသော အဘိဓမ္မာသဘာဝတရားများလေ့လာပြီးလျှင် မိမိစိတ်ကို မိမိသိအောင်ပြုလုပ်၍ မိမိစိတ်ကိုစင်ကြယ်အောင် ဖြူစင်အောင် မွေးမြူကြရန် လိုအပ်ပေသည်။

ကံက ပြုပြင်ဖန်ဆင်းထားသော
မိမိဘဝကို အသိ-သတိရှိပါ

၁။ ကမ္မုနာဝတ္တတေ လောကော၊ ကမ္မုနာဝတ္တတေ ပဇာ
ကမ္မနိဗန္ဓနာသတ္တာ၊ ရထဿာဏီဝ ယာယတော။
၂။ ကမ္မေန ကိတ္တိံ လဘတေ ပသံသံ၊ ကမ္မေန ဇာနိဥ္စ ဝဓဥ္စ ဗန္ဓံ
တံကမ္မံနာ နာကရဏံ ဝိဒိတွာ ကသ္မာဝဒေနတ္ထိကမ္မန္တိ လောကေ
၃။ ဧဝံ မေတံ ယထာဘူတံ ကမ္မံပဿန္တိ ပဏ္ဍိတာ
ပဋိစ္စသမုပ္ပါဒဒသာ ကမ္မဝိပါက ကောဝိဒါ

(မဇ္ဈိမပဏ္ဏာသဝါသေဋ္ဌသုတ်)

၁။ လောကသည် ကံကြောင့်ဖြစ်၏၊ သတ္တဝါအပေါင်းသည် ကံကြောင့်ဖြစ်၏။
လိမ့်လည်၍သွားသောလှည်းရထား၏ နားစောင့်မယ်နနှင့်စပ်၍ဖြစ်သကဲ့သို့ သတ္တဝါတို့သည် ကံနှင့်စပ်၍ဖြစ်ကုန်ကြ၏။
၂။ ကံကြောင့် မျက်ကွယ်အရပ် နှံ့စပ်ကျော်စောခြင်းကို ရရာ၏။
ကံကြောင့် မျက်မှောက်ရှေ့တွင် ကြည်လင်နှုတ်ခွန်းချီးမွမ်းပြောဆိုခြင်းကိုရ၏၊ ကံကြောင့် ဆုံးပါးနစ်နာခြင်းကိုလည်းကောင်း၊ သတ်ဖြတ်ခြင်းကိုလည်းကောင်း၊ နှောင်

ဖွဲ့ခြင်းကိုလည်းကောင်း ရရာ၏၊ ထိုကံကြောင့် ထူးတွေ့ ဆန်းကြယ်စွာဖြစ်ပုံကို သိ၍ လောက၌ ကံမရှိဟူ၍ အဘယ်ကြောင့်ဆိုနိုင်မည်နည်း။

၃။ ဤသို့ဟောတော်မူသည့်အတိုင်း ပဋိစ္စသမုပ္ပါဒ် သံသရာ စက်လည်နည်း၌ ကံအကျိုးနှစ်ပါးကို တတ်သိနားလည် တတ်သိ လိမ္မာခြင်းရှိကုန်သော ပညာရှိတို့သည် ထိုကံကို ဟုတ်တိုင်မှန်စွာ မြင်တော်မူကြလေကုန်၏။

ဤဟောကြားချက်များအရ လောကကိုလည်းကောင်း၊ သက်ရှိသက်မဲ့ကိုလည်းကောင်း၊ ဗြဟ္မာကဖန်ဆင်းသည်၊ ထာဝရ ဖန်ဆင်းသည်ဟူသော မိစ္ဆာအယူကိုသုတ်သင်ပြီး ပြုလုပ်ခဲ့ကြ သော ကုသိုလ်ကံ-အကုသိုလ်ကံကြောင့်သာ ထိုထိုဘဝကြီး ငယ် အသွယ်သွယ်တို့၌ ဖြစ်ကြရသည်၊ မိမိတို့၏ဘဝကို မိမိတို့ပြုလုပ် သော ကုသိုလ်ကံ-အကုသိုလ်ကံမှတစ်ပါး အခြားဖန်ဆင်းသူ ပြုလုပ်သူ မရှိပါ။

မိမိတို့၏အတိတ်က ပြုခဲ့သောကုသိုလ်ကံ-အကုသိုလ် ကံကြောင့် ထိုထိုဘဝ-ဘဝထိုထို၌ဖြစ်ကြရသော်လည်း ယခု ပစ္စုပ္ပန်ဘဝ၌မူ မိမိပြုလုပ်သောကံက မိမိကိုဆက်လက်အကျိုး ပေးပါလိမ့်မည်၊ လယ်က လုပ်က လယ်သမားဖြစ်ပါမည်၊ ကုန်သည် လုပ်က ကုန်သည်ဖြစ်ပါမည်၊ ရဟန်းပြုက ရဟန်းဖြစ်ပါမည်၊ ခိုးသူက သူခိုးဖြစ်ပါမည်၊ ဥပုသ်စောင့်က ဥပုသ်သည်ဖြစ်ပါမည်၊ သူတစ်ပါးပစ္စည်းလိမ်ညာယူက လူလိမ်ဖြစ်ပါမည်၊ ဤသို့ စသည် ပြုလုပ်သူများသည် ပစ္စုပ္ပန်ကံ ဖြစ်ပါသည်။

လှည်းရထားသွားသည်ရှိသော် နားစောင့်မယ်နနှင့်စပ်၍ ဖြစ်သကဲ့သို့ ထို့အတူ ပဋိသန္ဓေဘဝသစ်ကူးရာ၌ နားစောင့်မယ်န နှင့်မစပ်လျှင် လှည်းရထားဘီးကျွတ်၍လည်သကဲ့သို့ အတိတ် ပစ္စုပ္ပန်ကံများနှင့်မစပ်လျှင် သတ္တဝါတို့မဖြစ်နိုင်ပါ၊ လယ်မလုပ်ဘဲ လယ်သမားမဖြစ်နိုင်၊ ကုန်မကူးဘဲ ကုန်သည်မဖြစ်နိုင်၊ ရဟန်း မခံဘဲ ရဟန်းမဖြစ်နိုင်၊ ပါရမီမဖြည့်ကျင့်ဘဲ နိဗ္ဗာန်မရနိုင်၊ ကမ္မဋ္ဌာန်း မစီးဖြန်းဘဲ ဈာန်မဂ်ဖိုလ် မရနိုင်ပါ။

သူတော်ကောင်းအလုပ်ကိုလုပ်လျှင် သူတော်ကောင်း ဖြစ်သည်၊ သူယုတ်မာအလုပ်ကိုလုပ်လျှင် သူယုတ်မာဖြစ်မည်၊ သူတော်ကောင်းအလုပ်သည် ကောင်းသောကံ ဖြစ်သည်၊ သူယုတ်မာအလုပ်သည် မကောင်းသောကံဖြစ်သည်၊ ကောင်း သောကံကြောင့် နတ်ပြည်၊ လူ့ပြည်သို့ ရောက်သည်၊ မကောင်း သောကံကြောင့် အပါယ်လေးပါးသို့ကျရောက်ကြရသည်။

ဘယ်သူမပြု မိမိမှု၊ ကိုယ်ပြုမှ ကိုယ်ရသည်၊ ကိုယ့်ဝန် ကိုယ်ထမ်း၍ ကိုယ့်လမ်းကိုယ်သွားသည် ဟူသော လူကြီးသူမတို့ ၏ ဆုံးမစကားသည် တရားတော်နှင့်အလွန်ညီညွတ်သင့်လျော် လှပါသည်။

ဤလောကၵ ကောင်းမှုပြုသော သူတို့သည်လည်း ကောင်း၊ မကောင်းမှုပြုသောသူတို့သည်လည်းကောင်း၊ မည်သူ မဆို သေရမြဲဓမ္မတာသဘောကို မလွန်ဆန်နိုင်ကြပါ၊ သေပြီး သည့်နောက် နိဗ္ဗာန်သို့မရောက်မချင်း လူ့ပြည်၊ နတ်ပြည်သို့ ရောက်လေမည်လား၊ အပါယ်ကျမည်လား စဉ်းစားကြရပါမည်။

အတိတ်ကံကစီမံ၍ မိမိ ဤဘဝကို ရနေသည်ကို သတိပြုကြရပါမည်၊ အတိတ်ဆိုတာကျန်ခဲ့ပါပြီ၊ အတိတ်ဘဝထဲက မကောင်းသည်များကို ဆင်ခြင်ထုတ်ပယ်၍ ပစ္စုပ္ပန်ဘဝကောင်းသည်များကို ပြင်ဆင်လုပ်ကြရပါမည်၊ မိမိဘဝ ရုပ်အဆင်းလှ-မလှ၊ ပစ္စည်းဥစ္စာပြည့်စုံ-မပြည့်စုံ၊ ရာထူးအာဏာရှိ-မရှိ စသည်တို့သည် အတိတ်ကပြုလုပ်ခဲ့သော ဒါန၊ သီလ ဟူသော ကမ္မပထ ကုသိုလ်အကျိုးနှင့် ကာယကံ၊ ဝစီကံ၊ မနောကံဟူသော ဒုစရိုက် အကုသိုလ်အကျိုးများ ဖြစ်ကြပါသည်။

ပစ္စုပ္ပန်ဘဝကို အလေးအနက်စဉ်းစားပြီး အနာဂါတ်ဘဝကိုစီမံချက်ချ၍ ဆောင်ရွက်လုပ်ကိုင်ကြရပါမည်၊ သို့မှသာ မိမိတို့ဘဝ သံသရာအဆက်ဆက် ချမ်းမြေ့သာယာကြသလို နောက်ဆုံးချမ်းမြေ့ငြိမ်းချမ်းရာနိဗ္ဗာန်သို့ ဝင်ကြပါမည်။

မိမိတို့သည် အသိ-သတိဖြင့် မိမိရလာသော ပစ္စုပ္ပန်ဘဝဝယ် ပုညအစု ကောင်းမှုကုသိုလ်၏ပြည့်စုံခြင်းကို နည်းများမဆို ဆည်းပူးအားထုတ်ကြရမည်သာ ဖြစ်ပါသည်။

## ဘဝသံသရာ ကံ-ဉာဏ်ဖြင့် ဖြတ်ပါ

ဘုံဘဝ၌ တပ်မက်သူတို့သည် ကုသိုလ်ကံရှိန်ရှိသမျှ လူနတ်ဗြဟ္မာအဖြစ် ကျင်လည်ပျော်ပါးနေကြရသည်၊ ကံအရှိန်သေသောအခါ အကုသိုလ်ကံစေပါးရာ အပါယ်လေးပါးသို့လားရောက်ကြရပြန်သည်၊ ထိုသို့ဖြစ်ရခြင်းမှာ ကိုယ်တိုင်အားထုတ်ခဲ့သော ကံတရား၏စီမံမှုပင် ဖြစ်ပါသည်။

မဂ်ဉာဏ်ဖြင့် ကုသိုလ်-အကုသိုလ်ကံတရားတို့၏ ဒဲ့စွမ်းသတ္တိကို မဖြတ်တောက်နိုင်သမျှ သံသရာတစ်ခွင်၌ အထက် အောက် စုန်ဆန်မျောပါ၍ ကျင်လည်နေကြရပေသည်၊ ကံတရား၏ပြုသမျှအတိုင်း ရကြရမည်ဖြစ်သည်၊ ရောက်လေရာ ဘဝတွင် အဝိဇ္ဇာ (မသိမှု)စသော အကြောင်းအမျိုးမျိုးကြောင့် ဘဝခန္ဓာပွားစီးကြောင်းဖြစ်သော ကောင်းကံ၊ ဆိုးကံတို့ကို ထပ်မံပြုလုပ်ကြရဦးမည်။

ဤသို့ဖြင့် ဝဋ်သုံးပါးမှာ အဆက်မပြတ်လည်ပတ်နေပါသည်၊ မဂ်ဉာဏ်ဖြင့် ကံတရားတို့ကိုဖြတ်တောက်နိုင်မှသာ ဘဝချုပ်ငြိမ်းပြီး နိဗ္ဗာန်ချမ်းသာကို ရရှိခံစားနိုင်ပေသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးက-

"ကံကိုဉာဏ်ကဖြတ်မှ နိဗ္ဗာန်ရမည်၊ ဉာဏ်မပါရင် ကံ,က ခြယ်လှယ်သွားလိမ့်မည်"

ဟု ဩဝါဒစကား မိန့်ကြားခဲ့ပါသည်။

ထိုဩဝါဒမှာ သံသရာမှလွတ်မြောက်၍ နိဗ္ဗာန်သို့ ရောက်ရှိရန် ဉာဏ်မပါဘဲ ကံတရားတစ်ခုတည်းကိုသာ ကိုးစားနေသူများအတွက် သတိပြုရမည့်အချက်ပင်ဖြစ်ပါသည်၊ ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်ဟူသောခံယူချက်ဖြင့် ကုသိုလ်ကံတရားတို့ကို ဆည်းပူးအားထုတ်ကြသောသူတို့သည် အားထုတ်သည့်အတိုင်း ကောင်းသောဘုံဌာန၊ ကောင်းကျိုးချမ်းသာတို့ကို အမှန်ပင် ရောက်ရှိကြရသည်။

ဤသို့ဖြင့် သတ္တဝါတို့အား ကံတရားက အလျော့အတင်း မာယာမျိုးစုံဖြင့် စိတ်ကြိုက်ခြယ်လှယ်နေကြပါသည်၊ သံသရာ

တစ်ခွင်၌ခြယ်လှယ်နေသော ကံတရားတို့၏အစွမ်းသတ္တိကို ဉာဏ်လက်နက်ဖြင့် ဖြတ်မှသာလျှင် ပြတ်နိုင်ပါသည်။

မဂ်ဉာဏ်ဖြင့်ပြတ်အောင် မဖြတ်နိုင်သမျှကာလပတ်လုံး ဘဝခန္ဓာအဆက်ဆက်ဖြစ်ပေါ်လာအောင် ကံတရားကစီမံနေဦးမည်သာဖြစ်သည်၊ မဂ်ဉာဏ်လေးပါးတွင် သောတာပတ္တိမဂ်ဉာဏ်ဖြင့် ကုသိုလ်ကံ-အကုသိုလ်ကံတရားတို့ကို ပယ်သတ်နိုင်သည်ရှိသော် ပထမအဆင့်အားဖြင့် နိဗ္ဗာန်သို့ရောက်ရှိနေပြီးဖြစ်သောကြောင့် ကံ၏ခြယ်လှယ်မှုမှ လွတ်ကင်းသွားသည်သာ ဆိုနိုင်ပါသည်။

သောတာပတ္တိမဂ်ဉာဏ်သည် သမ္ပတ္တနိယတာဓမ္မ ဖြစ်သောကြောင့် ဘုံဘဝတို့၌ဖောက်ပြန် ပဋိသန္ဓေနေရခြင်းမျိုး မရှိတော့ပေ၊ နောက်ဆုံး အရဟတ္တမဂ်ဉာဏ်ဖြင့်ဖြတ်လိုက်သောအခါ ကံတရားတို့သည် ရှေ့ဆက်မစွမ်းနိုင်တော့ဘဲ အပြီးအပိုင်ချုပ်ငြိမ်း၍ နိဗ္ဗာန်ချမ်းသာကို အပြည့်အဝရရှိပါတော့သည်။

မိုးကုတ်ဆရာတော်ဘုရားကြီးသည် ကံကို ဉာဏ်က ဖြတ်မှ နိဗ္ဗာန်ရမည်ဟု မှာကြားမိန့်မှာချက်နှင့်ပတ်သက်၍ တရားပွဲတို့၌ ကြုံသလိုပင်ဟောဖော်ညွှန်ပြ လမ်းညွှန်ပြသွားသည်ကို တွေ့ရှိရပါသည်။

"ကံစီမံသလို မလုပ်ပါနဲ့၊ ဉာဏ်စီမံသလို လုပ်ပါ "

"ဝိပဿနာဆိုတာ ဉာဏ်လမ်း၊ ဉာဏ်မှ ဖြစ်-ပျက်မြင်တာ၊ ကံစီမံသလို ခံရမှာဆိုတော့ ဒီအသုံးကိုမသုံးနဲ့၊ ခင်ဗျားတို့ ဉာဏ်ပေးတာက ဉာဏ်စီမံရာသွားဖို့ပါ "

"ကံစီမံတာက (၃၁)ဘုံ၊ ဉာဏ်စီမံတာက (၃၁)ဘုံ အပြင်ဘက်(၃၁)ဘုံ အပြင်ထွက်မှ နိုင်ရောသေစ္စာပဲ"

"ကံက ဉာဏ်စီမံသလိုသွားမယ်ဆိုတော့ ကမ္မဿကတာ ဉာဏ်တစ်မျိုး၊ ကောင်းတာလုပ်ရင် ကောင်းကျိုးပေးတဲ့ဉာဏ် လေးလောက်ကိုဘဲလိုက်နေကြတယ်၊ သုဂတိကိုတော့ ပို့လိုက်တာပဲ၊ သို့သော်လည်း ဒိဋ္ဌိပါသွားတယ်၊ ငါလုပ်လို့ငါရတယ်ဆိုတဲ့ ဒိဋ္ဌိမပါဘူးလား. . . ကောင်းတယ်. . . အကုန်မကောင်းဘူး၊ ငှက်မြီးကို အဆိပ်မြှားကြီးနှင့်ပစ်လိုက်တော့ ထိထိချင်းမကျဘူး၊ အဆိပ်ပြန်တော့ အောက်ကိုကျလာတယ်၊ ကမ္မဿကတဉာဏ် ထဲက ဒိဋ္ဌိကလေး အဆိပ်မပြန့်ခင်တက်တယ်၊ အဆိပ်ပြန်ရင်တော့ ထိုးကျတယ်၊ ငါလှူရင် ငါရတာဘဲလို့ ကိုးစားမနေနဲ့"

"ဒါဖြင့် ကံကိုမလုပ်ရတော့ဘူးလား၊ ကံထိုက်လို့မရဘူးဆိုလို့ ကံကိုတော့ မပစ်လိုက်နဲ့အုံး၊ ဒါန၊ သီလ၊ သမထကံတွေ မလုပ်မိရင် အပါယ်မှာမြုပ်ရလိမ့်မယ်၊ ဒီကံတွေကြောင့် ဉာဏ်ရဖို့ ဒီလူ့ဘ၀ကို ရလာကြတာ၊ ကံလမ်းကနေပြီး ဉာဏ်လမ်းကို ပို့ပေးနေတာပါ"

"တဏှာကစီမံလိုက်တဲ့အတွက် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည် ရ,ရာပါလို့၏ ဆိုတဲ့ တဏှာက စီမံလိုက်တော့ ကံက နေပြီး အားထုတ်လိုက်တော့ တဏှာကလက်သည်ပါ၊ ဥပါဒါန်က ခိုင်းတာလုပ်ရတာပါ၊ ကံကလည်း သိတဲ့အတိုင်း တဏှာခြယ်လှယ်ရာလုပ်ရတဲ့အတွက် ခန္ဓာငါးပါးပေါ် မလားဘူးလား"

"ငရဲကို ကျ-သေ-ပြန်ဖြစ်-အကုသိုလ်မကုန်သရွေ့ ခြယ်လှယ်မှုကို ခံနေရတာ"

"ဉာဏ်လက်ကိုင်မရှိတဲ့ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ ကံစီမံသလိုခံရရုံဘဲရှိတော့တယ်ဆိုတော့ သံသရာအပါယ်သွား ကြောင့် ကံတွေက များများဖြစ်နေပြီးတော့ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေမှာ သူစီမံရာလိုက်ရုံပဲ "

"ကံစီမံရာကိုလက်မှုသည် အားကိုးမှုအလွဲတစ်ခု၊ ကံစီမံ ရာကို မလိုက်နဲ့၊ ဉာဏ်စီမံရာကိုသာလိုက်စမ်းပါ၊ ဉာဏ်စီမံရာ လိုက်တော့ ဉာဏ်က ကံကိုဖြတ်ပစ်တယ်"

"ခင်ဗျားတို့က ကံပဲ၊ ကံပစ်ချသလိုခံရမှာပဲ၊ ကိုယ်က ကံကောင်းတာ လုပ်ထားလို့ရှိရင်လည်း နောက်အကောင်းမြင်ဖို့ပဲ၊ ကိုယ်က ကံအမွဲလုပ်ထားလို့ရှိရင် ကံ၏နောက်မွဲဖို့ပဲ"

"ဘာကလေးလှူလှူ ဉာဏ်ဦးလှည့်ရမယ်၊ မလှူရဘူး လို့မဟောပါဘူး၊ သစ္စာသိတဲ့ ဉာဏ်ဦးလှည့်ရမယ်"

"ဒုက္ခသစ္စာကိုမြင်ပြီး မတွေ့ချင်လို့ သံသရာမလည်ချင် လို့ လှူကြ၊ တန်းကြ၊ ကမ်းကြတယ်လို့ဆိုရင်လက်ခံပါတယ်"

"အရွယ်ကလေးကောင်းတုန်း ဉာဏ်ကိုအသုံးချလိုက်လို့ ရှိရင် နိဗ္ဗာန်ရောက်တယ်"

"ကံကတစ်ဆင့် ခန္ဓာဖြစ်ဖို့သာပို့တယ်၊ ခန္ဓာသိမ်းဖို့ မပို့ နိုင်ဘူး"

ထို့ကြောင့် (၃၁)ဘုံသံသရာ၌ ကျင်လည်ရမည်ကို ကြောက်ရွံ့ထိတ်လန့်ကြပြီး ချမ်းမြေ့ငြိမ်းအေးရာ နိဗ္ဗာန်ရောက် ဖို့အတွက် သံသရာကျင်လည်ရာကံကို ဉာဏ်နှင့်ဖြတ်နိုင်ကြရန် ကြိုးစားကြစေလိုပါသည်။

## ဗလဝ ဝိပဿနာရှိမှ ဤသံသရာမှ လွတ်ပါမည်

ဗုဒ္ဓဘာသာဝင်တို့၏ အန္တိမ အလိုရှိအပ်ဆုံးသည် ငြိမ်းအေးသော သံသရာခရီးကိုဆုံးစေသော နိဗ္ဗာန်ဖြစ်ပါသည်၊ ထိုနိဗ္ဗာန်သို့ရောက်စေသော အနီးဆုံးတရားကား ဝိပဿနာ ဖြစ်ပါသည်၊ ဝိပဿနာဆိုသည်မှာ ခန္ဓာကိုယ်ကို စောင့်ကြည့်သော အလုပ် ဖြစ်ပါသည်။

ဝိပဿနာအားထုတ်မှု(ခန္ဓာကိုယ်ကိုစောင့်ကြည့်မှု) အလုပ်သည် နိဗ္ဗာန်သို့ ဧကန်မုချအမြန်ရောက်စေတတ်ပါသည်၊ ဝိပဿနာကို နေ့စဉ်အားထုတ်နေသူတို့သည် နိဗ္ဗာန်သို့ နေ့စဉ် မပြတ်သွားနေသူများ မည်ပါသည်။

သံယုတ်ပါဠိတော်၌ ဘုရားရှင်က-

"ရဟန်းတို့. . . အသင်္ခတဓာတ်ဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လမ်းခရီးဟူသည် အဘယ်နည်းဟူမူကား၊ နာမ်ရုပ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု ရှုကြည့်သောဝိပဿနာ အလုပ်အားထုတ်မှုတည်း၊ ဤဝိပဿနာအားထုတ်မှုကို နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လမ်းခရီးဟူ၍ ဆိုအပ်၏"
ဟူ၍ ဟောကြားခဲ့ပါသည်။

တရားအားထုတ်ကြရာတွင် သမထနှင့်ဝိပဿနာကွဲပြားကြရန်လိုပါသည်၊ သမထလောက်ကို ဝိပဿနာထင်နေပါက သမထတွင် သောင်တင်နေပြီး သမထနှင့်သာ လမ်းဆုံးနေကြပေလိမ့်မည်။

ဝိပဿနာကိုသာ အစစ်အမှန်အားကိုးသင့်ပါသည်၊ အသေမဦးမီ ဉာဏ်ဦးဖို့အရေးကြီးပါသည်၊ ဉာဏ်မဦးခင် အသေဦးပါက အို-နာ-သေစကားတွေ အပါယ်လားစေသော ကိလေသာဗလပွနှင့်နေကြရသူတွေဖြစ်ကြသောကြောင့် သံသရာဝဲဂယက်ထဲ နစ်မွန်းနေကြရဦးမည်၊ ကံမကောင်း အကြောင်းမလှပါက အပါယ်လေးဘုံ၌နစ်မွန်းပြီး ဆင်းရဲရောက်ကြရဦးမည်။

မဂ်ဉာဏ်မဦးနိုင်သော်မှ ဝိပဿနာဉာဏ်ဦးနိုင်လျှင်တော်ပါသေးသည်၊ ဘယ်ဉာဏ်မှမဦးဘဲ အသေဦးသွားလျှင် ဤသာသနာတော်ကြီးနှင့်လွဲ၍ ဘဝအရှုံးကြီးရှုံးကြရတော့မည်၊ အပါယ်လေးပါးနှင့်တကွ အရိုးတောင်လို ပုံအောင်သေကြရမည်။

ဘုရားတစ်ဆူနှင့်တစ်ဆူအကြား ရောက်ရာဘဝအရိုးတွေကို စုပုံထားပါလျှင် ပုဂ္ဂိုလ်တစ်ဦး၏အရိုးပုံကြီးသည် တစ်ယူဇနာ(၁၃)မိုင်ခန့်မြင့်မည်၊ ဗုဒ္ဓက ဟောကြားထားပါသည်၊ ကြောက်စရာကောင်းလှပါသည်၊ နောက်ဘုရားလက်ထက်မှ ကျွတ်တမ်းဝင်မည် ဟု အာမခံချက်မရှိပါ။

ဗုဒ္ဓက-"အဇ္ဇေဝ-ယနေ့သော်လည်းကောင်း၊ သုဝေဝ-နက်ဖြန်သော်လည်းကောင်း၊ ပရသုဝေဝ-သန်ဘက်ခါသော်လည်းကောင်း၊ သေနိုင်သည်၊ ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက်မကွေးမီ မမျှော်လင့်ဘဲ ပြုန်းကနဲသေနိုင်သည်၊ သေချိန်နီးဝေး မသိနိုင်"
ဟူ၍ ဟောထားခဲ့၍ ဝိပဿနာအလုပ်ကို လက်မနှေးထိုက်သင့်ကြချေ။

မိုးကုတ်ဆရာတော်ဘုရားကြီးက တစ်ထိုင်တည်းတွင် သမထရော ဝိပဿနာပါ အားထုတ်စေပါသည်၊ထိုင်စ(၁၀)မိနစ်၊ (၁၅)မိနစ်ခန့် အာနပါန(ထွက်လေသိ၊ ဝင်လေသိ) တစ်သိထည်း သိမှတ်နေစေသည်။

မိမိ၏စိတ် ငြိမ်သက်လာပြီဟု အကဲခတ်ရလာသော အခါ ထွက်လေသိ၊ ဝင်လေသိကိုဖြုတ်ပြီး နာမ်ရုပ်တို့၏ ဖြစ်ပျက်မှုကို ကြည့်ရှုစေသော ဝိပဿနာဉာဏ်ကို ပြောင်းလဲပွားများစေသည်။

(ထိုင်လျှင်ထိုင်ချင်း ဖြစ်ပျက်မြင်သူများအဖို့ ထွက်လေသိ၊ ဝင်လေသိက စ၍လုပ်စရာမလိုပါ၊ ဖြစ်ပျက်ကို တိုက်ရိုက် ရှုမှတ်နိုင်ပါသည်)

သမထကို ဈာန်၊ အဘိညာဉ်ရအောင် အပ္ပနာသမာဓိ တိုင်အောင် အလွန်အားထုတ်မနေဘဲ ဖြစ်ပျက်မြင်နိုင်ရုံ ခဏိက သမာဓိသာလိုပါသည်။

သမထယာနိကဝိပဿနာလမ်းနှင့် သုဒ္ဓယာမိကဝိပဿနာလမ်း ဟူ၍ ဝိပဿနာ(၂)လမ်းတွင် ဖြစ်ပျက်မြင်သူသာ သုဒ္ဓယာနိကဝိပဿနာလမ်းကို တိုက်ရိုက်လိုက်ပါနိုင်ပါသည်၊ မမြင်သူအဖို့မှာမူ သမထမပယ်ရပါ၊ သမထမှတစ်ဆင့် သမထယာနိကဝိပဿနာလမ်းဖြင့်သာ ဝိပဿနာကူးရပါမည်၊ ဝိပဿနာဖြစ်ဖို့သည် အဓိကဖြစ်ပါသည်။

ဝိပဿနာတွင် ဒုဗ္ဗလဝိပဿနာ(အားနည်းသောဝိပဿနာ)၊ ဗလဝဝိပဿနာ(အားကြီးသောဝိပဿနာ)(၂)မျိုးရှိပါသည်။

ဒုဗ္ဗလဝိပဿနာသာဖြစ်နေပါက ကုသိုလ်သာရ၍ နိဗ္ဗာန်ကိုမမြင်နိုင်ပါ၊ မရနိုင်ပါ၊ ဘုရားနှင့်ဖွားဖက်တော်ရှင်ဆန္နသည် ဘုရားရှင်လက်ထက် နှစ်(၄၀)တရားအားထုတ်ခဲ့သော်လည်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်မရ ဖြစ်နေရသည်၊ ဖြစ်ပျက်မြင်သော်လည်း ဒိဋ္ဌိမကွာဘဲအားထုတ်နေသော ဝိပဿနာဖြစ်နေသည့်အတွက် ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် ရှင်အာနန္ဒာက ပဋိစ္စသမုပ္ပါဒ်၊ ဒိဋ္ဌိကွာ ဟောပြောတော့မှ ဗလဝဝိပဿနာဖြစ်၍ အားထုတ်သောအခါကျမှ မဂ်လေးတန်ရခဲ့ရပြီး ရဟန်းအဖြစ်ရခဲ့သည်။

ဗလဝဝိပဿနာဖြစ်ရန်အတွက် ဝိပဿနာအားမထုတ်မီ ဒိဋ္ဌိအသိကိုဖြုတ်ဖို့လိုပါသည်၊ ဒိဋ္ဌိဖြုတ်နည်း(၃)နည်း ရှိပါသည်။

၁။ ဉာတပရိညာဉ် - (အသိပြုတ်)

၂။ တိရဏပရိညာဉ် - (အပွားပြုတ်)

၃။ ပဟာနပရိညာဉ် - (အပယ်ဖြုတ်)

ဆရာတော်များက ဟောပြော၍ဖြစ်စေ၊ စာအုပ်ဖတ်၍ဖြစ်စေ၊ ဒိဋ္ဌိကိုသိပြီး ဖြုတ်ခြင်းသည် ဉာတပရိညာဉ်အသိပြုတ်ပါသည်၊ ထိုသို့ အသိမဖြုတ်လျှင် ဒုဗ္ဗလဝိပဿနာသာ ဖြစ်မည်၊ ဒိဋ္ဌိကို ဉာတပရိညာဉ်ဖြင့် အသိနှင့်ဖြုတ်ပြီးမှ ဖြစ်ပျက်မြင်အောင် ရှုနိုင်လျှင် ဗလဝဝိပဿနာဖြစ်သောကြောင့် ဘင်ဉာဏ်သို့ ကျေးဇူးပြုနိုင်မည်။

ထို့ကြောင့် ဉာတပရိညာဉ်ဖြင့် ဒိဋ္ဌိဖြုတ်ပြီးမှ ဝိပဿနာအားထုတ်ရမည်၊ ဒိဋ္ဌိသည် မဂ်တား၊ ဖိုလ်တားဖြစ်နေ၍ ဒိဋ္ဌိတန်းလန်းနှင့်အားထုတ်နေလျှင် ဒုဗ္ဗလဝိပဿနာသာဖြစ်ချေသည်။

ထို့ကြောင့် "ဝိပဿနာကို နောက်ထား၊ ဒိဋ္ဌိဖြုတ်မှုကို ရှေ့ထား" ဟု မိုးကုတ်ဆရာတော်ဘုရားကြီးက ဟောပြောပြပါသည်။

ဒိဋ္ဌိဖြုတ်ရန် ခန္ဓပဋိစ္စသမုပ္ပါဒ်ကို နားလည်ဖို့အရေးကြီးပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးက ဒိဋ္ဌိဖြုတ်နည်းနှင့်ပတ်သက်၍ ဟောပြောထားသည်ကို သိရှိမှတ်သားရန်လိုပါသည်၊ ဤတရားကိုသိထားပါက ဗလဝဝိပဿနာဖြစ်ပါတော့မည်။

"သုညတတရားကိုနာရမှ သုညတနိဗ္ဗာန်ရောက်မည်၊ သုညတတရားကွယ်လျှင် သုညတနိဗ္ဗာန်ကွယ်မည်၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ခန္ဓာငါးပါး ဘယ်ခန္ဓာပေါ်ပေါ် သုညတကိုမြင်တတ်ဖို့လိုသည်၊ ငါ-ငါ့ဥစ္စာဆိတ်သုဉ်း မှ သုညတဖြစ်မည်၊ သုညတတရားနာနိုင်ကြလျှင် နိဗ္ဗာန်ရောက်ကြမည်၊ ခန္ဓာ၊ အာယာတန၊ ဓာတ်၊ သစ္စာတို့နှင့်စပ်သောတရားသည် သုညတတရားဖြစ်သည်၊ ယင်းတို့ကိုဟောလျှင် ပုဂ္ဂိုလ်သတ္တဝါဆိတ်သုဉ်းမည်။

ထို့ကြောင့် အင်္ဂုတ္တိုရ်ပါဠိတော်အနာဂတံသသုတ်မှာ တပည့်တွေအား သုညတတရားဟောပြီး သုညတနိဗ္ဗာန်ကို ပို့ရစ်ကြပါ ဟု မိန့်တော်မူသည်။

သုညတတရားကွယ်လျှင် နိဗ္ဗာန်ကွယ်၍ အပါယ်လေးပါးနှင့်(၃၁)ဘုံကြီးမှာ အို၊ နာ၊ သေဘေးနှင့်နယ်လှည့်နေကြရုံဘဲ ရှိမည်။

နိဗ္ဗာန်မကူးဘူးကွယ်မည်၊ ၎င်းတရားမကွယ်အောင် ရှုနိုင်ကြလျှင် နိဗ္ဗာန်ရောက်ကြမည်။

မောယရာဇရဟန်းမူတည်ပြီး ရှင်အာနန္ဒာက-

"သုညတဆိုတာ ဘယ်ဟာပါလဲဘုရား၊ သုညတ လောကဆိုတာ ဘယ်ဟာပါလဲ ဘုရား" ဟု မေးလျှောက်သည်။

မိမိသန္တာန်မှာ ရုပ်ပေါ်လာလျှင် သုညတမှတ်ပါ၊ ရုပ်က ပေါ်လာတာပဲ ရုပ်ပျက်သွားတာပဲ၊ ငါ-ငါ့ဥစ္စာမဟုတ်၊ ငါ့-ငါ့ဥစ္စာ မရှိဘူးလို့ ဆိတ်သုဉ်းသွားတယ်၊ ထို့အတူ ဖဿပေါ်ပေါ်၊ ဝေဒနာပေါ်ပေါ်၊ သညာပေါ်ပေါ်၊ စိတ်ပေါ်ပေါ် သုညတချည်း ဟုမှတ်ပါ။

ငါ-နာတယ်ဆိုတော့ ဒိဋ္ဌိဖြစ်သွားပြီ၊ ငါ့အိမ်မှာ ငါမရှိ ခက်မယ်ဆိုတော့-

"ငါ"ဆိုတာကအတ္တဒိဋ္ဌိ၊ ဒိဋ္ဌိနောက်က ဒိဋ္ဌုပါဒါန်၊ ဒိဋ္ဌိ အုပ်ချုပ်တဲ့ကံတွေလာမယ်၊ ပဋိစ္စသမုပ္ပါဒ်ဆက်သွားပြီး အနာဂတ် အကြောင်း(၃)ခုလာလို့ အနာဂါတ်အကျိုး ဒုက္ခသစ္စာရမည်။

ငါ မရှိလျှင် ငါ့ဥစ္စာတွေ ကစဉ်ကရဲဖြစ်တော့မည် ဆိုတော့သုညတကွယ်ပြီး "ငါ"ဆိုတဲ့ ဒိဋ္ဌိကြောင့်လည်း အပါယ် သွား၊ ငါ့ဥစ္စာ ဆိုတဲ့ဒိဋ္ဌိတဏှာကြောင့်လည်းအပါယ်သွား စသည် ဖြင့် ဒိဋ္ဌိပဋိစ္စသမုပ္ပါဒ်၊ တဏှာပဋိစ္စသမုပ္ပါဒ်လည်တော့သည်၊ သုညတနားမလည်တာ အပြစ်မသေးလှဘူး၊ သုညတမဆိုက် လျှင် ပဋိစ္စသမုပ္ပါဒ်(၃)မျိုးလာမည်၊ သမုဒယနှင့်ဒုက္ခချုပ်မည်၊ မဂ္ဂင်ပေါ်လို့ ချုပ်သည်။

အလုပ်ပြမည်၊ ဝေဒနာရှုလျှင် ဝေဒနာ(၃)မျိုး(ဝေဒနာငါးမျိုး၊ ပေါ်ရာရှု ယားတယ်၊ ဒုက္ခဝေဒနာပေါ်တယ်)ဒုက္ခဝေဒနာဟု သိလိုက်တော့ ပုဂ္ဂိုလ်သတ္တဝါပျောက်ပြီး "ငါ"ပျောက်ပြီး "ငါ" ဆိုတာဆိတ်သုဉ်းပြီ၊ ဒီဝေဒနာကို စောင့်ကြည့်လိုက်တော့ ဝေဒနာ၏ သက်တမ်းက(၁)နှင့်(၂)ပဲရှိသည်၊ (၁)မှာဖြစ်ပြီး (၂)မှာပျက် သည်၊ အပျက်မြင်တော့ "ငါ့ဥစ္စာမရှိတော့ပြီ" "ငါ"ပြုတ်ပြီ၊ အပျက်မြင်တော့ "ငါ့ဥစ္စာ"ပြုတ်ပြီ၊ ထို့ကြောင့် ဖြစ်ပျက်မြင်ဖို့ အရေးကြီးသည်၊ (၃၁)ဘုံဖြစ်ပျက်ဘဲရှိသည်၊ "ငါ"က ဒိဋ္ဌိ၊ ငါ့ဥစ္စာ" က တဏှာ၊ ငါ-ငါ့ဥစ္စာ မဖြုတ်လို့ ပဋိစ္စသမုပ္ပါဒ်တန်းသည်၊ ဒီဓမ္မအပေါ် သုညတမဖြစ်လို့ ငါ-ငါ့ဥစ္စာ မပြုတ်ဘူး။

စောင့်ကြည့် ဝိပဿနာဆိုတာ စောင့်ကြည့်ရတဲ့အလုပ်မျိုး၊ စောင့်ကြည့်တော့ ဝေဒနာကလေးလည်း ပျောက်ပျက်သွားသည်၊ "ငါ့ဥစ္စာ"မဟုတ်လို့ ပျောက်သည်၊ ငါ့ဥစ္စာ ဆိုတဲ့ တဏှာပျောက်သည်၊ ပေါ်လာတာသိလျှင် ငါပြုတ်သည်၊ ပျောက်ပျက်သွားသည်ဟုသိလျှင် တဏှာပြုတ်သည်၊ အပြစ်မြင်လျှင် ငါပြုတ်သည်၊ အပျက်မြင်လျှင် ငါ ပြုတ်သည်၊ ငါ-ငါ့ဥစ္စာပြုတ်တော့ သုညတဆိုက်ပြီး၊ သုညတဆိုက်တော့ ဒီတရားသုညတမဂ်ဖြစ်သွားပြီ၊ ပဋိစ္စသမုပ္ပါဒ်(၃)မျိုးပြတ်သည်၊ ဒုက္ခသစ္စာမသိတဲ့ အဝိဇ္ဇာပြုတ်သည်၊ တဏှာပဋိစ္စသမုပ္ပါဒ်ပြုတ်သည်၊ သစ္စာလေးပါးအနက် သမုဒယသစ္စာနှင့် ဒုက္ခသစ္စာချုပ်သည်၊ နိရောဓနှင့်မဂ္ဂသစ္စာ(၂)ပါးသာကျန်တော့သည်၊ ထို့ကြောင့် သုညတဆိုက်တဲ့ ပုဂ္ဂိုလ်ကို သေမင်းမမြင်နိုင်ဘူး၊ သုညတနိဗ္ဗာန်ပေါ်ပြီ"

ဤသို့စသည်ဖြင့် မိုးကုတ်ဆရာတော်ဘုရားကြီးက ဒိဋ္ဌိကို အသိဖြင့်ပြုတ်အောင် ထိမိစွာ ဟောကြားခဲ့ပါသည်။

ဒိဋ္ဌိကို အသိဖြင့်ပြုတ်ပြီးမှအားထုတ်လျှင် ဗလဝဝိပဿနာ ဖြစ်ပါမည်၊ ဗလဝဝိပဿနာဖြစ်လာသော် နိဗ္ဗာန်နှင့်နီးပါမည်။

ထို့ကြောင့် တရားစခန်းအသီးသီးသို့ တရားအားထုတ်ရန်ဝင်ကြသောပုဂ္ဂိုလ်များ၊ မိမိအိမ်တွင် အချိန်ရသရွေ့ တရားအားထုတ်လိုကြသောပုဂ္ဂိုလ်တို့သည် သုညတသိပြီး ဗလဝဝိပဿနာဖြစ်အောင် အားထုတ်ကြရန်လိုအပ်ပါသတည်း။

**မဟာသဒ္ဓမ္မဇောတိကဓဇ**

**တက္ကသိုလ်သျှင်သိရီ (ဓမ္မာစရိယ ဘီ-အေ)**